www.burmeseclassic.com

# လွမ်းလောလော

(ဆေးတက္ကသိုလ်)

သုခဘုံသို့ အလည်တစ်ခေါက်

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# လွန်းထားထား (ဆေးတက္ကသိုလ်)

## သုခဘုံသို့ အလည်တစ်ခေါက်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃ ၂၂၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၁၁၀၂၁၁
၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
ကန့်ဖိုး
၁၁၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊၁၉-လမ်း လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ [illegible]
အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်၊

၈၉၁. ၈၃
လွန်းထားထား(ဆေးတက္ကသိုလ်)
သုခဘုံသို့ အလည်တစ်ခေါက်၊ လွန်းထားထား(ဆေးတက္ကသိုလ်)ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁
၁၃၆-စာ. ၁၂x၁၈ စင်တီ
(၁) သုခဘုံသို့ အလည်တစ်ခေါက်



၏

## ထွက်ပြီး လုံးချင်း ဝတ္ထုများ

၁။ အကြင်နာသူစိမ်း
၂။ အတူတူရှိလှည့်ပါ
၃။ မခွဲထားဝင်ဦး
၄။ မြတ်နိုးပီသည့်မှအပ
၅။ ဆုံစည်းဆို့ရာ
၆။ နွဲ့ခဲ့ရသော်
၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်
၈။ သက်ဆုံးတိုင်
၉။ သမုဒယကင်း
၁၀။ အဝေးကြွယ်နှင့်ဆံနီဒါန်း
၁၁။ ပုံစေကြွသွားသော နှလုံးသားတစ်ခု၏တမ်းချင်း
၁၂။ ငြိမ်းမာန်ဖွဲ့ စိမ်းရက်လေသသထား
၁၃။ ချစ်ခြင်းတစ်အခြားမဲ့၌
၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ
၁၅။ ရစ်ဖွဲ့နှောင်သောကြိုး
၁၆။ မိုးကဲ့သို့ ထစ်ချုန်းသော
၁၇။ ကောင်းကင်ထက်ကနှင်းဆီ
၁၈။ အနိုင်ပေးအနိုင်
၁၉။ မမေ့အပ်တဲ့ကချာ
၂၀။ မျက်ဝန်းတွင်ခွဲထင်ရစ်သော

www.burmeseclassic.com

www.burmeseclassic.com


၂၁။ အတောင်ပံတစ်စုံ အပြာရောင်ကြိုးတစ်ချောင်း

၂၂။ ဆိတ်ငြိမ်သော ချစ်ခြင်း၏အသံ

၂၃။ ချစ်သူကပေးသော တစ်စုံတစ်ရာ

၂၄။ မိုးကောင်းကင်သို့တမ်းမက်သော

၂၅။ တောင်ထိပ်ဖျားကပန်းတစ်ပွင့်

၂၆။ အနီရင့်ရောင်နှလုံးသား၏အတ္တုပ္ပတ္တိ

၂၇။ သစ္စာဖြင့်စီရင်အပ်သော

၂၈။ အရုပ်ကလေး

၂၉။ အချစ်၏ဖြားယောင်းသော

၃၀။ အချစ်၏ခံယူနိုင်စွမ်းအင်

၃၁။ မုန်တိုင်း၏ကဗျာ

၃၂။ ပေါက်ကွဲသံစဉ်

၃၃။ ဂန္ထဝင်မြောက်ချစ်ခြင်းဆီ

၃၄။ ပင်လယ်ပြင်နှင့်ကောင်းကင်ပြာ

၃၅။ မိုးတိမ်တိုက်နှင့် လက်ထပ်ခြင်း

၃၆။ မေတ္တာစစ်၏ပြတင်းပေါက်များ

၃၇။ ချစ်ခြင်း၏ပဋလက်

၃၈။ ကြယ်တွေစုံသောည

၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ

၄၀။ ရင်ခွင်နန်းတော်

၄၁။ ရင်ခုန်ခြင်း၏အနုပညာ

၄၂။ အဆိပ်ဖြင့်နူးညံ့သိမ်မွေ့သော

၄၃။ တစ်ယောက်က တစ်ယောက်ကို ဖန်ဆင်းကာ

၄၄။ မိဖုရားရဲ့ချစ်သူ

၄၅။ နှလုံးသားဆိုချက်၏ အလယ်ဗဟိုတည့်တည့်

၄၆။ ပန်းနုရောင်နှင်းဆီမွှေ့ရာ

၄၇။ နှလုံးသားဆီသို့ လျှို့ဝှက်တံခါး

၄၈။ နှစ်ဦးသဘောတူ

၄၉။ ကောင်းကင်နှင့်ကြယ်

၅၀။ လမင်းရဲ့ဥယျာဉ်မှူး

၅၁။ သက်တော်စောင့်ရဲ့သတို့သမီး

၅၂။ နှလုံးသားဖြင့် မြင်နိုင်သည်

၅၃။ နှုတ်မဆက်တမ်း

၅၄။ အချစ်ဖြင့်ကမ္ဘာတည်သောကောင်လေးနှင့်
အချစ်ကမ္ဘာပေါ်တွင်နေထိုင်သောကောင်မလေး

၅၅။ အဖြူရောင်မြစ်တစ်စင်းရဲ့လျှို့ဝှက်ချက်

၅၆။ ချစ်သူချော့တေး

၅၇။ ကောင်းကင်နှစ်စင်းပြိုင်

၅၈။ အချစ်စစ်မှာ

၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း

၆၀။ ရင်ခွင်တံခါး

၆၁။ စစ်မှန်စွာ ... ရူးသွပ်စွာ ... နက်ရှိုင်းစွာ

၆၂။ မာယာရထား

၆၃။ အချစ်ရဲ့တန်ခိုးများ

၆၄။ ချစ်သူတို့ရဲ့တိုက်ပွဲ

၆၅။ မြားနတ်မောင်နဲ့ချစ်ပုံပြင်

၆၆။ ပန်းသီသူရဲ့ပုံပြင်

၆၇။ အချစ် = အဆိပ်

၆၈။ ရင်နှင့်ရင်း၍

၆၉။ ပန်းနုရောင်သင်္ကေတ


www.burmeseclassic.com

www.burmeseclassic.com


၇၀။ အနက်ရှိုင်းဆုံးပင်လယ်
၇၁။ နှလုံးသားလျှို့ဝှက်ခန်း
၇၂။ နှလုံးသားမြို့သူ
၇၃။ အစွန်းရောက်ချစ်တတ်သူ
၇၄။ နှုတ်ခမ်းထက်ကစားသွား
၇၅။ သင်ချစ်လျှင် ကျွန်ုပ်မမုန်းပါ
၇၆။ အချစ်သင့်သူ
၇၇။ ဒေင်အိပ်မက်
၇၈။ ချစ်ခြင်း သင့်လက်တွင်းသို့ သက်ဆင်းခွင့်ပြုပါ
၇၉။ အချစ်စစ်ပြိုင်ပွဲ
၈၀။ ပဥ္စလက်ရင်ခွင်
၈၁။ နှုတ်၍မရသောမြား
၈၂။ အချစ်စစ်ရှာဖွေသူများ
၈၃။ နောက်ဆုံးထွက်သက်ထိတိုင်
၈၄။ အသက်လိုပြီသူမယ်
၈၅။ သင့်ကိုချစ်၍ သင်ကချစ်သော
၈၆။ ကောင်းကင်ရဲ့အဖော်
၈၇။ လမင်းရဲ့ရံရွေဘော်
၈၈။ သက်တံစီးသူများ
၈၉။ ၁၀၁ ပွင့် နှင်းဆီ
၉၀။ မှန်ဇာဖြူပြတင်းနောက်ဝယ်
၉၁။ အချစ်ကို ညီညွတ်ခြင်း
၉၂။ အမုန်းမဲ့မှသား
၉၃။ မြားတစ်စင်းနှင့် ဘယ်ဘက်ရင်အုံ
၉၄။ ညို့သောပင်လယ် ဆွဲငင်သောလမင်း
၉၅။ ညို့မ်းလျှံနှင့်မေတ္တာရေစင်
၉၆။ ဂန္ထဝင်မြောက်သစ္စာ
၉၇။ ဒုတိယမြောက်ဟာန်းနီးမှုန်း
၉၈။ သက်တံမျှော်စင်
၉၉။ ထပ်တူထပ်မျှ
၁၀၀။ မာနထဲ်နောက်ဆက်တွဲများ
၁၀၁။ ပုံတူ
၁၀၂။ တစ်သက်စာ
၁၀၃။ ချစ်ခြင်းသီတဲ့လက်များ
၁၀၄။ အချစ်မျက်နှာကို တွေ့ဖူးချင်တယ်
၁၀၅။ ရင်ရိုပ်ဇယျာဥ်
၁၀၆။ သစ္စာမြောက်သတို့သမီး
၁၀၇။ တိမ်ယံထက်က နှင်းဆီဖြူ
၁၀၈။ လှူယဉ်ကျေးရဲ့သစ္စာဝတ်မှုန်
၁၀၉။ အစစ်
၁၁၀။ အချစ်ကစားသည်
၁၁၁။ ရာဇဝင်တွင်မယ့်သစ္စာ
၁၁၂။ လမင်းသစ်ပင်
၁၁၃။ အမုန်းနှင့် လက်တစ်ကမ်းအလို
၁၁၄။ ညို့ချက်ပြင်းတယ်
၁၁၅။ သီဂီရပင်လယ်
၁၁၆။ နှလုံးသွေးကြောရဲ့စီးဆင်းရာ
၁၁၇။ သူ ... စေညွှန်ရာစေ
၁၁၈။ နှလုံးသားရဲ့အမိန့်တော်အတိုင်း
၁၁၉။ မနောက်နဲ့နော်


www.burmeseclassic.com

www.burmeseclassic.com


၁၂၀။ ရင်ဘတ်ခဏငှားပါ
၁၂၁။ မျက်နှာဖုံးချစ်သူများ
၁၂၂။ ဖွင့်ဟဝန်ခံ၍မရသော
၁၂၃။ ရင်သို့ချိန်ရွယ်ပစ်ခွင်းသော
၁၂၄။ မာယာမဝင်ရ
၁၂၅။ ရှိတော့ရှိတယ် ရှားတယ်
၁၂၆။ ကောင်းကင်တစ်ခု အလိုရှိသည်
၁၂၇။ မနက်ဖြန်ဆိုတာ မရှိခဲ့ရင်
၁၂၈။ ပြင်းပြင်းရှရှရသ
၁၂၉။ ကျွန်တော်နှင့် နတ်မိမယ်များ
၁၃၀။ မာယာတံတိုင်း
၁၃၁။ အချစ်ရဲ့အပြစ်ဒဏ်
၁၃၂။ မီးလျှံထက်ကနှင်းဆီ
၁၃၃။ လှပသောဝဋ်
၁၃၄။ တိမ်တာပဝါနောက်ကလမင်း
၁၃၅။ ချစ်၍မုန်းခဲ့သည်
၁၃၆။ အဖတောင်ပံတွေရှိခဲ့ရင်
၁၃၇။ ချစ်သူရဲ့ပခုံးတစ်ဖက်
၁၃၈။ ချစ်တဲ့ဘက်က
၁၃၉။ ရင်ဖွင့်ခွင့်ပေးပါ
၁၄၀။ နှလုံးသားစီးချင်း
၁၄၁။ တိမ်တွေဆီ မျှောလွင့်သူ
၁၄၂။ မမှောင်သောည မမိုက်သောအလင်း
၁၄၃။ ရည်းစားဟောင်း
၁၄၄။ ပဥ္စလက်မိုး
၁၄၅။ [illegible]
၁၄၆။ စိတ်ညို့သူ
၁၄၇။ အချစ်နတ်ဆိုး
၁၄၈။ ပန်းနှင်ပွင့်ကမ္ဘည်း
၁၄၉။ အချစ်သည် ကိုးကွယ်ရာ
၁၅၀။ ညို့အားပြင်းတဲ့ မြစ်တစ်စင်း
၁၅၁။ ချစ်တတ်သူတို့အကြောင်း
၁၅၂။ သတို့သမီးဝတ်စုံ
၁၅၃။ တို့ မဆုံဖြစ်ခဲ့ရင်
၁၅၄။ အမုန်းဖွဲ့တေး
၁၅၅။ မေတ္တာ၏သင်္ကေတ
၁၅၆။ စိတ်ဖတ်သူ
၁၅၇။ စိတ်မဆိုးကြေး
၁၅၈။ ရင်ဘတ်ထဲက မြစ်တစ်စင်း
၁၅၉။ အိပ်မက်မှူးသောကျွန်း
၁၆၀။ အမုန်းမြို့မှအပြန်
၁၆၁။ တံ့ပြန်ခွင့်
၁၆၂။ စတေးခဲ့သော
၁၆၃။ ခေါ်သံ
၁၆၄။ မျက်လှည့်
၁၆၅။ သိမ်မွေ့သောလမင်း... နက်ရှိုင်းသောပင်လယ်
၁၆၆။ အပြာရောင်မိုး ခရမ်းရောင်သစ္စာ
၁၆၇။ နှလုံးသားက မလိမ်တတ်ဘူး
၁၆၈။ လျှို့ဝှက်လက်များဖြင့် ဖန်ဆင်းသော
၁၆၉။ နတ်သမီးစကားထာ


www.burmeseclassic.com

www.burmeseclassic.com

၁၇၀။ ညို့တတ်တယ်

၁၇၁။ တစ်ဘဝကြေး

၁၇၂။ သင်အလိုရှိလျှင်

၁၇၃။ သစ္စာရှင်းတမ်း

၁၇၄။ ဆယ်ကျော်သက်ရဲ့ဒိုင်ယာရီ

၁၇၅။ ဆဋ္ဌမအာရုံ

၁၇၆။ မှုန်းမိမယ်

၁၇၇။ ညို့သခင်နဲ့ကိုယ်ရောင်ဖျောက်သူ

၁၇၈။ တစ်ခေတ်ဆန်းနှလုံးအိမ်မှာထိုးထွင်းခဲ့သော TATTOO ရာဇဝင်

၁၇၉။ လရောင်နဲ့လင်းရတဲ့ နှလုံးသားရဲ့အိမ်

၁၈၀။ သစ္စာတရားက သိမ်းပိုက်ထားတဲ့မြို့တော်

၁၈၁။ အမိရာ

၁၈၂။ ဓနီးချောများကွန်ရက်

၁၈၃။ လေပြည်ညင်းရဲ့အသက်ဆက်ဝေး

၁၈၄။ ငါ့ရဲ့လမင်း ဘယ်သူဝှက်ထားလဲ

၁၈၅။ အပြင်းစားဉယျာဉ်မှူး

၁၈၆။ ဆယ်နှစ်ကြိုးကဝေ

၁၈၇။ မြိုင်မြင်းတို့ရဲ့ရာဇဝင်

၁၈၈။ ပျားရည်မြစ်တစ်စင်းထဲက ပဒ္မာလက်နှင်းဆီ

၁၈၉။ မချစ်တတ်အောင်သင်ပေးပါ

၁၉၀။ ကြယ်စင်ကို ရင်ဘတ်နဲ့မှျားတဲ့သူ

၁၉၁။ ချစ်သူရင်ခုန်သံကျွန်မရဲ့ဂီတ

၁၉၂။ သူ့နှလုံးသားမှာခြေရာတွေနဲ့

၁၉၃။ ကျိန်ဆိုတတ်သော ပန်းတစ်ပွင့်

၁၉၄။ ချစ်ခြင်း၏ ဓမ္မယာအ ၂း ရောက်ရှိနေပါသဖြင့်
ခေါ်ဆို၍ ရနိုင်ပါသည်။

ယခုလ

၁၉၅။ သုခဘုံသို့အလည်တစ်ခေါက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပြု့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဝိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





# လွမ်းသားသား
## (ဆေးတက္ကသိုလ်)



## သုခဘုံသို့ အလည်တစ်ခေါက်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







“အခုတော့ မေမေက ဘယ်ကဘယ်လို ပေါ်ပေါက်လာမှန်း မသိတဲ့ ယောက်ျားတစ်ယောက်ကို မေမေ့ရဲ့ ငယ်ချစ်ဦးပါဆိုတဲ့ အကြောင်းပြချက်ကလေး တစ်ခုနှင့် လက်ထပ်တော့မယ်ပေါ့၊ သမီးနှင့် မေမေ့ ကြားမှာ အကြီးအကျယ် အဆီးအတား ဖြစ်တော့မယ် ပေါ့၊ ဟုတ်လား မေမေ”

**မီပေး**

www.burmeseclassic.com

www.burmeseclassic.com



"မေတို့ အသက်အရွယ်က ကိုယ့်ရဲ့နှလုံးသား နှင့်စိတ်ခံစားမှုကို သိပ်ရှေ့တန်းတင်နေလို့တော့ မဖြစ်တော့ဘူးလေ၊ သမီးက သူ့ဘဝတစ်လျှောက်လုံး လူဆက်လုပ်ရဦးမှာ၊ သမီးရဲ့နှလုံးသားမှာ ဘယ်လိုဒဏ်ရာ အနာတရမျိုးမှ မေ့ကြောင့် မရစေချင်ဘူးလေ"

**မေမြမီ**



"ကိုယ့်ဘဝမှာ မိန်းမတော်တော်များများနဲ့ ပတ်သက်ခဲ့ဖူးတယ်။ အထူးသဖြင့် ကိုယ့်ထက် အသက်ပိုကြီးတဲ့မိန်းမမျိုးတွေနဲ့ ကိုယ် ပိုပြီးတော့ ရှုပ်ထွေးပတ်သက်ခဲ့ဖူးတယ်၊ အဲဒါ ဘာကြောင့်လဲလို့တော့ ကိုယ်မပြောတတ်ဘူး၊ ကိုယ့်ရဲ့ ဝဋ်ကြွေးတစ်ခုလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

**မြလွင်မိုး**

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်တာပေါ့ မြတ်သောခင်ရယ်၊ ကိုယ်တို့ ဟိုး ... ငယ်ငယ်ကလေးတည်းက ချစ်လာခဲ့ကြတာ။ ချစ်သူဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး attach ဖြစ်ကြတယ်။

ဘယ်လိုပြောရမလဲ၊ ကိုယ်တို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်ပဲ။ တစ်ယောက်ကိုတစ်ယောက်လည်း အရမ်းနားလည်ငဲ့ညှာခဲ့ကြတယ်။ အင်း ... ပြောရရင် ကံကြမ္မာကြောင့်ပေါ့ကွာ။ သူ့မှာရော ကိုယ့်မှာပါ တကယ်တော့ အပြစ်မရှိတော့ပါဘူး၊ ကံကြမ္မာက ကိုယ်တို့ကို ပေါင်းခွင့်မပေးသေးလို့သာ ကိုယ်တို့ ပေါင်းခွင့်မကြုံသေးတာပေါ့။

ဒါပေမဲ့ ကိုယ် ယုံကြည်တယ်။ ကိုယ့်ရဲ့ မေတ္တာ၊ ပြီးတော့ သူ့ရဲ့မေတ္တာ စစ်မှန်တယ်ဆိုရင် တစ်နေ့နေ့တော့ ကိုယ်တို့ ပေါင်းရမှာပါ။ အဲဒီနေ့ဟာ ဘယ်နေ့ပဲဖြစ်ဖြစ်ပေါ့။

ဆံဖြူ သွားကြွေတဲ့ အရွယ်ရောက်အောင် ကိုယ်တို့ အချစ်က ပြောင်းလဲသွားမှာတော့ မဟုတ်ဘူး။

အချစ်ဆိုတာ အသက်အရွယ်နှင့် လိုက်ပြီးတော့ ပြောင်းလဲသွားတာတော့ အမှန်ပဲ။ ဥပမာကွာ ... ကိုယ်တို့



ဟိုး ... ငယ်ငယ်ကလေးဘဝတုန်းက ကိုယ်နှင့် ကိုယ့်ရဲ့ ချစ်သူဟာ တစ်ယောက်ကိုတစ်ယောက် ကစားဖော်ကစားဖက်အဖြစ် တွယ်တာကြတယ်။

အရွယ်တဖြည်းဖြည်း ရောက်လာတဲ့အခါကြတော့ ကိုယ်တို့နှစ်ယောက်ရဲ့ သံယောဇဉ်က 'တဖြည်းဖြည်း နက်ရှိုင်းခိုင်မာလာသလို တစ်ယောက်ကိုတစ်ယောက် လိုအပ်လာပုံကလည်း တဖြည်းဖြည်း ထူးဆန်းလာတယ်။

တစ်ယောက်နှင့်တစ်ယောက် မတွေ့ရရင် မနေနိုင်လောက်အောင် မွတ်သိပ်ပြင်းပြလာတယ်။ မျက်နှာကလေး မြင်နေရရင် ကျေနပ် ပျော်ရွှင်နေတဲ့ ပီတိမျိုးကို ခံစားရတယ်။

သူကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတဲ့ သစ္စာနှင့် ခိုင်မြဲမှုကလည်း အဲဒီအရွယ်မှာ အရှူးအမူး ဖြစ်လာတယ်။

အဲဒါပြီးတော့ အသက်နှစ်ဆယ်ကျော်အရွယ် ရောက်တော့ ကိုယ်တို့အချစ်တွေက တဖြည်းဖြည်းနှင့် လေးနက်တည်ငြိမ်လာတယ်။

ဘဝတစ်ခုကို အတူတကွ ပေါင်းစည်းတည်ထောင်ကြဖို့ စိတ်ကူးတွေ ယဉ်လာတယ်၊ တစ်ယောက်ကိုတစ်ယောက် သိပ်ကို တပ်မက်လာတယ်။

တစ်ယောက်မရှိရင် နောက်တစ်ယောက်ရဲ့ဘဝ မရပ်တည်နိုင်တော့သလို ကိုယ်တို့နှစ်ယောက် သိပ်ကို ကူးယှက်ငြိတွယ်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တို့နှစ်ယောက် ဝေးသွားတော့လည်း တစ်ယောက်ကိုတစ်ယောက် မုန်းတီးတာ၊ နာကြည်းတာ မရှိဘူး။

ကိုယ်တို့နှစ်ယောက်ရဲ့ ရင်ထဲမှာ တစ်ယောက်စိတ်ချမ်းသာဖို့၊ စိတ်မဆင်းရဲစေဖို့ နားလည်ငဲ့ညှာစိတ်မျိုးပဲ ကိုယ်တို့မှာ ရှိတယ်။

အဲ ... နောက် ကိုယ်တို့ အကြာကြီးပဲ ဝေးသွားခဲ့ကြတယ်။ အခု ကိုယ်တို့ ပြန်တွေ့တဲ့အချိန်မှာ ကိုယ်တို့နှစ်ယောက်လုံး အသက်လေးဆယ်အရွယ်တွေ ရောက်နေကြပြီ။

ဒီအရွယ်မှာ ပြန်တွေ့တော့လည်း ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နိုင်သေးတာပဲ။ အဲဒီအချစ်က ပိုပြီးတော့ သိမ်မွေ့နက်ရှိုင်းလာတယ်။ ပိုပြီးတော့ အဓိပ္ပာယ် ရှိလာတယ်။

ဘဝမှာ သူရှိနေရင် အားလုံး ပြည့်စုံသွားပြီဆိုတဲ့ ခံစားချက်ကို သူရော ကိုယ်ပါ ခံစားရတယ်။

သူ ရှိနေခြင်းဆိုတဲ့ အဖြစ်ကသာ ကိုယ်တို့နှစ်ယောက်အတွက် အရေးကြီးဆုံး ဖြစ်လာတယ်။

ဒီအချိန်မှာ ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လေးစားကြတယ်။ နားလည်ကြတယ်။ သူ့ရဲ့ အခက်အခဲတွေကို ကိုယ်က ဖြေရှင်းပေးချင်သလို ကိုယ့်ရဲ့ အောင်မြင်မှုတွေ၊ စိတ်ခံစားမှုတွေကိုလည်း သူက မျှဝေခံစားပေးတယ်။



ဒီအရွယ်မှာ ကိုယ်တို့ရဲ့ အဓိက လိုအပ်ချက်ဟာ တစ်ယောက်ကိုတစ်ယောက် မျှဝေခံစားပေးနိုင်ခြင်းဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးနိုင်စွမ်းရှိတဲ့ အဖော်ပဲ။

ပုံစံကလေးတွေသာ တဖြည်းဖြည်း ပြောင်းလဲသွားတယ်၊ အချစ်ကတော့ ဘယ်တော့မှ ပြောင်းလဲမသွားဘူး။ အဲဒီလိုပဲ ကိုယ်တို့တတွေ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်တွေ ရောက်သွားရင်လည်း တစ်ယောက်ကိုတစ်ယောက် ဆက်ချစ်နေကြဦးမှာပဲ။

ပုံစံကလေးကတော့ ပြောင်းလဲသွားမှာပေါ့။ အဲဒီအချိန်ကျတော့ အချစ်ဆိုတဲ့အရာကနေ မေတ္တာဆိုတဲ့ဘက်ကို တဖြည်းဖြည်း ကူးပြောင်းသွားလိမ့်မယ် ... လို့ ကိုယ်ထင်တယ်။ မင်း နားလည်ရဲ့လား”

**နေလင်းရှိ**

လူတွေဟာ ဘဝတစ်သက်တာမှာ တစ်ချိန်တော့ သုခဘုံစီ အလည်တစ်ခေါက်တော့ ရောက်ဖူးကြပါလိမ့်မည်။ အဲဒီ သုခဘုံဆိုတာ လူတစ်ယောက်ကို စုံစုံမက်မက် မြတ်နိုးငြိတွယ်နေသော ချစ်ခြင်းဆိုသော ခံစားချက်နှင့် ထိတွေ့ခံစားမိသောအချိန် တစ်ခဏတာလေးပဲ ဖြစ်ပါသည်။ တချို့ကတော့ သူတို့ချစ်သော ချစ်သူတွေနှင့် ဘဝတစ်သက်တာလုံး လက်တွဲပေါင်းစည်းခွင့် ရကြသည်။ တချို့တလေကတော့ ကံဆိုးမိုးမှောင်ကြကာ ချစ်ခြင်းဆိုသော ခံစားချက်ကို တစ်ခဏတာသာ ခံစားခွင့်ရှိပြီး ချစ်သူကို အပြီးအပိုင် လက်လွှတ်ဆုံးရှုံး ပေးလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေးကတော့ ဒုတိယအမျိုးအစားထဲတွင် ပါဝင်ပါလိမ့်မည်။ ဘာဖြစ်လို့လဲဆိုတော့ မိဟေး၏ ဘဝတွင် သုခဘုံတစ်ခုပမာ သိပ်ကို ခံစားငြိတွယ်ဖွယ်ကောင်းသော အချစ်ဆိုသော အရာကလေးနှင့် ထိတွေ့မိလို့ ထိတွေ့မှန်းတောင် မသိလိုက်ရခင်မှာ ထိုအချစ်ကို လက်လွှတ်ဆုံးရှုံးပြီးသား ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

✤ ◆ ✤



## အခန်း(၁)

ကားဂိတ်သို့ ရောက်သည့်တိုင် မိဟေး၏ စိတ်တွေ မငြိမ်သက်လှုပ်ရှားလျက် ရှိလေသည်။

ဒါသည် ဘဝမှာ ပထမဦးဆုံးသော စွန့်စားခြင်းပင်။ မေမေ့ရင်ခွင်ကို ပုန်ကန်လျက် သူငယ်ချင်းတွေနှင့်အတူ ဘဝသစ်ဘစ်ခုဆီသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ကားဂိတ်မှာ သူငယ်ချင်းတွေ စုံနေပြီ။ သူတို့အားလုံး မိဟေးကို စောင့်လျက်ရှိသည်။

"မိဟေးရယ် နောက်ကျလိုက်တာ၊ ဘယ်လိုဖြစ်နေတာလဲ"

"ဒီလောက်တော့ ရှိမှာပေါ့ဟယ်၊ ငါက မေမေ မသိအောင် ထွက်လာရတဲ့လူ၊ နင်တို့အားလုံးက မိဘတွေရဲ့ ခွင့်ပြုချက်နဲ့ ထွက်ခွင့်ရတာလေ ...

ဒီလောက်တော့ စိတ်ရှည်ရမှာပေါ့"

"ကဲ ... ကဲ ... ကားထွက်တော့မယ်၊ ကားပေါ် တက်ကြစို့"

မိဟေးတို့မှာ စုစုပေါင်း သူငယ်ချင်းငါးယောက်ရှိလေသည်။ အဲဒီ ငါးယောက်စလုံးသည် ဟိုး သူငယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝတည်းကစပြီး ၁၀-တန်းအောင်ပြီးတဲ့အချိန်ထိ တတွဲတွဲ မခွဲမခွာ ရှိခဲ့ကြသော သူငယ်ချင်းတွေလည်း ဖြစ်ကြသည်။

ရန်ဖြစ်လိုက်၊ မခေါ်လိုက်၊ ပြန်တည့်လိုက်နှင့် သံသရာလည်နေကာ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာရက်ကြသော သူငယ်ချင်းများလည်း ဖြစ်လေသည်။

အခု မန္တလေးကနေ ရန်ကုန်သို့ ဆင်းမည့် ခရီးစဉ်ကလည်း တကယ်တမ်းတော့ မိဟေးကြောင့် ဖြစ်လေသည်။ မေမေနှင့် အကြီးမားဆုံးသော ပဋိပက္ခတစ်ခုကို ရင်ဆိုင်ခဲ့ရပြီးနောက် မိဟေးသည် အိမ်မှာ နေချင်စိတ် လုံးဝမရှိတော့ချေ။ မေမေ့ကိုလည်း ရင်မဆိုင်ချင်။ အထူးသဖြင့် ဦးနေလင်းရဲ့ဆိုသော လူတစ်ယောက်ရှိရာ ရန်ကုန်မြို့ဆီသို့ အဓိက သွားချင်သူမှာ မိဟေးသာဖြစ်သည်။

မိဟေးရဲ့ အလိုကို လိုက်ပြီး သူငယ်ချင်းတွေက မိဟေးနဲ့အတူ ရန်ကုန်သို့ အတူတူ လိုက်ဖို့ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

ကျန်တဲ့ သူငယ်ချင်းတွေရဲ့ မိဘတွေကတော့ မိဟေးတို့ငါးယောက် ဒီလိုပဲ အမြဲတမ်း အတူတကွ ခရီးထွက်လေ့ရှိကြသဖြင့် ထူးထူးခြားခြား ပိတ်ပင်တားဆီးခြင်း မရှိကြဘဲ အလွယ်တကူပဲ ခွင့်ပြုခဲ့ကြလေသည်။

မိဟေးကတော့ မေမေနှင့် ပြဿနာတစ်ခုကို အကြီးအကျယ် ပဋိပက္ခဖြစ်ကာ တိုက်ပွဲဝင်ခဲ့သူမို့ မေမေ့ဆီမှာ ခွင့်ပင်မတောင်းဘဲ မေမေ့ကို အသိမပေးဘဲ အိမ်မှ ထွက်လာခဲ့ခြင်းဖြစ်သည်။



ကားပေါ်သို့ ရောက်ချိန်တွင် ထုံးစံအတိုင်း သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဆူညံလျက်ရှိ၏။

မိဟေးတို့အားလုံး အသက်နှစ်ဆယ် စွန်းစွန်းကလေးတွေချည်းဖြစ်သည်။

မန္တလေးတက္ကသိုလ်မှာပင် အတူတကွ ကျောင်းတက်ခဲ့ပြီးနောက် ဘွဲ့တစ်ခုစီလည်း ရခဲ့ပြီးပြီ။ ကျောင်းပြီးချိန်မှာ မိဟေးတို့ ထူးထူးခြားခြား ဘာအလုပ်မှ မလုပ်ဖြစ်ကြသေး။ ငါးယောက်စလုံးက အမြဲတမ်း ဝါသနာတူ၊ အကြိုက်တူလေ့ရှိကြသူချင်းမို့ Beauty Soloon တစ်ခု စပ်တူရှယ်ယာဖို့ စီစဉ်နေကြတုန်းပဲဖြစ်သည်။

အဲဒီအချိန်မှာ မိဟေး၏ ပြဿနာက ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကားက စတင်၍ ထွက်ခွာသွားလေသည်။

"မိဟေးရယ် ... ညည်း အဲဒီလိုချည်း ငူငူငိုင်ငိုင်ကြီး လုပ်မနေစမ်းပါနဲ့။ ညည်းရဲ့ ပြဿနာလည်း ကျုပ်တို့အားလုံး ပြဿနာပဲ။ ညည်း ဖြစ်စေချင်တဲ့ ပုံစံအတိုင်း အဲဒီပြဿနာကို ကျုပ်တို့ ဝိုင်းပြီး ကူညီဖြေရှင်းပေးမယ်၊ ဟုတ်ပြီလား၊ ပျော်ပျော်ပဲ နေစမ်းပါ၊ ဘာမှ စိတ်မပူနဲ့ ...

ဦးနေလင်းရဲ့ဆိုတဲ့ လူကြီးနဲ့ ညည်း မေမေနဲ့ လက်မထပ်ဖြစ်ရင် ပြီးရောမလား။ သူတို့နှစ်ယောက် ခွာပြသွားကြဖို့ ကျုပ်တို့ အစွမ်းကုန် စီစဉ်ကြတာပေါ့။ ပြုံးစမ်း ... ပြုံးစမ်း၊ မျက်နှာကြီးကို အဲဒီလိုကြီး ပုပ်သိုးမနေနဲ့ တကတဲ့မှပဲ"

www.burmeseclassic.com

www.burmeseclassic.com



“မိဟေး ... ညည်း ပြောတော့ အဲဒီ ဦးနေလင်းရှုံနဲ့ ညည်း မေမေနဲ့က ငယ်ချစ်ဟောင်းတွေဆို”

“အေးပေါ့ ... ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာတဲ့။ အဲဒီ ငယ်ချစ်တွေကြောင့် ပိုဆိုးတာပေါ့။ အခု မေမေ့ အသက်က လေးဆယ်တောင် မပြည့်သေးဘူး။ ကျုပ်နဲ့ဆို လမ်းထွက်သွားရင် ညီအစ်မတွေလိုပဲ။ အဲရမ်းကို ငယ်ရွယ် နုပျိုနေတာ။ အဲဒီ ဦးနေလင်းရှုံဆိုလည်း မေမေနဲ့ ရွယ်တူပဲ။ သူတို့ အချိန်မရွေး ယူလို့ရတယ်ဟာ။ အဲဒါတွေကို ကျုပ် မခံစားနိုင်တာ။ မေမေ့ကို ဖေဖေကလွဲပြီး ဘယ်ယောကျ်ား တစ်ယောက်နဲ့မှ ထပ်ပြီး မဖြစ်စေချင်တော့ဘူး။ ဦးနေလင်းရှုံ ဆိုတာ မေမေရဲ့ ပထမဆုံး အချစ်ဦးတဲ့။ မေမေကိုယ်တိုင်ပဲ ပြောတာ။ အဲဒီစကားကို ပြောတုန်းက မေမေ့ရဲ့ မျက်လုံး တွေမှာ မနာလိုစရာကောင်းလောက်အောင် သိပ်ကို ရွှန်းလဲ့ တဲ့ အရည်ကြည်လေးတွေ ဖြာနေတာပဲ”

မိဟေးသည် အာရုံထဲမှာ မေမေ့ရဲ့ ဝိုင်းစက်ရွှန်းမြ သော မျက်လုံးများကို ပြန်မြင်ယောင်လာလေသည်။ ပြီးတော့ မေမေ့ရဲ့ သူမတူအောင် နူးညံ့ချိုသာနေသော အသံကလေးကို ပြန်လည်ကြားယောင်လာသည်။

“မိဟေးရယ် သမီးကို မေမေ ဘယ်လို ပြောရမလဲ။ မေမေနဲ့ သူဟာ ဟိုး ... ငယ်ငယ်ကလေးတည်းက ကစား ဖော် ကစားဖက်တွေ။ အတူတူ ကြီးပြင်းလာခဲ့ကြတာ။ အရွယ်ရောက်လာတော့လည်း တစ်ယောက်နဲ့တစ်ယောက် ရင်ခုန်သံချင်း ပေါင်းစည်းခဲ့ကြတယ်။ မေမေတို့နှစ်ယောက်



သိပ်ကို ချစ်ခဲ့ကြတယ် မိဟေးရယ်။ ချစ်ခဲ့တာမှ တစ်ယောက် ကိုတစ်ယောက် အသက်ပေးပြီး ချစ်မတတ်ပါပဲ။ အဲဒီတုန်း က ရိုမီယိုနဲ့ ဂျူးလီးယက်တောင် မေမေတို့ကို အရှုံးပေး ရလိမ့်မယ်။ တစ်ယောက်ရဲ့ စိတ်ကို နောက်တစ်ယောက် က အလိုလို သိနေသလိုပဲ။ မေမေတို့နှစ်ယောက်ဟာ တစ်သားတည်းလိုပဲ သိပ်ချစ်ခဲ့ကြတယ်။ ဒါပေမဲ့ သမီးရယ်၊ မေမေတို့ အကြောင်းအမျိုးမျိုးကြောင့် ဝေးခဲ့ကြရတယ်။ မေမေတို့ ဘယ်ဝေးချင်ပါ့မလဲ။ ဒါပေမဲ့ ... သူရော၊ မေမေပါ တစ်ယောက်ကိုတစ်ယောက် နားလည်စွာနဲ့ လမ်းခွဲခဲ့ကြတာ။ အဲဒီနောက်မှာ မေမေနဲ့ သမီးရဲ့ဖေဖေ လက်ထပ်ကြတဲ့အချိန်ကစပြီး သူ ပျောက်သွားလိုက်တာ။ ဘယ်မှာမှ ရှာလို့မတွေ့တော့ဘူး။ အခုမှ မေမေတို့ ပြန် တွေ့ကြတယ် သမီး။ တကယ်တမ်း ဝန်ခံရရင် မေမေတို့ ပြန်တွေ့ခဲ့ကြတာ ခြောက်လတောင် ရှိပြီ သမီး။ သမီး ကို ဖွင့်ပြီး အသိပေးဖို့ မေမေ နှုတ်ဆွံ့နေတာ”

“မေမေတို့က မိဟေး မသိအောင် ချိန်းချိန်းတွေ့နေကြ တယ်ပေါ့လေ”

မိဟေးက မနာလိုခြင်းကြီးစွာဖြင့် ခေါ်သတကြီး အော်ပြောမိလေသည်။ မေမေက အပျိုစင်လေးတစ်ယောက်၏ အပြုံးမျိုးပြုံးကာ ...

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ မေမေတို့ အရွယ်တွေက ချိန်းတွေ့ကြရမဲ့အရွယ်မှ မဟုတ်တော့တာ။ ပြန်တွေ့ကြတဲ့အချိန်မှာ မေမေတို့နှစ်ယောက် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုတစ်ယောက် အရမ်းကို နားလည်နေကြတယ်။ မေမေက သာ အိမ်ထောင်ပြုခဲ့ပြီး သမီးလေးတစ်ယောက် ရနေပေမဲ့ နေလင်းရဲ့ကတော့ အခုထက်ထိ အိမ်ထောင်မကျသေးဘူး သမီး။ အဲဒီတော့ မေမေတို့နှစ်ယောက် လွတ်လပ်တဲ့ ငယ်ချစ်ဦးတွေလည်းဖြစ်တော့ ပြန်ပြီး ဆုံစည်းမိကြတယ် ပေါ့ကွယ် ...

"သမီးကို မေမေ ပြောချင်တာက မေမေတို့အရွယ်မှာ နှလုံးသားကို အလိုလိုက်ရမဲ့ စိတ်ခံစားမှုမျိုး မရှိသင့်တော့ပေမဲ့ သမီးရဲ့ ရှေးရေး၊ မေမေရဲ့ဘဝ လုံခြုံစိတ်ချဖို့ အရေး မေမေ သူနဲ့ လက်ထပ်ချင်တယ် သမီးရယ်"

"ဟင့်အင်း ... လက်မထပ်ရဘူး မေမေ။ မေမေ့ကို သမီး ဘယ်ယောက်ျားနဲ့မှ မပေးစားနိုင်ဘူး။ သမီး ပထွေး မလိုချင်ဘူး မေမေ။ မေမေ သိပါတယ်၊ မေမေ့ကို သမီး ဘယ်လောက် သဝန်တိုသလဲဆိုတာ။ တခြားယောက်ျားတွေ ကြည့်ရင်တောင်မှ မခံနိုင်တဲ့ သမီးပါ မေမေရဲ့ ..."

"အခုတော့ မေမေက ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ယောက်ျားတစ်ယောက်ကို မေမေရဲ့ ငယ်ချစ်ဦးပါဆိုတဲ့ အကြောင်းပြချက်လေးတစ်ခုနဲ့ လက်ထပ်တော့မယ်ပေါ့။ သမီးနဲ့ မေမေ့ကြားမှာ အကြီးအကျယ် အဆီးအတား ဖြစ်တော့မယ်ပေါ့၊ ဟုတ်လား မေမေ"

"မဟုတ်သေးပါဘူး သမီးရယ်။ မေမေ ပြောတာကို သေသေချာချာ နားထောင်စမ်းပါ။ အဲဒီ ဦးနေလင်းရဲ့ တွေ့ကြည့်လိုက်ပါ။ သမီး သဘောကျမှာပါ သမီးရယ်။



သူတလည်း သမီးနဲ့ တစ်ခါမှ မဆုံသေးတော့ သမီးနဲ့ ဆုံမှုချင်တယ်"

"မေမေတို့ ဘယ်လို တွေ့ကြတာလဲ"

"သူက ရန်ကုန်မှာနေတာ သမီးရဲ့။ ဒါနဲ့ သောကြာနေတိုင်း သူ မေမေ့ဆီ လာတွေ့လေ့ရှိတယ်"

"သူ သမီးကို မြင်ဖူးသလား မေမေ"

"မြင်တော့မမြင်ဖူးသေးဘူး သမီး"

"သမီးရဲ့ ဓာတ်ပုံတွေ ဘာတွေကော သူ့ကို မေမေ ပြမိသေးလား"

"ဟင့်အင်း သမီး၊ မေမေ မပြဖြစ်သေးဘူး။ မေမေ ဖြစ်စေချင်တာက အခုလာမဲ့ စနေနေ့မှာ သမီးနဲ့ သူ့ကို မေမေ လူချင်းဆုံပေးချင်တယ်။ သမီး စိတ်တိုင်းကျလေ့လာပါ သမီးရယ်။ သမီး လက်ခံနိုင်တယ်ဆိုမှ မေမေ သူ့ကို လက်ထပ်ဖို့ ခေါင်းညိတ်မှာပါ"

"အခုတည်းက သမီး အဖြေပေးထားတယ်လေ မေမေ။ သမီး လုံးဝ လက်မခံဘူး။ သဘောမတူနိုင်ဘူး။ မေမေ့ကို ဘယ်ယောက်ျားနဲ့မှ သဘောမတူဘူးလို့ သမီး ပြောထားပြီးပြီ"

"သမီး ... မိဟေး ... အဲဒီလို တစ်ယူသန် တစ်ဇွတ်ထိုး ခေါင်းမာမှုမျိုးဟာ သမီးရဲ့ ဖေဖေနဲ့ တစ်ထေရာတည်းပဲ။ အဲဒီ တစ်ယူသန် တစ်ဇွတ်ထိုးတွေကြောင့် သမီးဖေဖေနဲ့ မေမေ အမြဲတမ်း ပြဿနာတွေ ဖြစ်ခဲ့ကြရတာ။ သမီး မေမေ့စကားကို နားထောင်စမ်း။ သမီး သူနဲ့ တွေ့လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့တော့ကော ဘာအကြောင်းထူးမှာမို့လဲမေမေ၊ သ
ပြောပြီးသားပဲ၊ သမီး လုံးဝသဘောမတူဘူးဆိုတာ"

"မိဟေး … မေမေ တစ်ခုပြောမယ်၊ မိဟေးရဲ့ ဆန္ဒမပါဘဲ
တော့ မေမေ ဘာတစ်ခုမှ အတင်းအကျပ် မလုပ်ချင်ပါဘူး
ဒါပေမဲ့ မိန်းမသားတစ်ယောက်တည်း စီးပွားရေး လောက
ရုန်းကန်ကျင်လည်နေရတဲ့ မေမေ့ဘဝမှာ အနှောင့်အယှ
တွေ၊ အန္တရာယ်တွေ ဝိုင်းနေတယ် သမီး"

"အဲဒါတွေကို သမီး စိတ်ညစ်အောင် မေမေ အသေးစိ
မပြောပြချင်တော့ဘူး၊ ဒါနဲ့ မေမေနဲ့ သမီးနဲ့ နှစ်ယော
တည်း ရပ်တည်နေရတဲ့ ဘဝမှာ မေမေ အားကိုးစိတ်ချရ
ယောကျ်ားတစ်ယောက်တော့ ရှိသင့်တယ်၊ အဲဒီ ယောကျ်
ဟာလည်း မေမေ သိပ်ချစ်ခဲ့ရတဲ့ မေမေ့ရဲ့ အချစ်
ယောကျ်ားပဲ ဖြစ်ချင်တယ်"

ထိုစကားကို ပြောပြီး မေမေ့ မျက်နှာသည် နှင်း
ဖူးကလေးတစ်ဖူးလို ပန်းသွေးရင့်ရင့် သမ်းသွားခဲ့ပါသည်။

မိဟေးသည် မေမေ့ဆီမှာ အဲဒီလို ထူးဆန်းအံ့
ဖွယ်ကောင်းသော ပြောင်းလဲခြင်းကို မြင်တွေ့ရသည်ကိုပင် မ
မနပ် သဝန်တိုခြင်း ဖြစ်လျက်ရှိသည်။ မေမေရဲ့ နှလုံးသာ
မေမေရဲ့ဘဝ၊ မေမေ့ရဲ့စိတ်ခံစားမှု အဲဒါတွေအားလုံးကို လွှမ်း
တမ်းတနေခြင်းဆိုတဲ့ အခြေအနေတစ်ခုစီကနေ လုံးဝ ပြော
ယူပစ်လိုက်မိသူဟာ ဦးနေလင်းရုံပဲပေါ့။ ကောင်းပြီး တွေကြ
တာပေါ့ ဦးနေလင်းရုံရယ်။



"အဓိက,ကတော့ မေမေ ယောကျ်ားယူချင်နေတာပဲ မဟုတ်
လား"

မိဟေးက ရုတ်တရက် နာကြည်းသွားသော
အသံဖြင့် မေမေ့ကို နာအောင် ပြောလိုက်လေသည်။

မိဟေးရဲ့ စကားကြောင့် မေမေ တော်တော်ကလေး
…ကာ နာလည်းနာသွားပုံရပါသည်။

"တော်စမ်း မိဟေး၊ အဲဒီ စကားမျိုး မေမေ့ကို နောက်တစ်
ခါ မပြောနဲ့ ဒါ သမီးက အမေကို ပြောရမဲ့ စကားလား။
မေမေ့ဘဝကို မေမေ ဆုံးဖြတ်ပိုင်ခွင့် ရှိတယ်။ ဒါပေမဲ့
မေမေ့မှာ သမီးတစ်ယောက် ရှိနေတဲ့အတွက် အဲဒီ သမီး
ကိုလည်း ရှေ့တန်းတင် နေရာပေးဖို့ လိုတယ်လို့ မေမေ
ယူဆလို့ မိဟေးဆီမှာ မေမေ ခွင့်ပြုချက် တောင်းနေတာ …

မေမေသာ စိတ်ရဲ့ ခံစားမှုနောက်ကို အလိုလိုက်ခဲ့
ရင် နေလင်းရုံနဲ့မေမေ ပေါင်းဖြစ်ခဲ့ကြတာ ကြာလှပြီ။
အခု မေမေ ပြောနေတာ ယောကျ်ားယူချင်တဲ့ကိစ္စ မဟုတ်
ဘူး မိဟေး။ မေမေနဲ့ သမီးရဲ့ ဘဝတစ်ခုလုံးအတွက်
ယုံကြည်စိတ်ချရမဲ့ လက်တွဲဖော်တစ်ယောက် တကယ်
လိုအပ်နေတာ"

"မလိုပါဘူး၊ မလိုပါဘူး မေမေ၊ မေမေကသာ ဖွတ်လိုချင်
နေတာ။ သမီးအတွက် ဘာအဖော်မှ မလိုအပ်ဘူး။ သမီး
အတွက် မေမေရှိရင် ပြီးတယ်။ သမီးအတွက် ပထွေးမလို
ဘူး မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"မိဟေးရယ် ... ပြောရသိပ်ခက်ပါလား။ မမေ့ကို မိဟေး နားမလည်ဘူး"

"မေမေလည်း မိဟေးကို နားမလည်ပါဘူး။ မေမေ ဖြစ်ချင်နေတာတစ်ခုကိုပဲ မေမေ သိတယ်၊ အခုအချိန်မှာ မေမေ့ စိတ်ထဲမှာ မေမေ့ရင်ထဲမှာ မိဟေး မရှိဘူး၊ အဲဒီ ဦးနေလင်းရုံ ဆိုတဲ့လူပဲ ရှိနေတယ် မဟုတ်လား ...

သမီး သိတယ် မေမေ၊ မေမေ ဖွင့်တော်လုပ်တော့မှာ မေမေ သမီးကို အသိပေးရုံပဲ အသိပေးနေတာ။ ဟုတ်တယ် မဟုတ်လား။ မေမေ ဆုံးဖြတ်ပြီးသွားပြီ မဟုတ်လား။ အဲဒီလူကို မေမေ မိဟေး သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ မရ,ရအောင် လက်ထပ်ယူတော့မယ် မဟုတ်လား ...

မိဟေး လုံးဝ သဘောမတူဘူး မေမေ။ လုံးဝ မကျေနပ်ဘူး"

မိဟေးသည် အားပါးတရ အာခေါင်ခြစ်လျက် အော်ကာ မေမေ့ရှေ့မှ ပြေးထွက်ခဲ့လေသည်။ အဲဒါ မေမေနှင့် နောက်ဆုံး မျက်နှာချင်းဆိုင်ခြင်းပဲ။

အဲဒီနောက်တော့ မိဟေးသည် မေမေ့ကို ရှောင်နေခဲ့သည်။ မေမေ အပြင်ထွက်သောအချိန်မှာ မေမေရဲ့ အခန်းထဲ ဝင်ရောက်မွှေနှောက် ရှာဖွေခဲ့၏။ မိဟေး လိုချင်နေသော သဲလွန်စများကိုလည်း ရခဲ့ပါသည်။ မေမေ့ရဲ့ ဒိုင်ယာရီဟောင်းစာအုပ်တစ်အုပ်။ ပြီးတော့ ဦးနေလင်းရုံရဲ့ ဓာတ်ပုံနဲ့ သူ့ရဲ့ ရန်ကုန်ရှိ လိပ်စာကတ်ကလေးတစ်ခုဖြစ်သည်။



မိဟေး အိမ်ကနေ ထွက်မလာခင်မှာ မိဟေး၏ ဓာတ်ပုံတွေ တစ်ပုံမှ အိမ်မှာ မကျန်ရစ်ခဲ့ရလေအောင် အားလုံး သိမ်းဆည်းခဲ့လေသည်။ အဓိကကတော့ မိဟေး ဘယ်သူဘယ်ဝါ ဆိုတာ ဦးနေလင်းရုံကို မမှတ်မိစေလိုသောကြောင့် ဖြစ်သည်။

"ဟဲ့ ... မိဟေး ... ဟော့ ... မိဟေး၊ ဘယ်လိုများ၊ ဖြစ်နေတုန်း။ ငုတ်တုတ်ကြီး အသက်များ ပျောက်သွားပြီလား။ ဘာတွေ တွေးနေတာလဲ၊ ဒီမှာ ကြက်ကြော် စားမလားလို့ မေးနေတာ၊ ကြာလှပြီ"

သူငယ်ချင်းတွေ၏ အသံတွေကို ပြန်ကြားရမှပင် မိဟေး၏ စိတ်တွေ ကားပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

"ကျုပ် အကြံတစ်ခုရှိတယ် မိဟေး။ ရှင့်အမေနဲ့ ဦးနေလင်းရုံ တို့အတွက် တတိယလူတစ်ယောက်စီ ထည့်ပေးရလိမ့်မယ်။ သူတို့နှစ်ယောက်ကြားမှာ နောက်ထပ် လူတစ်ယောက်စီ ဝင်လာခဲ့ရင် အနှောင့်အယှက်တွေ ဝင်လာလိမ့်မယ် ... အဲဒီတတိယလူတွေဟာ ကျုပ်တို့ဘက်က လူတွေပဲ"

ဆုဝဒီ၏ အစီအစဉ်ကို မိဟေး စိတ်ဝင်စားပါသည်။ မိဟေးတို့ ငါးယောက်မှ ဆုဝဒီက ဉာဏ်အများဆုံးနှင့် ပရိယာယ် အကြွယ်ဆုံးဖြစ်သည်။ ပြီးတော့ သူက စာအုပ်တွေ အဖတ်များ သူမို့ ဗဟုသုတကလည်း စုံလင်လေသည်။

မိဟေးသည် မျက်လုံးလေး တလက်လက်ဖြင့် ဆုဝဒီကို စိတ်ပါလက်ပါကြည့်ကာ ...

"အဲတော့ ညည်းဆိုလိုတာက မေမေနဲ့ ဦးနေလင်းရုံကြား မှာ တတိယလူ ထည့်ပေးပြီး အနှောင့်အယှက်ပေးရမယ် ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မိဟေး။ ဦးနေလင်းရဲ့ဆီကို ကျုပ်တို့ ငါးယောက်ထဲက တစ်ယောက်က ချဉ်းကပ်ရလိမ့်မယ်။ ရှင် မေမေ့ဆီကိုတော့ ဦးနေလင်းရဲ့ စိုးရိမ်ရလောက်တဲ့ ခပ်ချောချောဖြောင့်ဖြောင့် လူငယ်လေးတစ်ယောက် လွှတ်ပေးရမှာပေါ့"

"ဆုရယ် ... ညည်းပြောတာကို ကျုပ် စိတ်ဝင်စားတယ် သိလား။ ကျုပ် ရေးရေးလေး သဘောပေါက်တယ်။ ညည်း ပြောချင်တာက ဦးနေလင်းရဲ့ကို ကျုပ်က ချဉ်းကပ်မယ်။ မေမေ့ဆီကိုတော့ စိတ်ချရတဲ့ ရုပ်ခပ်ဖြောင့်ဖြောင့် သားသားနားနား ယောကျ်ားတစ်ယောက် လွှတ်ပေးရမယ်။ ပြီးတော့ မေမေနဲ့ ဦးနေလင်းရဲ့ ကြားမှာ အထင်လွဲစရာတွေ၊ မပြေမလည်ဖြစ်ရာတွေ သံသယတွေ ဝင်လာအောင် လှုပ်ရှားကြရမယ်၊ ဟုတ်တယ်မှုလား"

"ဟုတ်တယ် မိဟေး၊ ရန်ကုန်မှာ ကျုပ်အစ်မတွေ ရှိပါတယ်။ အဲဒါကြောင့်ပြောတာ၊ ညည်း ဘာမှ မပူနဲ့လို့။ ကျုပ်တို့ ခေါင်းငါးခေါင်း စုပေါင်းပြီး ဝိုင်းဦးနှောက်စားလိုက်ရင် ညည်းအမေနဲ့ ဦးနေလင်းရဲ့တို့ လွယ်လွယ်လေးပဲ ဓာတ်သိမ်းသွားကြမှာပါ"

မိဟေးသည် ဆုဝဒီ၏ အစီအစဉ်ကို သုံးသပ်ကြည့်လေသည်။ တကယ်တော့ သိပ်မလွယ်လှပါ။ သို့သော် ကြိုးစားကြည့်ရမှာပေါ့။

"ဦးနေလင်းရဲ့ဆီကို ကျုပ်ကိုယ်တိုင်ပဲ ဝင်မယ် ဆု။ ဦးနေလင်းရဲ့က ကျုပ်ကို တစ်ခါမှ မမြင်ဖူးဘူးတဲ့။



ကျုပ်ရဲ့ ဓာတ်ပုံတွေလည်း သူ ကြည့်လို့မရအောင် အကုန်လုံး သိမ်းပြီး သော့ခတ်သိမ်းပစ်ခဲ့တယ်။ သူ့ဆီ အနီးကပ်ဝင်ပြီး သူ ဘယ်လိုလူစားမျိုးလည်း ဆိုတာကိုလည်း လေ့လာချင်သေးတယ်။ ပြီးတော့ မေမေ့အနားကနေ အဝေးဆုံးကို လွင့်ထွက်သွားအောင် လုပ်ပစ်ချင်သေးတယ်"

မိဟေးက ထက်ထက်သန်သန်လေး ပြောလေသည်။

"ဖြစ်ရမှာပေါ့ မိဟေးရယ်။ စိတ်အေးအေးသာ ထားစမ်းပါ။ ပျော်ပျော်သာနေ။ ညည်း မေမေနဲ့ ဦးနေလင်းရဲ့ ယူကို မယူဖြစ်စေရဘူး စိတ်ချ။ ကျုပ်တို့ ငါးယောက်ပေါင်းလိုက်ရင် သူတို့ ဘာခံနိုင်ဦးမှာလဲ"

မိဟေးသည် အခုမှပင် စိတ်လက်ပေါ့ပါးစွာ ရယ်မောမိလေသည်။ ကျောပိုးအိတ်ကလေးထဲမှာ ထည့်ယူလာခဲ့သော ဦးနေလင်းရဲ့၏ ဓာတ်ပုံကို ထုတ်၍ကြည့်မိသည်။ အသက်လေးဆယ်လို့ မထင်ရလောက်အောင် နုပျိုခန့်ညားသော ယောကျ်ားတစ်ယောက်၏ နက်မှောင်တောက်ပသော မျက်လုံးဝိုင်းဝိုင်းများကို မြင်ရသောအခါ မိဟေးသည် မျက်လုံးများကို ယောင်ယမ်း၍ မှိတ်ပစ်လိုက်မိလေသည်။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်သောခါ မိယေားတို့ ငါးယောက်သည် ဆုဝဒီ၏ အစ်မအိမ်သို့ တန်းတန်းမတ်မတ် သွားကြလေသည်။ ဆု၏ အစ်မအိမ်က ရန်ကင်းမှာဖြစ်သည်။ ဆုက ကြိုတင်၍ ဖုန်းဆက်ထားသောကြောင့် အစ်မက မိယေားတို့ကို အဆင်သင့်စောင့်ကြိုနေလေသည်။

ဆု၏ အစ်မက ဆုလိုပင် ဖြူဖြူသွယ်သွယ် မျက်လုံးဝိုင်းဝိုင်းလေးနှင့် ချစ်စရာလေးဖြစ်သည်။

"လာကြ ... လာကြ၊ မိဆုတို့ ... ညည်းတို့လာမယ်ဆိုလို့ မမ စောင့်နေတာ၊ နို့မို့ဆို မမ အပြင်ထွက်တော့မလို့။ ဒီနေ့ အရောင်းအဝယ်လေးတစ်ခုရှိလို့"

ဆုဝဒီက သူ့အစ်မကို သူငယ်ချင်းများနှင့် မိတ်ဆက်ပေးလေသည်။

"ဟဲ ... မိဆုတို့ ငါးယောက်စလုံး မမ အိမ်မှာပဲ တည်းလိုက်ကြပါလား။ မမ အမျိုးသားလည်း သင်္ဘောတက်သွားတာ တစ်လလောက်ရှိပြီ။ အိမ်မှာ ဘယ်သူမှ မရှိဘူး။ မမနဲ့ ကောင်မလေးပဲ ရှိတယ်။ မိဆုတို့ ငါးယောက်စလုံးအတွက် အခန်းတစ်ခန်း အပိုရှိတာပဲ။ အေးအေးဆေးဆေး



လွတ်လွတ်လပ်လပ် ကြိုက်သလောက်နေကြပေါ့။ မမလည်း အဖော်ရတာပေါ့"

မိဆု၏ အစ်မက သွက်သွက်လက်လက် ခေတ်ဆန်ဆန်လေးပဲဖြစ်သည်။

ယောက်ျားရှိသော မိန်းမဟု မထင်ရလောက်အောင်ပင် နုပျိုကြော့မော့နေသည်။

"ဆုအစ်မက သင်္ဘောသားကတော်ဆိုတော့ သိတဲ့အတိုင်းပဲ၊ သူ့ယောက်ျား မရှိရင် သူက အပျိုပြန်လုပ်နေတာလေ။ ကလေးလည်းမရှိဘူးဆိုတော့ သူ တစ်ယောက်တည်းအရမ်းလွတ်လပ်တာပဲ ...

အခု မမဝနီက ပွဲစားလုပ်နေတာလား"

"ဒီလိုပါပဲ မိဆုရယ်။ ဟိုစပ်စပ် ဒီစပ်စပ်ပေါ့။ နို့မို့ဆို အိမ်မှာ တစ်ယောက်တည်း အထီးကျန်တာပဲ"

"ကဲ ... ဘယ်လိုသဘောရလဲ၊ ကျုပ်တို့အားလုံး မမဝနီအိမ်မှာပဲ နေလိုက်ကြရအောင်"

ဆုဝဒီ မျက်လုံးကလေးပင့်ကာ မိယေားတို့ကို သဘောတူညီချက် တောင်းခံလေသည်။

မိယေားတို့ အားလုံးကလည်း တက်ညီလက်ညီပဲ သဘောတူလိုက်ကြ၏။ သီးသန့်အိမ်ငှားမလိုတော့ဘဲ ဒီအိမ်ကလေးမှာပဲ စုကာ မိယေားတို့ အစအစဉ်ကို ဆက်လက်ဆောင်ရွက်ရုံသာ ရှိတော့သည်။

ကံကောင်းလျှင် မမဝနီထံမှ အကူအညီတွေ အများကြီး ရနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ ... မိဆုတို့ ခရီးပန်းလာကြရောပေါ့။ ရေမိုးချိုး အဝတ်အစားလဲပြီး အေးအေးဆေးဆေး နားလိုက်ကြဦး။ မမ အပြင်ထွက်ဦးမယ်"

မမဝနီ အပြင်ဘက်ထွက်သွားသောအခါ မိပေါးတို့ ငါးယောက်သည် ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ကျီစယ်၍ ကျန်ရစ်ခဲ့ကြလေသည်။

မမဝနီက နှံ့နှံ့စပ်စပ်ရှိတယ်ဟ။ သူ့ကို အကူအညီ တောင်းရင် သူ့မိတ်ဆွေ သူငယ်ချင်းတွေထဲက ယုံကြည်စိတ်ချ ရတဲ့ ယောက်ျားတစ်ယောက်ယောက်ကို အကူအညီတောင်းလို့ ရချင်ရလိမ့်မယ်ဟု ဆုဝတီက ပြော၏။

"ကဲ ... ပထမဆုံး အစီအစဉ်အရ ကျုပ်တို့ ဘာလုပ်ကြမလဲ"

"ပထမဆုံး အစီအစဉ်အရ ရေမိုးချိုးပြီး အပြင်ထွက်ကြမယ်။ ဦးနေလင်းရုံကို ကျုပ် တိတ်တိတ်ကလေး နိုးပြီးတော့ သွားတွေ့ချင်တယ်"

မိပေါးက ပြောလိုက်သည်။

"အိုကေ"

သူငယ်ချင်းငါးယောက်က ရေချိုးခန်းတစ်ခန်းထဲ မှာပင် တစ်စုတစ်ဝေးတည်းရေဝိုင်းချိုးကြကာ ခပ်သွက်သွက်အလု ပြင်ကြသည်။ ရန်ကင်းတိုက်ခန်းကလေးစီမှ ထွက်ခဲ့ကြလေသည်။

မိပေါးတို့ ငါးယောက်စလုံး ရန်ကုန်နှင့် မစိမ်းကြပါ။ ရန်ကုန်နှင့် မန္တလေးကို မကြာခဏ ကူးချည်သန်းချည် ရောက် ဖူးနေသောကြောင့်ဖြစ်သည်။ တက္ကစီတစ်စီးငှားကာ လိပ်စာကတ် မှာ လိပ်စာအတိုင်း အင်းယားမြိုင်ဘက်သို့ ထွက်ခဲ့ကြ၏။



"မိပေါး ... ဦးနေလင်းရုံနဲ့ တွေ့လို့ရှိရင် ညည်း ဘာလုပ် မလို့လဲ"

"ဒီနေ့တော့ ဘာမှ မလုပ်သေးဘူး မြတ်နိုးရေ။ ဘာလုပ်ရ မလဲဆိုတာ ဒီနေ့ညကျမှ ကျုပ်တို့အားလုံး အစီအစဉ် ဆွဲကြတာပေါ့"

"အေး ... ကောင်းတယ်"

တက္ကစီက လိပ်စာထဲကအတိုင်း ခြံအမှတ် (--) အင်းယားမြိုင်ရှေ့တွင် ရပ်ပေးလေသည်။

"သမီးတို့ပြောတဲ့ လိပ်စာကတော့ ဒီခြံပဲ။ ကဲ ... ဆင်းကြ မလား"

ကားဒရိုင်ဘာဦးလေးကြီးက မေးသောအခါ ငါး ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေ သည်။

"ဦးနေလင်းရုံက သူ့ခြံထဲမှာ သူနေမှာပေါ့။ အဲဒါကို ညည်းတို့က ဘယ်လိုလုပ်ပြီး ကြည့်မှာလဲ"

"အပြင်ကို ရောက်အောင် ခေါ်ထုတ်မှာပေါ့ဟ"

"အဲဒီအတွက် ကျုပ်တို့ ငါးယောက်ထဲက တစ်ယောက် ဘယ်သူ (Volunteer) လုပ်မလဲ"

"မိပေါးရယ် ... ညည်းပဲ တွေ့ချင်တာ၊ ညည်းပဲ ဗော်လန်ဒီယာလုပ်ပေါ့"

"ဟေ့အေး ... ကျုပ်ကို သူ တွေ့လို့ မဖြစ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ရက်တွေမှာ ကျုပ်က သူ့ဆီ ကို ချဉ်းကပ်ရဦးမှာ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ညည်းတို့လေးယောက်ထဲက တစ်ယောက် ခြံတံခါးဘဲလ်ကို နှိပ်ပြီး ဦးနေလင်းရုံ ရှိမရှိ သွားမေးပေး"

"ရှိတယ်ဆိုရင်ကော"

"ရှိတယ်ဆိုရင် သူ အပြင်ထွက်လာအောင် လုပ်ပေးပေါ့"

"ကဲ ကဲ ... ကျုပ်ပဲ သွားပေးမယ်"

မေးမေက စိတ်မြန်လက်မြန်ပီပီ တက္ကစီကားပေါ်မှာ ဆင်းသွားလေသည်။

ခြံတံခါးဘဲလ်ကို နှိပ်လိုက်သောအခါ ခြံစောင့်ကောင်ကလေး ပြေးထွက်လာ၏။

"ဟော့ ... ချာတိတ်။ ဒီခြံက ဦးနေလင်းရုံရဲ့ ခြံလား"

"ဟုတ်တယ် ခင်ဗျ"

"ဦးနေလင်းရုံ ရှိလား"

"ဟုတ်ကဲ့၊ ရှိပါတယ် ခင်ဗျ"

ချာတိတ်ကလေး အပြေးထွက်သွားလေသည်။

မိဟေးတို့လေးယောက်က တက္ကစီကားပေါ်မှာနေ၍ မေးမေ ဉာဏ်များနေတာကို ကြည့်ကာ တခွိခွိ ရယ်လျက်ရှိကြလေသည်။

ချာတိတ်ကလေး ဝင်သွားချိန်တွင် မေးမေက တက္ကစီကားသမားကြီးဘက် လှည့်ကာ ...

"ဦးလေးကြီး၊ ကားကို အဆင်သင့် စက်နှိုးပေးထားနော်။ ကျွန်မ ကားပေါ်တက်ပြီးတာနဲ့ ကားကို တစ်ရှိန်ထိုးသာ မောင်းထွက်ပေတော့ သိလား"

"ဟဲ့ ... မေးမေ၊ ရှင့်လက်ထဲမှာ ဘာလက်ဆောင်မှလည်း မရှိဘူး၊ ဘယ်လိုလုပ်မှာလဲ"



မိဟေးက ကားပြတင်းပေါက်မှာ နေ၍ လှမ်းအော်မေးလိုက်သည်။

"ညည်းက သူ့ကို ကြည့်ရုံလေး ကြည့်ချင်တာမှတ်လား၊ သူထွက်လာပြီဆိုတာနဲ့ ကျုပ်က ကားပေါ် ပြေးတက်မယ်၊ ညည်း သူ့ကို ကားပေါ်ကနေပဲ လှမ်းကြည့်ပေါ့"

"အေးအေး ... ကောင်းပြီ"

မကြာပါ ခြံထဲမှ ဦးနေလင်းရုံ ထွက်လာသည်ကို မိဟေး တွေ့ရလေသည်။ တီရှပ်အဖြူနှင့် ပြာလွင်သော ဂျင်းဘောင်းဘီကို ဝတ်ထားသောကြောင့် လူငယ်လေးတစ်ဦးလို ပေါ့ပါးဖျတ်လတ်ကာ နုပျိုနေသော ထိုယောကျ်ားဆီသို့ မိဟေးသည် မနာလိုခြင်းကြီးစွာဖြင့် မမှိတ်မသုန် စိုက်ကြည့်ကာ ထိုမျက်နှာကို အလွတ်ရအောင် မှတ်နေလေသည်။

ထိုခဏတွင် မေးမေသည် ဟေးဟေးမှူသော ကြောက်လန့်တကြား ရယ်မောသံကြီးနှင့်အတူ ကားပေါ်သို့ ဝရုန်းသုန်းကား ပြေးတက်လာလေသည်။ တက္ကစီသမားကြီးကလည်း အူတိအူကြောင်ဖြင့် မေးမေ မှာထားသည့်အတိုင်း မေးမေ ကားပေါ်ရောက်တာနှင့် ကားကို တရကြမ်း မောင်းထွက်ပြေးလေသည်။

ကားပေါ်မှာ မိဟေးတို့ မိန်းကလေး ငါးယောက်၏ ရယ်မောသံတွေမှာ အုံးအုံးကြွက်ကြွက် ဆူညံလျက် ရှိလေသည်။

မိဟေးသည် လည်ကလေးကို နောက်ပြန်လိမ်လျက် ဦးနေလင်းရုံဆီသို့ လှည့်ကြည့်လျက် ပါလာသည်။

"ရုပ်ကတော့ အပြန်စားပဲဆရာ၊ မင်းသားတော့ ရှုံးတယ်။ ဒါကြောင့် မိဟေး မေမေ လက်ထပ်ချင်တာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမေက ရယ်မောသံဖြင့် ပြောလေသည်။

မိဟေးသည် သက်ပြင်းကို ကျယ်လောင်စွာ ချလိုက်ပြီးလျှင် အသက်လေးဆယ် ပြည့်ခါနီးတောင် ဒီလောက်ချောနေတာ ငယ်ငယ်ကဆို သူ သိပ်ချောခဲ့မှာပဲ။ ဒါကြောင့် မေမေ့ရဲ့ အချစ်ကို ဦးဦးဖျားဖျား ရခဲ့တာဖြစ်မှာ။ မေမေက သူ့ကို သိပ်ချစ်မှာပဲ။

မိဟေးသည် ဘာကိုမှန်းမသိ အကြီးအကျယ် မနာလိုဝန်တိုလျက် ရှိလေသည်။

မေမေနှင့် သူ ဘယ်လောက်ထိတောင် ရင်းနှီးငြိတွယ်ခဲ့ကြသလဲ။ ဖေဖေနှင့် လက်မထပ်ခင် မေမေ့ရဲ့ နှလုံးသားကို ဦးဦးဖျားဖျား ဆွတ်ယူသိမ်းပိုက်နိုင်ခဲ့သော ထိုယောက်ျားကို ဟိုး လွန်ခဲ့သော အနှစ်နှစ်ဆယ် နောက်ပြန်ဆုတ်လျက် မြင်ယောင်ကြည့်မိသည်။ အဲဒီအချိန်တုန်းက သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြမှာပေါ့။

သူတို့ ဘာကြောင့် ဝေးခဲ့ကြတာပါလိမ့်။

မိဟေးသည် မေမေနှင့် ဦးနေလင်းရဲ့တို့၏ ဇာတ်လမ်းကို စိတ်ဝင်စားသလိုလို ရှိလာသည်မို့ ခေါင်းကလေးကို ခါယမ်းကာ ပုတ်ထုတ်ပစ်လိုက်လေသည်။

ဟင့်အင်း ... အဲဒါကို စိတ်ဝင်စားဖို့ မလို။ မိဟေး စိတ်ဝင်စားရမှာက မိဟေး သိပ်ချစ်သော မေမေနှင့် သူ၏ အချစ်ဦး ယောက်ျားဟုဆိုသော ဦးနေလင်းရဲ့တို့ ဝေးသွားကြစေဖို့ပဲဖြစ်သည်။

♣ ♦ ♣



မိဟေးတို့ သူငယ်ချင်းငါးယောက်စလုံး တစ်ညလုံး အိပ်ကြဘဲ တစ်ယောက်တစ်ပေါက် ဝေဖန်ညှိနှိုင်းအကြံထုတ်ကြခြင်း၏ ရလာဒ်ကတော့ အရုဏ်တက်ကာနီး အချိန်လောက်တွင် မိဟေးတို့ ဘာလုပ်ရမည်ဆိုတာကို စနစ်တကျ အစီအစဉ် ဆွဲပြီးသွားနိုင်ခြင်း ဖြစ်လေသည်။

မိဟေးတို့ ကံကောင်းသွားသည်က မိဟေးတို့ အုပ်စုထဲတွင် မမဝနီ ပါလာခြင်းပဲဖြစ်သည်။ မိဟေးနှင့် မေမေရဲ့ ပြဿနာကို အစအဆုံး သိသွားချိန်တွင် မမဝနီကလည်း မိဟေးဘက်က ပါဝင်ကူညီပေးဖို့ ကတိပေး၏။

"အေးလေ ... ငယ်ချစ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ပေါ့ ဟယ်။ မိဟေးက အပျိုရွယ်လေး ရောက်နေပြီ။ ပထွေးနဲ့အတူနေလို့ ဘယ်သင့်တော်ပါ့မလဲ။ မရ,ရအောင် ခွဲရမှာပေါ့။ အဲဒီအတွက် မပူနဲ့ မိဟေး။ မမဝနီရဲ့ အသိတွေထဲမှာ ရုပ်အရုံးဖြောင့်တဲ့ မော်ဒယ်ဘွိုင်းတွေ ရှိတယ်၊ တချို့ဆိုတော့ နည်းနည်းတော့ ရုပ်တာပေါ့ဟယ်။ သိတယ်မှတ်လား။ ရုပ်ခပ်ဖြောင့်ဖြောင့်ကလေးဆိုတော့ အသက်ကြီးကြီး အမျိုးသမီးကြီးတွေနဲ့ ဘာလိုလို ညာလိုလို ဇာတ်လမ်းရှုပ်ပြီး သူတို့ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားလို့ရ

www.burmeseclassic.com

www.burmeseclassic.com

အောင် ကြံတာဖန်တာမျိုးလည်း ရှိတာပေါ့။ ခပ်ရိုင်းရိုင်း ပြောရရင်တော့ ချူစားတာပေါ့ဟာ ...

မိဟော ခိုင်းချင်တဲ့ အလုပ်မျိုးကို လုပ်ရဲဖို့ဆိုတာလည်း အဲဒီလို စရိုက်မျိုးရှိတဲ့ ယောကျ်ားမျိုးမှ ဖြစ်မှာ ...

ဒါပေမဲ့ မမဝှနီရဲ့ အသိဆိုတော့ သိပ်တော့ မစိုးရိမ်ရဘူးပေါ့။ သူ့ကို ဇာတ်လမ်းအစအဆုံး ပြောပြပြီး အကူအညီတောင်းရမှာပေါ့။ အဲဒီအတွက် မပူနဲ့ မိဟော မမ အားလုံး တာဝန်ယူတယ်၊ မမမှာ မိတ်ဆွေကောင်းလေး တစ်ယောက်တော့ ရှိတယ်၊ သူက နည်းနည်းတော့ နာမည်ကြီးတယ်၊ ခုနပြောတဲ့ အမျိုးသမီးကြီးတွေနဲ့ နည်းနည်းရှုပ်တတ်တဲ့ သဘောမျိုးပေါ့လေ။ ဒါပေမဲ့ စိတ် ကောင်းတော့ရှိတယ်။ မမ သူ့ကို အကူအညီတောင်းရင် သူ ကူညီပေးမှာပါ"

ဦးနေလင်းရုံဆီသို့ ချဉ်းကပ်ဖို့ တာဝန်ကိုတော့ မိဟောကပဲ တာဝန်ယူလေသည်။

ဒုတိယအစီအစဉ်အဖြစ် မိဟောသည် ဦးနေလင်းရုံ ရှိရာဆီသို့ ပဟေဠိတစ်ခုဖြင့် သူ မရိပ်မိအောင် ညင်သာပါးနပ်စွာ ချဉ်းကပ်ရမည် ဖြစ်လေသည်။

မိဟောထက် အသက်နှစ်ဆယ်ခန့် ပို၍ ကြီးရင့်သော ယောကျ်ားတစ်ယောက်ထံသို့ ဘယ်လို ပရိယာယ်မာယာမျိုးဖြင့် ချဉ်းကပ်ရမည်ဆိုတာ မိဟော ကောင်းစွာ နားမလည်သေးပါ။ သို့သော် မိဟော၏ ရင်ထဲတွင် ထူးဆန်းပြင်းပြသော ရင်ခုန်စိတ် လှုပ်ရှားမှုတစ်မျိုး ရှိနေခဲ့သည်။



အဲဒါက မေမေ၏ အချစ်ဦးသော ယောကျ်ားတစ် ယောက်ကို မေမေနှင့် လက်မထပ်ဖြစ်အောင် ခွဲခွာတားဆီးဖို့ တစ်ခုသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

လူသတ်သမားတစ်ယောက်ဟာ သူသတ်ရမည့် သားကောင်အ ယောက်၏ နေ့စဉ်လှုပ်ရှားမှုတွေကို ပထမဆုံး ကြိုတင်လေ့လာ အကဲခတ် ထားရသလို မိပေါးကလည်း သူ ချဉ်းကပ်မည့် တစ်ယောက်၏ တစ်နေ့တာလှုပ်ရှားမှုများ၊ သူ ဘယ်အချိန် ဘယ်နေရာမျိုးမှာ ရှိတတ်သည်၊ ဘယ်လိုနေရာမျိုးတွေစီ သွားတ သည်ဆိုတာကို ပထမဆုံး၊ တိတ်တဆိတ် လေ့လာဆုံးစမ်းရ သည်။

မိပေါးနှင့်အတူ သူငယ်ချင်းလေးယောက်က အ အတူပါလေသောကြောင့် လူတစ်ယောက်နောက်ကို ခြေရာခံလို ကာ စုံစမ်းရသော ကိစ္စသည် မိပေါးတို့အတွက် ကစားနည်းတစ် လို စိတ်လှုပ်ရှားစရာ ပျော်စရာကောင်းနေခဲ့သည်။

ဦးနေလင်းရဲ၏ ကုမ္ပဏီသည် နိုင်ငံခြားမှ မီးစက်ကြီ များကို တင်သွင်းကာ မြန်မာနိုင်ငံရှိ ကုမ္ပဏီရုံးခန်းများ၊ ဟိုတယ် များ၊ လူချမ်းသာတို့၏ နေအိမ်များတွင် လိုက်လံတပ်ဆင်ပေးသော ကုမ္ပဏီတစ်ခု ဖြစ်လေသည်။



မနက်ဆိုလျှင် ၈–နာရီခွဲလောက်ဆို ဦးနေလင်းရဲ ည် သူ့အိမ်မှ စတင်၍ ထွက်ခွာသည်။ သူ စီးသောကားကလေး အနီရဲရဲ Supra ပြိုင်ကားကလေးဖြစ်သည်။

သူ့ကား သူကိုယ်တိုင်မောင်းတတ်သည်။ သူ့ပုံစံ ထား၊ ကိုယ်ဟန်အမူအရာမှာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချ အပြည့်အဝရှိသော လူတစ်ယောက်ပုံစံ ပေါက်နေသည်။ တော့ ဝတ်စားဆင်ယင်ပုံမှာ ရှင်းသန့်သပ်ရပ်လှသည်။

များသောအားဖြင့် နာမည်ကြီး Brand ရှပ်အင်္ကျီ က်ရှည်အရောင်ဖျော့ဖျော့ နုနုများကို သေသပ်ပုံကျသော ဘောင်းဘီရှည်များဖြင့် တွဲဖက်ဝတ်ဆင်တတ်သည်။

ဆံပင်ပုံစံမှာ ဆီရောင်ဖြင့် ပြောင်လက်သော ဘေးခွဲ သပ်သပ်ရပ်ရပ်ပင်ဖြစ်သည်။ ဘယ်နေရာမှာမှ အပြစ်ရှာလို့ အောင် အဘက်ဘက်က ပြည့်စုံနေသော ထိုယောကျ်ားကို အနေနှင့် ယှဉ်တွဲ၍ မြင်ယောင်မိတိုင်း မိပေါး ရင်ထဲတွင် လို ဝန်တိုခြင်းကြီးစွာ ပေါ်လာလေသည်။

သူက ဘာဖြစ်လို့ ဖေဖေ့ထက် အရာရာမှာ ပိုသာနေ ာလဲ။ ဖေဖေဟာ သူ့လောက်လည်း ရုပ်မချောပါ။ သားသား နား သပ်သပ်ရပ်ရပ်လည်း မရှိပါ။ အရုပ်ခပ်ပျပ်ပျပ် အသား သိုနှင့် ရုပ်ရည်ကြမ်းတမ်းသည့်ဘက်သို့ပင် နွယ်သော ဖေဖေနှင့် ည့်လိုက်လျှင် ဦးနေလင်းရဲက အဘက်ဘက်က သာလွန်နေသည်။

မေမေကတော့ ရွှေမင်းသမီးလေးတစ်ပါးလို ဘ်မိမယ်လေးတစ်ပါးလို သွယ်ပျောင်းနူးညံ့စွာ လှပသူလေးဖြစ် သရာ ဖေဖေနဲ့စာလျှင် ဦးနေလင်းရဲနှင့် ပို၍ လိုက်ဖက်တင့်တယ် သည်။

www.burmeseclassic.com

www.burmeseclassic.com



မိပေါးက အဲဒီလို ဖြစ်နေတာကိုပင် လက်မခံနိုင်တာဖြစ်သည်။ ဖေဖေ ဆုံးခဲ့တာ ကြာခဲ့ပြီဆိုပေမဲ့ ခုချိန်ထိ မိပေါး ရင်ထဲတွင် ဖေဖေက အနိုင်အမာ လွှမ်းမိုးနေရာယူထားဆဲ။ ဖေဖေ့ အသက်ရှင်သန်နေစဉ် ဖြစ်သည်မို့ ဖေဖေ့ နေရာတွင် ဖေဖေ့ထက် အစစအရာရာ သာလွန်တင့်တယ် ပြည့်စုံနေသော သူစိမ်းယောကျ်ားတစ်ယောက် ဝင်ရောက်နေရာယူမှာကို ဘယ်လိုမှ လက်မခံနိုင်အောင် ခါးသီးလျက်ရှိသော မိပေါးသည် စိတ်ပုပ်သည် ပဲဆိုပါစို့။

✤ ◆ ✤



ဦးနေလင်းရဲ့၏ အကြောင်းကို အတော်ကလေး လေ့လာစုံစမ်းပြီးသောအခါ မိပေါးတို့၏ စစ်ဆင်ရေးကြီး စတင်လေသည်။

ဖျို့မြစ်နုငယ်သော မိန်းကလေးငါးယောက်၏ ခေါင်းငါးခေါင်းသုံးထားသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် အနည်းငယ်ဆော့ သမားရိုးကျဆန်ကာ ရိုးလည်းရိုးပါသည်။

သို့သော် အဓိကရည်ရွယ်ချက်က မိပေါးသည် ဦးနေလင်းရဲ့ ရှိရာဆီသို့ လိုက်ပါသွားနိုင်ဖို့ အခွင့်အရေးပင်ဖြစ်သည်။ ထိုနေ့က ဦးနေလင်းရဲ့၏ ရုံးခန်းမှ ဦးနေလင်းရဲ့ ပြန်ထွက်လာမည့် အချိန်ကို မိပေါးတို့ငါးယောက်သား ကားတစ်စင်းကို အကာအကွယ်ယူကာ စောင့်ကြည့်လျက်ရှိကြသည်။

အချိန်တိကျ မှန်ကန်ပုံရသော ဦးနေလင်းရဲ့သည် ညနေ လေးနာရီခွဲအတိတွင် ရုံးခန်းထဲမှ ထွက်လာလေသည်။

အဲဒီနောက် သူ့ကားရှိရာစီသို့ တက်သွား၏။ မိပေါး၏ ရင်ထဲတွင် တထိတ်ထိတ် ခုန်လာလေသည်။

အနောက်မှ ဆုတို့လေးယောက်ကလည်း မိပေါးကို တွန်းထုတ်ဖို့ လက်တပြင်ပြင်နှင့် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိဟော ... သတိထားနော်၊ လာတော့မယ်၊ လာတော့မယ်၊ ကားထွက်လာတော့မယ်၊ ကားနဲ့ မတိုက်မိအောင်လည်း လှဲချဦး၊ တော်ကြာ တကယ်တိုက်မိနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"အေးပါ၊ ငါသိပါတယ်၊ ဒီမှာ ရင်တွေခုန်ရတဲ့အထဲ နင်တို့က တမျှောင့်"

"ဟော ... ကားထွက်လာပြီ၊ ကားထွက်လာပြီ"

စကားမှ မဆုံးသေးခင် အနောက်မှ လေ့ယောက်သားက မိဟောကို အရှိန်ဖြင့် ဝိုင်းတွန်းပစ်လိုက်ကြလေသည်။

မိဟောသည် ခြေလှမ်းသုံးလေးလှမ်းမျှသာ လျှောက်လှမ်းနိုင်ပြီး ဦးနေလင်းရုံ၏ ကားနှင့် တစ်ပေသာသာလောက်သာ လိုတော့သောအကွာတွင် ဘုန်းခနဲ ပစ်လဲကျသွားလေသည်။ ကံကောင်းထောက်မ၍ ကားမတိုက်မိခြင်းဖြစ်သည်။ ဦးနေလင်းရုံ၏ ကားက တုံ့ခနဲ ရပ်သွားလေသည်။

မိဟောသည် လမ်းမပေါ်တွင် ပုံရက်သားလေး လှဲချပစ်လျက်ရှိရာက မျက်လုံးများကို စုံမှိတ်ထားလိုက်လေသည်။ ရင်ထဲမှ နှလုံးခုန်သံက တဒိန်းဒိန်း အမြန်မြည်ဟည်း ခုန်ပေါက်လျက်ရှိသည်။

ဘာတွေ ဆက်ဖြစ်မှာလဲ၊ ဘာတွေ ဆက်ဖြစ်မှာလဲ။

ထိုခဏတွင် နူးညံ့ညင်သာသော အသံတစ်ခုကို မိဟော စတင်၍ ကြားရပေသည်။

"ဘယ်လိုဖြစ်တာလဲ ကလေးရယ်၊ အတင်းကြီး ထွက်ပြေးလာတာကိုး"



မိဟောက မျက်လုံးဖွင့်မကြည့်ပါ။ သို့သော် နူးညံ့နွေးထွေးသော လက်ဖဝါးတစ်ဖက်၏ အထိအတွေ့ကို စတင်၍ ခံစားရလေသည်။

"ဟော့ ... ဟော့ ... ကလေးမ၊ ဘာဖြစ်သွားသေးလဲ၊ မျက်လုံးကို ဖွင့်လိုက်ပါဦး၊ မင်း သတိတော့ မလစ်မှုး မဟုတ်လား"

မိဟောသည် သူ့စကားကြောင့် သတိလစ်ချင်ယောင် ဆောင်ဖို့ သတိရသွားလေသည်။ ဟိုလေးယောက်သားကတော့ တစ်နေရာကနေ အသီးသီး ချောင်းမြောင်း စောင့်ကြည့်တိုင်ပင်ပြီး ဖြစ်သောကြောင့် သူတို့၏ အခန်းကို သူတို့ ဆက်ကရုံပင်။ မိဟောကလည်း မိဟော၏ အခန်းစဉ်အတိုင်း ဦးနေလင်းရုံ၏ အိမ်သို့ လိုက်ပါသွားဖို့ ဖြစ်လေသည်။

"ဟာ ... ဒုက္ခပဲ၊ ဒီကလေးမလေး မျက်လုံးလည်း မဖွင့်ဘူး၊ ဟော့ ... ဟော့ ... မင်း ဘယ်နားထိသွားလဲ။ ဘာဖြစ်သွားသေးလဲ"

ဦးနေလင်းရုံ၏ စိုးရိမ်ထိတ်လန့်လာဟန်ရှိသော အသံကို ကြားနေရလေသည်။ ပြီးတော့ လူတချို့ ဝိုင်းလာသလို ကြွက်စိ ကြွက်စိ အသံကလေးများကို ကြားရလေသည်။

"ဟာ ... ကားတိုက်မိသွားပြီ။ ဘာဖြစ်သွားတာလဲ၊ ကောင်မလေး သေသွားပြီလား"

"မဟုတ်ဘူးကွ၊ ဒီကောင်မလေးနဲ့ ကျုပ်ကားနဲ့ မတိုက်မိပါဘူး၊ သူက ဟိုဘက်အကွယ်ကနေ ရုတ်တရက် ထွက်ပြေးလာတာ။ ကားကို မြင်တော့ လန့်ပြီး လဲကျသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ကျုပ် အားလုံး တာဝန်ယူ လိုက်ပါမယ်"

ဦးနေလင်းရုံ၏ အရှိန်အဝါတစ်မျိုးပါသော အသံ ကြောင့် ကျန်လူများက စောဒက မတက်ကြပေ။

ဒီပုံအတိုင်းဆို မိပေားတို့ ဇာတ်တိုက် အကွက်ချ ထားသည့်အတိုင်း လွယ်လွယ်ကူကူ အောင်မြင်သွားတော့မည် ထင်ပါရဲ့။

"ကျွန်တော်တို့ လိုက်ခဲ့ဖို့ လိုသေးလား အစ်ကို"

"ဟာ ... မလိုဘူး၊ မလိုဘူး၊ အစ်ကို သူ့ကို ဆေးခန်း ပို့ပေးလိုက်မယ်၊ ပြီးတော့ သူ နေတဲ့ နေရာဆီထိ ရောက် အောင် သေသေချာချာ ပို့ပေးလိုက်ပါ့မယ်"

"ဒါနဲ့ သူ့ကို ကားပေါ်ရောက်အောင် ပို့ပေးဖို့တော့ ငါ့ညီတို့ ဝိုင်းကူစမ်းပါဦးကွာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အဲဒီနောက် မိပေားကို လူနှစ်ယောက် သုံးယောက် လောက် ဝိုင်းကူမပြီး ကားပေါ်တင်ပေးကြတာကို သတိထားမိ လေသည်။

ကားပေါ်ရောက်တဲ့အချိန်ထိ မိပေား မျက်လုံးများကို မဖွင့်ချေ။

သူ့ကား ဆေးခန်းဆီသို့ မရောက်ခင်အချိန် မိပေားက သတိရချင်ယောင်ဆောင်ရသည်။ စုတ်တသပ်သပ် ညည်းညူရင်း မျက်နှာကို ရှုံ့မဲ့ကာ မိပေားက အနောက်ဘက် ဆိုဖာခုံတန်းရှည် မှ ဝုန်းခနဲ ထထိုင်လိုက်လေသည်။



သူက ကားမောင်းနေရင်း နောက်ကြည့်မှန်မှတစ်ဆင့် ကို လှမ်းကြည့်ကာ ...

"ဟော ... ကလေးမလေး သတိရလာပြီလား၊ တော်ပါသေး ရဲ့ကွာ၊ ကိုယ် စိတ်ပူနေတာ၊ မင်း ဘာဖြစ်သွားသေးလဲ၊ ဘယ်နေရာထိသွားလဲ၊ ကိုယ် အခု ဆေးခန်းကို မောင်းနေ တာ"

မိပေားသည် စကားတစ်ခွန်းမှ မဆိုဘဲ ဦးနေလင်းရုံ မျက်နှာကို မျက်လုံးအဝိုင်းသားဖြင့် ပြူးကြောင်ကြောင် စိုက် ကြည့်လျက်ရှိရာ မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းလာ သည်။

အံမယ် တယ်ဟုတ်တဲ့ ငါပါလား။

"ဟာ ... ဟော့ မငိုနဲ့လေ၊ မင်း ဘာမှ မဖြစ်ပါဘူး ကလေးမရဲ့၊ ကိုယ့်ကားနဲ့လည်း မင်း မတိုက်မိဘူး၊ မင်း ဘာသာမင်း လန့်ပြီး ချော်လဲသွားတာ၊ ဘယ်နေရာကို ထိသွားသေးလဲ၊ ဆေးခန်းရောက်တော့ အားလုံး ပြောပြ ပေါ့၊ ဟုတ်လား"

မိပေားက ခေါင်းကို အားပါးတရ ခါယမ်းပစ်လိုက် ...

"ဟင့်အင်း ... ကျွန်မ မသွားချင်ဘူး၊ ယေယေကတည်း က ကျွန်မအကြောက်ဆုံးနေရာဟာ ဆေးခန်းပဲ"

"ကဲ ... ကဲ ... အဲဒါဆို မင်း ဘာမှ မဖြစ်တာ သေချာ တယ်ပေါ့၊ ဒါဆိုရင် မင်းကို ကိုယ် ဘယ်နေရာကို လိုက် ပို့ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် ရုတ်တရက် ရင်ထဲမှာ လိပ်တက်လာသော ရယ်ချင်စိတ်ကို မျိုသိပ်ကာ သူငယ်ချင်းတွေနှင့် တိုင်ပင်ထားခဲ့သည့်အတိုင်း ဇာတ်လမ်းကို ဆက်ရလေသည်။

"ဟင့်အင်း ... ကျွန်မမှာ သွားစရာနေရာလည်း မရှိဘူး ကျွန်မက နယ်ကပါ၊ အလုပ်တစ်ခုခု လိုချင်လို့ ရန်ကုန်ကို အရဲစွန့်ပြီး တက်လာတာ၊ ဒီမှာ အသိအကျွမ်းလည်း တစ်ယောက်မှ မရှိဘူးရှင့်"

ညက ထိုအခန်းကို ဇာတ်တိုက်ကြတော့ မိဟေးတို့ အူလိမ့်နေအောင် ရယ်မောခဲ့ကြရတာကို ပြန်လည်သတိရလာသည်။ သို့သော် ရယ်၍မဖြစ်။

"ဟာ ... အဲလိုဇာတ်လမ်းမျိုး ကိုယ် ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးခဲ့တာကွ၊ အခု အပြင်မှာ တကယ်ရှိသလား၊ ဟုတ်လား။ မင်း ဘယ်မြို့ကနေ လာတာလဲ"

"ကျွန်မ တောင်ကြီးကနေ လာတာပါ၊ တောင်ကြီးမှာလည်း ဆွေမျိုးသားချင်းတွေ မရှိတော့ဘူး၊ မိဘတွေလည်း မရှိတော့ဘူး၊ အဲဒီတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်မ ရန်ကုန်ကို ထွက်လာခဲ့တာ"

"ဟာ ... ဒုက္ခပါပဲ၊ အဲဒီတော့ ကိုယ်က မင်းအတွက် ဘာလုပ်ပေးရမှာလဲ"

"ဖြစ်နိုင်ရင် ကျွန်မကို ကူညီပါ ဦးရယ်၊ ဦးရဲ့ ကျေးဇူးကို တစ်သက်မမေ့ပါဘူး ...

"ကျွန်မအတွက် နေစရာ လုံခြုံတဲ့ နေရာလေး တစ်ခုရယ်၊ စားစရာ နည်းနည်းပါးပါးရယ်၊ ပြီးတော့ အလုပ်တစ်ခုခုရယ်၊ ရမယ်ဆိုရင် တော်ပါပြီ"



ဦးနေလင်းရုံသည် ကားကို လမ်းဘေးတစ်နေရာသို့ ဆိုက်ရပ်လိုက်ပါသည်။ မိဟေးကို အလန့်တကြား လှည့်ကြည့်လေသည်။

"အဲဒါမှ ဒုက္ခပဲ၊ ကိုယ့်အိမ်မှာ ကိုယ်နဲ့ ကိုယ့်တပည့်ကောင်လေးတစ်ယောက်ပဲနေတာ၊ မိန်းကလေးတစ်ယောက်ကို လက်ခံထားလို့ မဖြစ်ဘူးကွ"

"ဦး ... အဲဒီလို သစ်စိမ်းချိုးမချိုးပါနဲ့ ဦးရယ်။ ကျွန်မ မိကောင်းဖခင် မိန်းမကောင်းတစ်ယောက်ပါ၊ ကျွန်မမှာ တကယ်ကို ကူကယ်ရာမဲ့ ဖြစ်နေလို့၊ ကျွန်မကို ကူညီပါနော်၊ ကျွန်မ ဘာအလုပ်ပဲလုပ်ရလုပ်ရ လုပ်နိုင်ပါတယ် ...

အို ... ယုတ်စွအဆုံး အိမ်ဖော်မလေး လုပ်ခိုင်းဦးရှင်၊ ကျွန်မ လုပ်နိုင်ပါတယ်၊ ကျွန်မ ... ကျွန်မအတွက် စိတ်ချလုံခြုံရတဲ့ နေရာတစ်ခုရှိရင် တော်ပါပြီ"

ဦးနေလင်းရုံက မိဟေးကို စူးစူးစိုက်စိုက် ငေးကြည့်လျက်ရှိကာ အကြာကြီး တွေဝေငြိမ်သက်စွာ စဉ်းစားနေလေသည်။

"စဉ်းစားမနေပါနဲ့ ဦးရယ်၊ သမီးချင်း ကိုယ်ချင်းစာပေးပါ၊ ကျွန်မမှာ တကယ်ကို အကူအညီ လိုနေလို့ပါ"

"အေးကွာ ... သားသမီးချင်း ကိုယ် ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကိုယ့်မှာ သားသမီးတော့ မရှိဘူးကွ"

"ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်သလဲ၊ မင်း ကြည့်ရတာတော့ ရိုးရိုးသားသား ဖြူဖြူစင်စင်လေးပါ၊ ရုပ်ရည်ကလေးလည်း သနားကမားနဲ့ သန့်သန့်ပြန့်ပြန့်ကလေးပဲ ...

၊မင်း အကြံအဖန်တွေ ဘာတွေတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အကြံအဖန် မဟုတ်ပါဘူးရှင်၊ အမှန်အကန်ပါ"

"ကောင်းပြီလေ၊ ကိုယ့်ရဲ့ အကျင့်ကလည်း ကိုယ့်ရှေ့မှ လူတစ်ယောက်ယောက် ဒုက္ခရောက်နေရင် မကူညီဘဲကို မနေနိုင်ဘူး၊ မင်း တကယ် ဒုက္ခရောက်နေတာဆိုရင်တော့ ကိုယ် ကူညီရမှာပေါ့ ...

အဲတော့ ... မင်း ကိုယ့်အိမ်ကို လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးရယ်"

မိဟေး သူ့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရတော့မည်။ ပြီးလျှင် ဘာတွေ ဆက်လုပ်ရမည်နည်း။ သူငယ်ချင်းနှင့်တော့ အားလုံး တိုင်ပင်ပြီးဖြစ်သည်။

သို့သော် မိဟေးသည် တစ်ခါမျှ အခုလို လိမ်လည်လှည့်စားမှုမျိုး မလုပ်ခဲ့ဘူးသောကြောင့် နောက်ကျောမလုံ ဖြစ်လျက်ရှိလေသည်။

သူသည် လမ်းမှာ အမှတ်မထင် တွေ့ခဲ့သော မိန်းကလေးတစ်ယောက်ကို ဤမျှ လွယ်လွယ်ကူကူနှင့် ကူညီကယ်တင်ခဲ့သည်မှာ သွေးရိုးသားရိုး ဟုတ်ပါရဲ့လား။

မိဟေးသည် သည်အခြေအနေ အခွင့်အရေးထိရောက်အောင် အတော်ပင် တောင်းပန်တိုးလျှိုး ပြောယူရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။

အခုတော့ အားလုံး လွယ်လင့်တကူပင်ဖြစ်ကာ သူ့အိမ်သို့ ရောက်လာခဲ့လေသည်။

"ကဲ ... ဒါ ကိုယ့်အိမ်ပဲ၊ ကိုယ့်အိမ်မှာ အလုပ်သမားတွေ ဘာတွေတော့ မထားဘူးကွ၊ ကိုယ့်ရဲ့ ဝေယျာဝစ္စအားလုံး ကိုယ့်တပည့်လေးကပဲ လုပ်ပေးတယ်"



"အိမ်သန့်ရှင်းရေးတို့ အဝတ်လျှော် မီးပူတိုက်တို့လည်း သူပဲ၊ အခု ညည်း ရောက်လာတော့ သူနဲ့အတူ ညည်းက တာဝန်ခွဲယူပြီး ကူညီလုပ်ပေးလိုက်ပေါ့ကွာ"

"မင်း နာမည်ကရော"

"ကျွန်မ နာမည် မြတ်သောခင်ပါ"

မိဟေးက သူငယ်ချင်းတွေနှင့် တိုင်ပင်ထားခဲ့လေသော နာမည်ကို အလွယ်တကူပင် ရွတ်ပြလိုက်လေသည်။

"အေး အေး ... မင်းအတွက် အခန်းတစ်ခန်း လုပ်ပေးထားမယ်"

ဦးနေလင်းရဲ့ မိဟေးအတွက် အခန်းတစ်ခန်း ပေးလေသည်။ မိဟေးသည် ကိုယ့်အဖြစ်ကို အံ့သြပြီးတော့ ရယ်ချင်လေသည်။

တစ်ဖန် ကိုယ့်မေမေနှင့် လက်ထပ်မည့် ယောကျ်ားတစ်ယောက်၏ နေအိမ်ထဲသို့ မိဟေး ကျူးကျော်ဝင်ရောက်လျက်ရှိသည်။

မေမေနှင့်သူ လက်မထပ်ဖြစ်စေရန် အမျိုးမျိုးချောက်ချဖျက်ဆီးဖို့ ဟူသော ရည်ရွယ်ချက်ဖြင့် မိဟေး ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်ဆိုတာကို သူကတော့ သိလိမ့်မည်မဟုတ်။

အခုချိန်မှာ အပေါ်ယံသွင်ပြင်အားဖြင့် ရုပ်ရည်ရှင်းသန့်သားနားသည့် လူချောတစ်ယောက်၊ သဘောကောင်းကူညီတတ်သော ယောကျ်ားတစ်ယောက် ဆိုသော အချက်အလက်လောက်ပြီး ဘာမှ ထူးထူးခြားခြား မသိရသေးချေ။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



ဦးနေလင်းရှိ၏ ကူဖော်လောင်ဖက် ကောင်ကလေး မောင်တိုးကတော့ မိပဟေး ရောက်လာသည့်အတွက် အလွန် ပျော်ရွှင်နေပုံရသည်။

သူ့အတွက် ကူဖော်လောင်ဖက် တိုးသည်ကိုး။ ညစာကို မိပဟေးနှင့် မောင်တိုး နှစ်ယောက်သား ပြင်ဆင်ရသည်။

မောင်တိုးက သူ့ဆရာ၏ အသန့်အပြန့်ကြိုက်ပုံ၊ စည်းစနစ်တကျရှိမှ ကြိုက်တတ်ပုံ၊ ဘယ်အရာမဆို သေသေသပ်သပ် သေသေချာချာလုပ်မှ ကြိုက်တတ်တာတွေ တခမ်းတနား တစ်ဖွဲ့တစ်ဖွဲ့ ပြောပြသည်ကို နားထောင်ရင်း မိပဟေးမှာ သူ့အတွက် ထမင်းပွဲစတင်၍ ပြင်ဆင်ပေးရလေသည်။

ဩော် ... ငါ့အဖြစ်တွေ ကိုယ့်ရဲ့ ပထွေးလောင်းကို သဘောမတူနိုင်ဘူးဆိုတဲ့ ကြားကနေပြီးတော့ သူ့အတွက် ဝေယျာဝစ္စတွေ လာလုပ်ပေးနေရတဲ့ အဖြစ်ပါလား။

အခုအချိန်ဆိုရင်တော့ သူငယ်ချင်းတွေသည် မိပဟေး၏ အခြေအနေကို သိချင်နေကြပေလိမ့်မည်။

အခြေအနေ ထူးလျှင် ထူးသလို သူတို့ကို ဖုန်းဆက်၍ ဆက်သွယ်မည်ဟု မိပဟေးက ပြောထားခဲ့သည်။



ထမင်းပွဲ ပြင်ပြီးချိန်တွင် ဦးနေလင်းရှိက ထမင်းစားခန်းတွင် ထိုင်ကာ နံဘေးတွင် ရပ်လျက်ရှိသော မိပဟေးကို ...

"လာ ... မြတ်သောခင်၊ မင်းလည်း အတူတူ ဝင်စားလိုက်လေ၊ မောင်တိုးကတော့ ကိုယ်နဲ့ အတူတူ ဘယ်တော့မှ မစားဘူး ...

မင်းက ကိုယ့်ရဲ့ အလုပ်သမားတစ်ယောက်လည်း မဟုတ်ဘူး၊ ကိုယ့်ရဲ့ ဧည့်သည်တစ်ယောက်ပဲ ဆိုပါတော့"

"လာ ... တစ်ခါတည်း ဝင်စားလိုက်"

ဟု သူက ခေါ်ချိန်တွင် မိပဟေးသည် မောင်တိုးက အမျိုးမျိုး မျက်နှာရိပ် မျက်နှာကဲတွေ ပြနေသည့်ကြားမှ မသိချင်ယောင်ဆောင်ပြီး ခပ်တည်တည် ဝင်ထိုင်၍ သူနှင့်အတူတူ စားလေသည်။

သူ ဇွန်းခက်ရင်းကို ကိုင်တွယ်ပုံ၊ အစားအသောက်ကို ညင်သာဖြည်းလေးစွာ စားပုံ၊ စားသောက်နေတုန်းမှာ စကားတစ်ခွန်းမှ မပြောဘဲ ထမင်းစားသည့်ထဲမှာသာ အာရုံစူးစိုက်ထားပုံ၊ အဲဒါတွေကို မိပဟေးက အသေးစိတ် လေ့လာချက်ရှိသည်။

သူသည် မိပဟေးကို အလုပ်သမား အခိုင်းအစေ တစ်ယောက်လိုလည်း သဘောမထား။ ငယ်ရွယ် နုနယ်ပျိုမြစ်သော မိန်းမချောလေးတစ်ယောက် အဖြစ်လည်း ထူးထူးခြားခြား အရေးပေးတာမျိုး မရှိ။

ထမင်းစားပြီးချိန်မှာ သူ အပေါ်ထပ်သို့ ပြန်တက်သွားသည်။

မောင်တိုးက မိပဟေးကို အပြစ်တင်၍ မဆုံးချေ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကလည်းဗျာ၊ အလိုက်ကန်းဆိုး မသိလိုက်တာ ဆရာက ဝင်စားပါဆိုလို့ ခေါ်တာနဲ့ သူနဲ့အတူတူ ဝင်စားစရာလားဗျ၊ ဆရာက ဘယ်တော့မှ အဆင့်အတန်း ခွဲခြားတတ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ်က အလိုက်သိ ရမှာပေါ့"

"ဟော့ ... စကားမရှည်နဲ့ မောင်တိုး၊ လူလူချင်းပဲ၊ သူခေါ်လို့ ငါစားတာ၊ နင်က ကြားကနေ ဘာဖြစ်နေတာလဲ ရော့ ... အဲဒီပန်းကန်တွေ ဆေးလိုက်၊ ငါ ပင်ပန်းလို့ အိပ်တော့မယ်"

မိပေါးသည် မောင်တိုးကို အနိုင်ကျင့်ကာ သူ့အခန်း ထဲသို့ ပြန်လာခဲ့သည်။ ထို့နောက် သူငယ်ချင်းတွေကို ဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြဖို့ သတိရလာသဖြင့် ညှိခန်းဘက်သို့ သူခိုးတစ်ယောက်လို တိတ်တဆိတ် ခြေဖျားထောက်၍ သွားကာ ဖုန်းနားဆီသို့ ကပ်လာခဲ့လေသည်။

အသက်ရှူအောင့်ထားပြီး ဖုန်းခွက်ကို အသံမကြား အောင် တိုးတိုးကလေး အသာအယာ မ,လိုက်ချိန်တွင် ဖုန်းခွက် ထဲမှ ဖုန်းပြောနေသော အသံများကို အတိုင်းသား ကြားရလေသည်။

ဖုန်းတစ်ဖက်မှ မိန်းမသံသည် မေမေ၏ အသံပါ လား။

မိပေါးက အသက်ပင် မရှူမိဘဲ မေမေ၏ အသံကို တိတ်တဆိတ် နားထောင်နေမိသည်။

"သမီး အခု အိမ်မှာ မရှိဘူး မောင်၊ ကျွန်မကို စိတ်ဆိုးပြီး သူ အိမ်ကနေ ထွက်သွားတယ်၊ သူ့သူငယ်ချင်းတွေနဲ့



ထွက်သွားရတာဆိုတော့ နည်းနည်းတော့ စိတ်အေးရပေမဲ့ ရင်ထဲမှာတော့ မကောင်းဘူးပေါ့ မောင်ရယ် ...

သမီးက ကျွန်မကို သိပ်ချစ်တာ၊ ကျွန်မတို့ မောင်နဲ့ လက်ထပ်မှာကို သဘောမတူဘူးတဲ့"

"အဲဒါကို မောင်နားလည်ပါတယ် အချစ်ရယ်၊ မောင်တို့ အချိန်ယူပြီး စောင့်ကြတာပေါ့။ သမီးကိုလည်း မောင် ကြိုးစားပြီး ရှာပေးပါမယ်၊ အချစ် ဘာမှ စိတ်မပူနဲ့၊ သမီးရဲ့ ဓာတ်ပုံလေးဘာလေး အချစ်ဆီမှာ ရှိလား"

"အဲဒါ ခက်တာပဲမောင်၊ သမီးက သူ့ဓာတ်ပုံတွေ အကုန်လုံး တစ်ပုံမှ မကျန်အောင် သိမ်းသွားတယ်၊ ဘယ်မှာ သိမ်းသွားတယ်မှန်းလဲ မသိဘူး"

"ဒါနဲ့ သူ ပြန်တော့လာမှာပါ၊ သူ့သူငယ်ချင်းတွေလည်း ပါသွားကြတယ်ဆိုတော့ စိတ်ပြေလက်ပျောက် တစ်နေရာရာ ကို သွားတာထင်ပါရဲ့"

"သမီး သဘောတူလာတဲ့အထိ မောင် ကြိုးစားမှာပါ၊ မောင် ဒီသောကြာ အချစ်ဆီကို လာခဲ့မယ်လေ၊ သမီးနဲ့ တော့ တွေ့ခွင့်မရသေးဘူးဆိုပေမဲ့ အချစ်နဲ့မောင် ဒီအကြောင်းကို အေးအေးဆေးဆေး ဆွေးနွေးကြတာ ပေါ့"

"ကောင်းပြီ မောင်၊ ဒီသောကြာ တွေ့ကြတာပေါ့"

မေမေ့ဘက်မှ စတင်၍ ဖုန်းချသွားလေသည်။

မိပေါးက ဖုန်းကို အသာအယာ ပြန်ချထားလိုက် သည်။ မေမေ့ကို လွမ်းလိုက်တာ။ မေမေ့ကို စိတ်ဆိုးပြီး ဆန္ဒပြ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တဲ့ သမီးကို မေမေ လွမ်းလည်းလွမ်း ခွင့်လည်းခွင့် လွှတ်နေမှာပါ။

ခဏကြာမှ မိဟေးက သူငယ်ချင်းတွေဆီသို့ ဖုန်းခေါ်လိုက်သည်။ သိပ်အကြာကြီးတော့ မပြောရဲ။ အဆင်ပြေကြောင်းသာပြောပြီး ဖုန်းကို ချလိုက်ရသည်။ မနက်ဖြန်ဆိုသောကြာနေ့ ရောက်ပြီမို့ သောကြာနေ့ ညနေဆိုလျှင် ဦးနေလင်းရဲ့သည် မေမေ ရှိရာ မန္တလေးသို့ သွားလိမ့်မည်။

ထိုအခါကျမှ မိဟေးက စနေ တနင်္ဂနွေအတွင်း သူငယ်ချင်းများနှင့် ဆုံကာ စီစဉ်စရာရှိတာတွေကို ဆက်လက်ဆက်ပြီး စီစဉ်ရမည်ဖြစ်သည်။

♣ ♦ ♣



သောကြာနေ့ ညနေတွင် သူ ရုံးကပြန်လာသောအခါ ယေးကို ခေါ်တွေ့ပြီး ...

"ကိုယ် စနေ တနင်္ဂနွေ မန္တလေးသို့ သွားနေကြလေ၊ အိမ်မှာ မင်းနဲ့ မောင်တိုး နှစ်ယောက်ပဲ ကျန်ခဲ့လိမ့်မယ်၊ အဆင်ပြေအောင် ကြည့်ပြီးတော့ နေကြပေါ့"

"မန္တလေးကို ဘာသွားလုပ်မလို့လဲဟင်"

မိဟေးက မေးလိုက်သောအခါ သူ့မျက်နှာတွင် ည့်သော လမင်းတစ်စင်း ထွန်းလင်းတောက်ပလာသလို ဝင်းဝါ ျားကာ ...

"မန္တလေးမှာ ကိုယ် သိပ်ချစ်ရတဲ့ ချစ်သူရှိတယ်၊ သူ့ဆီကို သောကြာနေ့ညတိုင်း ကိုယ် သွားနေကျ၊ တနင်္ဂနွေနေ့ ညနေကျမှ ကိုယ် ဒီကို ပြန်လာမယ်"

သူ ပြောလိုက်သော စကားလေးကြောင့် မိဟေး၏ င်ထဲတွင် လှိုင်းထန်တုန်ခါသွားလေသည်။

သူက မေမေ့ကို သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်တဲ့ ား ...

"ဒီအရွယ်ကြီးကျမှ ဦးဆီမှာ ချစ်သူရှိတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မိဟေးက မသိချင်ယောင်ဆောင်၍ ဆက်၍ စပ်စုလေသည်။

သူက စိတ်ရှည်လက်ရှည်နှင့် ပြုံးကာ ...

"ဒီအရွယ်ကျမှ ချစ်တာ မဟုတ်ဘူးကွ၊ ကိုယ်တို့နှစ်ယောက်က ဟိုး ငယ်ငယ်ကလေးဘဝတည်းက သံယောဇဉ်အထပ်ထပ် ခိုင်မာလာခဲ့ပြီးသား ...

ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တို့နှစ်ယောက် ဝေးသွားကြတယ်၊ အခု အသက်အရွယ်ရောက်မှ ပြန်ဆုံကြတာလေ"

"ရည်းစားနဲ့ သွားချိန်းတွေ့ရတာ ဟိုး မန္တလေးထိတောင်ဆိုတော့ ပင်ပန်းလိုက်တာနော်"

"အဲဒါကို ပင်ပန်းတယ်လို့ ကိုယ် မယူဆဘူး ကလေးမရဲ့၊ ရန်ကုန်ကနေ မန္တလေးဆီ သွားရတဲ့ခရီးဟာ ကိုယ့်ဘဝမှာ အချိုမြိန်ဆုံးနဲ့ အဓိပ္ပာယ်အရှိဆုံး ခရီးပဲ၊ ချစ်သူနဲ့တွေ့ဖို့ သွားရတဲ့ခရီးဟာ မိုင်တွေ ဘယ်လောက်ပဲဝေးဝေး ရင်ထဲမှာ နီးနီးလေးလိုပဲ ခံစားရတယ် ...

မင်း နားလည်မှာ မဟုတ်ပါဘူးကွာ၊ မင်းက ကလေးပဲ ရှိသေးတာ၊ ကဲ ... ကိုယ် သွားမယ်၊ မင်း ကောင်းကောင်းမွန်မွန် နေခဲ့နော်၊ ကိုယ့် စိတ်ချပါရစေ၊ မောင်တိုးနဲ့လည်း တည့်အောင်နေဦး"

ဦးနေလင်းရုံဆီမှာ ထူးခြားတာက အဲဒါပဲ၊ မိဟေးကို သာမက မောင်တိုးအပါအဝင် ဘယ်သူ့ကိုမဆို သူ နေရာပေးကာ လူရာသွင်းပြီး စိတ်ရှည်လက်ရှည် စကားပြောတတ်လေသည်။



လူတွေပင်ပက အိမ်မှာ မွေးထားသော ကြောင်ကလေးတွေ၊ ခွေးကအစ အားလုံးကို သူက စိတ်ရှည်လက်ရှည် ရင်းရင်းတနီး စကားတွေ ပြောတတ်တာကို မိဟေး သတိပြုမိလေသည်။

သို့သော် မိဟေးသည် သူ့ကို အကောင်းဆုံး မမြင်ချင်ပါ။ သူသည် အဘက်ဘက်မှ ဖေဖေ့ထက်သာသောသူ မဖြစ်စေရ၊ ပြီးတော့ မေမေ၏ အထင်ကြီးမှုနှင့် စိတ်နှလုံးကို သိမ်းကျုံးပစ်ယူနိုင်ဖွယ်သော အရည်အချင်းတွေ မပြည့်ဝစေရ။

အဲဒီနေ့က ဦးနေလင်းရုံ၏ကား ခြံထဲမှ ထွက်ခွာသွားသည်နှင့် မိဟေးသည် မောင်တိုးကလေးကို မလိမ်တပတ်လုပ်ကာ သူငယ်ချင်းတွေဆီသို့ အပြေးအလွှား ပြန်လာခဲ့ရလေသည်။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလုံး သိချင်စိတ်ဖြင့် စိတ်ဝင်တစား စောင့်နေကြလေသည်။ မိဟေးက သူငယ်ချင်းတွေရဲ့ မျက်နှာတွေကို တစ်ယောက်ချင်း လိုက်၍ ကြည့်ကာ ...

"အစစ်အရာရာ အားလုံး အဆင်ပြေပါတယ်၊ သူက ကျုပ် ထင်ထားတာထက် အများကြီး ပိုပြီး နူးညံ့သိမ်မွေ့တဲ့ လူတစ်ယောက်ဖြစ်နေတာ တစ်ခုပဲ ...

ဒီအသက် ဒီအရွယ်ရောက်တဲ့အထိ မေမေ သူ့ကို လက်ထပ်ချင်စိတ် မကုန်နိုင်သေးတာကိုလည်း အပြစ်ပြောလို့ မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ယောကျ်ားတစ်ယောက်ရဲ့ ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ညို့ဓာတ်တစ်မျိုး ကိန်းဝပ်နေသလိုပဲ"

မိဟေးစကားကို ကြားလိုက်ရပြီးနောက် သူငယ်ချင်းတွေအားလုံး မိဟေးကို အမိပ္ပာယ်တစ်မျိုး သက်ဝင်သော အကြည့်များဖြင့် အလန့်တကြား ဝိုင်းကြည့်လိုက်ကြလေသည်။

မိဟေးက ထိုအကြည့်များကို ကောင်းစွာ သဘောပေါက်သောကြောင့် ဟက်ဟက်ပက်ပက် အော်ရယ်ပစ်လိုက်ကာ ...



"ကောင်မစုတ်တွေ ကျုပ်ကို အဲဒီလို အကြည့်မျိုးနဲ့ မကြည့်ကြနဲ့ဟေ၊ ကျုပ် ပြောတာက ညည်းတို့ တွေးယူလိုက်တဲ့ အတွေးမျိုးစုံနဲ့ မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်အနေနဲ့ မေမေ ရွေးတာ မမှားဘူးလို့ ငါ ပြောချင်တာ ...

ဒါပေမဲ့ ကျုပ်ကတော့ မေမေ့ကို သူ့ထက် ဆယ်ဆ ပြည့်စုံတဲ့ လူမျိုးတွေ့ဦးတော့ လုံးဝ ထည့်မပေးလိုက်နိုင်ဘူး ...

အဲဒီတော့ ကျုပ်တို့ရဲ့ အစီအစဉ်အတိုင်း မေမေနဲ့ သူ လက်ထပ်ဖို့ အစီအစဉ် ပျက်အောင် ဆက်လုပ်ရမှာပဲ"

"တတိယ အစီအစဉ်အနေနဲ့ မမဝနီ ပြောတဲ့ မော်ဒယ်ဘွိုင်း ဆိုတဲ့လူနဲ့ သွားတွေ့ချင်တယ်"

"အေး ... မမဝနီ ချိန်ပေးမယ်၊ ဒါပေမဲ့ အဲဒီအလုပ်ကို မလုပ်ခင် မမဝနီက မိဟေးတို့ထက် အသက်လည်း ပိုကြီးတော့ လူကြီးတစ်ယောက်အနေနဲ့ သတိတော့ ပေးချင်တယ် ...

ကိုယ့်လုပ်တဲ့ အလုပ်ဟာ အဓိပ္ပာယ်ရှိရဲ့လား၊ တစ်ဖက်သားတွေ အပေါ်မှာ ဘယ်လောက်ထိ ထိခိုက်နစ်နာသွားစေမလဲဆိုတာကိုတော့ ပြန်စဉ်းစားဦးနော်၊ ပြီးတော့ လူတစ်ယောက်ရဲ့ ပြင်ပကိုယ်ခန္ဓာကိုယ် ဒဏ်ရာ အနာတရပေးတာထက် သူ့ရဲ့ စိတ်နှလုံး အသေးစိတ်ကို ဒဏ်ရာပေးတာက ပိုပြီး ရက်စက်ရာကျတယ်လို့ မမဝနီကတော့ ယူဆတယ်နော် ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကိုယ် ဒဏ်ရာပေးမဲ့သူက မိဟေးရဲ့ မေမေ ကိုယ်တိုင်ဖြစ်နေတယ် ဆိုတာကိုလည်း မမေ့နဲ့ဦး”

မမဝနီကတော့ ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ ပြောပြပါသည်။

သို့သော် မိဟေးကတော့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့ စိတ်ကူးမရှိချေ။

“မိဟေးကတော့ ဆုံးဖြတ်ပြီးပြီ၊ မေမေ့ကို ဘယ်ယောကျ်ားနဲ့မှ သဘောမတူနိုင်ဘူး၊ အဲဒီတော့ သူတို့ရဲ့ အစီအစဉ်တွေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပျက်အောင်ကို ဖျက်မှာပဲ ...

ကဲ ... မမဝနီ မိဟေးတို့ မမဝနီရဲ့ မော်ဒယ်ဘွိုင်းဆီ ဆက်သွယ်ကြည့်ရအောင်”

♣ ♦ ♣



မမဝနီ ဆုံပေးသော ထိုမော်ဒယ်ဘွိုင်းမှာ မျက်နှာကို မြင်လိုက်ရရုံနှင့် နောက်တစ်ကြိမ် ပြန်လှည့်ကြည့်ချင်စရာကောင်းလှအောင် ညှို့ငင်ဖွဲ့မက်ဖွယ်ကောင်းလှသည့် ညှို့မင်းသားတစ်ယောက် ဖြစ်နေခဲ့သည်။

သူ့အရပ်ကြီးမှာ အမြင့်ကြီးပဲဖြစ်သည်။ အနည်းဆုံးတော့ ခြောက်ပေ ရှိလိမ့်မည်။

မျက်ခုံး မျက်လုံးများက စူးရှထင်ရှားကာ နှုတ်ခမ်းများက သေသပ်လှပစွာ အနီရောင်သမ်းလျက်ရှိသည်။ မျက်နှာကျပုံ မေးရိုးများက ညီညာပြေပြစ်လျက် ယောကျ်ားတွေထဲမှာတော့ သူ့လောက် ကြည့်လို့ကောင်းသည့် ယောကျ်ားမျိုး မိဟေးတို့ မကြုံခဲ့ဘူးချေ။

ချိန်ဆိုထားသည့် ကော်ဖီဆိုင်ထဲသို့ သူ ဝင်လာပုံကို မိဟေးတို့ သူငယ်ချင်းငါးယောက်စလုံး ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားကလေးတွေဖြင့် ဝိုင်း၍ ငေးမောနေမိကြလေသည်။

ယောကျ်ားတစ်ယောက်ကို မိန်းကလေးတွေအားလုံးက ပြန်၍ တငေးတမော သမင်လည်ပြန် လှည့်ကြည့်ကြရသောအဖြစ်သည် တကယ်တော့ ရယ်စရာလည်း ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေးတို့သာမက ကော်ဖီဆိုင်ထဲ၌ ရှိနေသော တခြားသော မိန်းကလေးတွေ အားလုံးလိုလိုကလည်း သူ့ကို မသိမသာတစ်မျိုး သိသိသာသာတစ်မျိုး ကြည့်ယူကြရသည်အထိပင်။ သူကတော့ မြင့်မားဖြောင့်မတ်သော ကိုယ်နေဟန်ဖြင့် မိဟေးတို့ ရှိရာဆီသို့ မော့မော့ကြော့ကြော့ လျှောက်လှမ်းလာလေသည်။ အို ... ဒီလိုလူမျိုးနဲ့ မေမေ့ကို ဆုံပေးလို့ ဖြစ်ပါ့မလား။

မိဟေး ရင်ထဲတွင် ထိတ်ခနဲသော စိုးရိမ်စိတ်ကလေး သမ်းသွားလေသည်။

သူနှင့် ယှဉ်လိုက်လျှင် ဦးနေလင်းရဲ့က လူကြီးလူကောင်းပီသစွာ ဣန္ဒြေသိက္ခာအပြည့် ရှိလှသည်။ သူကတော့ ခေတ်လူငယ်တစ်ယောက်ပီပီ စတိုင် ရှပ်အင်္ကျီ ကိုယ့်နှင့်အတိအကျမ် အနက်ရောင်နှင့် ဂျင်းဘောင်းဘီ အနက်ရောင် ကျပ်ကျပ်ကို ဝတ်ထားခဲ့သည်။

ဒီလိုပုံစံမျိုးကို မေမေ ကြိုက်မှာမဟုတ်။ ဒါပေမဲ့ မိဟေး လိုချင်တာက မေမေနှင့် ဒီလူ့ကို ဦးနေလင်းရဲ့ အထင်လွဲသံသယ ရှိစေဖို့ပဲဖြစ်သည်။

မိဟေးတို့ ငေးကြည့်နေဆဲမှာပဲ အဲဒီလူက မိဟေးတို့ စားပွဲရှိရာဆီသို့ ရဲတင်းသွက်လက်လှစွာ ဖြုန်းခနဲ ဝင်ထိုင်လိုက်လေသည်။

မိန်းကလေးအားလုံးကို ဝေ့ခနဲ တစ်ချက်ကြည့်လျက် ကြာမှုပါပါဖြင့် သူက ပြုံးလေသည်။

"ဆောရီးပဲ မမဝနီ၊ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်"



"ရတယ် ပြာလွှင်၊ ကဲ ... မိတ်ဆက်ပေးဦးမယ်၊ ဒါက ဝနီရဲ့ ညီမလေး ဆုဝဒီတဲ့၊ သူ့ဘေးက သူငယ်ချင်းက မိဟေး၊ ကျန်တဲ့သုံးယောက်က မေးမေ၊ မြတ်နိုးသွယ်နဲ့ မေသော်က ...

ကဲ ... ညီမတွေအားလုံး ဒါ မမပြောတဲ့ ပြာလွှင်မိုး၊ ဇာတ်လမ်းအကျဉ်းကိုတော့ မမဝနီ ပြာလွှင့်ကို ပြောပြထားပြီးပြီ ...

မိဟေးက မိဟေးလိုချင်တဲ့ ပုံစံကို ပြာလွှင့်ကို ပြောပြပေါ့"

ပြာလွှင်မိုးက ဆံပင်များကို တစ်ချက်သပ်လိုက်ပြီး ဟက်ခနဲ ရယ်မောကာ ...

"ကျွန်တော့်တစ်သက်မှာ ကျွန်တော့်ကို လာအပ်သမျှ အလုပ်တွေထဲမှာ ဒီအလုပ်လောက် ထူးဆန်းတာ တစ်ခါမှ မရှိသေးဘူးဗျ ...

ဒါပေမဲ့ မမဝနီနဲ့ ကျွန်တော့်ကြားမှာ ဘော်ဒါကဏ္ဍတွေ ရှိတယ်လေ ...

ဒါကြောင့် ကျွန်တော် မိဟေးကို ကူညီပါ့မယ်၊ ကဲ... ကျွန်တော် ဘာကူညီပေးရမလဲ ပြော။ ကဲ ... ဒါပေမဲ့ စကားမစပ် မိဟေးနာမည်က ဘယ်လိုဖြစ်လို့ မိဟေး တစ်လုံးတည်း ဖြစ်နေတာလဲ"

သူက တရင်းတနှီးဟန်ဖြင့် မေးလေသည်။

မိဟေးက မျက်ခုံးကလေး တစ်ချက်ပင့်လိုက်သော်ဒါ သူ မေးစရာ လိုသလားဟု စိတ်ထဲမှ စနောင့်စနင်းတော့ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိဟေးနာမည်ကို အမေက ပေးခဲ့တာ၊ (Hill) (ဟေးလ်) တောင်ကုန်း တောင်းတန်းဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဪ ... ဪ ... သိမ်ရှားတဲ့ နာမည်လေးပဲ၊ မိဟေး ဆိုတဲ့ နာမည်မျိုး ကျွန်တော် တစ်ခါမှ မကြားဖူးဘူး — ဒါနဲ့ မိဟေး မေမေနာမည်က ဘယ်သူ"

"မေမေ့နာမည်က မေမြမဒီ"

သူက ပခုံးတစ်ချက် လှုပသေသပ်စွာ တွန့်လိုက်ကာ ...

"ဟာ ... နာမည်ကတော့ အပျံစားပဲ"

ဟု ခပ်သွက်သွက်လေးပြောလေသည်။

"ကဲ ... ကျွန်တော့်ကို ဘယ်အခန်းကဏ္ဍကနေ ပါဝင်ပေးစေချင်တာလဲ"

မိဟေးသည် သူ့မျက်နှာကို သိပ်အကြာကြီးပင် စိုက်မကြည့်နိုင်။ သူ၏ မျက်လုံးများ မိဟေး ရှိရာဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်လျှင်ပင် မိဟေးက အလိုအလျောက် မျက်နှာလွှဲမိပြီးသား ဖြစ်သွားသည်အထိ သူ၏ မျက်လုံးများက စွမ်းအင်အပြည့် ရှိလှသည်။

"အဓိက မိဟေး ဖြစ်ချင်တာက မိဟေး မေမေ နောက်အိမ်ထောင်ပြုမဲ့ကိစ္စကို တားမြစ်ချင်တာပဲ။ မိဟေး မေမေ နောက်အိမ်ထောင်ပြုမဲ့လူက ဦးနေလင်းရုံတဲ့၊ သူ့မှာ အားနာချက်တွေ အများကြီးပဲ ...

အနည်းအကျဉ်း ပြောပြရရင် သူက မေမေ့ရဲ့ ငယ်ချစ်ဦးလည်းဖြစ်တယ်၊ ဘာအကြောင်းကြောင့်မှန်း မသိဘဲ သူတို့ ဝေးသွားကြတယ်လို့ ကျွန်မ သိရတယ် ...



အခု သူတို့ ပြန်ဆုံကြတဲ့ အချိန်မှာ မေမေကလည်း ဖေဖေ မရှိတော့ လွတ်လပ်တဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ်၊ ဦးနေလင်းရုံကလည်း ခုချိန်ထိ အိမ်ထောင်မပြုရသေးတဲ့ လူပျိုကြီးတစ်ယောက် ဖြစ်နေတယ် ...

အဲတော့ သူတို့နှစ်ယောက်ရဲ့ ပြင်းပြတဲ့ တစ်ခုတည်းသော ဆန္ဒ လက်ထပ်ပေါင်းစည်းကြဖို့ပဲ"

"မိဟေးရဲ့ ဆန္ဒကို မေမေက တောင်းခံတယ် ဆိုပေမဲ့ မိဟေး သဘောမတူ,တူအောင် မေမေက အတင်းဆွဲဆောင်မယ်ဆိုတာ မိဟေး သိတယ်၊ ပြီးတော့ ဦးနေလင်းရုံကလည်း မိဟေးကို သူ့ဘက်ပါအောင် အမျိုးမျိုး ဆွဲဆောင်သိမ်းသွင်းယူလိမ့်မယ် ဆိုတာကိုလည်း မိဟေး သိတယ် ...

အဲဒီတော့ အဲဒါတွေ ဖြစ်မလာခင် မိဟေး ဖြစ်ချင်တာက မေမေနဲ့ ဦးနေလင်းရုံရဲ့ ကြားမှာ တတိယလူတစ်ယောက် ရှိလာဖို့ လိုတယ်၊ အဲဒါက ရှင်ပေါ့ ...

တတိယလူတစ်ယောက် ဝင်လာပြီး သူတို့နှစ်ယောက် ကွဲသွားအောင် ဝင်ခလောက်ဆန်ပေးဖို့ပဲ"

"မင်းရဲ့ အတွေးက သိပ်ကလေးမဆန်လွန်းဘူးလား မိဟေး၊ မိဟေးရယ်"

"ကလေးဆန်တာတွေ မဆန်တာတွေ ခုအချိန်မှာ ကျွန်မ မသိဘူး၊ ကျွန်မ သိတာက မေမေနဲ့ ဦးနေလင်းရုံ လက်မထပ်ဖြစ်ဖို့ပဲ ...

ဒီတော့ ရှင် ကူညီပေးနိုင်မလား ပြာလွှင်မိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိတယ်၊ ပြင်းပြင်းထန်ထန် သတိပေးထားမယ်နော်၊ မေမေ့ကို အနည်းအကျဉ်းလေးမျှ မထိခိုက်ပါစေနှင့်”

“ကိုယ့်ကို အလုပ်အပ်နေတာလား၊ အကူအညီ တောင်းနေတာလား မိဟေး”

“နှစ်ခုစလုံးပဲ၊ မိဟေးအနေနဲ့ ကိုယ့်အမေကို ဒီလိုပြန်ပြီး မလုပ်သင့်မှန်း သိပေမဲ့ မိဟေး ဖြစ်ချင်တာက သူတို့နှစ်ယောက် ကွဲသွားကြဖို့ပဲ ...

သူတို့နှစ်ယောက် ကွဲသွားဖို့ဆိုရင် မိဟေးကတော့ ဘာမဆို လုပ်မှာပဲ ...

ဘာဖြစ်လို့လဲဆိုတော့ မိဟေးနဲ့ မေမေနဲ့ ဘဝထဲကို နောက်ထပ် ဘယ်ယောက်ျားမျိုးကိုမှ အဝင်မခံချင်တော့လို့ပဲ။ ပြီးတော့ ဖေဖေ့ နေရာမှာလည်း ဘယ်ယောက်ျားကိုမှ အစားထိုးမခံနိုင်ဘူး”

“ကောင်းပြီ မိဟေး။ မိဟေးရဲ့ စိတ်ခံစားမှုကို ကိုယ်နားလည်တယ်၊ အဲဒီတော့ ကိုယ် ကူညီပေးမယ် ...

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘဝမှာ မိန်းမတော်တော်များများနဲ့ ပတ်သက်ခဲ့ဖူးတယ်၊ အထူးသဖြင့် ကိုယ့်ထက်အသက်ပိုကြီးတဲ့ မိန်းမမျိုးတွေနဲ့ ကိုယ် ပိုပြီးတော့ရှုပ်ထွေး ပတ်သက်ခဲ့ဖူးတယ် ...

အဲဒါ ဘာကြောင့်လဲဆိုတော့ ကိုယ် မပြောတတ်ဘူး၊ ကိုယ့်ရဲ့ ဝဋ်ကြွေးတစ်ခုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ...



ဒါနဲ့ ကိုယ့်မှာ စည်းတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ အလုပ်ကို အလုပ်၊ ကိုယ်ရေးကိုယ်တာကို ကိုယ်ရေးကိုယ်တာသတ်သတ် ခွဲခြားထားတတ်တယ် ...

အခု မိဟေးရဲ့ ကိစ္စကို မမဝနီနဲ့ ပတ်သက်ပြီး ဆော်ဒါကဏ္ဍအနေနဲ့ ကိုယ် ကူညီပေးမယ် ...

အဲဒီအတွက် မိဟေးရဲ့ မေမေမှာ ဘာမှ မထိခိုက်မနစ်နာစေရဘူးလို့လဲ ကိုယ် ကတိပေးတယ်။ အဓိက မိဟေး ဖြစ်ချင်တဲ့အတိုင်း မိဟေး မေမေနဲ့ လက်ထပ်မဲ့သူ ဘယ်သူ ... အဲဒီနှင့် ကွဲသွားမယ်ဆိုရင် မိဟေး ကျေနပ်တယ် မှတ်လား”

“ဟုတ်ကဲ့ ... ကျေနပ်တယ်”

“ကောင်းပြီ၊ အဲဒါဆိုရင် ကိုယ့်အတွက် ဘာမှ အပန်းမကြီးတဲ့အတွက် ကိုယ် မိဟေးကို အကူအညီပေးမယ် ...

ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ဗျ၊ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကို ကွဲသွားအောင် ကမောက်ကမတွေ ပွင်လုပ်ပြီး ခွဲရမဲ့အလုပ်ကတော့ နည်းနည်းတော့ အကုသိုလ်များသားဗျ ...

သူများ ချစ်ခြင်းကို ခွဲပြီး ကိုယ် ဝဋ်လည်မှာလည်း စိုးတယ်”

သူက ပြောပြီး အားပါးတရ ပြုံးရယ်နေလေသည်။

“မိဟေးလည်း တူတူပါပဲ၊ မေမေနဲ့ ဦးနေလင်းရုံတို့ရဲ့ ချစ်ခြင်းကို မိဟေးလည်း ခွဲရမှာပဲ။ ရေကြီးရင် ကြီးပါစေတော့၊ ဝဋ်လည်မယ်ဆိုရင်လည်း အလည်ခံလိုက်တော့မယ်၊ မေမေ့ကိုတော့ အဆုံးရှုံး မခံနိုင်လို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"နားလည်တယ်၊ နားလည်တယ်၊ အဲဒါကို ကိုယ် နားလည်တယ် ...

ကိုယ့်အမေကို သိပ်ချစ်တဲ့ သမီးတစ်ယောက်ရဲ့ စိတ်ခံစားမှုကို ကိုယ် နားလည်တယ် ...

ပြီးတော့ မိဟေးအရွယ် မိန်းကလေးတစ်ယောက် အနေနဲ့ ပထွေးကို အလိုမရှိဘူးဆိုတာ ကိုယ် ခံစားပေးလို့ ရတယ် ...

အဲဒါကြောင့်လည်း ကိုယ် ကူညီပေးတာပါ။ ရည်ရွယ် ချက်မရှိဘဲ အလကားသက်သက် သူများတွေရဲ့ ချစ်ခြင်း ကို ခွဲဖို့ဆိုရင်တော့ ကိုယ် ဘယ်လုပ်ပေးမလဲ ...

အခုဟာက သမီးတစ်ယောက်ရဲ့ ပထွေး မလိုချင် သော ကြိုပမ်းအားထုတ်မှုဆိုတော့ ကိုယ် ကူညီပေးရမှာပေါ့ ...

ကဲ ... အခုချိန်ကစပြီး မိဟေး စိတ်အေးအေးသာ ထားလိုက်တော့ ...

မိဟေးလိုချင်တဲ့ပုံစံ ကိုယ့်ကို ပြောပြ၊ ကိုယ် အားလုံး တကယ်ဖြစ်နေတဲ့အတိုင်း သရုပ်ပါပါ ဟန်ဆောင် ပေးမယ်၊ ဟုတ်ပြီလား ...

ပြီးတော့ တစ်ခုလည်း ပြောထားရဦးမယ်၊ ကိုယ့် ဘဝမှာ တစ်သက်လုံး စိတ်ပါလက်ပါ ကူညီပေးချင်စိတ် ပေါက်လာခဲ့တာဆိုလို့ ဒီအုပ်တစ်ခုပဲ ရှိသေးတယ်၊ အဲဒါ ဘာဖြစ်လို့မှန်းတော့ ကိုယ်လည်း မသိဘူး"

"အသေးစိတ် အချက်အလက်တွေကိုတော့ မိဟေး ရှင့်ကို အမြဲတမ်း ပြောပြနေမှာပါ ...



ဥပမာ ဦးနေလင်းရဲ့က သောကြာနေ့ညတိုင်း မန္တလေး ကို တက်သွားလေ့ရှိတတ်တယ်၊ မေမေနဲ့ တွေ့ဖို့ပေါ့ ...

စနေ တနင်္ဂနွေဆို သူ သေချာတယ်၊ တနင်္ဂနွေနေ့ ညနေပိုင်းလောက်ကျမှ ဦးနေလင်းရဲ့ဟာ ရန်ကုန်ကို ပြန်ဆင်းလာတတ်တယ် ...

နောက်ပြီးတော့ မေမေ ကြိုက်တတ်တဲ့ အရာတွေ ပြီးတော့ မေမေရဲ့ စိတ်ကို ဖမ်းစားနိုင်တဲ့ တချို့သော တိုက်ဆိုင်မှုတွေကို ရှင့်ကို ကျွန်မ ပြောပြထားမယ် ...

ရှင် လုပ်ရမယ့်အလုပ်က မန္တလေးကိုလည်း သွားရ မယ်၊ ပြီးတော့ မေမေနဲ့ တွေ့ပြီး မေမေ့ရဲ့ ရင်းနှီးမှုကို ရအောင်ယူရမယ် ...

ပြီးတော့ မေမေ့အနားမှာ ရှင်က အမြဲတမ်းလိုလို ရှိပြီး ဦးနေလင်းရဲ့ ထင်ယောင်ထင်မှား ဖြစ်စေမဲ့၊ သံသယဖြစ် စေမဲ့ အဖြစ်အပျက်မျိုးတွေ ရှင်က ဖန်တီးပေးရလိမ့်မယ် ...

အဲဒီအတွက်တော့ ရှင့်ဘာသာရှင်ပဲ အဆင်ပြေသလို ဖြတ်ထိုးဉာဏ် ကြည့်သုံးပေါ့၊ ကျွန်မရဲ့ တာဝန်ကတော့ ဦးနေလင်းရဲ့ဆီမှာ သူနဲ့အတူ အနီးကပ်နေပြီး သူ့ကိုလည်း လေ့လာဖို့၊ ပြီးတော့ မေမေနဲ့ ခွဲပစ်ဖို့"

"ကဲ ... ကျွန်တော် နားလည်ပြီ၊ အစီအစဉ် ဘယ်တော့ စ,မလဲ"

"ဒီတနင်္လာဆိုရင် ရှင် မန္တလေးကို သွားလို့ရပြီ၊ ပြီးတော့ ရှင်နဲ့ ကျွန်မ အမြဲတမ်း ဖုန်းအဆက်အသွယ် ရှိနေမှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိစ္စမရှိဘူး မိပေါး ...

ကိုယ့်ဆီမှာ (Hand phone)ရှိတယ်၊ ဒီ (Hand phone)ကို မင်း အချိန်မရွေး ဆက်သွယ်လို့ရတယ် ...

ဒါ ဘယ်ကရသလဲဆိုတာကိုတော့ ကိုယ့်ကို မေး... ပေါ့လေ"

သူက ခပ်ဟဟ ရယ်မောကာ ပြောလေသည်။

"ဘယ်လိုနည်းနဲ့ပဲရရ ရှင့်လက်ထဲမှာ (Hand phone)ကို... ထားတာ တစ်ခုကတော့ တော်တော့်ကို အဆင်ပြေတာ... ပြာလွင်မိုး"

"ရှင် မေမေနဲ့ တွေ့တဲ့အခါ ရှင်တို့ တွေ့ကြတဲ့... ပြီးတော့ မေမေရဲ့ တုံ့ပြန်မှု၊ မေမေနဲ့ ရှင်နဲ့ကြား... ဘယ်လို အဖြစ်အပျက်တွေ ဖြစ်တယ်၊ ဘယ်လောက်... ရင်းနှီးမှု ရတယ်ဆိုတာတွေကို အသေးစိတ် ကျွန်... သိချင်တယ်"

"ဘာဖြစ်လို့လဲ ကိုယ့်ကို စိတ်မချလို့လား မိပေါး"

"မဟုတ်ပါဘူး၊ မေမေနဲ့ ပတ်သက်ပြီး ကျွန်မ အားလုံး... သိချင်လို့ပါ"

"အိုကေ ... ကောင်းပြီ ...

တနင်္လာနေ့ ကိုယ် မန္တလေးကို သွားမယ်၊ ဒါ... မဟုတ်လား"

"ကျွန်မ စိတ်ချနေမယ် ပြာလွင်မိုး။ မေမေ့ကို တစ်... နာကျင်ထိခိုက်အောင် ရှင် လုပ်ခဲ့မိရင် ရှင့်ကို ကျွ... သတ်မယ်"



ဟု မိပေါးက ပြောလိုက်သောအခါ ...

ပြာလွင်မိုးနဲ့အတူ သူငယ်ချင်းတွေအားလုံးက ...တိုးတိုး ရယ်မောကြလေသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ကျွန်မ စိတ်မကောင်းပါဘူး မောင်"

မေမြမဒီက နေလင်းရုံ၏ ရှင်းသန့်ကြည်လင်နေသော မျက်နှာကို တစိမ့်စိမ့် စိုက်၍ ကြည့်ကာ တိုးတိုးကလေး ပြောလိုက်မိလေသည်။

နေလင်းရုံက မေမြမဒီကို နှစ်သိမ့်သော အပြုံးကလေးဖြင့် ပြုံးကာ ...

"ဒါတွေ တွေးမနေပါနဲ့ မေရယ်၊ ကိုယ်တို့ ကြိုးစားကြည့်ကြတာပေါ့ ...

အကြာကြီးတောင် ခွဲခဲ့ကြတာပဲ မေရယ်။ ကိုယ်တို့ အချိန်ထပ်စောင့်ကြတာပေါ့။ တကယ်ဆိုရင် ကိုယ်က မေ့ရဲ့ သမီးလေးနဲ့ တွေ့ချင်တာ ...

သူလေးနဲ့ မျက်နှာချင်းဆိုင်ပြီး မေ့ကို ကိုယ် ဘယ်လောက်တန်ဖိုးထား ချစ်နေသလဲဆိုတာတွေ ...

ပြီးတော့ သူကလေးရဲ့ ဘဝရှေ့ရေးအတွက်လည်း ကိုယ် ဘယ်လောက် တာဝန်ယူ စွမ်းဆောင်ပေးမလဲဆို

www.burmeseclassic.com



တာတွေကို သူ ယုံကြည်စိတ်ချလာတဲ့အထိ ကိုယ် သက်သေပြချင်တာ ...

ဪ ... ဒါနဲ့ စကားမစပ်ဘဲ မေ့ကို ပြောပြရဦးမယ် ...

ကိုယ့်ဆီမှာ အသက်တစ်ဆယ့်ကိုးနှစ် နှစ်နှစ်လောက် အရွယ် မိန်းကလေးတစ်ယောက် ရောက်နေတယ် ...

ဟိုတစ်နေ့က မမျှော်လင့်ဘဲ သူ့ကို ကားတိုက်မိမလို ဖြစ်သွားပြီး ဘယ်မှ သွားစရာ နေစရာမရှိဘူးဆိုတာနဲ့ ကိုယ်ပဲ ခေါ်တင်ထားလိုက်တယ်၊ နာမည်က မြတ်သောခင်တဲ့။ မေ့သမီးအရွယ်လောက်ပဲ ရှိလိမ့်မယ် ထင်တယ်"

"မောင်ရယ် ... ဘယ်ကမှန်းမသိ ဘယ်သူဘယ်ဝါမှန်းမသိဘဲ အိမ်ပေါ် ခေါ်တင်ထားရသလား ...

အခုဆို မောင် ရန်ကုန်ကနေ ထွက်လာတော့ အိမ်မှာ သူနဲ့ မောင်တိုးပဲ ကျန်ခဲ့မှာပေါ့ ...

ရိုးရိုးသားသားရော ဟုတ်ရဲ့လား မောင်ရယ်"

"ကြည့်ရတာတော့ ရိုးရိုးသားသားပါပဲ မေ၊ ကောင်မလေးက ကလေးဆန်ပုံရပြီး ရုပ်ရည်ကလေးက သနားကမားအထက်တန်းကျကျကလေးပါ ...

သူ့မှာ အဖေရော အမေရော မရှိတော့ဘူးလို့ ပြောတာပဲ ...

ကိုယ်လည်း သနားတာနဲ့ ခေါ်တင်ထားလိုက်တာ"

"မောင့်ဘဝမှာလည်း သူများတွေကို ငဲ့ညှာထောက်ထားနေရတာနဲ့ပဲ အချိန်တွေ ကုန်နေတော့တာပဲနော် ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ကွဲခဲ့ကြရတာလည်း မောင့်ရဲ့ အဲဒီ ငွေညာထောက်ထားတတ်တဲ့ စိတ်ကြောင့်ပဲဆိုတာ မောင် မှတ်မိသေးတယ် မှတ်လား"

"မှတ်မိတာပေါ့ မေ။ ကိုယ့်ဘဝမှာ ချစ်သူနဲ့တောင် လွဲရတဲ့အထိ လူတွေပေါ်မှာ ငွေညာစောင့်သိတတ်ခဲ့ရတာ အခုချိန်အထိပဲ ...

အဲ့အကျိုးတွေကိုတော့ တစ်နေ့ ပြန်ခံစားရမှာပါ"

✣ ♦ ✣



"ကိုယ် ကူညီစရာရှိရင် စေတနာ သဒ္ဓါတရားအပြည့်နဲ့ အစွမ်းကုန် သန့်သန့်ကလေးသာ ကူညီပေးလိုက် ...

သူ့ဆီကနေ ဘယ်တော့မှ ဘာကိုမှ ပြန်ပြီးတော့ မမျှော်လင့်နဲ့။ မျှော်လင့်မိရင် မင်း အရှုံးပဲ ...

မင်း ကူညီလိုက်ရတာလည်း ရှုံးသွားသလို သူ့ဆီကနေ ဘာရမလဲလို့ ပြန်မျှော်လင့်လိုက်ရတာကလည်း မင်းအတွက် ရှုံးတာပဲ"

မိပဟေးသည် ဦးနေလင်းရဲ့၏ မျက်နှာကို သေသေချာချာ ငေးစိုက်ကြည့်နေမိလေသည်။

မောင်တိုး ဆိုသည်မှာ သည်အိမ်တွင် ဘယ်လိုမှ အရေးထား နေရာပေးစရာမလိုသည့် တောက်တိုမယ်ရ အလုပ်သမားလေးတစ်ယောက်သာ ဖြစ်သည်။

အဲဒီ အလုပ်သမားလေးကို ဦးနေလင်းရဲ့က စိတ်ရှည်လက်ရှည် တခမ်းတနား ရှင်းပြနေသော စကားလုံးတွေက အံ့သြဖွယ် ကောင်းလှသည်။

အဲဒီ စိတ်ဓာတ်ကလေးကတော့ သဘောကျစရာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိတော့ မိဟောသည် ဦးနေလင်းရုံထံတွင် သဘောမကျ မနှစ်မြို့စရာ အချက်အလက်ဟူ၍ တစ်ချက်ကလေးမျှ မတွေ့ရသေးချေ။

ထမင်းစားပြီးချိန်တွင် ဦးနေလင်းရုံက သူ၏ (Home Theatre)အခန်းကလေးဆီသို့ ဝင်သွားကာ ရှင်ရှင်ကားကို ဖွင့်ကြည့်လျက် ရှိသည်။

"မြတ်သောခင် ... မင်း ရုပ်ရှင်ကြည့်ချင်ရင် လာကြည့်လို့ ရတယ်နော်၊ ကိုယ့်ကို ဘာမှ အားနာစရာ မလိုဘူး"

ဟု ဦးနေလင်းရုံက ဖိတ်ခေါ်သောကြောင့် မိဟောသည် ရုပ်ရှင်ပြခန်းကြီးထဲသို့ ဝင်ကာ ဦးနေလင်းရုံနှင့် အတူ ရုပ်ရှင်ကြည့်လေသည်။

တကယ်တော့ မိဟောရဲ့ စိတ်တွေက ရုပ်ရှင်ဆီမှာ ရှိမနေချေ။ ဦးနေလင်းရုံဆီသို့သာ မသိမသာ လှမ်း၍ အကဲခတ်လျက်ရှိသည်။

သူကတော့ ရုပ်ရှင်ကားဆီ စိတ်ဝင်တစား အာရုံစိုက်လျက်ရှိသည်။

ခဏအကြာတွင် ဖုန်းမြည်သံ ကြားရ၏။

ဒီအချိန်မှတော့ မိဟော၏ သူငယ်ချင်းတွေဆီမှ ဖြစ်ဖို့များပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ည သူတို့၏ စစ်ဆင်ရေး စတင်မည်ဟု မနက်က မိဟောကို ပြောထားပြီးသား ဖြစ်သည်။

ဦးနေလင်းရုံက သူ့ဘေးနားမှာရှိသော ကော့ဒ်လက်စ်ဖုန်းကို ကောက်ကိုင်လိုက်သည်။



မိဟောက ဦးနေလင်းရုံကို မသိမသာ အကဲခတ်လျက်ရှိသည်။

"ဟဲလို ... ဪ ... ဖုန်းမှားနေပါတယ်"

ဦးနေလင်းရုံက ပြောပြီး ဖုန်းကို ဘေးသို့ အသာပြန်ချထားလိုက်သည်။

မိဟော စိတ်ထဲမှာ ဖျတ်ခနဲ ရယ်ချင်လာမိသည်။

ခဏနေတော့ ဖုန်း ထပ်မြည်ပြန်လေသည်။

ဦးနေလင်းရုံကပင် ထပ်၍ ကိုင်လိုက်ပြန်ကာ နားထောင်လိုက်၏။

"ဟာ ... သမီးရေ၊ သမီးတို့ ဖုန်းမှားနေတယ်၊ ဘယ်ကို ဆက်နေလဲ မသိဘူး"

တစ်ဖက်က ဆုတို့က ဘာတွေ ပြောနေလဲမသိချေ။

ဦးနေလင်းရုံက မျက်ခုံးနှစ်ဖက်ကို ရှုံ့လျက် နားထောင်နေသည်။

"မဟုတ်ဘူး သမီး၊ ဒါ ဒေးဗစ်ဘကျော်ရဲ့ဖုန်း မဟုတ်ဘူး၊ ဦးရဲ့ ဖုန်းပါ၊ ဦးရဲ့ နာမည်က နေလင်းရုံပါ"

မိဟောသည် စိတ်ထဲမှာ ကျလိ ကျလိနှင့် ရယ်ချင်လာ၏။

မိဆုတို့က ဦးနေလင်းရုံ ဖုန်းချလို့ မရအောင် ဘာတွေ အဆက်မပြတ် အမျှင်တန်းကာ ပြောနေသည် မသိချေ။

ဦးနေလင်းရုံ၏ မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးသော နားမလည်နိုင်သော၊ ပြီးတော့ ရယ်ချင်နေသော အရိပ်များကို မိဟော မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး သမီး၊ သမီးတို့ ရည်ရွယ်ချက်က ဘာလဲ။ အခု ဖုန်းမှားတယ်၊ ဖုန်းမှားတယ်ဆိုရင် သမီးတို့ ဖုန်းချလိုက်တော့လေ၊ ဘာကိစ္စ ဦးနဲ့ဆက်ပြီး စကားပြောချင်ရမှာလဲ ...

ဦးက သမီးတို့လို မအားဘူးလေ။ ဒီမှာ ရုပ်ရှင်ကြည့်နေတယ်"

မိပေါးသည် အောက်နှုတ်ခမ်းလေးကို အသာအယာ ဖိကိုက်လိုက်မိသည်။

မိပေါးတို့ သူငယ်ချင်းတွေအကြောင်း မိပေါး ကောင်းကောင်းသိသည်။ ဖုန်းတစ်လုံးနှင့် လူငါးယောက် လှည့်ပတ်ပြီး အခြားလူတွေကို အိစိကလီ လုပ်နေကျ။ အကြောင်ရိုက်နေကျ။ ဓာတ်လမ်းရှာနေကျ။ သည်အဖြစ် သိပြီးမို့ သူငယ်ချင်းတွေကို ဒီကိစ္စမျိုးမှာတော့ လုံးဝ မပူပင်ရချေ။

"ဘာကား ကြည့်နေသလဲဆိုတော့ စစ်ကားကွာ"

ဦးနေလင်းရဲ့ အသံကား အနည်းငယ် စိတ်မရှည်သောအသံ ဖြစ်လာခဲ့သည်။

ဦးနေလင်းရဲ့ဘက်က စတင်၍ မချသရွေ့ကတော့ ဟိုဘက်က မဒီတွေကလည်း ဖုန်းချလိမ့်မည် မဟုတ်ချေ။

"ကဲ ... သမီးတို့ ဦး တစ်ခုမေးမယ်၊ သမီး အသက် ဘယ်လောက်ရှိပြီလဲ"

ဟိုဘက်က တစ်ခုခု ပြန်ဖြေပုံရပါသည်။

"ကောင်းပြီ၊ အသက်နှစ်ဆယ်ဆိုတော့ သမီး သိပ်ငယ်သေးတာပဲ၊ ဦးရဲ့ သမီးအကြီးဆုံးနဲ့ ရွယ်တူပဲ။ ကိုယ့်အဖေလောက်



ရှိတဲ့ ယောက်ျားတစ်ယောက်ကို ဘယ်သူမှန်း ဘယ်ဝါမှန်း မသိ ဖုန်းကလေးမှားရုံနဲ့ ချော်လဲရောထိုင်ပြီး ဦးအသံကို နားထောင်လို့ကောင်းတယ်ဆိုပြီး ဖုန်းဆက်ပြောနေတာ မသင့်တော်ဘူး သမီးရဲ့ ...

ယောက်ျားဆိုတာမျိုးက ဘယ်အသက်အရွယ်မျိုး မဆို အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိန်းကလေးဘက်က အခွင့်အရေးပေးရင် ဖောက်ပြန်တတ်ကြတာကြီးပဲ ...

အဲဒီထဲမှာ ဦး မပါဘူးလို့တော့ မဆိုလိုပါဘူး၊ ဒါပေမဲ့ သမီး လုပ်နေတဲ့ လုပ်ရပ်ကို ဦးက ဖခင်တစ်ယောက်အနေနဲ့ ခံစားကြည့်ရင် ခံစားလို့ မရဘူးကွာ ...

သမီးနေရာမှာ ဦးရဲ့ သမီးလေးသာဆိုရင် ဦးတော့ ရင်ကျိုးမှာပဲ ...

အဲတော့ သမီးကို ဦး ပြောမယ်၊ နောက်ကို ဦးဆီကို ဖုန်းမဆက်ပါနဲ့၊ ဦးကိုမှ မဟုတ်ဘူး၊ တခြား ဘယ်ယောက်ျားကိုမှ ဖုန်းမဆက်ပါနဲ့။ အဲဒီလို ကိုယ်နဲ့လည်း မသိတဲ့၊ ဘာမှန်းမသိတဲ့ ယောက်ျားတစ်ယောက်နဲ့ အလာပ သလ္လာပ ထွေရာလေးပါး ဖုန်းပြောနေမဲ့အစား သမီး စာအုပ်ဖတ်မယ်၊ ဒါမှမဟုတ် (InterNet)ထဲဝင်ပြီး တစ်ခုခုကို လေ့လာနေမယ်ဆိုရင် သမီးဘဝအတွက် အများကြီး အကျိုးရှိမှာပေါ့ ...

ဟုတ်ပြီလား၊ ကဲ ... ဦး ဖုန်းချလိုက်တော့မယ်၊ ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဦးနေလင်းရုံက တစ်ရှည်တစ်လျား စိတ်ရှည်လက်ရှည် ပြောပြီးနောက် ဖုန်းကို ချပစ်လိုက်လေသည်။

မိဟေးသည် တစ်ဖက်မှာ ဘယ်လိုဖြစ်သွားမည် မသိသော သူငယ်ချင်းတွေ၏ ရုပ်သွင်ပြင်ကို မှန်းဆမြင်ယောင်ကာ တသိမ့်သိမ့် ရယ်ချင်လာမိလေသည်။

သို့သော် ချက်ချင်းပင်ဖုန်းက မြည်လာပြန်လေသည်။

"ကျွတ် ... ဒီကလေးမလေးတွေတော့ ခက်တော့တာပဲ ...

အခုခေတ် မိန်းကလေးတွေ ဘယ်လိုဖြစ်နေတာပါလိမ့်"

ဦးနေလင်းရုံက ခပ်ညည်းညည်းလေး တစ်ချက် ပြောလိုက်သည်။ ဖုန်းကို ကောက်ကိုင်လိုက်လေသည်။

"ဟလို"

သို့သော် ဦးနေလင်းရုံ၏ မျက်နှာသည် လုံး၀ ချက်ချင်း နူးညံ့စွာ ပြောင်းလဲသွားပါသည်။

သူ့မျက်နှာတစ်ခုလုံး ညင်သာသော အပြုံးဖြင့် ဖုံးလွှမ်း ချိုမြသွားလေသည်။

အဲဒါ မိဆုတို့ဆီက ဖုန်းမဟုတ်တော့။

မိဟေးသည် တစ်ခုခုကို ချက်ချင်း ရိပ်မိလိုက်လေသည်။

အဲဒါ မေမေ့ဆီက ဖြစ်ရမယ် ...

"ဟေး ... မေ ... အေးကွာ၊ ခုနတုန်းက ချာတိတ်မလေးတွေ ဖုန်းမှားပြီး ရစ်နေလို့၊ ခဏ ခဏ ဖုန်းပြန်ဆက်နေတာနဲ့ မောင် နည်းနည်းပါးပါး ဆုံးမလိုက်တာ နည်းနည်းကြာသွားတယ် ...

ပြော ... မေ"



မိဟေးသည် ဦးနေလင်းရုံ၏ မျက်နှာကို မျက်လုံးလေးဖွေကာ အကဲခတ်နေခဲ့သော်လည်း ဦးနေလင်းရုံကတော့ မိဟေး ရှိနေသည် ဆိုသည့် အသိကိုပင် သိတော့ပုံ မပေါ်ချေ။

တစ်ဖက်မှ မေမေ ပြောနေသမျှကို ဂရုတစိုက် ဘလေးတနက် နားထောင်လျက်ရှိကာ ဒီဘက်မှာ မျက်နှာကို ပြုံးလိုက်၊ မျက်ခုံးကို ပင့်လိုက်၊ ခေါင်းကို ညိတ်လိုက်နှင့် စိတ်ဝင်တစား နားထောင်နေလေသည်။

မိဟေးက ကိုယ့်ဘာသာကိုယ် မှန်းဆကြည့်လေသည်။

ကေန္တတော့ မေမေ့ဆီကလာသော ပြာလွင်မိုး အကြောင်း ပြောပြနေတာ ထင်ပါရဲ့။

ဦးနေလင်းရုံက မေမေ ပြောသမျှကို နားထောင်ရင်း တဖြည်းဖြည်း ရယ်မောလာပါသည်။

"ဟုတ်လား၊ ဒီလိုဆိုရင်တော့ တိုက်ဆိုင်လှချည်လား၊ အခု အဲဒီချာတိတ်က မေ့အိမ်မှာ ရောက်နေတယ်ပေါ့ ဟုတ်လား ...

ဂရုတော့စိုက်ပါ မေရယ်၊ ဘယ်ကမှန်း ဘယ်သူမှန်း မသိ ယောကျ်ားလေးတစ်ယောက်ဆိုတော့ အန္တရာယ်တော့ နည်းနည်းများတာပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေ စိတ်မပူပါနဲ့၊ မောင် ဒီသောကြာ ရောက်လာမှာပဲ၊ မောင် ရောက်လာတော့ အကဲခတ်ပေးမယ်လေ ...

အခုလောလောဆယ်တော့ ကားတွေ ဘာတွေ မမောင်းခိုင်းနဲ့ဦးလေ၊ မတော်တဆ တိုက်မိ ပြုမိရင် မေ့အတွက် အန္တရာယ်များလှတယ် ...

မေ့ဘာသာမေပဲ မောင်းပါ၊ ကောင်လေးကို ဘာမှ မခိုင်းနဲ့ဦး ...

နည်းနည်းပါးပါး အခြေအနေ အကဲခတ်ဦးပေါ့၊ ကောင်လေးက တော်တော်ရုပ်ဖြောင့်သလား မေ”

မေမေက တစ်ခုခု ပြောလိုက်ပုံ ပေါ်ပါသည်။

ဦးနေလင်းရုံက တဟားဟားနှင့် အော်ကြီးဟစ်ကျယ် ရယ်မောလျက်ရှိသည်။

အဲဒီလို ရယ်မောပြီးမှ မိဟေးဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်ကာ မိဟေး ရှိနေတာကို သတိရသွားပြီး မိဟေးကို လက်လှမ်းပြလေသည်။

တကယ်ဆိုရင်တော့ မိဟေးသည် အလိုက်တသိနှင့် ဒီအခန်းကလေးထဲကနေ ထွက်ခွာပေးရမှာ ဖြစ်သော်လည်း မိဟေးက အလိုက်မသိချင်ဟန်ဆောင်ကာ လုံးဝ ထွက်ခွာမသွားချေ။

ဦးနေလင်းရုံက ရုပ်ရှင်ဆီမှ အသံတွေကို ချက်ချင်း တိုးချပစ်လိုက်သည်။

သဘောကတော့ မိဟေးကို ဒီအခန်းကလေးထဲကနေ ထွက်ခွာပေးစေချင်တာ ထင်ပါရဲ့။



သို့သော် မိဟေးက လုံးဝ မထွက်ဘဲ ရုပ်ရှင်ကို ဆကပ်၍ ဆက်ကြည့်နေလေသည်။

တကယ်တော့ ရုပ်ရှင်ဆီမှာ မျက်လုံးက ရောက်နေသော်လည်း မိဟေး နားတွေကတော့ ဦးနေလင်းရုံဆီမှာ စိုက်ထားလေသည်။

“မဟုတ်သေးဘူးကွ၊ အဲဒါတော့ တော်တော်ထူးဆန်းတယ်၊ မေ့ဆီမှာရော၊ မောင့်ဆီမှပါ ဒီအဖြစ်အပျက်က ဆင်တူကြီး လာဖြစ်တယ်ဆိုတော့ ဒါကြီးက သွေးရိုးသားရိုး တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး ...

တစ်ယောက်ယောက်နဲ့ ပရိယာယ်များလား။ ဥပမာ ကိုယ် တစ်ခု စဉ်းစားကြည့်မိတယ် မေ၊ အဲဒါ မေ့ရဲ့သမီး လေး မိဟေးရဲ့ လက်ချက်များ ဖြစ်နေမလား”

မိဟေးသည် ဦးနေလင်းရုံ၏ ပါးနပ်စွာ သိမြင်နေပုံကို တအံ့တဖြစ်ကာ ခေါင်းနားပန်း ကြီးသွားလေသည်။

“အေး ... ဟုတ်တော့ ဟုတ်ပါတယ်။ အဲဒီလောက်ကြီးတော့ ဖြစ်နိုင်မယ်မထင်ပါဘူး ... ကဲ ... ကဲ ... မေ စိတ်အေးအေးသာထားပါ၊ မောင် လာတော့ အားလုံးကြည့်ပြီး စီစဉ်ပေးမယ်လေ ...

မေ နေကောင်းရဲ့လား၊ ညဘက်တွေရော အိပ်ပျော်ရဲ့လား။ အိပ်ဆေးတွေကြီး သိပ်မသောက်နဲ့ဦး မေရယ်၊ သမီးကို ရှာတွေ့မှာပါ ...

မောင်လည်း ရန်ကုန်မှာတော့ လူတချို့လွှတ်ပြီး စုံစမ်းခိုင်းထားတယ်၊ ဒါပေမဲ့ သမီးရဲ့ ဓာတ်ပုံက မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



မောင့်မှာ နည်းနည်းတော့ အခက်အခဲတွေ့တာပေါ့။ မိဟေ
ဆိုတဲ့ နာမည်လေးတစ်လုံးတည်းနဲ့ ရှာဖို့ဆိုတာ သိပ်တော
မလွယ်ဘူး မေရဲ့ ...

မေ သိပ်တော့လည်း စိတ်မပူနဲ့လေ။ တစ်နေ့တော
သမီးလေး ပြန်လာမှာပါ ...

မေ စိတ်ချမ်းသာအောင်နေနော်"

မေမေ့ကို မှာကြားနေသော ဦးနေလင်းရဲ့၏ အသံမှ
မိဟေး တစ်ခါမှ မကြားဖူးသော အင်မတန် သိမ်မွေ့နူးညံ့လွှမ်း
သည့် ချော့မော့သံကလေးဖြစ်သည်။

ဦးနေလင်းရဲ့ မေမေ့ကို စကားပြောနေဟန်ကို ကြ
ရုံနဲ့ပင် သူသည် မေမေ့အပေါ် ဘယ်လောက်တောင် ချစ်မြတ်
အနွံအတာ ခံမည့်လူလဲဆိုတာ သိသာ ထင်ရှားလွှမ်းလှသည်

"ကောင်းပြီ မေ ဒီညစောစောအိပ်လေ၊ ကောင်းသောည
အချစ်ရယ်၊ မေ့ကို မောင် သိပ်ချစ်တယ် သိလား"

သူက လေသံကို နည်းနည်းနှိမ့်ကာ ပြောလိုက်
ခြင်းဖြစ်သော်လည်း အာရုံစူးစိုက်စွာ နားထောင်နေသည် ဖြစ်သော
ကြောင့် မိဟေးက တိုးတိုးကလေး ကြားရပါသည်။

အဲဒီနောက်တော့ သူ ဖုန်းချပစ်လိုက်သည်။

သူက မိဟေးဘက်ကို ခပ်ပြုံးပြုံး မျက်နှာလေးဖြ
တစ်ချက်လှည့်ကြည့်ကာ ...

"မန္တလေးက ကိုယ့်ရဲ့ချစ်သူဆီက ဆက်တာလေ" ဟ
လှမ်းပြော၏။

"သိသားပဲ၊ ဦး တော်တော်ပဲ ချစ်သလားဟင်"



"ဟာ ... ဘယ်လိုပြောလိုက်တာလဲ ... သိပ်ချစ်တာပေါ့
မြတ်သောခင်ရယ်၊ ကိုယ်တို့ ဟိုးငယ်ငယ်ကလေးတည်းက
ချစ်လာခဲ့ကြတာ၊ ချစ်သူဘဝမှာလည်း တစ်ယောက်ကို
တစ်ယောက် သိပ်ပြီးတော့ (attach) ဖြစ်ကြတယ် ...

ဘယ်လိုပြောရမလဲ ... ကိုယ်တို့နှစ်ယောက်ဟာ
နှစ်ကိုယ့်တစ်စိတ်လိုပဲ၊ တစ်ယောက်ကိုတစ်ယောက်လည်း
အရမ်း နားလည်ငဲ့ညှာခဲ့ကြတယ်"

"အဲဒါဆိုရင် ဘာဖြစ်လို့ ဦးတို့ ကွဲသွားခဲ့ကြရတာလဲ"

"အင်း ... ပြောရရင်တော့ ကံကြမ္မာကြောင့်ပေါ့ကွာ။
သူ့မှာရော ကိုယ့်မှာပါ တကယ်တော့ အပြစ်မရှိခဲ့ကြပါဘူး၊
ကံကြမ္မာက ကိုယ်တို့ကို ပေါင်းခွင့်မပေးလို့သာ ကိုယ်တို့
ပေါင်းခွင့် မကြုံခဲ့သေးတာပေါ့ ...

ဒါပေမဲ့ ကိုယ် ယုံကြည်ပါတယ်၊ ကိုယ့်ရဲ့ မေတ္တာ၊
ပြီးတော့ သူ့ရဲ့ မေတ္တာ စစ်မှန်တယ်ဆိုရင် တစ်နေ့နေ့
တော့ ကိုယ်တို့ ပေါင်းရမှာပါ။ အဲဒီနေ့ဟာ ဘယ်နေ့ပဲဖြစ်
ဖြစ်ပေါ့ ...

ဆံဖြူသွားကြွေတဲ့အရွယ် ရောက်တာတောင် ကိုယ်
တို့အချစ်က ပြောင်းလဲသွားမှာတော့ မဟုတ်ဘူး ...

အချစ်ဆိုတာ အသက်အရွယ်နဲ့ လိုက်ပြီးတော့
ပြောင်းလဲသွားတာတော့ အမှန်ပဲ ...

မင်းက အချစ်ဆိုတာကို နားလည်ဖို့ သိပ်ငယ်ပါသေး
တယ်ကွာ၊ ကိုယ် ပြောတာကို မင်း နားလည်ချင်မှ
နားလည်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို … ဘာဖြစ်လို့ နားမလည်ရမှာလဲ၊ ကျွန်မကို ပြော ပါ၊ အသက်အရွယ်နဲ့လိုက်ပြီး ဘယ်လို ပြောင်းလဲသွား တာလဲ"

"ဥပမာကွာ … ကိုယ်တို့ ဟိုး ငယ်ငယ် ကလေးဘဝတုန်း ကိုယ်နဲ့ ကိုယ့်ရဲ့ ချစ်သူဟာ တစ်ယောက်ကိုတစ်ယော ကစားဖော် ကစားဖက်အဖြစ် တွယ်တာကြတယ် …

အဲဒီအချိန်တုန်းကတော့ တစ်ယောက်ကိုတစ်ယော ငြိတွယ်ပုံက အတူတူဆော့ဖို့ အတူတူ သွားလာဖို့ဆို လိုအပ်မှုပေါ့ကွာ၊ အဲဒီကနေ အရွယ် တဖြည်းဖြည် ကြီးလာပြီး ဆယ်ကျော်သက်အရွယ် မြီးကောင်ပေါက်အရွ ကို ရောက်လာတဲ့အခါကျတော့ ကိုယ်တို့နှစ်ယောက် သံယောဇဉ်က တဖြည်းဖြည်း နက်ရှိုင်းခိုင်မာလာသ တစ်ယောက်ကိုတစ်ယောက် လိုအပ်လာပုံကလည်း တဖြည် ဖြည်း ထူးဆန်းလာတယ် …

တစ်ယောက်နဲ့တစ်ယောက် မတွေ့ရရင် မနေနိုင် လောက်အောင် မွတ်သိပ်ပြင်းပြလာတယ်၊ မျက်နှာကလေး မြင်နေရရင်ကို ကျေနပ်ပျော်ရွှင်နေတဲ့ ပီတိမျိုးကို ခံစား တယ် …

သူကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတဲ့ သစ္စာ ခိုင်မြဲမှုကလည်း အဲဒီရွယ်မှာ အရှူးအမူး ဖြစ်လာတယ် …

အဲဒါပြီးတော့ အသက်နှစ်ဆယ်ကျော်အရွယ် ရော လာတော့ ကိုယ်တို့ရဲ့ အချစ်တွေက တဖြည်းဖြည်း လေးနက်တည်ငြိမ်လာတယ် …



ဘဝတစ်ခုကို အတူတကွ ပေါင်းစည်းတည်ထောင် ကြဖို့ စိတ်ကူးတွေ ယဉ်လာတယ်။ တစ်ယောက်ကိုတစ် ယောက်လည်း သိပ်ကို တပ်မက်လာတယ် …

တစ်ယောက်မရှိရင် နောက်တစ်ယောက်ရဲ့ဘဝ မရပ် တည်နိုင်တော့သလို ကိုယ်တို့နှစ်ယောက် သိပ်ကို ကူးယှက် ငြိတွယ်ခဲ့ကြတယ် …

ဒါပေမဲ့ … အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တို့ နှစ်ယောက် ဝေးသွားကြတော့လည်း တစ်ယောက်ကိုတစ် ယောက် မုန်းတီးတာ နားမလည်တာ ဘာမှ မရှိဘူး …

ကိုယ်တို့နှစ်ယောက်ရဲ့ ရင်ထဲမှ တစ်ယောက်စိတ် ချမ်းသာဖို့၊ စိတ်မဆင်းရဲစေဖို့၊ နားလည်ငဲ့ညှာစိတ်မျိုးပဲ ကိုယ်တို့မှာ ရှိတယ် …

အဲနောက် ကိုယ်တို့ အကြာကြီးပဲ ဝေးသွားခဲ့ကြ တယ်။ အခု ကိုယ်တို့ ပြန်တွေ့တဲ့အချိန်မှာ ကိုယ်တို့ နှစ်ယောက်လုံး အသက်လေးဆယ် အရွယ်တွေ ရောက်နေ ကြပြီ …

ဒီအရွယ်မှာ ပြန်တွေ့တော့လည်း ကိုယ်တို့နှစ် ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နေနိုင်သေးတာပဲ၊ အဲဒီ အချစ်က ပိုပြီးတော့ သိပ်မွေ့နက်ရှိုင်းလာတယ်၊ ပိုပြီးတော့ အဓိပ္ပာယ်ရှိလာတယ် …

ဘဝမှာ သူရှိနေရင် အားလုံး ပြီးပြည့်စုံသွားပြီဆို တဲ့ ခံစားချက်ကို သူရော ကိုယ်ပါ ခံစားရတယ် …

www.burmeseclassic.com

www.burmeseclassic.com



သူ ရှိနေခြင်းဆိုတဲ့ အဖြစ်ကသာ ကိုယ်တို့နှစ်ယောက်အတွက် အရေးကြီးဆုံး ဖြစ်လာတယ် …

ကိုယ်တို့ရဲ့ ကျန်နေသေးတဲ့ ဘဝရဲ့ သက်တမ်းတစ်လျှောက်စာကို ကိုယ်တို့နှစ်ယောက်အပြင် သမီးကလေးပါ အတူတူပါဝင်ပြီး မိသားစုကလေးဘဝတစ်ခုကို ဖန်တီးတည်ဆောက်ချင်လာတယ် …

ဒီအချိန်မှာ ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လေးစားကြတယ်။ နားလည်ကြတယ်၊ သူ့ရဲ့ အခက်အခဲတွေကို ကိုယ်က ဖြေရှင်းပေးချင်သလို ကိုယ့်ရဲ့ အောင်မြင်မှုတွေ စိတ်ခံစားမှုတွေကိုလည်း သူက မျှဝေ ခံစားပေးနိုင်တယ် …

ဒီအရွယ်မှာ ကိုယ်တို့ရဲ့ အဓိက လိုအပ်ချက်ဟာ တစ်ယောက်ကိုတစ်ယောက် မျှဝေ ခံစားပေးနိုင်ခြင်းဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဖြည့်စည်းပေးနိုင်စွမ်းရှိတဲ့ အဖော်ပဲ …

ပုံစံကလေးတွေဟာ တဖြည်းဖြည်း ပြောင်းလဲသွားတယ် အချစ်ကတော့၊ ဘယ်တော့မှ ပြောင်းလဲမသွားဘူး။ အဲလိုပဲ ကိုယ်တို့တွေ အသက်ငါးဆယ်ကျော် ခြောက်ဆယ် အရွယ်တွေ ရောက်သွားကြရင်လည်း တစ်ယောက်ကိုတစ်ယောက် ဆက်ချစ်နေကြဦးမှာပဲ …

ပုံစံကလေးတော့ ပြောင်းလဲသွားမှာပေါ့၊ အဲဒီ အချိန်ကျတော့ အချစ်ဆိုတဲ့ အရာကနေ မေတ္တာဆိုတဲ့ဘက်ကို တဖြည်းဖြည်း ကူးပြောင်းသွားလိမ့်မယ် … လို့ ကိုယ်ထင်တယ် …



မင်း နားလည်ရဲ့လား"

သူ၏ တခမ်းတနား ဒိုင်ယာလော့ကာ အချစ်အကြောင်းပြပုံကို မိဟေးသည် သိပ်နားမလည်လှသော်လည်း ခံစားပေးလိုပါသည်။

အထူးသဖြင့် ယောကျ်ားတစ်ယောက်ဆီမှ ဤမျှလေးနက်သိပ်မွေ့သော ချစ်ခြင်းမေတ္တာမျိုး ကိန်းဝပ်နေခဲ့မှန်းမိဟေး အခုမှ သိခွင့်ရခဲ့ခြင်းဖြစ်သည်။

♣ ♦ ♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

နေလင်းရှံသည် မန္တလေးသို့ ရောက်သောအခါ မေ့ အိမ်ရှိရာဆီသို့ တန်းတန်းမတ်မတ် လာခဲ့သည်။

သူ့စိတ်ထဲတွင် မေ့အိမ်မှာ ရောက်နေသော ငယ်ငယ်ချောချော ရုပ်ဖြောင့်ဖြောင့် ကောင်လေးကို တွေ့မြင် အကဲခတ်ချင်လျက် ရှိသည်။

ဘယ်လိုပဲဖြစ်ဖြစ် မေ့ရဲ့ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို သူ တလေးတစား တန်ဖိုးထားသော်လည်း ခုခေတ် လူငယ်တွေက စိတ်ချရသည် မဟုတ်ချေ။

ပြီးတော့ မေ့ အသံထဲမှာ ရယ်ရိပ်စွက်သည့် ...

"ကောင်လေးက မောင်ငယ်ငယ်တုန်းကနှင့် ခပ်ဆင်ဆင်ရယ်" စကားကလေး ပါဝင်နေခဲ့ကတည်းက နေလင်းရှံသည် ထိုလူငယ်ကလေးကို တွေ့မြင်ချင်နေခဲ့ခြင်းဖြစ်သည်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်ရဲ့ ငယ်ဘဝ တစ်စိတ်တစ်ဒေသသည် မေ့၏ စိတ်နှလုံးတွင် အတော်ကလေး အားကောင်းစွာ လွှမ်းမိုးနိုင်စွမ်းရှိကြောင်း သူ သိထားသည်။



မေ့ကို စိတ်မချ၍မဟုတ် သို့သော် ကောင်လေးကို သူ လေ့လာချင်လေသည်။

သူ ရောက်သွားချိန်တွင် ဧည့်ခန်းထဲမှာ မေ့ကို နယ်ပျို့မျှစ်သော လူငယ်ချောချောကလေးအတူ စကားပြောလျက် တွေ့လိုက်ရသည်။

ကောင်လေးက အတော်ချောပါသည်။ ပြီးတော့ သူ ငယ်ငယ်တုန်းက ရုပ်နှင့် တကယ်ပဲ ခပ်ဆင်ဆင်ကလေး ဖြစ်သည်။

မေ့၏ နှုတ်ခမ်းများက ပြောနေကြသည်။ ပြီးတော့ မေ့ မျက်လုံးများက တောက်ပစိုမြနေလေသည်။

"မေ ... ဟော ... မောင် ရောက်လာပြီး လာလာ မောင် ...

ဒီမှာ မောင့်ကို မိတ်ဆက်ပေးမလို့ ပြာလွှင်မိုးကို ခဏခေါ်ထားတာ ...

ပြာလွှင် ဒါ မမရဲ့ (Beyond Say) (ဗီယောန်းဆေး) ပေါ့ ...

မောင် ဒါ ကျွန်မ ပြောပြထားတဲ့ ပြာလွှင်မိုး ဆိုတာပဲ"

ကောင်လေးက ရုတ်တရက် မတ်တတ်ထရပ်ကာ သူ့ကို လက်ဆွဲနှုတ်ဆက်သည်။ ကောင်လေး၏ အရပ်မှာ ခြောက်ပေကျော်လောက် ရှိမည်ထင်သည်။

ပြီးတော့ မျက်နှာကလေးမှ နုနယ်ချိုမြကာ ပြုံးလိုက်သောအခါ ပါးချိုင့်ရှည်ကလေးတစ်ဖက် ခွက်ဝင်သွားသည်ကို သူ မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြာလွင်မိုးပါ အစ်ကို"

ကောင်လေးက ခပ်သွက်သွက်ပင် နှုတ်ဆက်လေသည်။

သူကလည်း ကောင်လေးကို ပြန်လည်၍ လက်ဆွဲနှုတ်ဆက်လိုက်ကာ ...

"အေးကွာ၊ တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ မေ ပြောပြလို့ ကိုယ် အားလုံး သိပြီးပါပြီ"

ယောကျ်ားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မသိမသာ အပြန်အလှန် အကဲခတ်လျက် ရှိကြသည်။

မေသည် ဆံထုံးပုံ့ပုံ့ကလေး ကပိုကရိုနှင့် ရင်ဖုံးအင်္ကျီလက်ပြတ်ကလေးနှင့် ထဘီရှည်ရှည်ကို တွဲဖက်၍ ဝတ်ဆင်ထားသည်မှာ အသက်လေးဆယ်အရွယ် မိန်းမတစ်ယောက်နှင့် မတူဘဲ နုနယ်ပျိုမျစ်စွာ လှပလျက်ရှိသည်။

နေလင်းရုံသည် မေ့ မျက်နှာကလေးကို တမ်းမက်တသစွာ ငေးကြည့်ပြီးပြုံးလိုက်သည်။

"လာလေ ... မေ ... မောင်တို့ အပြင်ထွက်ပြီး တစ်ခုခု သွားစားကြရအောင်"

ဟု ခေါ်လိုက်သည်။

အဲဒီအချိန်မှာ ပြာလွင်မိုးက ...

"ကျွန်တော် ကားမောင်းပြီး လိုက်ပို့ပေးပါမယ်၊ အစ်ကို"

ဟု ခပ်သွက်သွက် ဝင်ပြောလိုက်လေသည်။

ကောင်လေး၏ သွက်လက်ချက်ချာမှုကို အနည်းငယ်တော့ သူ စိတ်ခုသွား၏။



မလိုက်နဲ့လို့ ပြောလို့လည်း ဘယ်ကောင်းပါမလဲ။

မေကတော့ သူ့ မျက်နှာဆီသို့ လှမ်းကြည့်လေသည်။

သူ ဟန်ဆောင်၍ ပြုံးလိုက်ခါ ...

"ဟာ ... ကောင်းသားပဲကွာ၊ ငါညီကိုလည်း တစ်ခုခု ကျွေးရတာပေါ့၊ လာလေ အတူတူ သွားကြတာပေါ့"

ဟု လူကြီးလူကောင်းဆန်စွာ ဟန်ဆောင်၍ ပြောလိုက်ရလေသည်။ စိတ်ထဲမှာတော့ ထိုလူငယ်ကလေးကို သိပ်ပြီး မသင်္ကာလှချေ။ ခုခေတ်လူငယ်တွေ သွက်လက်လှသည်မှာ သူပင် လိုက်၍ မမီချေ။ သူ့အိမ်မှာလည်း မြတ်သောခင်ဆိုသော မိန်းကလေးတစ်ယောက်သည် အဲဒီပုံစံအတိုင်းပင် ရဲတင်းဖျတ်လတ်စွာ နေရာတကာ ပါတတ်လေသည်။

သူတို့သုံးယောက် (Restrudt) တစ်ခုဆီသို့ ထွက်လာခဲ့ကြသည်။

သူ့စိတ်ထဲတွင် ကောင်လေး၏ အပြုအမူနှင့် မေ့ကို ကြည့်သော မျက်လုံးအကြည့်များကို စနိုးစနောင့် ဖြစ်နေလေသည်။

ကားကိုလည်း ကျင်လည်စွာ မောင်းတတ်ပုံရလေသည်။

ဒီကောင်လေးဟာ ဘာရည်ရွယ်ချက်နဲ့များ မေ့အိမ်မှာ နေခွင့်ရဖို့ ကြိုးစားခဲ့တာပါလိမ့်။

သံသယ ဖြစ်ဖွယ်ကောင်းသည်မှာ ပြာလွင်မိုးနှင့် မြတ်သောခင်တို့ သူနှင့် မေ့အိမ်သို့ အသီးသီး ရောက်ရှိလာပုံရသည်။ ပြီးတော့ ရောက်ရှိလာပုံမှာ တစ်ထေရာတည်း ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ နောက်ကွယ်မှာ ဘယ်လို ရည်ရွယ်ချက်မျိုးများ ရှိနေနိုင်သလဲ။

သူ လေးလေးနက်နက် စဉ်းစားကြည့်သည်။

စားသောက်ဆိုင်တွင် အတူတူ စားနေကြချိန်တွင် ပြာလွင်မိုးက မေ့ကို အရိပ်တကြည့်ကြည့်နှင့် မကြာခဏ ဟင်းတွေ ထည့်ပေးတာကို နေလင်းရဲ့ အမြင်ကတ်လာသည်။

သူကိုယ်တိုင်လည်း မေ့ကို ဂရုတစိုက် ရှိနေပါလျက်နှင့် ဘာမှ မဆိုင်သော ထိုကောင်လေးက ဘာကြောင့် ဝင်ရှုပ်နေရပါသလဲ။

ဂုဏ်သိက္ခာတွေ ဘာတွေကိုသာ ထောက်ထားငဲ့ညှာမနေရဘူးဆိုပါလျှင် သူသည် ထိုလူရှုပ်ကလေးကို အခုချက်ချင်း မောင်းထုတ်ပစ်မိမှာ သေချာသည်။

မေကတော့ သူမ၏ ပုံစံအတိုင်း ဣန္ဒြေရရ အေးအေးဆေးဆေးပဲ ဖြစ်သည်။

သူ တစ်ချိန်လုံး အကဲခတ်နေရသလောက်တော့ ကောင်လေး၏ မေ့ကို ကြည့်သော အကြည့်တွေသည် လုံးဝ မရိုးသားချေ။

စားသောက်ပြီးချိန်မှာတော့ ကောင်လေးကို ပထုတ်ဖို့ အချိန်တန်ပြီဟု သူ ဆုံးဖြတ်လိုက်သည်။

"ကဲ ... ငါ့ညီ ဒီကနေပဲ အိမ်ကို ပြန်လိုက်တော့၊ ပြန်တတ်တယ် မဟုတ်လား ...

ကိုယ်နဲ့ မေ အေးအေးဆေးဆေး စကားဆက်ပြောလိုက်ဦးမယ်"



ဟု ဆိုမှပဲ ကိုယ်တော်ချောက နှုတ်ဆက်ခါ ပြန်သွားလေသည်။ ပြာလွင်မိုး ပြန်သွားချိန်တွင် သူက မေ့ကို စကားစ,ပြောလိုက်သည်။

"ကောင်းလေးရဲ့ အခြေအနေက ဘယ်လိုရှိသလဲ မေ၊ ကြည့်ရတာတော့ တော်တော်ကလေး ရဲတင်းသွက်လက်ပုံပဲ"

"အလိုက်တော့သိတယ် မောင်၊ ကျွန်မ ခိုင်းစရာမလိုဘဲ ခြံထဲက ကိစ္စတွေ၊ အိမ်ကိစ္စတွေ ကားဆေးတာကအစ ကျွန်မ သွားချင်တဲ့နေရာရှိရင် ကျွန်မကို ကားမမောင်းခိုင်းဘူး၊ သူပဲ လိုက်ပို့ပေးတတ်တယ်"

"အဲဒါ မေ့ရဲ့ ယုံကြည်မှုကို အရယူနေတာလို့ ကိုယ်တော့ ထင်တယ် မေ"

"ဘာဖြစ်လို့လဲ မောင်၊ မောင် သူ့ကို သံသယ တစ်ခုခုများ ရှိနေလို့လား"

"ဟုတ်တယ် မေ၊ ဒီကောင်လေး ကြည့်ရတာ သိပ် သွေးရိုးသားရိုးတော့ မဟုတ်ဘူး၊ မေ့ကို ကြည့်ပုံတွေလည်း မရိုးသားဘူး"

"ဩော် ... ဖြစ်မှဖြစ်ရလေ"

မေက မျက်ခုံးကလေးပင့်ကာ အားပါးတရ ပြုံးလေသည်။

"မေ့ထက် အသက်အများကြီး ငယ်ပါတယ် မောင်ရယ်၊ မဖြစ်နိုင်တာတွေ လျှောက်တွေးမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ မေ၊ လောကမှာ အားလုံး ဖြစ်နိုင်တာချည်းပဲ၊ ဘယ်သူ့ကိုမှ လျှော့တွက်မထားနဲ့ မေ ...

ကိုယ် ပြောပြမယ် ... ကိုယ့်အိမ်မှာ ရောက်နေတာ မြတ်သောခင်ဆိုတဲ့ မိန်းကလေးနဲ့ အခု မေ့ အိမ်မှာ ရောက်နေတဲ့ ပြာလွင်မိုးဆိုတဲ့ ကောင်လေးရဲ့ကြားမှာ ဆက်သွယ်မှု တစ်ခုခုတော့ ရှိလိမ့်မယ်လို့ ကိုယ် တွေးမိတယ် ...

သူတို့နှစ်ယောက်လုံးရဲ့ နောက်ကွယ်မှာ မေ့ရဲ့သမီး ရှိကောင်းရှိနိုင်တယ်"

"ဘာဖြစ်လို့ မောင်က အဲဒီလို တွေးရတာလဲ"

"ကိုယ် တစ်ခုခုကို တွေးမိလို့ပါ မေ၊ မေ့ရဲ့ သမီးပုံစံကို ကိုယ့်ကို ပြန်ပြောပြစမ်းပါ"

"အသားက မဖြူမညိုပဲ မောင်၊ အရပ်က ငါးပေခုနစ်လက်မ လောက်တော့ ရှိမယ်၊ မျက်လုံးဝိုင်းဝိုင်း မျက်နှာသွယ်သွယ် ကလေးနဲ့ ဆံပင်က ပခုံးဝဲရုံ ဖြောင့်ဖြောင့်စင်းစင်းကလေး ပဲ ...

ကျွန်မ ပြောဖူးတယ် မဟုတ်လား၊ သမီးဆီမှာ အထူးခြား ဆုံးက အရမ်းကလေးဆန်တဲ့ အမူအရာလေးတွေ ရှိတယ်"

နေလင်းရုံက အားပါးတရ ပြုံးလိုက်ကာ ...

"ကိုယ်ထင်တာ မမှားဘူးဆိုရင် ကိုယ့်အိမ်မှာ ရောက်နေတဲ့ မြတ်သောခင်ဆိုတဲ့ မိန်းကလေးဟာ မေ့ရဲ့ သမီး ...



ပြီးတော့ အခု မေ့ဆီမှာ ရောက်နေတဲ့ ပြာလွင်မိုး ဆိုတဲ့ ကောင်လေးဟာလည်း မေ့သမီးနဲ့ တစ်နည်းမဟုတ် တစ်နည်းနည်း ပတ်သက်တဲ့လူ ဖြစ်ရမယ်"

"ဘယ်လို"

မေက တအံ့တဩ နားမလည်နိုင်စွာဖြင့် မျက်လုံး ကလေး ဝိုင်းသွားသည်။

"ဟုတ်တယ်လေ၊ ကိုယ့်အိမ်မှာ ရောက်နေတဲ့ မြတ်သော ခင် ပုံစံက ခုန မေ ပြောပြတဲ့ မိဟေး ပုံစံပဲ"

"မောင် ... မောင် တကယ် ပြောနေတာလားဟင်၊ အဲဒါ ဆိုရင် ကျွန်မ မောင့်အိမ်ကို လိုက်ခဲ့မယ်လေ၊ ကျွန်မ သမီးကို တွေ့ချင်လှပြီ ...

ကြည့်စမ်း ... သမီး ဘာတွေ လျှောက်လုပ်နေပါလိမ့်၊ တကယ်တမ်းသာ မောင့်အိမ်မှာ သမီး ရောက်နေတယ်ဆို ရင် သမီးဆီမှာ ဘယ်လို စိတ်ကူးအကြံဉာဏ်တွေများ ရှိနေလို့လဲ"

"ဟုတ်တယ် မေ၊ အဲဒါကို ကိုယ် သိချင်တာ၊ ပထမတော့ ကိုယ်လည်း မရိပ်မိပါဘူး၊ အခုမှ တွေးရင်း တွေးရင်းနဲ့ ဖြစ်နိုင်ချေအရှိဆုံး အချက်ကို စဉ်းစားလိုက်မိတာ ...

တစ်ခုရှိတာက မေ့သမီး မိဟေးက အရမ်း ကလေး ဆန်တယ်ဆို ...

အဲဒီတော့ သူ ကလေးဆန်ဆန်ပဲ တွေးလိမ့်မယ် ထင်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ရောက်လာပုံက အဆန်းပဲ၊ ပြီးတော့ သူ မရောက်ခင်တစ်ရက်က ကိုယ့်ရဲ့ ခြံရှေ့မှာ မိန်းကလေးတစ်စုကြီးပါတဲ့ တက္ကစီတစ်စီး ရပ်ထားပြီး ...

မိန်းကလေးတစ်ယောက်က ကိုယ်နဲ့ တွေ့ချင်တယ် မန္တလေးကပါလို့ ပြောပြီး ကိုယ်လည်း ထွက်လာရော အဲဒီ တက္ကစီကြီး ဝရုန်းသုန်းကားနဲ့ မောင်းပြေးပါလေရော ...

အဲဒီအဖြစ်အပျက်ဖြစ်ပြီး ဘာမှ မကြာဘူး နောက်နေ့မှာ အဲ မြတ်သောခင်ဆိုတဲ့ မိန်းကလေးကို ကားနဲ့ တိုက်မိမလို ဖြစ်တာပဲ ...

ဒါပေမဲ့ တကယ်တမ်းကလည်း ကိုယ်က ကားနဲ့ တိုက်မိတာမဟုတ်ဘူး၊ သူ့ဘာသာသူ ပြေးဝင်လာတာ ...

နောက်ထပ် ကိုယ် ဆက်စပ်မိတာတွေ ရှိသေးတာက ဟိုတစ်နေ့ညက ကိုယ့်ဆီကို မိန်းကလေးငယ်လေးတွေ ဖုန်းဆက်သေးတယ် ...

ပထမတော့ ဖုန်းမှားလို့ဆိုပြီး နောက်တော့ ဦးအသံက သိပ်နားထောင်လို့ ကောင်းတာပဲ၊ ဆွဲဆောင်မှုရှိတယ်၊ ဦးနဲ့ စကားဆက်ပြောချင်တယ်၊ ဘာညာနဲ့ ပရောပရီတွေ လုပ်သေးတယ် ...

အဲဒါတွေလည်း မိဟေးနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်လိမ့်မယ်လို့ ကိုယ် ထင်တယ် ...

ပြီးတော့ ကိုယ့်အိမ်မှာ ရှိနေတဲ့ မြတ်သောခင်ရဲ့ လှုပ်ရှားမှုတွေကို ကိုယ် မောင်တိုးကလေးကို စောင့်ကြည့်ခိုင်းထားတယ် ...



မောင်တိုး ပြောပြပုံအရကတော့ မြတ်သောခင်ဟာ ကိုယ့်အိမ်မှာ ရိုးရိုးသားသား နေရုံသက်သက်တော့ ရောက်နေတာ မဟုတ်ဘူး ...

ဘာဖြစ်လို့လဲဆိုတော့ သူ့ ကြည့်ရတာ ကိုယ်နဲ့ အတူတူ ထမင်းလက်ဆုံစားရဲတယ်၊ ကိုယ်နဲ့ စကားတွေ ပြောရဲတယ်၊ ကိုယ့်ချစ်သူ မေ့အကြောင်းတွေကို သူ မသိမသာလေး စုံစမ်းတယ် ...

ပြီးတော့ ကိုယ် မရှိရင် ဖုန်းတစ်လုံးနဲ့ အလုပ်တွေ ရှုပ်နေတတ်တယ်လို့ မောင်တိုးက ပြန်ပြောပြတယ် ...

အဲဒါတွေအားလုံးကို ကိုယ် ပြန်တွေးကြည့်လိုက်မိတော့ အဲဒီ မိန်းကလေးဟာ မေ့ရဲ့သမီး မိဟေးကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ”

“ကြည့်စမ်း ... ဒီကောင်မလေး ဘာတွေများ လျှောက်လုပ်နေပါလိမ့် ...

အို ... ဘယ်လိုပဲဖြစ်ဖြစ် မေ သမီးနဲ့ တွေ့ချင်တယ် မောင်၊ မေတို့ ရန်ကုန်ကို ပြန်ဆင်းရအောင်”

မေမြမဒီက ချက်ချင်းပင် တလှိုက်တလှဲ ရှိလာပြီး အားတက်ကြွကြွ ပြောလေသည်။

နေလင်းရဲက ...

“ခဏလေး စိတ်ရှည် လက်ရှည်ကလေးနဲ့ သည်းခံပြီးတော့ စောင့်ပေးပါလား မေ၊ မိဟေး ဘာတွေ ဆက်လုပ်မလဲဆိုတာ ကိုယ် သိချင်တယ်။ ဒီအခြေအနေဟာ ကိုယ်တို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အတွက် ကောင်းသောအခြေအနေ ဖြစ်လာဖို့ရှိ တယ် ...

ဘာဖြစ်လို့လဲဆိုတော့ မိဟေး ကြည့်ရတာ ခါးခါး သီးသီးကြီး သဘောမတူဘဲ မေ့ကို ဆန့်ကျင်ပြီး ထွက်ပြေး သွားတာမျိုး မဟုတ်ဘဲ၊ ကိုယ် ဘယ်လိုလူစားမျိုးလဲဆို တာ သိချင်လို့ သူ့ဘာသာသူ ဝင်ပြီး အနီးကပ် စုံစမ်း နေတာမျိုးလည်း ဖြစ်နိုင်တယ် ...

ကိုယ်ကတော့ သူ့ကို ဒီအတိုင်း အသာကလေး လွှတ်ထားပြီး အခြေအနေကို စောင့်ကြည့်ချင်တယ် မေ ...

သူနဲ့ အတူတူ တစ်အိမ်တည်းမှာ ရင်းရင်းနှီးနှီး နေခွင့်ရတော့ ကိုယ် ပြောချင်တာလေးတွေ၊ ကိုယ် ဖြစ်စေ ချင်တာလေးတွေကိုလည်း သူ့ကို မသိမသာ ဆွဲဆောင်ယူ လို့ ရတာပေါ့ ...

တကယ်တမ်းသာ ကိုယ့်အိမ်မှာ ရောက်နေတဲ့ မြတ်သောခင်ဟာ မေ့သမီး မိဟေးပဲဆိုရင် မေ အသာလေး မသိချင်ယောင်ပဲ ဆောင်နေပေးပါ မေ ...

ဘာဖြစ်လို့လဲဆိုတော့ မေနဲ့ ကိုယ် လက်ထပ်ခွင့် ရဖို့အတွက် အဲဒါဟာ အခွင့်အရေးတစ်ခု ဖြစ်နေလို့ပဲ"

"ဒါဆိုရင် သမီးရဲ့ ရည်ရွယ်ချက်က ဘာလဲ မောင်၊ မောင့်ကို လေ့လာရုံသက်သက်တော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ် လို့ ပြာလွင်မိုးဆိုတဲ့ ကောင်လေးကို ကျွန်မဆီ ရောက် အောင် သူ စီစဉ်တာလဲ"



"ကလေးအတွေးနဲ့ တွေးရင်တော့ ရှင်းရှင်းကလေးပဲ ...

သူ လိုချင်တဲ့ အဓိကအချက်က မေနဲ့မောင် နားလည်မှုလွဲဖို့။ မောင်က မေနဲ့ အဲဒီကောင်လေးကို သဝန်တိုမယ်၊ သံသရတွေ ဖြစ်မယ်၊ ပြီးတော့ မေနဲ့ မောင် အကြားမှာ အနှောင့်အယှက်ကလေးတွေ ဖြစ်မယ် ...

တစ်ဖက်မှာလည်း ကိုယ့်ကို မိဟေးက မေ ကိုယ့် ကို အထင်လွဲအောင် သူ့နည်းသူ့ဟန်နဲ့ ကြိုးစားလိမ့်ဦးမယ် ထင်တယ် ...

ဥပမာ ကိုယ် ဖုန်းဆက်တဲ့ ကလေးမလေးတွေဟာ မိဟေးရဲ့ သူငယ်ချင်းမလေးတွေ ဖြစ်နိုင်တယ်၊ သူတို့ တစ်နည်းတစ်ဖုံ ကိုယ့်ကို ချဉ်းကပ်ကြလိမ့်ဦးမယ် ...

ကိုယ်ထင်တာတော့ မိဟေး စိတ်ကူးပုံက တော်တော် လေး ကလေးဆန်တယ် မေ၊ သူ့ရဲ့ ရည်ရွယ်ချက် မေနဲ့ ကိုယ့်ကို အထင်လွဲ ပြဿနာတွေဖြစ်ပြီး လက်မထပ်ဖြစ် အောင် ကိုယ်တို့ နှစ်ယောက်ကြားကို ကြားလူတွေ ထည့် ပေးချင်တာ ဖြစ်လိမ့်မယ်"

မေက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ...မီးရဲ့ အကြောင်းကို မေ ကောင်းစွာသိပါသည်။

သိပ်ကလေးကလား တွေးတတ်တဲ့ မိဟေး။ ဖြစ် ...တာ မဖြစ်နိုင်တာကို မတွေးဘဲ သူ ဖြစ်ချင်တာကို ဇွတ်တရွတ် ...ပ်ယူတတ်တဲ့ သမီးကလေးဖြစ်သည်။

မောင် ပြောတာတွေသာ တကယ်မှန်တယ်ဆိုရင် ...ားသည် မေနှင့် မောင့်ကို ခွဲဖို့ သူ့နည်းသူ့ဟန်နှင့် ကြိုးစား ...ခြင်း ဖြစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် မောင်ရယ်၊ ကျွန်မတော့ သမီး
သိပ်တွေ့ချင်တယ် ...

ဒါပေမဲ့ တစ်ခုတော့ ကောင်းတယ်၊ သမီး မောင့်န
မှာ ရှိနေပြီဆိုတာကို သိလိုက်ရတော့ သမီး ဘယ်မှာရော
နေမှန်း စိတ်ပူနေရတာထက်စာရင် နည်းနည်းတော့ ခံစာ
သက်သာသွားတာပေါ့ မောင် ...

မောင့် သဘောပဲလေ။ သမီး ဘာတွေ ဆက်လု
မလဲ ဆိုတာ စောင့်ကြည့်ကြတာပေါ့ ...

ကျွန်မ အလိုက်သင့်ကလေး နေပေးပါ့မယ် ...

မောင့်အိမ်မှာ ရောက်နေတဲ့ မိန်းကလေးဟာ မိ
တကယ် ဟုတ်မဟုတ်ဆိုတာတော့ ကျွန်မ သိချင်တယ်"

"အဲဒါတော့ စိတ်ချ မေ၊ ကိုယ် ရန်ကုန် ပြန်ရောက်
အဲဒီမိန်းကလေးကို သူ မသိအောင် ဓာတ်ပုံခိုးရိုက်ပြ
မေ့ဆီ ပို့လိုက်ပေးမယ် ...

အဲဒါဆို မေ သိပြီပေါ့"

"သမီးကို ဂရုစိုက်ပေးပါ မောင်ရယ်၊ မောင့်ကို သမီး
အဖေတစ်ယောက်ဖြစ်ခွင့် ရစေချင်တယ်"

"စိတ်ချပါ မေ၊ ကိုယ်လည်း သမီးရဲ့ အဖေ ဖြစ်ချင်
တယ် ...

မေရယ်၊ ကိုယ်ရယ်၊ သမီးလေးရယ် သုံးယော
နားလည်မှုရှိစွာနဲ့ မိသားစုဘဝလေးတစ်ခု ဖန်တီးချင်
တယ် ...



အခုလို အခြေအနေကလေး ဖြစ်လာတာကိုပဲ ကိုယ် တော်တော်လေး ဝမ်းသာနေပြီ ...

ဒီအတွေးကို ကိုယ် အခုမှ ရလိုက်တာ။ မနေ့က အချိန်ထိ မြတ်သောခင်ကို မိဟေး ဖြစ်နိုင်လိမ့်မယ်လို့ လုံးဝ သံသယ မရှိခဲ့ဘူး ...

အခု ပြာလွှင်မိုးဆိုတဲ့ ကောင်လေးကို တွေ့လိုက်ရမှ သူတို့ရဲ့ ရည်ရွယ်ချက်ကလေးတွေကို နည်းနည်း ရိပ်မိလာ သလိုလို ရှိတယ်။ အဲဒီနေ့က ဆက်စပ်ပြီး တွေးကြည့်လိုက် မိတော့ ဒါတွေအားလုံးဟာ သိပ်ကို ကလေးဆန်တဲ့ လုပ်ကြံဖန်တီးမှုကလေးပဲ ဆိုတာကို ကိုယ် ရိပ်မိလာတယ် ...

မေ ပြောတော့လည်း မိဟေးက သိပ်ကလေးဆန် တာဆိုတော့ ဒါတွေအားလုံး မိဟေးရဲ့ လက်ချက်ပဲ ဖြစ် လိမ့်မယ်၊ ကောင်းပါတယ် မေ ...

တကယ်တော့ မိဟေးရဲ့ ရည်ရွယ်ချက်က ကိုယ်တို့ နှစ်ယောက်ကို ခွဲဖို့ဆိုပေမဲ့ ဒီအခွင့်အရေးလေးကို ကိုယ် ရလိုက်တဲ့အတွက် အဲဒီအခွင့်အရေးကို ကိုယ်လက်လွှတ်ခဲ့လို့ မဖြစ်ဘူး ...

ဒီအခြေအနေကလေးမှာ ကိုယ့်ကို မိဟေး နားလည် ယုံကြည်သွားအောင် ကိုယ် အစွမ်းကုန် ကြိုးစားပါ့မယ် မေ"

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ သမီးကို မောင့်ဆီမှာ ကျွန်မ စိတ်ချပါတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



နေလင်းရုံက ပြုံးကာ မေ့ရဲ့ လက်ကလေးကို အသာအရာ ဆွဲယူလိုက်၍ သူ့ရဲ့ ရင်ဘတ်ဆီမှာ ကပ်ထားလိုက်သည်။

"ကောင်လေးနဲ့လည်း ကိုယ် စိတ်ချမယ်နော်"

ဟု ခပ်နောက်နောက် ပြောလိုက်သောအခါ မေက အသံကလေး ထွက်အောင်ပင် တသိမ့်သိမ့် ရယ်မောလေသည်။

"ဟား ဟား ... သမီးက တော်တော်ရယ်ဖို့ကောင်းတာပဲနော် သူ့ကိုယ်သူ ကံဇာတ်ဆရာများ အောက်မေ့နေလား မသိဘူး ...

ဒါ့ပေမဲ့ လွှတ်ထားပေးလိုက်ဦးမယ်၊ သူ ဘာတွေ ဆက်ကြံစည်မလဲဆိုတာကို မေတို့ အသာကလေး စောင့်ကြည့်ကြတာပေါ့"

"ဒါပေါ့ မေရယ်၊ ကိုယ် ပြောသားပဲ၊ အဲဒါ ကိုယ်တို့အတွက် အခွင့်အရေး တစ်ခုပါဆို ...

ဒီတစ်ခါတော့ ကိုယ်တို့ မဝေးကြတော့ဘူး ထင်ပါတယ် မေ"

မေက သူ့လက်တစ်ဖက်ကို အားပါးတရ ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်သည်။

"မဝေးတော့ပါဘူး မောင်ရယ်၊ သမီး နားလည်ကြည်ဖြူအောင်သာ မောင် အစွမ်းကုန် ကြိုးစားပါ၊ သမီးကို ကျေကျေနပ်နပ်ပဲ ဖြစ်စေချင်တယ်၊ သမီးက ကျေကျေနပ်နပ် ကြည်ဖြူတယ်ဆိုမှ မောင့်ကို ကျွန်မ လက်ထပ်ချင်တယ် ...



မေတို့ အသက်အရွယ်က ကိုယ့်ရဲ့ နှလုံးသားကို စိတ်ခံစားမှုကို သိပ်ရှေ့တန်းတင်လို့တော့ မဖြစ်တော့ဘူးလေ ...

သမီးက သူ့ဘဝတစ်လျှောက်လုံး၊ လူဆက်လုပ်ရဦးမှာ။ သမီးရဲ့ နှလုံးသားမှာ ဘယ်လို ဒဏ်ရာ အနာတွေမျိုးမှ မေ့ကြောင့် မရစေချင်ဘူးလေ ...

သမီးရဲ့ ခံစားချက်ကိုလည်း မေ ကိုယ်ချင်းစာပါတယ်၊ သူ့အဖေရဲ့ နေရာမှာ တခြားနောက်ထပ် ဘယ်သူစိမ်း ယောကျ်ားတစ်ယောက်ကိုမှ အလွယ်တကူ အစားမဝင်စေချင်တာ သဘာဝကျပါတယ်"

"အဲဒီယောကျ်ားဟာ သမီးရဲ့ မေမေကို သိပ်ချစ်ရုံတင်မကပဲ သမီးရဲ့ ဘဝ အနာဂတ်တစ်ခုလုံးကိုပါ လုံခြုံစိတ်ချမှု ပေးစွမ်းနိုင်တဲ့ အဖေတစ်ယောက်လို့ မေတ္တာမျိုးနဲ့ ချစ်နိုင်မဲ့ ယောကျ်ားတစ်ယောက်ဆိုတာ သမီး လက်ခံယုံကြည်ဖို့ လိုတယ်လေ ...

"အဲဒါကို သမီး သိအောင် ကိုယ် သက်သေပြရမှာပေါ့"

အဲနောက်တော့ သူတို့နှစ်ယောက်သည် အခုမှစတင်၍ ချိန်းတွေ့ကြသော သမီးရည်းစားအသစ်စက်စက်ကလေးသို့ တစ်ယောက်ကိုတစ်ယောက် မက်မောရှည်ကြာစွာ ငေးစိုက်ကြည့်နေမိကြလေသည်။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ၏ ရယ်မောသံက မမဝနီ၏ တိုက်ခန်းကလေးထဲတွင် ကျယ်လောင်ဆူညံစွာ ထွက်ပေါ်လာလေသည်။

ဆုက မျက်နှာကို အစွန်းကုန်ရှုံ့မဲ့၍ထားကာ ...

"တကတဲမှပဲဟယ်၊ ယောကျ်ားတစ်ယောက်ကို မိန်းကလေးတစ်ယောက်က အိစီကလီလုပ်ပါတယ်ဆိုနေမှ သူကအချိန်ကို တန်ဖိုးရှိရှိအသုံးချဖို့ ဆုံးမတရားတွေ ချွေနေတယ် ...

တကယ် အံ့သြဖို့ကောင်းတဲ့လူ။ ရှင့်လူကြီးကတော့ မလွယ်ပါဘူး မိဟေးရာ"

"ဟော ... ဘယ့်နှယ် ကျုပ်လူကြီးရမှာလဲ၊ မေမေ့ရဲ့လူကြီး ဟဲ့၊ အခု မန္တလေး သွားရာပြီ။ အခုလောက်ဆို မေမေနဲ့ တွေ့နေလောက်ရောပေါ့ ...

ပြာလွင့်မိုးတစ်ယောက်လည်း ဖုန်းမဆက်သေးဘူး၊ အခြေအနေ ကောင်းမှကောင်းရဲ့လား မသိပါဘူး"

"ကောင်းမှာပါ မိဟေးရယ်၊ ပြာလွင့်အကြောင်း မမ ကောင်းကောင်းသိတယ်၊ ပြာလွင်က ဘယ်အသက်အရွယ်မရွေး မိန်းကလေးတိုင်း ကျလောက်အောင် သူ ခြူစားနိုင်စွမ်းရှိတယ်"



"ဟုတ်လား ... အဲဒီထဲမှာ မမဝနီရော ပါသေးလား"

"ဟား ... ဟား ... ဟား"

ရယ်မောသံများ သောသောညံသွားလေသည်။

"ဟဲ့ ... နေဦး ... နေဦး၊ အကြောင်းအရာက ဘေးချော်ထွက်မသွားနဲ့ဦးလေ၊ ကျုပ်တို့ အခု ပြောနေတာက ဦးနေလင်းရဲ့အကြောင်းပြောနေတာ ...

ဦးနေလင်းရဲ့ ကြည့်ရတာ လွယ်လွယ်ကူကူနဲ့တော့ မိန်းကလေးတွေကို ပြန်အိမ့် လူစားမျိုးတော့ မဟုတ်ဘူးနော် ...

အဲဒီတော့ သူ့ဆီကို ချဉ်းကပ်ဖို့ သူနဲ့ နီးနီးကပ်ကပ် ရင်းနှီးခွင့်ရဖို့ နောက်ထပ်တစ်မျိုး ကြံမှ ဖြစ်မယ် ...

ဖုန်းနဲ့အီလို့တော့ မရဘူး ဆရာ"

"အဲဒီတော့ ဘာလုပ်ရမှာလဲ၊ သူ့ရုံးမှာ စက္ကတေရီ သွားလျှောက်ပြီး အတင်း နသားကာယားနဲ့ ပလူးပလဲ လုပ်ရမှာလား"

အားလုံး ဝိုင်းရယ်ကြပြန်သည်။

"ဟုတ်တယ်၊ ဦးနေလင်းရဲ့ကို မှတ်ချက်တစ်ခု ပေးရမယ်ဆိုရင် မိန်းမတွေ အလွယ်တကူ ချဉ်းကပ်လို့မတဲ့ ယောကျ်ားအမျိုးအစားပဲ"

"အဲဒီတော့ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

"လုပ်ကြံဇာတ်တွေ ခင်းရမှာပေါ့ဟာ၊ မိဟေးတောင် သူ့အိမ်ပေါ် ရောက်နေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ … မိပေါး ကျုပ်တို့ထက်စာရင် ညည်းက အခွင့်အရေး ပိုပြီးတော့ရတယ် …

အဲဒီတော့ ဦးနေလင်းရုံကို ညည်းပဲ အစီစဉ် လုပ်ကြည့်ပါလား”

မေ့မေက ရုတ်တရက် အကြံရသလို ထအော်ပြော လိုက်သောအခါ မိပေါးသည် နှလုံးသားကို ဆွဲခါလိုက်ရသလို လှုပ်ခါသွားလေသည်။

“ဟာ … မဖြစ်နိုင်တာကို အဓိပ္ပာယ်မရှိတာ၊ သူက ကျုပ်ကို သမီးတစ်ယောက်လို ဆက်ဆံတာဟဲ့”

“အေးလေ … သူက သမီးတစ်ယောက်လို ဆက်ဆံတာဆိုရင် လည်း သမီးလိုပဲ နေလိုက်ပေါ့ …

ရှင့်မေမေနဲ့ သဘောတူလိုက်တော့ပေါ့ မိပေါးရယ်”

“ဟင့်အင်း … အဲဒီလိုကျပြန်တော့လည်း မေမေ့ကို အရမ်း နှမြောတယ်”

မိပေါးက ဝမ်းနည်းသလိုလို ကြေကြေကွဲကွဲကလေး ပြောလိုက်လေသည်။

မိပေါးကို ကြည့်ပြီး သူငယ်ချင်းတွေအားလုံး ငြိမ် သက်သွားကြပြန်သည်။

သူတို့ မိပေါးကို မရယ်မောရက်ပါ။

“ဟုတ်တယ်၊ တကယ်တော့ အဲဒါ ငါ့ရဲ့ အတ္တပဲ …

မေမေ့ကို သူ့လက်ထဲ ထည့်မပေးလိုက်နိုင်ဘူး။ မေမေ သူနဲ့နေရင် အရမ်း စိတ်ချမ်းသာမယ်ဆိုတာ ငါ သိပေမဲ့ အဲဒါကို ငါ့ရဲ့အတ္တက ခွင့်မပြုဘူး”



မိပေါး၏ မျက်လုံးများထဲတွင် မျက်ရည်များ ပြည့် သျှံလာလေသည်။

အလို မိပေါး၊ ဘာကြောင့်များ ငိုချင်နေရတာပါ သိမ့် …

“ကဲ … ကဲ … တော်ပြီ မိပေါး၊ ငိုမနေနဲ့တော့၊ ကျုပ် တို့ရဲ့ အစီအစဉ်အတိုင်း ရှင့်မေမေနဲ့ ဦးနေလင်းရုံကို ခွဲဖို့ အစီအစဉ်တွေကို မပျက်မကွက် ဆက်လုပ်ကြမယ် …

အခုတော့ စိတ်ပြေလက်ပျောက် ကျုပ်တို့ မြို့ထဲ ထွက်ကြစို့”

ဆုက ချက်ချင်းပဲ ဆော်ဩလိုက်လေသည်။

အဲဒီထက် နည်းနည်းလေး ပိုနောက်ကျသွားလျှင် မိပေါး ငိုတော့ မည်ဆိုတာကို ဆု ရိပ်မိပုံရလေသည်။

“ခဏနေဦးဟာ၊ ပြာလွင်မိုးဆီ အကျိုးအကြောင်း ဖုန်းဆက် မေးကြည့်ဦးမယ် …

သူကလည်း ဖုန်းကလေးတောင် ဆက်ဖော်မရဘူး”

မိပေါးသည် ဖုန်းဆီသို့ ထသွားကာ ပြာလွင်မိုး၏ (Mobile)ဖုန်းဆီသို့ ခေါ်လိုက်လေသည်။

“ကျုပ်တို့အားလုံး ကြားအောင် စပီကာ ဖွင့်ထား မိပေါး”

ဆုက ပြောလျှင် စပီကာခလုတ်ကို နှိပ်ချလိုက်သည်။

“ဟလို” ဟူသော ပြာလွင်မိုး၏ ချိုလွင်သော အသံ သည် ကြည်လင်စွာ ထွက်လာသောအခါ …

မိပေါးတို့ ငါးယောက်နှင့် မဝေနိုပါ တယ်လီဖုန်း ဘေးသို့ ဝိုင်း၍ စုပြုံ ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြာလွင်မိုးလား၊ မိဟေးပါ၊ ရှင်က ဖုန်းတောင်ဆက်ဖော် မရဘူး၊ အခြေအနေ ဘယ်လိုဖြစ်နေပြီလဲ ပြောပါဦး"

ပြာလွင်မိုးက ခပ်တိုးတိုး ရယ်မောလေသည်။

"အခြေအနေကတော့ ကြိုးစားတုန်းပဲပေါ့ကွာ၊ ဒီနေ့တော့ ဦးနေလင်းရဲ့ဆိုတဲ့ ဘိုးတော်ကြီး ရောက်လာတယ်လေ မမက သူနဲ့ ကိုယ့်ကို မိတ်ဆက်ပေးတယ် ...

ပြီးတော့ ကိုယ်တို့ (Reasturant) တစ်ခုမှာ ထမင်း အတူသွားစားကြတယ် ...

ဘိုးတော်က ကိုယ့်ကို တော်တော်လေး အကဲခတ် တယ်ကွ၊ သူ့ကြည့်ရတာ ကိုယ့်ကို သက်မကင်း ရှိပုံရ တယ် ...

သူ့ချစ်ချစ်ကို အလစ်သုတ်သွားမဲ့ ငနဲလို့ ကြိုတင် ရိပ်မိပုံ ရတယ် ...

ဟား ... ဟား ... ဟား"

မိဟေးက တယ်လီဖုန်းလေးသို့ မျက်စောင်းလှမ်း ထိုးလိုက်လေကာ ...

"ရှုတ်နှောက်နှောက်တွေ လုပ်မနေနဲ့ ပြာလွင်မိုး၊ မေမေနဲ့ ရှင့်ရဲ့ အခြေအနေတွေကို ပြောစမ်းပါ ...

ပြီးတော့ ဦးနေလင်းရဲ့နဲ့ မေမေ့ရဲ့ ဆက်ဆံရေးအခြေ အနေတွေကိုလည်း ပြောပြဦး"

"မမနဲ့ ကိုယ့်အခြေအနေက အိုကေတယ်လေ၊ မမက ကိုယ့်ကို ဂရုတစိုက် ရှိပါတယ် ...



ပြီးတော့ ဦးနေလင်းရဲ့ ကြည့်ရတာ မမကို သိပ်ချစ်ပုံ ပဲ ...

မမကလည်း ဦးနေလင်းရဲ့ကို သိပ်ချစ်ပုံရတယ် မိဟေး၊ သူတို့နှစ်ယောက်ကို ကြည့်ရတာ သိပ်ချစ်ကြတဲ့ ချစ်သူတွေနှစ်ယောက် ပြန်တွေ့ကြသလိုမျိုးပဲ ...

နှစ်ယောက်စလုံး နုပျိုလန်းဆန်းသွားပြီး တစ်ယောက် တစ်ယောက် အရိပ်တကြည့်ကြည့်နဲ့"

"ရှင်က ဘာမနာလိုဖြစ်စရာရှိသလဲ ပြာလွင်မိုး၊ ရှင့်အလုပ် က မေမေနဲ့ ဦးနေလင်းရဲ့ ကြားမှာ အနှောင့်အယှက် ပေးဖို့ပဲ ...

ရှင် သူတို့ကို မနှောင့်ယှက်ဘူးလား"

"ဘာ ... သိပ်နှောက်ယှက်တာပေါ့၊ ဒါပေမဲ့ ဦးနေလင်းရဲ့က ကိုယ့်ကို အတိုင်းအတာတစ်ခုထက်ပိုပြီး နှောက်ယှက်ခွင့် မပေးဘူးကွ ...

ကိုယ်တို့ စားသောက်ပြီးကြတဲ့ အချိန်ကျတော့ ဦးနေလင်းရဲ့က ကိုယ့်ကို ပထုတ်လိုက်တယ် ...

သူတို့နှစ်ယောက်တည်း ကျန်ခဲ့တယ် မိဟေး ...

ဒါနဲ့ ကိုယ် ထင်တာက သူတို့ ကိုယ်နဲ့ ပတ်သက် ပြီး ဆွေးနွေးကြလိမ့်မယ် ထင်တယ် ...

ဦးနေလင်းရဲ့ ကြည့်ရတာ သူချစ်တဲ့ မိန်းမတစ် ယောက်ရဲ့ ဘေးမှာ ကိုယ့်လို ခပ်ချောချော ခပ်သွက်သွက် ယောကျ်ားတစ်ယောက် ရှိနေတာကို သိပ်ကြိုက်ပုံ မပေါ် ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ကိုယ်သူ လူကြီးလူကောင်း ဆန်ကြောင်းလည်း ပြရသေးတယ်လေ၊ သူ့ကိုယ်သူ သဘောထားကြီးတယ်ပေါ့ ...

ဒါပေမဲ့ ကိုယ်တို့ယောကျ်ားချင်းကြတော့ သိတယ်ကွ ...

သူ့မျက်စိထဲမှာ ကိုယ်နဲ့ မမကို စိတ်မချတဲ့ အရိပ်တွေ မြင်နေရတယ်"

"အဲဒါကောင်းတယ် ပြာလွင်မိုး၊ ရှေ့ဆက်ပြီး ရှင်နဲ့ မေမေ့ကို သူ့ အထင်လွဲအောင် ရှင် ဆက်လုပ်ပေတော့၊ ရှင့်ကို စိတ်ချမယ်နော် ...

ပြီးတော့ ထပ်ပြီးတော့ မှာလိုက်မယ်။ မေမေ့ကို လုံးဝ မထိခိုက်ပါစေနှင့် ...

မေမေ့ရဲ့ ဂုဏ်သိက္ခာ၊ ပြီးတော့ မေမေ့ရဲ့ နှလုံးသား အဲဒါတွေကို ရှင် နည်းနည်းကလေးမှ မထိပါနဲ့စေနဲ့ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျား၊ ဟုတ်ကဲ့ပါ၊ ကဲ ... ဒါဆို ဒါပဲလား၊ အားလုံးကို ပြောလိုက်ပါကွာ၊ ကိုယ်က သတိရလျှက်ပါလို့"

ပြာလွင်မိုးက ရွှတ်နောက်နောက် ပြောပြီး ဖုန်းချသွားလေသည်။

"ကျုပ်တို့ ပြာလွင်မိုးကို ရွေးတာ မှားများမှားပြီလားတောင် မသိဘူးဟယ်၊ သူက ထင်ထားတာထက် ပိုပြီးတော့ သွက်လက်လွန်းနေတယ် ...



ပြီးတော့ သူ့ကြည့်ရတာ သိပ်လည်လွန်းတယ် ... ကျုပ် မေမေ့ကို စိတ်တောင် မချချင်တော့ဘူး"

မိပျောက မေမေ့အပေါ် ပြာလွင်မိုး စိတ်ပြောင်းလဲသွားမှာကို စိုးရိမ်နေသည်။

ပြီးတော့ ပြာလွင်မိုး ဆိုတာကလည်း 'ဓ'ကလေးနဲ့လူ ဖြစ်သည်မဟုတ်လား။

"စိတ်ချပါ မိပျောရယ်၊ ပြာလွင့်အတွက် မမဝနီ တာဝန်ယူတယ် ဟုတ်ပြီးလား၊ မိပျော မေမေ့ကို ဘာတစ်ခုမှ မထိခိုက်စေရဘူး မမဝနီ အာမခံတယ် ...

ပြာလွင်က လူရုပ်လူပွေကလေး ဆိုပေမဲ့ စိတ်ကောင်းတော့ ရှိပါတယ် ...

သူ့မှာ ယုတ်မာကောက်ကျစ်တတ်တဲ့ စိတ်မျိုးတော့ လုံးဝမရှိတာ သေချာတယ်၊ အဲဒါကိုတော့ မမ တာဝန်ယူတယ်"

"ပြောလို့မရဘူးလေ မမဝနီ၊ လူတစ်ယောက်ရဲ့စိတ်ဆိုတာ အမြဲတမ်း ပြောင်းလဲနေတတ်တာ၊ ပြီးတော့ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကိုဖြစ်စေ၊ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကိုဖြစ်စေ ရုတ်တရက် စိတ်ပြောင်းလွဲပြီးတွယ် သွားဖို့ဆိုတာ အထင်ကြီးစိတ်ကလေး တစ်ခု ဖြစ်သွားတယ်ဆိုရင်ပဲ လုံလောက်ပြီ"

မိပျောက ရင့်ကျက်တည်ငြိမ်စွာ ပြောလေသည်။

မိပျောသည် ကိုယ့်ကိုယ်ကိုယ် ဘာကို ရည်ရွယ်ပြီး ပြောမိသည်ဆိုတာကိုတော့ မရိပ်မိချေ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို အယင်ကြီးမိပြီဆိုရင် အဲဒီလူကို ချစ်မိသွားဖို့လည်း သိပ်မခက်လှတော့ချေ။

မေမေ့မှာ အထင်ကြီးစရာ အချက်အလက်တွေ အများကြီး။ ပြာလွင်မိုးဆိုသည်က ဘာသားနှင့် ထုထားသော ယောက်ျားမို့လို့လဲ။

သူ့မှာ သစ္စာစောင့်သိမှုဆိုတာ ရှိမည်မဟုတ်။ အလုပ်လုပ်နေသည်ဆိုပေမဲ့ သူ မေမေ့အပေါ် အချိန်မရွေး စိတ်ပြောင်းလဲသွားနိုင်သည်။

အို ... ငါ လုပ်မိတာ မှားများ မှားနေပြီလား။ အခုအချိန်ကျမှ မိဟေး နောင်တ ရချင်လာသလိုလို ရှိသည်။

တကယ်တော့ မိဟေး ဘာတွေ လျှောက်လုပ်ခဲ့မိတာပါလိမ့်။

သိပ်တော့ အဓိပ္ပာယ် မရှိလှဘူးထင်သည်။ သို့သော် မိဟေး ထင်ရာတွေ လျှောက်လုပ်ခဲ့မိပြီးပြီ။ အခုချိန်ကျမှ နောက်ဆုတ်၍ မဖြစ်နိုင်တော့ ...

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိဟေး ရှေ့ဆက်ပြီးတော့ လျှောက်ရမှာပဲ ...

မိဟေး အဓိက ဖြစ်ချင်သည်မှာ မေမေနှင့် ဦးနေလင်းရုံ ဝေးကွာသွားဖို့ပင် ဖြစ်လေသည်။

✣ ♦ ✣



## အခန်း(၅)

နေလင်းရုံက မြတ်သောခင် မသိအောင် ဓာတ်ပုံ ခိုးရိုက်သည်။ ထိုဓာတ်ပုံကို မေ့ဆီသို့ ပို့ပေးလိုက်ရာ မေ့ဆီမှ ...

"ဟုတ်တယ် မောင်၊ အဲဒါ မေ့ရဲ့ သမီးလေး မိဟေးပဲ၊ သတိသာထားပေတော့"

ဟု အကြောင်းပြန်လာချိန်မှ စ၍ နေလင်းရုံသည် မြတ်သောခင်ကို သူမ မရိပ်မိအောင် ဂရုတစိုက် ဆက်ဆံခဲ့လေသည်။

ပြီးတော့ သူမ ဘာတွေ လုပ်မလဲဆိုတာကို မသိမသာလေး အကဲခတ် စောင့်ကြည့်နေခဲ့သည်။

သူမ မသိအောင် တယ်လီဖုန်းကို သူ့အခန်း လိုင်းခွဲတစ်ခုမှနေ၍ (Recorder)တစ်ခု တိတ်တဆိတ် တပ်ဆင်ခဲ့သည်။

သူမက ခေါ်သမျှဖုန်းတွေ၊ သူမဆီ လာသမျှ ဖုန်းတွေ အားလုံးကို သူ (Record) လုပ်ယူထားခဲ့သည်။

သူမ အဓိက ဆက်သွယ်သည်မှာ သူမ၏ သူငယ်ချင်းများနှင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ ကြိုတင်မှန်းဆခဲ့သည့်အတိုင်း မန္တလေးမှ ပြာလွင်မိုးဆီသို့ဖြစ်သည်။

တစ်ခါတစ်ရံ ပြာလွင်မိုးဆီမှ ဖုန်း ဝင်လာခဲ့သ

သူမကတော့ ဘာမှ မသိရှာချေ။ သူမနှင့် သူမ သူငယ်ချင်းတွေ ကြိုတင် ကြံစည်စီစဉ်ထားသမျှ အားလုံ နေလင်းရုံက ကြိုတင်ပြီး သိနေခဲ့သည်။

"ကျုပ်တို့ရဲ့ အစီအစဉ် ဒီနေ့ စ,မယ်၊ ဆုရော ... ဓေ ကို အားလုံး အဆင်သင့် လုပ်ထားခိုင်းပါ၊ ဒီနေ့ ဦးနေလ သူ့ရဲ့ ရုံးခန်းကနေ ပြန်အထွက် ကားဆီကို အလာ မမဝနီက ဦးနေလင်းရုံရဲ့ ကားနားကနေ အဆင် စောင့်နေခိုင်း ...

ပြီးတော့ ဦးနေလင်းရုံ ကားနားရောက်လာပြီဆို နဲ့ ရုတ်တရက် မူးလဲချင်အောင် ဆောင်ရမယ်လို့ ...

အဲဒီအချိန်မှာ ဦးနေလင်းရုံက မမဝနီကို ထိန်း တော့ ပွေ့ဖက်လိုက်လိမ့်မယ် ...

အဲဒီအချိန်မှာ ရှင်တို့က တစ်နေရာရာကနေ ဓာ ကို အမိအရ ရအောင်ရိုက်ယူနော် ကြားလား၊ မလွဲစေနဲ့"

နေလင်းရုံသည် တယ်လီဖုန်းထဲမှာ ပြန်ကြားရသေ မိပေါး၏ အလွန်ကလေးဆန်ကာ ချစ်စဖွယ်ကောင်းသေ အစီအစဉ်ကလေးကို ကျိတ်၍ ရွှေတ်မိလေသည်။

သည်ကလေးမ၏ စိတ်ကလေးက အဖြူထ ကလေးပဲဖြစ်သည်။ သူမတွင် ကောက်ကျစ်ယုတ်မာလိုစိတ် အလျှ မရှိတာကို သူ သိပါသည်။



သူမ၏ ခံစားချက်ကိုလည်း သူ ကောင်းစွာ နားလည်၏။ သူမ ဖမေနှင့် သူ့ကို လက်မထပ်စေလိုသော စိတ်ဆန္ဒ တစ်ခုတည်းဖြင့်ပင် ဤမျှ ကလေးဆန်ကာ အဓိပ္ပာယ် ကင်းမဲ့လှသော အစီအစဉ်များကို လုပ်နေခဲ့ခြင်း ဖြစ်ပုံရသည်။

သူမနှင့်အတူတကွ ပေါင်းသင်းကြသော သူမ၏ သူငယ်ချင်းလေးတွေရော ဘယ်လောက်များ အသိဉာဏ် ရှိမှာမို့ လို့လဲ၊ သူမနှင့် ရွယ်တူတန်းတူကလေးတွေပဲ ဖြစ်မှာပေါ့။

ပြီးတော့ အခု သူမတို့၏ အစီအစဉ်မှာ ပါဝင် ပတ်သက်သည့် မမဝနီဆိုသော အမျိုးသမီးကလည်း သာမန် ခပ်ကြောင်ကြောင် ခပ်တုံးတုံး စဉ်းစားဆင်ခြင်နိုင်စွမ်း သိပ်မရှိ လှသည့် အမျိုးသမီးမျိုးထဲကပဲ ဖြစ်ပါလိမ့်မည်။

မိပေါး၏ အစီအစဉ်ကို ကြိုသိထားသောကြောင့် နေလင်းရုံသည် အဲဒီနေ့က ရုံးဆင်းချိန်တွင် စိတ်ထဲမှာ ကျိတ်ပြီး တော့ ရယ်ချင်နေခဲ့လေသည်။

ခပ်လှမ်းလှမ်း တစ်နေရာရာ ထောင့်အကွယ်မှာတော့ မိပေါး၏ သူငယ်ချင်းတချို့ ကင်မရာတစ်လုံး တစွယ်စွယ်ဖြင့် စောင့်နေကြလိမ့်မည်။

✤ ◆ ✤

www.burmeseclassic.com

www.burmeseclassic.com



"စနေ တနင်္ဂနွေ နေ့တွေမှာ များသောအားဖြင့် သူတို့
ဘာတွေ လုပ်တတ်လေ့ရှိသလဲ ပြာလွင်"

မိဟေးက စိတ်ဝင်စားစွာ စပ်စုကြည့်သောအခါ
ပြာလွင်မိုးက သဘောကျစွာ ရယ်မောနေခဲ့သည်။

"များသောအားဖြင့်တော့ မမရဲ့ အိမ်မှာ ဦးနေလင်းရဲ့
အချိန်ဖြုန်းလေ့ရှိတယ် ...

သူတို့နှစ်ယောက် ထမင်းဟင်းတွေ အတူတူ ချက်
တတ်ကြတယ်၊ ပြီးတော့ တစ်ခါတလေတော့ ပြင်ဦးလွင်
အထိ တက်သွားတတ်ကြတယ်၊ သူတို့နှစ်ယောက်
ကြည့်ရတာ အခုမှစပြီး လူကြီးတွေ မသိအောင် တိတ်
တဆိတ် ချစ်ကြိုက်ခွင့်ရတဲ့ ချစ်သူလေးနှစ်ယောက်
တိုးတိုး တိုးတိုးနဲ့ ဘာတွေ ပြောနေကြမှန်း မသိဘူး ...

ပြီးတော့ သူတို့နှစ်ယောက်လုံးရဲ့ မျက်နှာပေါ်မှာ
အမြဲတမ်း အပြုံးတွေ ဝေနေတတ်တယ်"

ပြာလွင်မိုးက တဖွဲ့တနွဲ့ ပြောပြလေသည်။ မိဟေး
သည် သက်ပြင်းကို အသာအယာ ခိုး၍ ရှိုက်ငင်မိလေသည်။



အဲဒီအချိန်ဆို မေမေရော သူပါ သိပ်ကို ရင်ခုန်ပျော်
ရွှင်နေကြမှာပဲ။

ပြီးတော့ တစ်သက်လုံး အဲဒီလို အတူတူ နေသွားချင်
စိတ်တွေ ထိန်းမနိုင်သိမ်းမရ ပေါ်ပေါက်လာကြလိမ့်မည်။

အဲဒီအချိန်မှာ သူတို့နှစ်ယောက်လုံးရဲ့ အာရုံထဲမှာ
မိဟေး ရှိလိမ့်မည် မထင်။

မိဟေးသည် ထိုအတွေးဖြင့် ရုတ်တရက် ဝမ်းနည်း
အားငယ်လာကာ မျက်လုံးတွေ မျက်ရည် ဝေလာလေသည်။

တကယ်တော့ မိဟေးသည် ကိုယ့်ကိုယ်ကိုယ်လည်း
အင်မတန် ဗိုလ်ကျဆိုးနွဲ့သော ဂျစ်ကန်ကန် ကလေးဆိုးလေး
တစ်ယောက်နှင့် တူနေမှန်းလည်း သိပါသည်။

သို့သော် အဲဒါကို မိဟေး ဝန်မခံချင်။

မိဟေး၏ စိတ်ထဲမှာ ပထွေးအလိုမရှိသော အာဃာတ
စိတ်တစ်မျိုးတည်းသာ ကိန်းဝပ်သည်မဟုတ်။ မေမေ့ကို
လက်လွှတ်ဆုံးရှုံးမခံချင်သော နမြောဝန်တိုစိတ်ကလည်း လွှမ်းမိုး
ချုပ်ကိုင်ထားလျက်ရှိသည်။

ထို့ကြောင့် မိဟေးသည် သောကြာနေ့ ညများကို
မုန်းသည်။ တနင်္ဂနွေနေ့ည ဦးနေလင်းရဲ့ မေမေ့ဆီမှ ပြန်ရောက်
လာသော အချိန်တွင်တော့ စိတ်ထဲမှာ တစ်ခုခု ပြန်လည်၍
ပြည့်စုံသွားသလို ခံစားရမြဲ ဖြစ်လေသည်။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက်တော့ လွန်လှပြီ မိဟေး ...

မမက ကိုယ့်အပေါ်မှာ သူ့ရဲ့ သားကလေးတစ်ယောက်လို မောင်ကလေးတစ်ယောက်လို စေတနာထားပြီး ဂရုစိုက်ရှာတာ ...

ကိုယ့်ကို ခု သူ့ကားမောင်းခွင့် ပေးထားတယ်၊ သူ့ရဲ့ ဒရိုင်ဘာဆိုလည်းဟုတ်၊ (စက္ကတေရီ)ဆိုလည်းဟုတ်ပေါ့။ မမအနားမှာ နေရတော့မှ မမရဲ့ စိတ်ဓာတ်နဲ့ စိတ်နေစိတ်ထားကို ကိုယ် သိခွင့်ရတယ် ...

သိပ် စိတ်ကောင်းရှိပြီး စေတနာထက်သန်တဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ လူတကာ အပေါ်မှာလည်း သူ ကူညီချင်စိတ်ရှိတယ် ...

ပြီးတော့ တစ်နေ့တခြား ကိုယ် ပိုပြီးတော့ သိလာရတာက မမဟာ ဦးနေလင်းရဲ့ကို တော်ရုံတန်ရုံ အချစ်မျိုးနဲ့ ချစ်တာမဟုတ်ဘူး ...

တကယ်ကို ဟိုးရင်ထဲအသည်းထဲကနေ လေးလေးနက်နက် စွဲစွဲနစ်နစ် ချစ်နေတာမျိုး ...



မမ စကားပြောတဲ့ အခါတိုင်း 'စကားအခွန်း ဆယ်ခွန်းမှာ ရှစ်ခွန်းလောက်က အမြဲတမ်း ပါတတ်တယ်...

ဦးနေလင်းရဲ့အကြောင်း ပြောနေပြီဆိုရင် မမရဲ့ မျက်နှာလေးက သိပ်ကို နုပျို အပြစ်ကင်းစင်သွားတော့ တာပဲ ...

အထူးသဖြင့် ဦးနေလင်းရဲ့ လာတော့မယ့် သောကြာ နေ့ညနေမျိုးဆိုရင် မမက ကလေးလေးတစ်ယောက်လို အပျိုစင်လေး တစ်ယောက်လို မြူးတူးပျော်ရွှင်နေတတ်တာ ကို ကိုယ် သတိထားမိလာတယ်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ သုခဘုံလေးထဲက လူလေးနှစ်ယောက်နဲ့ တူတယ် မိဟေး ...

သိပ်ချမ်းသာဖို့ကောင်းတာပဲ"

ဟု ပြာလွင်မိုးက ပြောပြသောအခါ မိဟေးသည် ...ကို သံသယမရှိ အကြွင်းမဲ့ ယုံကြည်ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ပြာလွင်မိုး ဖြောပြသည့်အတိုင်း ...လင်းရဲ့ကလည်း မေမေ့အပေါ် ဟိုးရင်ထဲ အသည်းထဲကနေ ...ခ်နှစ် ငြိတွယ်ချစ်မြတ်နိုးနေတယ်ဆိုတာကို မိဟေးကိုယ်တိုင် ...ည်း ရိပ်မိနားလည်လာခဲ့သောကြောင့် ဖြစ်ပါသည်။

♣ ♦ ♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

မေမြမဒီသည် သမီး၏ ရှုနှမ်း လောက်သော စိတ်ကူး ယဉ်ဆန်း... နေလင်းရဲ့ ပြောပြသမျှ နားထောင်ရင်း အူလှိုက် သည်းလှို... ရယ်မောမိလေသည်။

နေလင်းရုံကလည်း မေ့ကို မိပေါး လုပ်သ... အလုံးစုံ အသေးစိတ် ပြန်လည်ပြောပြကာ သဘောကျစွာ ရယ်... လျက် ရှိလေသည်။

“မိပေါးဟာ အဲဒီလောက်ကို ကလေးဆန်တာ မောင်ရဲ့...

သူ့ကိုသူ အသက်နှစ်ဆယ် ကျော်ပြီဆိုတာ... မေ့နေပုံရတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မောင်ရယ် အ... သိပ်ချစ်တဲ့စိတ်နဲ့ သူ နှမြောဝန်တိုစိတ်နဲ့ လုပ်ချင်... တစ်ရှူးထိုး လျှောက်လုပ်နေတာကို မောင်က ခွင့်လွှ... နားလည်ပေးစေချင်တယ်”

“ခွင့်လွှတ်တာပေါ့ မေရယ်၊ နားလည်းနားလည်ပါတယ်...

ဒီအရွယ် ကလေးတွေဟာ များသောအားဖြင့် သူ... ရဲ့ စိတ်ထဲမှာ မှန်တယ်လို့ ထင်တဲ့ဟာကို ဘယ်လော...



အဓိပ္ပာယ်မရှိ ဖြစ်နေစမ်းပါစေ ရအောင် လုပ်ယူတတ်ကြ တာမျိုး မေရဲ့ ...

မောင် နားလည်ပါတယ်၊ ဒါကြောင့်လည်း မောင့်ကို သူ အမျိုးမျိုး ကြံစည်လုပ်ကြံနေတာတွေကို မောင် သိသိကြီးနဲ့ မသိချင်ဟန်ဆောင်ပြီး မသိမသာလေး ရှောင် နေရတာပေါ့ ...

“ပြာလွင်မိုးဆိုတဲ့ ကောင်ကရော ဘယ်လို အခြေ အနေရှိသလဲ မေ ...

သူက မေ့အိမ်မှာပဲ ဒီအတိုင်း ဆက်နေတော့မလို့ လား”

“အဲဒါတော့ ပြောရခက်တယ် မောင်၊ မေ့စိတ်ထဲမှာ အဲဒီ ပြာလွင်မိုး ဆိုတဲ့ ကောင်လေးဟာ သမီးနဲ့ တစ်နည်း နည်း တစ်ဖုံဖုံ ပတ်သက်နေလိမ့်မယ်လို့ မေ ခံစားနေရ တယ် ...

အဲဒါကြောင့် မေ သူ့ကို ပြတ်ပြတ်သားသား ပစ်ပစ်ခါခါ မလုပ်ရက်သေးတာ ...

သူကလည်း အရမ်းအလိုက်သိတယ် မောင်၊ မေ့ကို အရိပ်တကြည့်ကြည့်နဲ့ ကူညီလုပ်ကိုင်ပေးတယ် ...

အခုဆိုရင် မေ့အတွက် ကားဒရိုင်ဘာ မပူရဘူး။ အစစအရာရာ တောက်တိုမည်ရ ဟိုပြေးသည်ပြေး အိမ်ရဲ့ အလုပ်တွေ အားလုံး သူပဲ လုပ်ပေးတာ ...

တော်တော် အလိုက်သိပြီး အားကိုးရတဲ့ ကလေး တစ်ယောက်ပဲ မောင်”

www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ထားပါ မေ၊ ယောကျ်ားဆိုတာ ဘယ်ယောကျ်ားကိုမှ လျှော့တွက်လို့ မရဘူး။ အထူးသဖြင့် သူတို့လို နှစ်ဆယ်ပတ်ဝန်းကျင် အရွယ်ကလေးတွေဟာ စိတ်အလိုနောက်ကို ကောက်ကောက်ပါအောင် လိုက်တတ်တာမျိုး၊ ပြီးတော့ မိုက်ရူးရဲလည်း ဆန်တတ်ကြတယ်"

"သတိထားပါတယ် မောင်ရယ်၊ ကျွန်မအကြောင်း မောင်သိရဲ့သားနဲ့ ...

ကျွန်မ ဘယ်တုန်းက ကိုယ့်စိတ်ကို ကိုယ် အလေးပေးဖူးလို့လဲ၊ ဒီကလေးနဲ့ ပတ်သက်ပြီးတော့ မောင့် စိတ်ထဲမှာ ဘာသံသယမှ မဖြစ်ပါနဲ့ မောင် ...

မိဟေးကိုသာ မောင် ဂရုစိုက်ပေးပါ"

"မိဟေးအတွက်က စိတ်ချပါ၊ မောင် စိတ်မချတာ မေ့ကိုပဲ၊ မောင့်ရဲ့ချစ်သူက အသက်ကြီးပြီဆိုပေမဲ့ ရုပ်ကလေးက အခုချိန်ထိ ငယ်ရွယ်နုပျိုတုန်း ...

ပြီးတော့ ထက်ထက်မြက်မြက် ဦးဆောင်နိုင်စွမ်းလည်း ရှိတယ်၊ အရာရာပြည့်စုံနေတဲ့ လုပ်ငန်းရှင်အမျိုးသမီးတစ်ယောက်လည်း ဖြစ်နေတော့ အဲ ... ပြာလွင်မိုးဆိုတဲ့ကောင်ကို စိတ်မချဘူးကွာ၊ ဒီကောင် ဘာကောင်လဲဆိုတာ ကိုယ် စုံစမ်းထားဖို့တော့ လိုလိမ့်မယ် ...

မိဟေးက ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဒီလိုကောင်မျိုးကို သူ့အမေနား ပို့ထားရတာပါလိမ့်၊ ကိုယ် စဉ်းစားလို့ကို မရဘူး"



မေက နေလင်းရဲ့ သဝန်တိုနေပုံကို ကြည့်ကာ ရယ်က် ...

"အခု ရှင် ဘာဖြစ်နေသလဲ သိလား မောင်၊ မိဟေးဆင်တဲ့ ထောင်ချောက်ထဲကို ဝင်မှန်းမသိ ဝင်နေပြီ၊ မိဟေးဖြစ်စေချင်တာက အဲဒီကောင်လေးနဲ့ မေ့ကို မောင် သံသယတွေဖြစ် မနာလိုဝန်တိုတွေဖြစ်ပြီး မေတို့နှစ်ယောက်ကြားမှာ ပြဿနာတွေ ဖြစ်စေချင်တာလေ ...

အခု မောင်က အဲဒီအတိုင်း ဖြစ်စေချင်နေပြီလား"

"ဖြစ်တော့ နည်းနည်းဖြစ်တယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်လေးက သိပ်ပြီးတော့ ဆွဲဆောင်မှုရှိတယ်။ မိန်းမတစ်ယောက်မပြောနဲ့ ကိုယ်တို့ ယောကျ်ားချင်းတောင် သူ့ရဲ့အထာကို ကောင်းကောင်းနားလည်တယ် ...

မေ့ကို ကြည့်တဲ့ မျက်လုံးတွေဟာ တစ်ပတ်နဲ့တစ်ပတ်တောင် မတူဘူး၊ ဟိုတစ်ပတ်က ကိုယ်လာတုန်းက နည်းနည်းစိမ်းသေးတယ်၊ အခု သိပ်ကို ရင်းနှီးငြိတွယ်နေတဲ့ မျက်လုံးတွေနဲ့ ကိုယ့်ချစ်သူကို သူက ကြည့်နေတာဆိုတော့ ကိုယ် ဘယ်လိုလုပ်ပြီး ကြည်ဖြူနိုင်မလဲ ကွာ ...

သဝန်တော့တိုတာပေါ့"

မေက ဟက်ဟက်ပက်ပက် ရယ်မောပါလေသည်။

"ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ ပြာလွင်မိုးဆိုတာ ကျွန်မ မွေးရင် ကျွန်မသားလောက်ပဲ ရှိမယ့်ကလေးပါ

ဒါ မိဟေးရဲ့ အကြံအစည်မှန်းလည်း သိရက်နဲ့ မောင် ဘယ်လိုဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကောင်းပြီ၊ ကိုယ် သဝန်မတိုတော့ဘူး ဒါပေမဲ့ ဒီပွဲကြီးက တရားမျှတမှု မရှိဘူးကွာ - ကိုယ်တို့ လူကြီးတွေကမှ မိပေါးလို ကလေးလေး လှည့်စား သမျှကို မသိချင်ယောင်ဆောင်ပြီး ငြိမ်ခံနေမယ်ဆိုတော့ ဒါ မဟုတ်သေးဘူး ...

အဲဒီတော့ မိပေါးကို ကိုယ်တို့ တစ်ခုခုတော့ ပြန်ပြီး လှည့်စားရလိမ့်မယ်"

"ဘာလှည့်စားဦးမလို့လဲ မောင်"

မေမြမဒီ ပြုံးစိစိဖြင့် ပြောလေသည်။

"ကျွန်မတော့ သမီးလေးကို သိပ်လွမ်းတာပဲ မောင် သမီးကို ဖြစ်နိုင်ရင် အမြန်ဆုံး ပြန်လာစေချင်လှပြီ မောင့်အိမ်မှာ လုံလုံခြုံခြုံ ရှိနေတယ်ဆိုတဲ့ အသိကြောင့်သာ ကျွန်မ ဖြေသာနိုင်တာ"

"ကဲ ... စောင့်ကြည့်လိုက် မေ၊ မေ့ဆီကို မိပေါး ဒီတစ် ပတ်အတွင်း ဆက်သွယ်လာလိမ့်မယ် ...

သူ ဆက်သွယ်လာအောင် ကိုယ် တစ်ခုခု လုပ်ပေး မယ် ဟုတ်ပြီလား"

"ကလေးကိုတော့ သိပ်ပြီးတော့ အကျိစားမသန်ပါနဲ့ မောင် ရယ်၊ သမီးရဲ့စိတ်မှာ အနာတရ တစ်ခုခု ဖြစ်သွားမှာကို တော့ မေ သိပ်စိုးရိမ်တယ်"

"မဖြစ်စေရပါဘူး မေ၊ မေနဲ့ ပတ်သက်လာရင် မိပေါးဟာ လည်း ကိုယ့်ရဲ့ သမီးလေးပဲ၊ ကိုယ့်ရဲ့ သမီးလေးကို ဒဏ်ရာအနာတရရအောင် ကိုယ် ဘယ်လုပ်ပါ့မလဲ။ အဲဒါ တော့ မေ စိတ်ချပါ"



သူတို့နှစ်ယောက်သည် စနေ တနင်္ဂနွေများကို ...အတိုင်း အတူတကွ ပျော်ရွှင်ရင်ခုန်စွာ ဖြတ်သန်းကြလေ ...ည်။

သူတို့နှစ်ယောက်ကို ပြာလွင်မိုးက အရိပ်တကြည့် ...ည့် အကဲခတ်နေတာကိုလည်း နေလင်းရုံက ရိပ်မိလေသည်။

နေလင်းရုံသည် ပြာလွင်မိုးကို သိပ်ပြီးတော့ စိတ်မချ ...င်ပေ။ ယောကျ်ားချင်းဖြစ်သောကြောင့် ပြာလွင်မိုး၏ အပြုအမူ ...၊ အမူအရာတွေ၊ မျက်လုံးအကြည့်တွေ၊ မေ့ကို ပြောဆိုဆက်ဆံ ...တွေ အားလုံးကို သူ မနှစ်မြို့လှချေ။

မေ့ကိုတော့ သူ အကြွင်းမဲ့ ယုံကြည်စိတ်ချပါသည်။

သို့သော် ပြာလွင်မိုးကိုတော့ ယောကျ်ားချင်း အလိုလို ...ခြင်နားလည်နိုင်စွမ်းသောစိတ်ဖြင့် မေ့အနားမှာ ပြာလွင်မိုး ...ခြံတမ်း တပူးတွဲတွဲ၊ မခွဲမခွာ ရှိနေတာကို သူ လုံးဝ စိတ်မချ ...။

မိပေါးသည် ဘယ်လို စိတ်ကူးရည်ရွယ်ချက်မျိုးဖြင့် ...ယောကျ်ားကို သူမ၏ မေမေအနားသို့ ပို့ပေးထားသည် ...တာကို သူ သေချာ မသိနိုင်ပေမယ့် တစ်ချိန်ချိန်မှာ ဖြစ်ပေါ်လာ ...သည့် နောက်ဆက်တွဲ ရလဒ်တွေကို မိပေါး ကြိုတင်ပြီးတော့ ...သိနိုင်။

သူကတော့ မိပေါးထက်ပိုပြီး ဟိုးရှေ့ကို ကြိုမြင်နိုင် ...း ရှိလေသည်။ ဖြစ်နိုင်ရင်တော့ ပြာလွင်မိုးကို မေ့အနားမှာ ...ရှိစေချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ အဲဒီလိုဖြစ်အောင် မိယော
တမင်တကာ စီစဉ်ထားပုံ ရလေသည်။

ဒါပေမဲ့ မိယော ကြိုမသိနိုင်သော နောက်ဆက်
ရလာဒ်တစ်ခုကိုတော့ မိယော သိစေချင်လေသည်။

♣ ♦ ♣



သူငယ်ချင်းတွေအားလုံး၏ မျက်လုံးတွေသည် မိယောဆီသို့ ဝုန်းခနဲ စုပြုံ၍ ပြိုဆင်းကျလာသောအခါ မိယောသည် မျက်နှာကို ဘယ်မှာထားရမှန်း မသိကာ လက်နှစ်ဖက်ဖြင့် အုပ်ကွယ်ပစ်လိုက်လေသည်။

"ဟာ ... ရှင်တို့က ဘာဖြစ်လို့ အဲဒီလို ကျွန်ုပ်ကို ဝိုင်းကြည့်ကြရတာလဲ ...

ကျွန်ုပ် ပြောတာ ဘာများ ထူးဆန်းလို့လဲ"

မိယောက ရှက်ကိုးရှက်ကန်းဖြင့် အော်ဟစ်လိုက်လေသည်။

"ဟယ် ... ထူးဆန်းတာပေါ့၊ ပြီးတော့ အံ့သြစရာကြီး။ ပြန်ပြောစမ်းပါ မိယော၊ ရှင် ဘာပြောလိုက်တယ်"

"လူတစ်ယောက်ကို ချစ်သွားရင် ဘယ်လိုခံစားရသလဲလို့ မေးလိုက်တာလေ။ ချစ်တယ်ဆိုတာ ဘယ်လို ခံစားမှုကြီးလဲလို့ ကျွန်ုပ် သိချင်လို့ မေးတာလေ။ အဲဒါ ဘာဖြစ်လို့ ဘာများ အဆန်းတကြယ် ဖြစ်နေရတာတုံး"

သူငယ်ချင်းတွေအားလုံး၏ မျက်လုံးတွေထဲမှာ ပဟေဠိမေးခွန်းတွေ စုပြုံ၍ လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ အဲဒါကို ဆက်ပြောလေ၊ ညည်းက ဘယ်သူ့ကို ချစ်သွားတာတုံး"

"ဟင်အင်း အဲဒါတော့ ပြောလို့မဖြစ်ဘူးဆရာ။ အဲဒါတော့ ကျုပ်ရဲ့ လျှို့ဝှက်ချက်ပဲ။ အဲဒီလူကို ကျုပ် စိတ်ထဲမှာ တိတ်တခိုး ချစ်မိသွားတယ်လို့ ကျုပ်ကိုလည်း သံသယဖြစ်နေတယ် ...

အဲစိတ်ကြီးကြောင့် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံသလိုလည်း ခံစားရတယ် ...

အစကတော့ ရှင်တို့လေးယောက်ကို မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ။ ဒါပေမဲ့ ကျုပ်တစ်ယောက်တည်း ကြိတ်မှိတ်မျိုသိပ်ပြီး ခေါင်းငုံ့ ခံစားနေရတာထက်စာရင် ရှင်တို့ လေးယောက်ကို ရင်ဖွင့်လိုက်ရရင် နည်းနည်းတော့ သက်သာလိမ့်မယ်လို့ ကျုပ် ထင်တယ်။ အဲဒါကြောင့် ပြောပြတာ"

"အဲဒါ ဘယ်သူလဲဆိုတာ ကျုပ်တို့ တကယ်သိခွင့်မရှိဘူးလား မိပေး"

"အေး ... တကယ်မရှိဘူး။အဲဒါတော့ ကျုပ်ကို ဘယ်တော့မှ မမေးပါနဲ့"

သူတို့အားလုံး ဘယ်သူဘယ်ဝါလဲ ဆိုတာကို ခန့်မှန်းနိုင်စွမ်း မရှိချေ။ ဒါမှမဟုတ် ခန့်မှန်းမိပြီး မမေးရက်သောကြောင့် မသိချင်ဟန် ဆောင်နေတာလည်း ဖြစ်နိုင်ပါသည်။

"နေစမ်းပါဦး၊ အဲဒီလူကို ရှင်က ဘယ်လိုဖြစ်ပြီး ချစ်မိသွားရတာလဲ"



ဆုတို့က သူငယ်ချင်းတွေမှာ ချစ်စရာကောင်းတာ ...ခုက မိပေးက မသိစေချင်သော ကိစ္စဆို သူတို့ ဘယ်တော့မှ ...မမေးတော့ခြင်း ဖြစ်လေသည်။

"ဘယ်လိုချစ်သွားတယ်ဆိုတာကို ကျုပ်လည်း သေသေချာချာကြီး မပြောတတ်ဘူး ဆုရယ်။ ဒါပေမဲ့ ရင်ထဲမှာ ခံစားရတဲ့ ခံစားချက်ကြီးကတော့ တနင့်တမောကြီးပဲ။ ဘယ်လိုကြီးမှန်းကို မသိဘူး ...

တစ်ချိန်လုံး သူ့မျက်နှာကိုပဲ မြင်ယောင်နေတယ်။ သူနဲ့ပဲ စကားတွေ ပြောနေချင်တယ်။ သူနဲ့ အမြဲတမ်း အတူတူ နီးနီးကပ်ကပ် ရှိနေချင်တယ် ...

ကျုပ် ဘေးနားမှာ သူ မရှိရင် ရင်ထဲမှာ ဟာတာတာကြီးနဲ့ တစ်ခုခု လိုအပ်နေသလို ခံစားရတယ် ...

ပြီးတော့ ဘယ်တော့မှလည်း မခွဲချင်ဘူး။ ဒါပေမဲ့ အဲဒီအချစ်စိတ်ကြီးက ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး ဆိုတာကိုလည်း ကျုပ် အလိုလို သိနေတယ်"

"အချစ်ဆိုတဲ့ ခံစားမှုမှာ အမျိုးမျိုးရှိတယ် မိပေးရဲ့ ...

တချို့ကတော့ ကိုယ့်ရဲ့အချစ်ကို သူ သိအောင် ဖွင့်ပြောခွင့် ရှိသလို၊ သူ့ဆီက တုံ့ပြန်တဲ့ အချစ်ကိုလည်း ပြန်ရအောင် ကြိုးစားခွင့်ရှိတယ် ...

တချို့အချစ်တွေကတော့ ကိုယ်ချစ်နေတာကို သူ့ကို ဘယ်လိုမှ သိခွင့် မပေးနိုင်ဘူး ...

အဲဒီတော့ တိတ်တခိုးလေးပဲ ရင်ထဲမှာ ကျိတ်ချစ်နေရတဲ့အချစ်မျိုးလည်း ရှိတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရဲ့အချစ်က ဒုတိယအမျိုးအစားထဲမှာ ပါတ[ား]
ပေါ့"

ဆုက စာနာနားလည်သော အသံကလေးဖြင့် ပြော
လေသည်။

သူငယ်ချင်းတွေအားလုံးသည် မိပေါ့အပေါ် သနား
ကြင်နာသွားသော မျက်နှာပေးလေးတွေ ကိုယ်စီဖြင့် မသိမသာ
ငေးကြည့်အုကဲခတ်လျက် ရှိလေသည်။

ဘယ်သူဘယ်ဝါလဲ ဆိုတာကို မိပေါ့က တရားဝ[င်]
ထုတ်ဖော်မပြောပေမဲ့ သူတို့ရဲ့ စိတ်ထဲမှာ အလိုလျောက်တော[့]
ရိပ်မိသွားမှာပဲ ...

ဦးနေလင်းရုံ မေမေ့ဆီသွားသော စနေ တနင်္ဂနွေ
နေ့များတွင် မိပေါ့သည် သူငယ်ချင်းများနှင့် ဆုံလေ့ရှိသည်။

အရင်ကဆို သူငယ်ချင်းတွေနှင့် စုံလျှင် တပျော်
တပါးကြီး ပေါ့လားဝါးလား ဆွေးကာ ပျော်ရွှင်တက်ကြွနေတတ်
သော မိပေါ့သည် အခုတော့ငြိမ်ငြိမ်ကလေးပင် ဖြစ်လေသည်။

"မိပေါ့ ... ကျုပ်တို့ရဲ့ စစ်ဆင်ရေးကို ဘယ်လိုဆက်[ပြီး]
လှုပ်ရှားမလဲ ဆိုတာ ပြောပြဦးလေ"

ဟု တစ်ယောက်က စကားလမ်းကြောင်း လွှဲပေ[း]
လိုက်လေသည်။

"အခုလောလောဆယ်တော့ ကျုပ် ခေါင်းထဲမှ ဘယ်လို
အကြံအစည်မျိုးမှ ပေါ်မလာသေးဘူး။ ဟိုးအရင်က ဒီကိစ္စ
ကို လွယ်လွယ်ကလေးလို့ပဲ ကျုပ် ထင်ခဲ့တာ။ အခုတော[့]
ကျုပ် လုပ်နေတာတွေဟာ အဓိပ္ပာယ်မှ ရှိရဲ့လား[လို့]
သံသယရှိလာတယ် ...



ဦးနေလင်းရုံနဲ့ မေမေ့ကို ခွဲဖို့ ကျုပ် တွေးထားခဲ့တာက
လွယ်လွယ်ကလေးပဲ ...

သူတို့နှစ်ယောက်ကြားထဲကို အလွယ်တကူ ခွဲလိုက်
လို့ ရလိမ့်မယ်လို့ ထင်ခဲ့တာ ...

အခုတော့ ထင်ထားတာတွေ တစ်ခုမှ ဖြစ်မလာခဲ့
ဘူး ...

ဦးနေလင်းရုံကိုလည်း ဘယ်လိုမှ မိန်းမနဲ့ မြူဆွယ်
ဖြားယောင်းလို့မရတာ ရှင်တို့ အသိပဲ ...

မေမေ့ဆီ ပြာလွင်မိုးကို လွှတ်ထားမိတာလည်း
တကယ်တော့ အန္တရာယ်တောင် ပိုရှိသေးတယ်ဆိုတာ
ကျုပ် အခုမှ တွေးမိလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြာ
လွင်မိုးဟာ 'ဇ'ကလေးနဲ့ ယောကျ်ားလှလှတစ်ယောက်
လေ။ ရုပ်ကလေးက မှုန်နေအောင်ချောပြီး စကား အပြော
အဆို သိပ်ပြီးတော့ ညက်တယ်။ ပရိယာယ် မာယာတွေ
လည်း သိပ်ကျွမ်းကျင်တယ်။ ပြီးတော့ သူ့ရဲ့ အသက်မွေး
ဝမ်း ကျောင်းမှုလိုလို ဖြစ်နေတာက သူ့ထက် အသက်ကြီးတဲ့
မိန်းမတွေဆီကနေ မာယာသုံးပြီး လှည့်ပတ် မြူဆွယ်
မြူစားနေတဲ့ ယောကျ်ားတစ်ယောက် ...

အဲဒီလို ယောကျ်ားတစ်ယောက်ကို မေမေ့အနား
ပို့ပြီး ဦးနေလင်းရုံ အထင်လွဲအောင် ပြဿနာတွေဖြစ်အောင်
နားလည်မှုတွေ လွဲအောင် မေမေ့ကို ချဉ်းကပ်ခိုင်းမိတာ
ဟာ တကယ်တော့ အမိုက်မဲဆုံး အလုပ်တစ်ခုပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ပြာလွင်မိုးကို ကတိတွေ အထပ်ထပ် တောင်းထားခဲ့ပေမယ့် မေမေ့အတွက် အချိန်မရွေး အန္တရာယ်ရှိလာနိုင်တယ်ဆိုတာ ကျုပ် အခု တွေးမိလာတယ်"

"အဲဒီတော့ ရှင် ဘယ်လိုဖြစ်စေချင်လို့လဲ မိဟေး။ ရှင်ဖြစ်စေချင်တဲ့အတိုင်းပဲ ကျုပ်တို့က လုပ်ပေးရမှာပဲ ..."

ပြာလွင်မိုးကိစ္စလည်း ရှင် ဆက်ပြီးတော့ လှုပ်ရှားစေချင်တော့ဘူးဆိုရင် မမဝနီကို ပြောပြီး ပြာလွင်မိုးကိုပြန်ခေါ်လိုက်ရုံပဲ"

"ဟုတ်တယ်။ မေမေ့ကို ကျွန်မ စိတ်မချဘူး။ မေမေ့အသက်လေးဆယ် ဆိုပေမဲ့ သူ့ရဲ့အသက်ထက် ၁၀-နှစ်လောက် ပိုပြီးတော့ ငယ်ရွယ်နုပျိုနေတဲ့ မိန်းမချောလေးတစ်ယောက်လည်း ဖြစ်တယ် ...

ပြီးတော့ မန္တလေးမှာ နာမည်ကြီး လူသိများတဲ့စီးပွားရေးလုပ်ငန်းရှင် မိန်းမတစ်ယောက်လည်း ဖြစ်နေတယ် ...

ပြာလွင်မိုး မေမေ့အပေါ် စိတ်ပြောင်းလဲမသွားဘူးလို့ ကျုပ်တို့ တရားသေတွက်ထားလို့တော့ မရဘူး ...

အခုတလော ပြာလွင်မိုးနဲ့ ဖုန်းပြောဖြစ်တိုင်းပြာလွင်မိုးရဲ့ စကားတွေထဲမှာ မေမေ့အပေါ် လေးစားအထင်ကြီးတဲ့ အသံတွေ သိပ်လွှမ်းနေတယ် ...

အဲဒါကိုပဲ ကျုပ် စိုးရိမ်တာ။ လူတစ်ယောက်ကိုချစ်သွားဖို့ဆိုတာ လေးစားအထင်ကြီးစိတ်ကနေ မြစ်ဖျားခံတာပဲ ...



လူတစ်ယောက်ကို သိပ်ပြီးတော့ အထင်ကြီးကိုးကွယ်မိသွားပြီဆိုရင် အဲဒီလူကို အလိုလို ချစ်တဲ့စိတ်က ဝင်သွားတာပဲ"

ထိုသံသယကို မိဟေးသည် ကိုယ့်ကိုယ်ကိုယ်နှင့်နှိုင်းယှဉ်ပြီး ခံစားသိရှိလာခဲ့ခြင်းလည်း ဖြစ်လေသည်။

"အဲဒီတော့ ရှင် ဘယ်လိုလုပ်ချင်သလဲ မိဟေး။ ပြာလွင်မိုးကို ပြန်ခေါ်မလား"

"အင်း ... ပြန်လည်းခေါ်ချင်တယ်။ ဒါပေမဲ့ သူ ရှိနေတော့ ဦးနေလင်းရဲ့နဲ့ မေမေနဲ့ အခြေအနေကိုလည်း တစ်ဖက်တစ်လမ်းကနေ သတင်းပို့နိုင်တယ်ဆိုတော့ ပြန်လည်းမခေါ်ချင်သေးဘူး ...

ပြာလွင်မိုး ပြောပုံအရတော့ ဦးနေလင်းရဲ့က မေမေ့ကို ပြာလွင်မိုးနဲ့ သိပ်ပြီး စိတ်ချပုံ မပေါ်ဘူးတဲ့ ...

မေမေ့ဘေးမှ ပြာလွင်မိုး ရှိနေတာကို ဦးနေလင်းရဲ့က နည်းနည်းလေးမှ မကြိုက်ဘူးတဲ့ ...

ပြာလွင်မိုးကလည်း ဦးနေလင်းရဲ့ ရောက်လာပြီဆိုရင် မေမေ့ကို ပိုပြီးတော့ ရင်းရင်းနှီးနှီး ဆက်ဆံပြတတ်တယ်။ အဲဒီအခါမှာ ဦးနေလင်းရဲ့က သဝန်တိုတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတတ်တယ်တဲ့ ...

ပထမတော့ အဲဒီလိုဆိုရင် ကျုပ် အောင်မြင်လိမ့်မယ်လို့ ထင်တာ ...

ဒါပေမဲ့ အခုအချိန်မှာ ကျုပ် ကိုယ်တိုင်လည်း ပြာလွင်မိုးကို စိတ်မချတော့ဘူး။ ပြီးတော့ သင်လည်း မသင်္ကာတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ရှေ့ဆက်ပြီးတော့ ရှင်က ဘာလုပ်ချင်တာလဲ မိဟေး"

ဦးနေလင်းရဲ့ ရှင့်မေမေကို အလွယ်တကူနဲ့ ခွဲပစ်လို့ မရတော့ဘူးဆိုတာ ရှင် သဘောပေါက်လာပြီဆိုရင် ကျုပ်တို့က ဘာဆက်လုပ်ကြရမှာလဲ ...

မန္တလေးကို ပြန်ကြရမှာလား"

"ဟင့်အင်း ... ကျုပ် မန္တလေးကို မပြန်ချင်သေးဘူး။ ဒီမှာပဲ ဆက်နေဦးမယ်"

မိဟေးက ပျာပျာသလဲ ပြောမိလေသည်။

မိဟေး ဘာကို အလန့်တကြား စိုးရွံ့မိသွားသလဲ ဆိုတာကို သူငယ်ချင်းတွေက နားလည်ကြပုံ ပေါ်ပါသည်။

"အေးလေ။ အဲဒါဆိုလည်း ရှင် နေချင်သလောက် ဒီမှာ ဆက်နေပေးရုံပဲ"

"ပြာလွင်မိုးကို ပြန်ခေါ်ချင်တယ်ဆိုရင်တော့ မမဝနီကို ပြောပြပြီး ပြန်လာခဲ့ဖို့ ဆုံးဖြတ်လိုက်ရုံပဲ ...

အားလုံးဟာ ရှင့်အပေါ်မှာပဲ မူတည်တယ် မိဟေး"

"ကျုပ် စိတ်ထဲမှာ ဘာတွေ တွေဝေနေလဲ မသိဘူးကွယ်။ ဘာကိုမျှလည်း ပြတ်ပြတ်သားသား မမြင်ရတော့ဘူး။ အားလုံးဟာ လေထဲမှာ လွင့်မျောနေသလိုပဲ ...

တိမ်တိုက်တွေ စီးနေရသလိုလို အိမ်မက်တစ်ခု မက်နေရသလိုလို ခံစားရတယ်"

"ရှင် စိတ်ကစားနေတာပဲ ဖြစ်နိုင်ပါတယ် မိဟေး"



"ဖြစ်နိုင်ပါတယ်။ ကျုပ် စိတ်ကစားနေတာပဲ ဖြစ်စေချင်ပါတယ် ...

ဘာဖြစ်လို့လဲဆိုတော့ ဒီအဖြစ်အပျက်ကြီးဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာလဲ ကျုပ်ရဲ့ အသိစိတ်က သိနေတယ်လေ ...

ဒါပေမဲ့ မသိစိတ်ဆိုတာကြီးကို အခုချိန်မှာ ကျုပ် တွန်းလှန်ဖို့ ကြိုးစားနေတုန်းပဲ ...

အဲဒီအတွက် ကျုပ်ကို အချိန်တစ်ခုတော့ ခဏပေးပါဦးဟယ်"

"အေးပါ မိဟေးရယ်။ ရှင့်စိတ်ထဲမှာ သိပ်ပြီးတော့လည်း ခံစားမနေပါနဲ့။ အားလုံးဟာ တစ်ချိန်တော့ ပြီးသွားမှာပါ"

မိဟေးသည် မိဆု၏ စကားကို သံယောင်လိုက်ကာ ရေရွတ်လိုက်လေသည်။

သူငယ်ချင်းတွေကို အခုလို ရင်ဖွင့် ပြောပြလိုက်ရသောကြောင့် မိဟေး ရင်ထဲမှာ နည်းနည်းတော့ ခံစားရသက်သာသွားသလိုလို ရှိလေသည်။

ဒါပေမဲ့ မိဟေးသည် တစ်ခုခုကိုတော့ အကြီးအကျယ် ရှက်ရွံ့နေမိလေသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ညဆိုလျှင် ဦးနေလင်းရဲ့ ပြန်လာ
မည်။ အဲဒီအချိန်မျိုးမှာ မိဟေးသည် မသိမသာကလေး ခြံထဲ
ဒန်းစီးရင်း ယောင်လည်လည်ဖြင့် ဦးနေလင်းရဲ့၏ ကားသံ
နားစွင့် မျှော်လင့်နေတတ်လေသည်။

ဒါကို ဘယ်သူမှ ရိပ်မိမယ် မထင်ပါဘူး။ ဦးနေလင်း
ကိုယ်တိုင်လည်း ရိပ်မိလိမ့်မည် မဟုတ်။

မောင်တိုးဆိုတာကတော့ ဝေးလာဝေးပဲ။

ဖြစ်ချင်တော့ မနက်ကမှ မောင်တိုးက သူ့အ
အသည်းအသန် ဖြစ်၍ဟုဆိုကာ ဦးနေလင်းရဲ့ ပြန်အလာကို
မစောင့်ဆောဘဲ မိဟေးကို အကျိုးအကြောင်း ပြောပြခွင့်တောင်း
သူ့ရွာသို့ ပြန်သွားလေသည်။

ထို့ကြောင့် မိဟေးတစ်ယောက်တည်း ဖြစ်နေ
ဦးနေလင်းရဲ့ ပြန်အလာကို စောင့်နေမိလေသည်။

ခါတိုင်း မောင်တိုးရှိနေလည်း မိဟေးသ
ဦးနေလင်းရဲ့ ပြန်လာနေကျ အချိန်မျိုးဆို ခြံထဲသို့ဆင်း
တစ်ခုမဟုတ်တစ်ခု လုပ်နေတတ်သည်။

ကားသံကို မသိမသာ နားစွင့်နေကျပဲ။



ဒန်းပေါ်မှာ ထိုင်ပြီး ခြေထောက်ဖြင့် အရှိန်ယူ၍
ဒန်းကို ဟိုးအမြင့်ကြီးသို့ရောက်အောင် လွှဲယမ်း ဆော့ကစားကာ
ကလေးတစ်ယောက်လို လူကြီးပြန်အလာကို စောင့်မျှော်နေမိမြဲ
ဖြစ်လေသည်။

ကားမီးရောင် ဝင်းခနဲ မြင်လိုက်ရပြီဆိုလျှင် မိဟေး
သည် ခြံတံခါးဆီသို့ အပြေးကလေး ပြေးသွားမိလေသည်။

ခါတိုင်းဆိုလျှင်တော့ ခြံတံခါးဖွင့်ပေးသည့် တာဝန်
ကို မောင်တိုးက ယူမြဲဖြစ်သည်။

အခုတော့ မောင်တိုး မရှိတော့ မိဟေးကိုယ်တိုင်ပဲ
ပြေး၍ ဖွင့်လေသည်။

ကားပေါ်မှ ဦးနေလင်းရဲ့က မျက်နှာတစ်ခုလုံး
အပြုံးတွေ ချိုမြနေသော မျက်နှာဖြင့် မိဟေးကို ပြုံးပြနှုတ်ဆက်
နေသည်။

အဲဒီမျက်နှာဟာ သိပ်သိသာတာပဲ။ ချစ်သူနဲ့ တွေ့ပြီး
ပျော်ရွှင်မြူးတူးစွာ ပြန်လာသော လူငယ်လေးတစ်ယောက်ရဲ့
အပျော်မျက်နှာမျိုးလေ။

မိဟေးသည် သူ့ကို မသိမသာ မျက်စောင်းထိုးမိလေ
သည်။

သို့သော် သူ ပြန်လာသည့်အတွက် မိဟေးရင်ထဲမှာ
သိသိသာသာ ပြည့်စုံ လိုက်ဖိုသွားတာကိုတော့ ကျိတ်ကာ ဝန်ခံ
မည်။

“မြတ်သောခင်ကိုယ်တိုင် တံခါးဖွင့်လို့ပါလား၊ မောင်တိုး
ကော”

www.burmeseclassic.com

www.burmeseclassic.com



"မောင်တိုး မနက်ကပဲ သူ့ရွာကို အရေးတကြီး ပြန်သွားရတယ် ဦးနေ၊ သူ့အမေ အသည်းအသန် ဖြစ်လို့ဆိုလား။ သူ့ရွာက လူတစ်ယောက် လိုက်လာပြီး ခေါ်သွားတယ်"

"ဟုတ်လား၊ ဖြစ်မှဖြစ်ရလေကွာ။ လမ်းစရိတ်တွေ ဘာတွေတောင် မပေးလိုက်ရဘူး။ သူ့အမေ အသည်းအသန် ဖြစ်တယ်ဆိုတော့ ဆေးဖိုးဝါးခတွေ ဘာတွေ လိုမှာပဲ"

"စိတ်မပူပါနဲ့ ဦးနေ။ ကျွန်မ ပေးလိုက်ပါတယ်"

"ဟုတ်လား၊ ကျေးဇူးပဲကွာ။ ကိုယ် ပြန်ပေးပါ့မယ်။ အဲဒါဆိုရင် မောင်တိုး မရှိတော့ ကိုယ်တို့ ညစာကို ဘယ်လိုစားကြမလဲ"

သူက ကားပေါ်မှ ဆင်းလာပြီး မိဟေးကို ကလေးလေးတစ်ယောက်ကို ပြုံး၍ကြည့်သလို ချစ်စနိုးကြည့်ရင်း လှမ်းမေးလေသည်။

သူ မေးပုံမှာ တကယ်ကို ကလေးလေးတစ်ယောက်ကို ချစ်စနိုး ကျီစယ်မေးဟန်မျိုး။

မိဟေးသည် ရင်ထဲတွင် လှိုင်းထန်၍သွားလေသည်။

"အို ... မောင်တိုး မရှိလည်း ကျွန်မ ချက်ပေးမှာပေါ့။ ကဲ ... ဦးနေ ဘာစားချင်သလဲ ပြော"

မိဟေးသည် တက်တက်ကြွကြွကလေး ပြောလိုက်ကာ တစ်ခါမှ ထမင်းဟင်း မချက်ဖူးပါဘဲ လက်တည့်စမ်းချင်စိတ် ပေါ်လာလေသည်။

မေမေဆို သိပ်တော်တာပဲ။ ဟင်းမျိုးစုံကို နိုင်ငံတကာ မျိုးစုံ လက်ရာမီအောင် ဖွယ်ဖွယ်ရာရာ ချက်တတ် ပြုတ်တတ်လေသည်။



စနေ တနင်္ဂနွေလို နေ့မျိုးဆို မေမေနှင့် မိဟေး နှစ်ယောက်တည်းစားဖို့အတွက် မေမေ ကိုယ်တိုင် မိဟေး စားချင်သမျှ ဒိုင်ခံ ချက်ပြုတ် ကျွေးတတ်သည်ကို ဖျတ်ခနဲ လွမ်းသွားမိလေသည်။

"ဒါပေမဲ့ ကျွန်မရဲ့ လက်ရာက ဦးနေရဲ့ ချစ်သူလက်ရာကိုတော့ ဘယ်မီပါ့မလဲ"

"ဒါပေါ့ကွ၊ ဘယ်မီပါ့မလဲ။ မေ့ လက်ရာက ကမ္ဘာပေါ်မှာ ရှိသမျှ အတော်ဆုံး စားဖိုမှူးထက်တောင် ပိုပြီးတော့ ကောင်းသေးတယ်၊ ဟား ... ဟား ... ဟား"

သူက လူငယ်လေးတစ်ယောက်လို အူမြူးစွာ သွက်သွက်လက်လက် ပြန်ပြောရင်း မိဟေး၏ ဦးခေါင်းကို ချစ်စနိုး ပွလျက် ဆော့ကစားလိုက်လေသည်။

မိဟေးသည် ရင်ထဲတွင် လှိုက်ခနဲ တိမ်းမူးသွားပြီး ချက်ချင်း သတိပြန်ဝင်ကာ ခေါင်းကို နောက်ဆုတ် ယိမ်းဖယ်လိုက်လေသည်။

မိဟေး အမူအရာ ပြောင်းသွားသည်ကို သူက ချက်ချင်း ရိပ်မိကာ မိဟေးကို ဖျတ်ခနဲ သေသေချာချာ တစ်ချက် စိုက်ကြည့်ပြီး မျက်နှာ ပြန်လွှဲသွားလေသည်။

"ဆောရီး"ဟု သူက တစ်ခွန်းပြောလိုက်သေးသည်။

မိဟေးသည် ရှက်ကိုးရှက်ကန်း ပြုံးလိုက်ကာ ...

"ကဲ ... ဦးနေ ဘာစားမလဲ။ ဦးနေချစ်သူ့ လက်ရာကို မမီပေမဲ့ ကျွန်မက စေတနာနဲ့ ချက်ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အလွယ်ဆုံးကတော့ ကြက်ဥ အုန်းမီးလက်ကြော်ပဲ၊ မိပေ
ကြက်ဥကြော်တတ်လား"

"အို ... ဘာဖြစ်လို့ မကြော်တတ်ရမှာလဲ"

"ကောင်းပြီ မိပေးက ကြက်ဥကြော်လိုက်၊ ရေခဲသေတ္တာ
ထဲမှာ ခရမ်းချဉ်သီးဆု(ပ်)ဘူးတွေ ရှိတယ်။ အဲဒါကို
ဖောက်ပြီး စွပ်ပြုတ်လုပ်လိုက်ရုံပဲ ...

ဒီနေ့ညတော့ ကြက်ဥအုန်းမီးလက်ကြော်နဲ့ ခရမ်းချဉ်
သီးစု(ပ်)ပဲ စားကြတာပေါ့ကွာ ...

ဖြစ်တယ် မဟုတ်လား"

"သိပ်ဖြစ်တာပေါ့"

မိပေးသည် မီးဖိုချောင်ထဲသို့ ဝင်လာခဲ့ကာ အေပရွန်
ကို ခါးမှာ စည်းလိုက်လေသည်။

သူကလည်း မိပေးနှင့်အတူ မီးဖိုခန်းထဲသို့ ဝင်လာ
ခဲ့သည်။

အို ... မမေနဲ့ သူဟာ ဒီလိုပဲမီးဖိုခန်းထဲမှာ အတူတူ
ချက်ပြုတ်ကြော်လှော်ကြမှာပေါ့နော်။

ထိုအတွေးဖြင့် မိပေး ရင်ထဲတွင် သိမ့်ခနဲ ပူနွေး
ရှိန်းမြသွားလေသည်။

ဟင့်အင်း ... အဲဒီလို မတွေးနဲ့ မိပေး။

မိပေးသည် ကိုယ့်ကိုယ်ကိုယ် ပြန်လည်၍ ဆုံးမ
လေသည်။

"ကဲ ... မြတ်သောခင်၊ ကြက်ဥကြော်တာကို ကိုယ်
စောင့်ပြီးတော့ ကြည့်မယ်"



"ကြည့်ပေါ့"

"ကဲပါကွာ၊ ကြက်ဥ အုန်းမီးလက်က နည်းနည်းခက်ပါ
တယ်၊ မြတ်သောခင်အတွက် အလွယ်ဆုံးက ကြက်ဥဟာဗ်
ဖရိုက်ပဲ။ ကိုယ့်ကို ကြက်ဥဟာပ်ဖရိုက်ပဲ ကြော်ပေးတော့
ဟုတ်ပြီလား"

"အိုကေ ... ရစေမယ်"

မိပေးသည် ဒယ်အိုးတစ်ခုကို ရေဆေးပြီး မီးဖိုပေါ်
တင်လိုက်ကာ မီးဖွင့်လေသည်။

ဒယ်အိုး ရေမခြောက်သေးခင် ဆီကို ကမန်းကတန်း
လောင်းထည့်လိုက်သောကြောင့် ဆီနှင့်ရေ ထိတွေ့သောအခါ
တဖောက်ဖောက် ဆီပေါက်ပါလေတော့သည်။

မိပေးသည် အဲဒီဆီထဲကို ကြက်ဥဖောက်ထည့်ဖို့
ကို စဉ်စားခန်းတစ်ခု ဝင်ရသလို စိတ်တွေ လှုပ်ရှားလျက်ရှိသည်။
တော်တဆ မိပေးကို ဆီပူမှန်မှာလည်း စိုးရသေးသည်။

အဲဒီတော့ စလောင်းဖုံတစ်ခုဖြင့် မိပေး၏ မျက်နှာ
ကို ဒိုင်းသဖွယ် အကာအကွယ် ယူထားကာ ကြက်ဥကို ခပ်
လှမ်းလှမ်းမှနေ၍ ဒယ်အိုးထဲသို့ လှမ်း၍ ပစ်ထည့်လေသည်။

မိပေး လုပ်နေပုံကို ဦးနေလင်းရဲ့က ဘေးကနေ
ဟားဟား အော်ဟစ်ရယ်မောလျက် ရှိလေသည်။

"ဖြစ်မှဖြစ်ရလေ မြတ်သောခင်ရယ်၊ ကြက်ဥတစ်လုံး
ကြော်တာ ရှေးခေတ်က ရောမစစ်သား စစ်တိုက်နေတာ
ကြနေတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း ဒိုင်းနဲ့ ဘာနဲ့။ ကဲ ... ကဲ ... မင်း ဖယ်လိုက်တော့၊ ကိုယ်ပဲ ကြော်လိုက်တော့မယ်"

သူက ကြက်ဥကို ကျင်လည်စွာ ကြော်သွားလေသည်။

ပြီးတော့ မိဟေးတို့နှစ်ယောက်အတူတူ ညစာကို ထမင်းလက်ဆုံ စားကြ၏။

မိဟေးသည် ထိုတဒင်္ဂလေးကို ဘာကြောင့်မှန်းမသိ ကျေနပ်သာယာ ခံမင်ယစ်မူးနေမိလေသည်။

တစ်ခါတစ်ခါမှာတော့ မိဟေးသည် မေမေ၏ သမီးဆိုတာကို မေ့လျော့သွားတတ်သည်။

မိဟေးသည် မြတ်သောခင်ဆိုသော မေမေနှင့် ဘာမှ မပတ်သက်သည့် သာမန် မိန်းကလေးတစ်ယောက် ဟု ကိုယ့်ကိုယ်ကိုယ် ခံစားမိတတ်လေသည်။

ထိုအခါမျိုးမှာတော့ မိဟေးသည် ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်စွမ်း သိပ်ပြီးတော့ မရှိလှချေ။

မေမေ၏ သမီးဆိုသောအသိ ဖျတ်ခနဲ ဝင်လာချိန်မှာတော့ မိဟေးသည် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးစက်ဆုပ်မိလေသည်။

ဒါဟာ ခဏပါပဲ။ နောက်တော့ အားလုံး ပြီးသွားမှာပါ ဟု ...

မိဟေးက ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖြေသိမ့်လေသည်။



ထိုညက မိဟေးသည် (TV)ကြည့်ရင်း ဧည့်ခန်းမှာပင် အိပ်ပျော်သွားလေသည်။

ဖျတ်ခနဲ မိဟေး လန့်နိုးလာချိန်တွင် မိဟေး၏ ကိုယ်ခန္ဓာကို ဦးနေလင်းရုံက အသာအယာ ပွေ့ယူမချီလျက်ရှိကာ မိဟေးကို မိဟေး၏ အခန်းရှိရာသို့ လိုက်၍ ပို့ပေးနေတာကို သိရလေသည်။

ထိုစဉ် သူဟာ မိဟေးကို တကယ်ပဲ ပေါက်စနေ ကလေးတစ်ယောက်လို သဘောထားနေတာပါလား။

မိဟေးသည် အရွယ်ရောက်နေပြီဖြစ်သော သူနှင့် ဘယ်လိုမှ သွေးသားမတော်စပ်သည့် သူစိမ်း အပျိုစင် မိန်းကလေး တစ်ယောက်ဆိုတာကို သူ မေ့လျော့နေပုံရသည်။

အို သူ့စိတ်တွေ ဘယ်ဖောက်ပြန်ပါ့မလဲ။ သူ့မှာ သူ သိပ်ချစ်ရသော အချစ်ဦး မေမေ တစ်ယောက်လုံး ရှိနေပြီပဲ ဥစ္စာ။

သူသည် မိဟေးကို ခုတင်ပေါ်သို့ အသာအရာ ချပေးကာ မိဟေး၏ ကိုယ်ပေါ်သို့ စောင်ပါးပါးကလေး လွှမ်းခြုံ ပေးသွားခဲ့သည်။

အခန်းထဲမှ ညင်သာစွာ ပြန်လည်ထွက်ခွာသွားသော ဦးနေလင်းရုံ၏ ကျောပြင်ကို မိဟေးသည် အသာအယာ ခိုး၍ ကြည့်မိကာ သက်ပြင်းကို ခိုးရှိုက်မိလေသည်။

တကယ်တော့ မိဟေး မကောင်းတာပါ။ မိဟေးဟာ အမိုက်မဲဆုံး ဖြစ်မှုတစ်ခုကို ကျူးလွန်နေမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ မေမေ။ တကယ်တော့ မိဟေးသည် မေမေနှင့် ဦးနေလင်းရုံကို အလွယ်တကူ သဘောမတူနိုင်ခဲ့တာက ပထမအမှားဖြစ်သည်။

ဒုတိယအမှားကတော့ သူငယ်ချင်းတွေနဲ့အတူ ရန်ကုန်သို့ စိတ်လိုက်မာန်ပါ မေမေ မသိအောင် ထွက်လာခဲ့ပြီး ဦးနေလင်းရုံကို ချဉ်းကပ်ဖို့ ကြိုးစားခဲ့မိခြင်း ဖြစ်သည်။

တတိယအမှားကတော့ ဘယ်လိုမှ မဖြစ်သင့်သော ပြီးတော့ ပြင်ဆင်၍လည်း မဖြစ်နိုင်သော အမှားတစ်ခုဖြစ်သည်။

ထိုအမှားကို မိဟေးသည် တစ်သက်လုံး ဘယ်သူမှ မသိအောင် ရင်ထဲမှာ သိမ်းဆည်းထားရတော့မည်ဖြစ်သည်။

✤ ♦ ✤



ဦးနေလင်းရုံ ရုံးသွားချိန်တွင် မိဟေးသည် အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ခါတိုင်းတော့ မောင်တိုး ရှိနေသဖြင့် အလုပ်လုပ်ကာ လှုပ်ရှားသွားလာနေသော မောင်တိုး၏ အသံကို ကြားနေရတတ်သည်။

အခုတော့ မောင်တိုးလည်း မရှိသောကြောင့် တစ်အိမ်လုံး ခြောက်သွေ့တိတ်ဆိတ်၍ နေလေသည်။

မိဟေးသည် သူငယ်ချင်းတွေဆီသို့လည်း မသွားချင်။ သူငယ်ချင်းတွေနဲ့လည်း ဖုန်းမပြောချင်။ အခုအချိန်မှာ မိဟေး ရင်ထဲမှာ အပြင်းအပြဆုံး ဆန္ဒတစ်ခုက မေမေနှင့် ဦးနေလင်းရုံတို့ ချစ်သူနှစ်ယောက် ဘာကြောင့် ကွဲသွားရလဲ ဆိုသော အဖြေကို သိချင်နေခြင်း ဖြစ်လေသည်။

ထိုသိချင်စိတ်ဇောတစ်ခုဖြင့် မိဟေးသည်ဦးနေလင်းရုံ အခန်းထဲသို့ ဝင်လာခဲ့မိလေသည်။

အခန်းထဲမှာ ဦးနေလင်းရုံထံမှ ရနေကျ ကိုယ်သင်းနံ့ မွှေးပျံ့ပျံ့လေး တစ်မျိုးကို ဖျတ်ခနဲ ခံစားလိုက်ရသောအခါ သား၏ ရင်တစ်ခုလုံး သိမ့်ခနဲ နွေးဖိုသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနေလင်းရုံဟာ အမြဲတမ်း သပ်သပ်ရပ်ရပ် သန့်သ ရှင်းရှင်း စည်းစနစ်တကျ နေတတ်သော လူတစ်ယောက်ဖြစ်သည် အဝတ်စင်မှ ချိတ်ထားသော ဦးနေလင်းရုံ၏ အင်္ကျီအဟောင်းတ ထည်နားသို့ မိဟေးသည် တရွေ့ရွေ့ ချဉ်းကပ်လာခဲ့မိလေသည်

ဒါဟာ မနေ့က ဦးနေလင်းရုံ ဝတ်ခဲ့သော အ အဟောင်းဖြစ်သည်။ (Crocodile)တံဆိပ် ပန်းနုရောင် ရှပ်အ လက်ရှည်ကလေးဖြစ်သည်။

မိဟေးသည် ထိုအင်္ကျီ ရင်ဘတ်နားဆီသို့ မျက် မျက်နှာကလေးကို အသာအယာ တိုးကပ်လိုက်ကာ ပါးပြင်ဖြ ဖွဖွ ကပ်ထားလိုက်မိလေသည်။

မိဟေး၏ မျက်လုံးများကို မှေးမှိတ်ထားလိုက်သေ အခါ မိဟေးသည် ဦးနေလင်းရုံ၏ ရင်ခွင်ထဲသို့ ရောက်သွားသ ခံစားရလေသည်။

မိဟေး၏ နှုတ်ခမ်းကလေးများက အလိုလို ပြုံး ခဲ့၏။ ဦးနေလင်းရုံထံမှ ချိုအီမွှေးမြသော ရနံ့တစ်မျိုးကို မိဟေ ရှူရှိုက်ခံစားရလေသည်။

ဒါဟာ ယောက်ျားတစ်ယောက်ရဲ့ မွှေးထွေးသင်း သောရနံ့။ အဲဒီရနံ့ဟာ မိမိကိုယ်မိမိ လေးစားအထင်ကြီးသေ ယုံကြည်စိတ်ချမှု အပြည့်အဝရှိသော၊ စိတ်သဘောထား ဖြ ဖြောင့်မတ်သော၊ တည်ကြည်လေးနက်သော၊ အဆင့်အတ မခွဲခြားတတ်သော၊ လူတိုင်းအပေါ် တစ်ပြေးညီ ညီမျှစွာ ဆက် တတ်သော၊ အားနွဲ့သူအပေါ်မှာ ထောက်ထားငဲ့ညှာ ဖေးမစာ တတ်သော ယောက်ျားတစ်ယောက်၏ ရနံ့ဖြစ်သည်။



ပြီးတော့ မိဟေး၏ဘဝတွင် ဖေဖေ့ထက်တောင် ၍ အထင်ကြီး ကိုးကွယ်မိသွားခဲ့သော ယောက်ျားတစ်ယောက် ၏ ရနံ့လည်း ဖြစ်လေသည်။

မိဟေးသည် အိပ်မက်ထဲသို့ ရုတ်တရက် မျောလွင့် ရောက်ရှိသွားသလို ခံစားလိုက်ရသည်။

ဟင့်အင်း အဲဒါ အိပ်မက်မဟုတ်ဘူး။

အဲဒါဟာ သုခဘုံတစ်ခုပဲ။

လူတစ်ယောက်ကို ချစ်ရတာဟာ အချစ်ဆိုတဲ့ ားမှုနဲ့ ထိတွေ့ဆက်သွယ်မိတဲ့ အရသာဟာ သုခဘုံသို့ အလည် တစ်ခေါက် ရောက်သွားခြင်းပဲ။

သို့သော် မိဟေးသည် ချက်ချင်း ပြန်လည်၍ နိုးထ သက်ဝင်လာခဲ့သည်။

အာရုံထဲမှာ မေမေ့၏ ချစ်စဖွယ် မျက်နှာကလေးကို တ်တရက် မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

"အို ... မေမေ၊ ခွင့်လွှတ်ပါ"

မိဟေး ဒါပဲ ပြောတတ်တော့လေသည်။

မိဟေး၏ စိတ်နှလုံးထဲမှာ ဆန့်ကျင်ဘက် အင်အား ခု တိုက်ပွဲဆင်နွှဲလျက် ရှိလေသည်။

ဒါပေမဲ့ အဲဒီတိုက်ပွဲဟာလည်း တစ်ချိန်မှာတော့ အလိုလို ပြီးသွားမှာပါလေ။

မိဟေးသည် ဦးနေလင်းရုံ၏ မွှေ့ရာထက်ဆီသို့ ယ်ခန္ဓာကလေးကို အသာအယာ လှဲချပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့အိစက်သော အထိအတွေ့ တစ်ခုသည် မိဟေးအား သိမ်မွေ့စွာ ဖြားယောင်းညို့ယူသွားလေသည်။

မိဟေးသည် ခဏတာလေးသာ သာယာယစ်မူးနိ ၏။

ဟင့်အင်း … ဒါ လုံးဝမဖြစ်သင့်ဘူး ဟူသော အ စိတ် ပြန်းခနဲ ဝင်လာသောအခါ မိဟေးသည် မွေ့ရာပေါ်မှ ‌ေ ရူးသွေးတန်း ခုန်ချမိလိုက်လေသည်။

အဲ့နောက်တော့ မိဟေးသည် ဆံပင်တွေကို အား တရ ဆွဲဖွပစ်ကာ မှန်ထဲသို့ လှမ်းကြည့်မိလေသည်။

နံရံကပ် ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ မိဟေးသ အရူးတစ်ယောက်လို တွယ်ရာမဲ့ မျက်နှာထားနှင့် ရှိလေသ

အဲ့နောက်တော့ မိဟေးသည် နံရံကပ် ကျွန်းဗီရို များကို ဆွဲဖွင့်ကာ ဦးနေလင်းရဲ့၏ ဒိုင်ယာရီ အဟောင်းမျာ လှန်လှောရှာဖွေမိလေသည်။

ဦးနေလင်းရဲ့၏ ဒိုင်ယာရီ မှတ်တမ်းသည် ခ အလိုက် မှတ်မှတ်ရရ စီရရီ ရှိလေသည်။

မေမေနှင့် ချစ်သူဖြစ်ခဲ့သော ခုနှစ်အပိုင်းအခြာ စာအုပ်များကို မိဟေး ဖတ်ခဲ့ပြီး ဖြစ်လေသည်။

ဘယ်အချိန်မှာ ဘယ်လိုအကြောင်းကြောင့် သ ကွဲကွာသွားခဲ့ကြတာပါလိမ့်။

ထိုအဖြေကို မိဟေးသည် ဒိုင်ယာရီမှတ်တမ် တစ်နေရာတွင် ရှာဖွေတွေ့ရှိလိုက်လေသည်။



ဒိုင်ယာရီ စာမျက်နှာ(၁)

မေနဲ့ကိုယ် ချစ်သူတွေ ဖြစ်နေကြတာကို မေ့အိမ်က သိသွားကြတယ်။ မေ့ရဲ့ဖေဖေက ကိုယ့်ကို နှစ်ယောက်တည်းတွေ့ း စကားတွေ ပြောဖြစ်ခဲ့တယ်။ မေနဲ့ကိုယ် တစ်နေ့နေ့မှာ ဒီလို ဖြစ်လာမယ် ဆိုတာကို သူတို့ တွက်ပြီးသားပဲ။

ဒါပေမဲ့ ချွင်းချက်တစ်ခုတော့ ရှိတယ်။

မေ့ဖေဖေက မေ့ရဲ့ဘဝကို မပူမပင် မကြောင့်မကျ ိတရစွာနဲ့ ပြီးပြည့်စုံစွာ တာဝန်ယူပေးနိုင်မဲ့ ခင်ပွန်းတစ်ယောက် ့ လက်ထဲကိုပဲ တစ်သက်လုံး စိတ်ချလက်ချ ထည့်ပေးလိုက် င်တယ်လို့ ပြောလာတယ်။

အဲဒီအချိန်မှာ ကိုယ့်လက်ထဲမှာ မေ့ကို ပြည့်ပြည့်စုံစုံ ားနိုင်ဖို့ မပြောနဲ့၊ ကိုယ့်ဘဝကိုယ် ရှေ့ဆက်ပြီး ဘယ်လိုရပ် ည်ရမှန်းတောင် မသေချာ မရေရာတဲ့ လူတစ်ယောက် ဖြစ်နေ ယ်။ ကိုယ်ကိုယ်တိုင်တောင် မွေးစားမိဘတွေရဲ့ တာဝန်ယူ းထောင်ပေးမှုကြောင့် တက္ကသိုလ်ဆက်တက်ခွင့် ရခဲ့တာ။ ကိုယ့် က်ထဲမှာ ဘဝစည်းစိမ်ချမ်းသာမှ ပိုင်ပိုင်နိုင်နိုင် မရှိဘူး။

မေ့ရဲ့ဘဝကို ကိုယ်က ဘယ်လိုလုပ်ပြီး လိုတရ း ပြည့်စုံအောင် ဖန်တီးပေးနိုင်မှာတဲ့လဲ။

မေ့ရဲ့ဖေဖေက ပြောတယ် …

တိုးတက်ကြီးပွားနိုင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ပြီးတော့ ထူထောင်ဖို့ပဲ။

မေ့ဖေဖေက လိုအပ်သမျှ အရင်းအနှီးအားလုံး က်ထုတ်ပေးမယ်လို့ ပြောလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်လိုလုပ်ပြီး ငြင်းနိုင်မလဲ။

မေနဲ့ကိုယ် နီးကြဖို့အတွက် ကိုယ် စွန့်စားရတော့မှာပဲ။

မေကလည်း အဲဒီအစီအစဉ်ကို သဘောတူခဲ့တယ်။ ကိုယ့်ကို မေ့ရဲ့ဖေဖေက လူတစ်ယောက်နဲ့ ဆက်သွယ်ပေးခဲ့တယ်။ အဲဒီလူဟာ ရန်ကုန်မြို့မှာ သိပ်တော်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပဲ။

သူ့နာမည်က "မြတ်ဦးသာ"တဲ့။

မိပေါးသည် ထိုနာမည်ကို အမြင်မှာ မျက်ခုံးများအလိုလို ပင့်သွားလေသည်။

"မြတ်ဦးသာ" အဲဒီနာမည်ဟာ မိပေါးဖေဖေ၏နာမည်ပဲ။

မိပေါးသည် ဦးနေလင်းရှံနှင့် မေမေတို့၏ စာတလမ်းထဲမှာ ဖေဖေ ပါဝင်လာတာကို တွေ့ရသောအခါ ပို၍စိတ်ဝင်စားမှု ပြင်းထန်လာလေသည်။

ထို့ကြောင့် ဒိုင်ယာရီ စာမျက်နှာများကို အလောတကြီး ဆက်တိုက် ဆက်၍ဖတ်လေသည်။

ထိုဒိုင်ယာရီ၏ နောက်ပိုင်းစာမျက်နှာများကတော့ မေမေ့ကို လွမ်းသော အလွမ်းများနှင့် ပြည့်နှက်၍ နေလေသည်။

ပြီးတော့ ဦးနေလင်းရှံ၏ ဘဝရည်မှန်းချက်များ ပန်းတိုင်ကို ရောက်ဖို့အတွက် ကြိုးစားရုန်းကန်ခဲ့ရပုံတွေ၊ ပြီးတော့ ဖေဖေရဲ့ သူ့အပေါ်မှာတင်ရှိသော ကျေးဇူးတရားတွေ၊ ထိုအကြောင်းတွေနှင့်သာ ပြည့်နှက်နေခဲ့လေသည်။



ဒိုင်ယာရီစာအုပ် (၂)နှစ်စာသည် ဦးနေလင်းရှံ၏ ရုန်းကန်လှုပ်ရှားခဲ့သည်များဖြင့်သာ ပြည့်နှက်နေခဲ့ပြီး (၃)နှစ်မြောက်သော ဒိုင်ယာရီတွင်မှ ဦးနေလင်းရှံနှင့် မေမေ၏ ကံကြမ္မာအလှည့်အပြောင်းကို မိပေါး စတင်၍ သိခွင့်ရပါသည်။

"ဒိုင်ယာရီ စာမျက်နှာများ"

မေက ပြောတယ် ...။

မေ့ရဲ့ဖေဖေ ကိုယ့်အပေါ် သစ္စာဖောက်ပြီတဲ့။ လူကြီးတစ်ယောက်ရဲ့ ကတိဟာတစ်သမတ်တည်း ကျောက်စိုင်ကျောက်သားတစ်ခုလို ... ခိုင်ခံ့မြဲမြံနေလိမ့်မယ်လို့ ကိုယ် ယုံကြည်ထားခဲ့ပေမဲ့ ... မထင်မှတ်တဲ့ ဘဝရဲ့အလှည့်အပြောင်းတွေကို ကိုယ် ကြုံတွေ့ခဲ့ရတယ်။

မေက သူ့ဆီ အမြန်ဆုံး ပြန်လာခဲ့ဖို့ လှမ်းခေါ်တယ်။ မေ့ကို မေ့ဖေဖေက လူတစ်ယောက်နဲ့ အမြန်ဆုံးအိမ်ထောင်ချပေးတော့မယ်တဲ့။

ကိုယ့်ရင်ထဲမှာ ဖြောင်းဆန်အောင် တုန်လှုပ်ချောက်ချားသွားခဲ့တယ် ...။

မေဟာ ကိုယ့်ရဲ့ ဘဝတစ်ခုပဲ ...။

ကိုယ့်ဘဝရဲ့ အစိတ်အပိုင်းလေး တစ်ခုတောင် မဟုတ်ဘူးနော် ...။ ကိုယ့်ရဲ့ဘဝတစ်ခုလုံးပဲ ...။

ကိုယ် အခုကြိုးစားအားထုတ်နေခဲ့သမျှဟာ မေ့အတွက်ပဲ၊ မေနဲ့အတူတူ ဘဝတစ်ခု အတူတူတည်ဆောက်ကြဖို့ပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



အခု မေ့ကို လက်လွှတ်ဆုံးရှုံးရတော့မယ် ဆိုရင် ကိုယ် ကြိုးစားရုန်းကန်ခဲ့သမျှဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ...။

ကိုယ် မေကလေးဆီကို အပြေးအလွှား ပြန်လာခဲ့မိတယ် ...။

မေက ကိုယ့်ရင်ခွင်ထဲမှာ အကြာကြီးပဲ ငိုရှိုက်နေခဲ့တယ် ...။ မေ့ရဲ့မျက်ရည်တွေကို မြင်ရတော့ ကိုယ် ရူးသွပ်သွားတော့မတတ် စိတ်ထိခိုက် နာကျင်ကြေကွဲရတယ် ...။

မေက ပြောတယ် ...။

သူ့ဖေဖေက ကိုယ့်အပေါ် သစ္စာဖောက်ချင်လို့ ဖောက်လိုက်ရတာ မဟုတ်ဘဲ ဘယ်လိုမှ ထွက်ပေါက်မရှိတော့တဲ့ စီးပွားရေးအကျပ်အတည်း တစ်ခုကို ရင်ဆိုင်လိုက်ရတဲ့အတွက် ထွက်ပေါက်တစ်ခု ရှာခဲ့တာပါတဲ့ ...။

မေဟာ မေ့ဖေဖေရဲ့ ထွက်ပေါက်တစ်ခုတဲ့လား ... မေနဲ့ကိုယ်တို့နှစ်ယောက်ရဲ့ ဘဝတွေ စတေးပြီးမှ မေ့ဖေဖေ ထွက်ပေါက်ရမှာတဲ့လား ...။

အဲဒီညက မေ့ဖေဖေနဲ့ ကိုယ် တွေ့ဖြစ်ကြတယ် ... စကားတွေ အခြေအတင် ပြောဖြစ်ကြတယ် ...။

အဲဒီမှာ သိပ်အံ့သြစရာကောင်းတဲ့ ဘဝရဲ့လှည့်ကွက် တစ်ခုကို ကိုယ် တွေ့လိုက်ရတယ် ...။

ကိုမြတ်ဦးသာ ...



လက်စသတ်တော့ ကိုယ် သိပ်လေးစားကိုးကွယ်ခဲ့ရတဲ့ ... ကိုယ့်ဘဝရဲ့ ကျေးဇူးရှင်လူတစ်ယောက်ဟာ ကိုယ် အသည်းနှင့်အောင် ဘဝတစ်ခုလုံး ပုံအပ်ပြီး ချစ်ရတဲ့ ကိုယ့်ရဲ့ချစ်သူကို ချစ်မြတ်နိုးနေခဲ့သတဲ့ ...။

မေ့ကို လက်ထပ်ခွင့်ရဖို့အတွက် မေ့မိဘတွေဆီမှာ တောင်းဆိုခဲ့သတဲ့ ...။

မေ့ဖေဖေရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလုံး အပေါ်မှာရော၊ ကိုယ့်ကို ထုတ်ပေးခဲ့တဲ့ အရင်းအနှီးတွေ အားလုံးဟာ ကိုမြတ်ဦးသာရဲ့ ငွေတွေပဲလို့ သိလိုက်ရတဲ့ အချိန်မှာ ကိုယ် ရှုံးနိမ့်ရတော့မယ် ဆိုတာကို အလိုလိုသိသွားခဲ့ပါတယ် ...။

မေ့ဖေဖေက ပြောတယ် ...

သူ့ရဲ့ ချမ်းသာကြွယ်ဝမှု စည်းစိမ်အတော်များများဟာ ကိုမြတ်ဦးသာရဲ့ ကျေးဇူးနဲ့ မကင်းဘူးတဲ့။

ကိုယ်ကရော ... ဘာထူးသေးလို့လဲ။ ကိုမြတ်ဦးသာရဲ့ ကျေးဇူးခံ ကျေးဇူးစား လူတစ်ယောက်ဘဝကို ရောက်နေပြီပဲ။ ကျေးဇူးတရား ဆိုတာကြီးနဲ့ ကိုယ့်ချစ်သူကို လဲပစ်လိုက်ရမှာကိုတော့ ကိုယ် ရင်ထဲကနေ နင့်နေအောင် နာပါတယ်။

ဒါပေမဲ့ ... ကိုယ့်မှာ ရွေးချယ်စရာ လမ်းမှမရှိဘဲ မေနဲ့ကိုယ် နာရီပေါင်းများစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ နောက်ဆုံးတော့ မေ့ရဲ့မိဘတွေ စိတ်ချမ်းသာဖို့ ကိုမြတ်ဦးသာ စိတ်ချမ်းသာဖို့အတွက် မေနဲ့ကိုယ် တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နားလည်ယုံကြည်စွာ လမ်းခွဲကြဖို့ သဲဘောရေ
ကြည်ဖြူလိုက်ခဲ့ကြပါတယ်။

အဲဒီနေ့က ကိုယ့်ရဲ့နှလုံးသားတွေ တစ်စစီ ကွဲကြေ
ပျောက်ကွယ်သွားတဲ့ နေ့ပါပဲ။ ကိုယ့်မှာ နှလုံးသားမရှိတော့
ပါဘူး။

ကိုယ်သိပ်ချစ်တဲ့ ချစ်သူကို လက်လွှတ်ဆုံးရှုံးလိုက်
ရခြင်းဟာ ကိုယ့်ရဲ့ ဘဝတစ်ခုလုံး ပြီးဆုံးသွားခြင်းပါ
ပဲ။

ကိုယ့်မှာ အနာဂတ်ဆိုတာလည်း မရှိတော့ ...
ပန်းတိုင်ဆိုတာလည်း မရှိတော့ ...
ဘဝအဓိပ္ပာယ်ဆိုတာလည်း မရှိတော့ပါ ...။

မိဟေးသည် ဒိုင်ယာရီစာအုပ်ကို အလန့်တကြား
ဖြန့်ခနဲ ပိတ်ပစ်လိုက်မိလေသည်။

ထိုခဏတွင် မိဟေး၏ မျက်ဝန်းအိမ်ထဲမှာ ပြည့်လျှံ
လျက်ရှိသော မျက်ရည်ပေါက်များသည် ပါးပြင်ဆီမှတစ်ဆင့်
ဒိုင်ယာရီစာအုပ်ပေါ်သို့ လိမ့်ဆင်းသွားကြလေသည်။

အို ... သူတို့ဇာတ်လမ်းကလေးဟာ ရိုးရိုးစင်းစင်း
ကလေးပဲ။ ဒါပေမဲ့ ရင်နင့်ကြေကွဲဖွယ် ကောင်းလိုက်တာ။

ဒီဇာတ်လမ်းမှာ မိဟေးရဲ့ဖေဖေဟာ ပိရိသေသပ်လှ
သော ဗီလိန်တစ်ယောက် ဖြစ်နေခဲ့တာကိုး ...။

ကျေးဇူးတရား ဆိုတာရဲ့ စကားလုံးအောက်မှာ
ချစ်သူနှစ်ယောက်ရဲ့ ဘဝတွေ စတေးဖြစ်ခဲ့ကြရတာ ဘယ်သူ့မှာ
အပြစ်ရှိပါသလဲ။



ဖေဖေ့မှာလား ...။ ဟင့်အင်း ... ဖေဖေ့မှာလည်း
အပြစ်မရှိပါ။ မေမေနှင့် သူ့ရဲ့ချစ်သူ ဦးနေလင်းရုံတို့ဆီမှာလည်း
အပြစ်မရှိပါ။ မေမေရဲ့ဖေဖေ ဘိုးဘိုးဆီမှာလည်း အပြစ်မရှိနိုင်ပါ။

ဘယ်သူ့မှာမှ အပြစ်မရှိဘဲ ဖြစ်ပျက်သွားခဲ့သော
အဖြစ်အပျက်တစ်ခုသည် နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်
အောင် မေမေ့မလျော့နိုင်အောင် ဆွဲမြဲခိုင်မာနေခဲ့တာကိုတော့ အံ့သြ
မိလေသည်။

ဦးနေလင်းရုံဟာ ဖေဖေ့အပေါ်မှာ အငြိုး၊ အာဃာတ
တွေများ ထားခဲ့ဖူးသလား ...။

မေမေကရော သူ မချစ်တဲ့ ယောကျ်ားတစ်ယောက်
အပေါ်မှာ နေ့စဉ်နှင့်အမျှ မနှောက်ကျူးလွန်သော သစ္စာဖောက်ခြင်း
မျိုးနဲ့ သစ္စာဖောက်နေခဲ့မလား။ တစ်ချိန်ချိန်မှာ သူ့ချစ်သူနဲ့ ပြန်
လည်ဆုံစည်းဖို့ မေမေ တိတ်တခိုး မျှော်လင့်မနေဘူးလို့ ဘယ်သူ
ပြောနိုင်မလဲ။

မေမေနှင့် ဦးနေလင်းရုံ၏ ဇာတ်လမ်းကို သိခဲ့ပုံမရ
သော ဖေဖေသည် မေမေ့အပေါ် သေဆုံးသွားတဲ့အချိန်ထိ မြတ်
မြတ်နိုးနိုး ယုယကြင်နာစွာ အလိုလိုက်ခဲ့လေသည်။

မေမေဟာ ဘယ်လောက်တော်တဲ့ မိန်းမတစ်ယောက်
လဲ။ နှစ်ပေါင်းများစွာ သူ့ရင်ထဲမှ အချစ်စစ်ကို မျိုသိပ် သိမ်းဆည်း
ထားနိုင်ခဲ့သည်။

ဘယ်လောက် လုံခြုံလိုက်သလဲဆိုရင် ဖေဖေသည်
ပင် မရိပ်မိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မေမေသည် ဖေဖေ့အပေါ် လှည့်စားခြင်း သစ္စာဖောက်ခဲ့ခြင်း လုံးဝမရှိတာတော့ သေချာပါသည်။

မေမေနှင့် ဦးနေလင်းရုံသည် အဝေးကြီး ဝေးသွာ ခဲ့ပုံ ရသည်။ ဖေဖေဆုံးပြီး အတော်ကလေးကြာမှ ဦးနေလင်း နှင့် မေမေ ပြန်လည်ဆုံစည်းမိကြခြင်း ဖြစ်ပုံရလေသည်။

အဲဒီအချိန်မှာ မိဟေးက ခါးခါးသီးသီး ငြင်းဆ ဆန္ဒပြခဲ့တော့ မေမေ ဘယ်လောက်တောင် စိတ်ထိခိုက် ခံစား ရရှာမလဲ။

မိဟေးသည် မေမေ့အပေါ် သနားကြင်နာစိတ်က လေး ဝင်လာကာ ရုတ်တရက် ပြင်းပြစွာ လွမ်းလာလေသည်။

ထို့ကြောင့် မေမေ့ကို ဖုန်းစားဒိုင်းစားကြီး ဖုန်းခေါ် လိုက်လေသည်။

"ဟလို"ဟူသော မေမေ့အသံကလေးကို ကြားရချိန် တွင်တော့ မိဟေးသည် ဖုန်းကို ကမန်းကတန်း ပြန်ချပစ်လိုက် ၏။

မိဟေး ဘယ်မှာရောက်နေသလဲ ဆိုတာကို မေမေ သိသွားရင် အချိန်တန်တော့ မိဟေး အိမ်ပြန်ရတော့မှာပေါ့။

အဲဒီအချိန်ကို မတန်ချင်သေးပါ။

မိဟေးသည် ဒီအိမ်ကလေးမှာ နေခွင့်ရသရွေ့ ဆက် ရှိနေချင်ပါသေးသည်။

မိဟေး သူ့ကို ခွဲမသွားချင်သေးပါ။

✤♦✤



## အခန်း(၇)

"မေမေနှင့် ဦးနေလင်းရုံက သိပ်ချစ်ကြတဲ့ ချစ်သူတွေ။ သူတို့နှစ်ယောက်ကြားမှာ ကျုပ်ဖေဖေက ဗီလိန်ဖြစ်ခဲ့တာ"

မိဟေးက မျက်ရည်စိုစွတ်သော မျက်ဝန်းများဖြင့် ပြောမိလေသည်။

"အင်းလေ ... အဲဒါကို ကျုပ်တို့ သိတယ်လေ မဟေး၊ ရှင်က ဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲ"

သူငယ်ချင်းတွေက မိဟေးကို ဖေးမကြင်နာသော အကြည့်များဖြင့် ဝိုင်းကြည့်ကာ တစ်ယောက်တစ်ပေါက် အားပေး လျက် ရှိကြသည်။

"မဟုတ်ဘူး ... ဦးနေလင်းရုံရဲ့ လက်ထဲကနေ မေမေ့ကို ဖေဖေက လုယူခဲ့တာ"

"မေမေက ဖေဖေနှင့် လက်ထပ်ဖို့အတွက် ဦးနေလင်းရုံနဲ့ မေမေတို့နှစ်ယောက် ချစ်သူချင်း နားလည်မှုယူပြီး လမ်းခွဲ ခဲ့ကြတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အံ့ဩဖို့ကောင်းလိုက်တဲ့ ချစ်သူတွေလဲ နော်။ သူတို့ ထွက်ပြေးကြပါလား။ ထွက်ပြေးကြ ရတာပဲ။

အဲဒီအချိန်ကသာ သူတို့နှစ်ယောက် ပေါင်းဖြစ်ခဲ့ကြ ရင် မိဟေး ဆိုတာလည်း ဖြစ်လာချင်မှ ဖြစ်လာတော့မှာ။

အဲဒါဆိုရင် အခုဖြစ်နေတဲ့ အဖြစ်အပျက်တွေလည်း ဘာမှဖြစ်လာစရာ အကြောင်းမရှိတော့ဘူး”

“မဟုတ်သေးဘူး မဟေးရယ် ... ကံကြမ္မာဆိုတာ ကျုပ်တို့ လိုချင်သလို ပြုပြင်ပြောင်းလဲယူလို့ ရတာမှ မဟုတ်တာ ...

သူ့ဘာသာသူ ဖြစ်ချင်တဲ့အတိုင်း ဖြစ်နေတာ။ အဲဒီ အဖြစ်အပျက်တွေအပေါ် ကျုပ်တို့က လိုက်လျောညီ ထွေဖြစ်အောင် နေတတ်ဖို့ပဲ လိုတာ မိဟေးရဲ့ ...

အခုအခြေအနေကြီးကို ရှင် မကျေနပ်ဘူး မဟုတ် လား။ ရှင့်မေမေကို ဦးနေလင်းရဲ့နဲ့ မယူစေချင်ဘူး။

ဦးနေလင်းရဲ့ကို ပထွေးမတော်စေချင်ဘူး။

အဲဒါ ရှင်မကြိုက်တဲ့ အဖြစ်အပျက်တစ်ခုပဲ။

ဒီအဖြစ်အပျက်ကို ရှင်မကြိုက်တဲ့အတွက် ရှင်မကြိုက် တဲ့ပုံစံနဲ့ တုံ့ပြန်နေတာပေါ့။

အကယ်၍ ရှင်ကြိုက်တဲ့ အဖြစ်အပျက်တစ်ခု ဖြစ် လာပြီ ဆိုပါတော့ ...။

ရှင် ဘယ်လိုတုံ့ပြန်မလဲ။ ရှင့်စိတ်ထဲက ကြိုက်တဲ့ အလျောက်ပဲ တုံ့ပြန်မှာပေါ့။ အဲဒါ လူ့သဘာဝပဲ မိဟေး။



ကိုယ်ကြိုက်တဲ့ အဖြစ်အပျက်ကို ပျော်ရွှင်ကျေနပ်စွာ တုံ့ပြန်တတ်ပေမဲ့ ကိုယ်မကြိုက်တဲ့ အဖြစ်အပျက်ကို ပျော် ရွှင်ကျေနပ်စွာ တုံ့ပြန်တတ်ပေမဲ့ ကိုယ်မကြိုက်တဲ့ အဖြစ် အပျက်ကြီးတစ်ခု ဖြစ်လာရင်တော့ ခါးခါးသီးသီး တုံ့ပြန် တတ်ကြတာ လူ့သဘာဝပဲ။

ဒါပေမဲ့ ဦးနေလင်းယုန်နဲ့ ရှင့်မေမေတို့ကတော့ အံ့ဩစရာကောင်းလောက်အောင် ထိန်းသိမ်းနိုင်ခဲ့ကြတယ် နော်။

သူတို့နှစ်ယောက် ဝေးဖို့ဖြစ်လာကြတာကို သူတို့ ဘယ်ကြိုက်ကြမှာလဲ။ အဲဒီအဖြစ်အပျက်ကြီးကို သူတို့ရင် ဆိုင်ခဲ့ကြပုံဟာ မလှဘူးလား။

အမှန်တော့ သူတို့ လိုက်လျောညီထွေဖြစ်အောင် နေခဲ့ကြတာ။ မကြိုက်တဲ့ အဖြစ်အပျက်ကြီးလည်း ကြိုက် ချင်ယောင်လည်း မဆောင်ဘူး။ မကြိုက်တဲ့အတိုင်းလည်း မတုံ့ပြန်ခဲ့ဘူး။

Let it be ဆိုတဲ့အတိုင်းပဲ သူတို့ တုံ့ပြန်သွားခဲ့တာ”

မိဆုက ရင့်ကျက်သော လူကြီးတစ်ယောက်လို စကားကြီး စကားကျယ် ဒဿနတွေ ဖွင့်နေတာကို ခါတိုင်းဆို ရင်တော့ သူငယ်ချင်းတွေဝိုင်း၍ နောက်ပြောင် ရယ်မောကြမှာ ဖြစ်ပေမဲ့ အခုတော့ မိဆု ပြောသော စကားသည် အမှန်ဆုံးစကား ဖြစ်နေခဲ့သည်။

မိဟေးတို့ မငြင်းဆန်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိဟေး ကိုယ်တိုင်ပဲ ကြည့်လေ။ မိဟေး ကြိုက်သော အဖြစ်အပျက်တစ်ခုကို မိဟေးဘာသာ တိတ်တခိုးလေး ခံစား ခဲ့ပြီး မိဟေး မကြိုက်သော အဖြစ်အပျက်ကြီးကိုတော့ ခါးသီး တွန်းလှန်ဆန့်ကျင်နေခဲ့တာပဲ မဟုတ်လား။

တကယ်တော့ မိဟေး မရင့်ကျက်သေးပါ။

"ကဲ ... အဲဒီတော့ မိဟေး။ ရှင် ဘာဖြစ်ချင်တာလဲ။ ဦးနေ လင်းရုံနဲ့ ရှင့်မေမေကို မျက်စိမှိတ်ပြီး သဘောတူလိုက် တော့ဖို့ ရှင် ဆုံးဖြတ်နိုင်သလား"

ထိုစကားကြောင့် မိဟေး၏ ကိုယ်ခန္ဓာသည် ဆတ် ခနဲ တောင့်မတ် အေးခဲသွားလေသည်။ အေးစက်ခဲကျင်သော ရေခဲရေဖြင့် အပက်ခံလိုက်ရသလို တစ်ကိုယ်လုံး အေးစက်တုန်ယင် သွားပုံမျိုးဖြစ်သည်။

"မေမေနဲ့ သူ့ကို ကျုပ် သဘောမတူနိုင်ဘူး။ ဘယ်တော့ သဘောတူမှာ မဟုတ်ဘူး ...

သူ့ကို ပထွေးတစ်ယောက်အဖြစ် လက်မခံနိုင်တဲ့ စိတ်ဟာ ဟိုးအရင်ကထက် အခု ပိုပြီးတော့ ပြင်းထန်လာ တယ် ...

ကျေးဇူးပြုပြီး ဘာဖြစ်လို့လဲဆိုတဲ့ မေးခွန်းမျိုး မမေးကြပါစေနဲ့။ မိဟေးမှာ အဖြေမရှိပါ"

"အဲဒါဆိုရင် ဦးနေလင်းရုံနဲ့ ရှင့်မေမေကို ဆက်ပြီးတော့ ခွဲဖို့ ကြိုးစားမယ်ပေါ့"

"ဟုတ်တယ် ... အဲဒါ မတရားဘူး ဆိုတာလည်း သိတယ် ဒါပေမဲ့ ကျုပ် လက်မခံနိုင်ဘူး ...



အဲဒါ ဘာဖြစ်လို့လဲ ဆိုတာလည်း အကြောင်းပြ ချက် မပေးနိုင်ဘူး"

မိဟေးက အတ္တကြီးစွာ ပြောလေသည်။ ထိုအတ္တ ကြောင့် မိဟေး၏ တစ်ကိုယ်လုံး ပူလောင်လျက်ရှိသည်။ အဲဒီ ...ဟာ ဘယ်လောက်ထိတောင် ပြင်းထန်သလဲဆိုရင် မိဟေး ...တစ်ခုလုံး လိုက်စားလောင်ကျွမ်းသွားတော့မတတ် အထိပင် ...သည်။

ဘယ်အရာက မိဟေးကို ခိုင်းစေနေတာလဲ။ မနာ ...စန်တိုမှုကလား။

ဟင့်အင်း ... မိဟေး မသိချင်ပါ။

✣ ◆ ✣

www.burmeseclassic.com

www.burmeseclassic.com



ဦးနေလင်းရုံ၏ မျက်နှာတစ်ခုလုံး ချိုမြသောအပြုံး
ဖြင့် လင်းထိန်တောက်ပလျက် ရှိသည်။

သူ ဘာဖြစ်လာတာပါလိမ့်။ တစ်ခုခုတော့ ထူးထူး
ခြားခြား ပျော်ရွှင်လာပုံပင်။

နေစမ်းပါဦး ...။ ဒီနေ့ဟာ သောကြာနေ့လည်း
မဟုတ်သေးပါဘူး။ ဦးနေလင်းရုံ ဘာဖြစ်လို့ ဒီလောက်တော
ပြုံးရွှင်ချိုမြနေရတာပါလိမ့်။

မိဟေးသည် သူ့ကို မသိမသာ အကဲခတ်လျက်ရှိ
စဉ် ဦးနေလင်းရုံက မိဟေးကို ကြည်နူးပီတိအပြုံးဖြင့် ... ပြုံး
လိုက်ကာ ..

"မောင်တိုးကလည်း ပြန်မလာသေးဘူးကွာ။ မြတ်သော
မင်းတစ်ယောက်တည်း အိမ်မှာ နေခဲ့ရတယ် မဟုတ်လား
ကိုယ် ဒီနေ့ မန္တလေးကို သွားမလို့"

မဟေး ရင်ထဲ လျှပ်ခနဲ ခုန်သွားကာ ...

"အို ... ဘာဖြစ်လို့ မန္တလေးကို သွားမှာလဲ၊ ခါတိုင်း
သောကြာနေ့မှ သွားနေကျမဟုတ်လား"



"ဟုတ်တယ် ... ဒါပေမဲ့ ဒီရက်ပိုင်း အလုပ်နည်းနည်းပါး
တုန်း မန္တလေးကို ကိုယ် ပြေးလိုက်ဦးမလို့ ...

ပြီးတော့ ကိုယ့်ချစ်သူကို Surprise လည်း လုပ်ချင်
သေးလို့ ...

ကိုယ် သူနဲ့ စေ့စပ်တော့မယ်၊ သူ့အတွက် စေ့စပ်
လက်စွပ်ကလေးတောင် လုပ်လာခဲ့ပြီ ...

မင်းက မိန်းကလေးမျက်စိနဲ့ဆိုတော့ ကြည့်ရင်သိ
မှာပဲ။ ရော့ ... အဲဒါလေး ကြည့်ပေးစမ်းကွာ ...

ကိုယ့်ချစ်သူ သဘောကျနိုင်ပါ့မလား ဆိုတာ"

ဦးနေလင်းရုံက မိဟေး လက်ထဲသို့ အပြာရောင်
ကတ္တီပါဘူးလေးတစ်ခုကို ထိုးပေးလိုက်လေသည်။

မိဟေးသည် ဘူးကလေးကို တုန်ယင်နေသော
လက်နှလုံးဖြင့် လှမ်းယူလိုက်ကာ အသာအရာ ဖွင့်ကြည့်လိုက်မိ
လေသည်။

အို ... အထဲမှာ ဖြူဖွေးကြည်လဲ့နေသော စိန်ပွင့်က
လေးနှင့် ပလက်တီနမ် လက်စွပ်ကလေးသည် မိဟေး၏ နှလုံးသား
ညို့ယူဆွဲဆောင်လိုက်လေသည်။

စိန်ပွင့်ကလေးဟာ အနည်းဆုံးတော့ (၂)ရတီကိုက်
လောက် ရှိမှာပဲ။

တကယ့်ကို အပြစ်အနာအဆာ ကင်းမဲ့ကာ ဖြူစင်
တောက်ပ လင်းလက်လျက်ရှိသော ထိုစိန်လက်စွပ်ကလေးကို
ဝတ်ဆင်ခွင့် ရမည်ဆိုလျှင် ဘယ်လောက်တောင် ဝမ်းသာပျော်ရွှင်သွား
လိုက်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏတွင် ဘာကြောင့်မှန်းမသိဘဲ မိပေါး ရင်
တွင် ငိုချင်ပြင်းမြစိတ်သည် တလိတ်လိတ် လှိုက်၍ တက်လာ
လေသည်။

သူဟာ မေမေ့အတွက် အထိုက်တန်ဆုံးသော မြတ်
ကြင်နာဖွယ် ယောကျ်ားတစ်ယောက်ပါ။ အဲဒါကို မိပေါး အကြွ
မဲ့ ယုံကြည်လက်ခံပါတယ်။

သူနှင့် တစ်သက်လုံး အတူနေရလျှင် မေမေ တ
သက်လုံး စိတ်ချမ်းသာ ပျော်ရွှင်ချမ်းမြေ့သွားနိုင်မယ် ဆိုတာ
လည်း မိပေါး သိပါရဲ့။

ဒါပေမဲ့ မိပေါး ဘာဖြစ်လို့ အဲဒီအဖြစ်အပျက်
မကြည်ဖြူ လက်မခံချင်ရတာပါလိမ့်။

"ကဲ ... တစ်ခုခုပြောပါဦး မြတ်သောခင်ရဲ့။ စိန်ပွင့်ကြီး
စိုက်ကြည့်နေလိုက်တာ မျက်လုံးကို ပြူးနေတာပဲ ...

ဒီလက်စွပ်ကလေးကို ကိုယ့်ချစ်သူမြင်ရင် ဘ
လောက် သဘောကျလိုက်မလဲနော် ...

အဲဒါလေးကို ကိုယ် ဒီနေ့ရောက်အောင် ကားမော
ပြီး သွားပေးချင်တယ် ...

ပြီးတော့ ... ဟိုရောက်ရင် စေ့စပ်ပွဲကလေး အက
ရုံးပြီး လုပ်လိုက်မလားလို့"

သူ့စကားကြောင့် မိပေါး ရင်ထဲ ထိတ်ခနဲ ခုန်သွ
ပါသည်။

ဟင့်အင်း ... မေမေ သူနဲ့ မစေ့စပ်ရဘူး။ ပြီးတော
သူ့ကို မေမေ့ဆီသွားဖို့ ခွင့်မပြုနိုင်ဘူး။



မိပေါး၏ မကောင်းသော စိတ်ရိုင်းကလေးများသည်
ရာအနံ့မှနေ၍ မိပေါး၏ တစ်ကိုယ်လုံးဆီသို့ စိမ့်ဝင်ထွင်းဖောက်
င်ရောက်လာခဲ့ကြလေသည်။

မိပေါးသည် မသိမသာ အံကလေးကို ကြိတ်ထား
ာ ငိုချင်လာသောစိတ်ကို ထိန်းချုပ်နေရ၏။

"ကဲ ... မင်းဘာမှ မပြောတော့ဘူး ဆိုရင်လည်း ကိုယ်
ရေလေးဘာလေး သွားချိုးလိုက်ဦးမယ်ကွာ။ ပြီးတာနဲ့
မန္တလေးကို ချက်ချင်းထွက်မယ် ...

ဒီနေ့တော့ မင်းတစ်ယောက်တည်း အိမ်စောင့်နေခဲ့
ပေါ့ကွာ။ မနက်ဖြန်လည်း ကိုယ်ပြန်လာဖြစ်ဦးမှာ မဟုတ်
ဘူး။ သန်ဘက်ခါညနေလောက်မှ ကိုယ်ပြန်ရောက်မယ်။
ဟုတ်ပြီလား။ မင်းဘာသာမင်း ပျော်သလိုသာ နေခဲ့ပေတော့
နော်"

သူက မိပေါး၏ ဆံပင်များကို ချစ်စနိုးဖွသပ်သွား
ာ သူ့အခန်းရှိရာဆီသို့ တက်သွားလေသည်။

မိပေါးသည် သူ့နောက်မှ အသာလေး လိုက်သွားခဲ့
သည်။

သူ့မေမေဆီ မသွားဖြစ်အောင် မေမေနဲ့ မစေ့စပ်ဖြစ်
အောင် မိပေါး တစ်ခုခုတော့ ကြံစည်မှဖြစ်မယ်။

သူ ရေချိုးခန်းထဲသို့ ဝင်သွားချိန်တွင် မိပေါးသည်
ရေချိုးခန်းတံခါးကို အပြင်မှနေ၍ ချက်ထိုးပစ်လိုက်လေသည်။

ဦးနေလင်းရုံက ချက်ချင်းတော့ မသိသေး။ လေက
လေးတချွန်ချွန် သီချင်းကလေး တညည်းညည်းဖြင့် ရေချိုးနေဆဲ
ဝင်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရေချိုးပြီးချိန်လောက်ကျမှ တံခါးဖွင့်သံ ကြား ရ၏။

မိဟေးသည် ဦးနေလင်းရုံ၏ ခုတင်အစွန်းတွင် အမြင်ကတ်စွာထိုင်ကာ မျက်ရည်တစ်ပေါက်ချင်း လိမ့်ဆင်းကျ လျက် ရှိလေသည်။

မိဟေး၏ နှလုံးသားတစ်ခုလုံး ရှုပ်ထွေးဖွေလီလျက် ရှိလေသည်။ မိဟေးကိုယ် မဟေးလည်း ဘာဖြစ်လို့ ဖြစ်နေမှန်း မသိတော့ချေ။

“ဟာ ... ဟော့ ... အပြင်ကနေ ဘယ်သူချက်ထိုးထားတာ လဲ။ မြတ်သောခင် ... မင်း အဲဒီမှာ ရှိနေသလား။ ကိုယ့် ကို တံခါးဖွင့်ပေးစမ်း”

BURMESE CLASSIC .com

ဦးနေလင်းရုံက တံခါးကို တဒုန်းဒုန်းထုကာ အသံ ကျယ်ကြီးဖြင့် အော်ဟစ်လျက်ရှိသည်။

မိဟေးသည် ဘာသံမှ ပြန်မပေးသေးပဲ နှုတ်ခမ်းကို တင်းတင်းကိုက်ထားမိသည်။

“ဟာ ... ဒီကောင်မလေးတော့ ဘာစိတ်ရူးပေါက်ပြီး အပြင်ကနေ တံခါးပိတ်ထားသလဲ မသိဘူး။ ဟော့ ... မြတ်သောခင်၊ တံခါးဖွင့်စမ်း။ မင်း အဲဒီမှာ ဘာလုပ်နေတာ လဲ။ ကိုယ့်ကို ဘာဖြစ်လို့ ရေချိုးခန်းတံခါး ပိတ်ထားရ တာလဲကွ”

နေလင်းရုံသည် ရေချိုးခန်းထဲမှ လှမ်းအော်ရင်း တစ်ယောက်တည်း အားပါးတရ ပွဲမိလေသည်။



သူ အဲဒီလိုပြောလိုက်လျှင် မိဟေး ဘယ်လိုတုံ့ပြန် မဲ ဆိုတာကို သူ သိချင်သောကြောင့် စမ်းသပ်လိုက်ခြင်းဖြစ်သည်။

“အဲဒီမှာနေ ... အဲဒီအခန်းထဲမှာပဲ နေတော့။ ရှင့်ကို ကျွန်မ တံခါးဖွင့်မပေးနိုင်ဘူး။ ရှင် မန္တလေးကို မသွားရ ဘူး။ သိရဲ့လား”

မိဟေးသည် အရူးတစ်ယောက်လို ခပ်တိုးတိုးကလေး ရွတ်လိုက်ရင်း သူ့အခန်းထဲမှ ပြေးထွက်လာခဲ့သည်။

ပထမဆုံး မေမေ့ကို ဖုန်းဆက်ဖို့ သတိရလာသည်။ ...င်ထဲမှာ ဘာကိုခါးသီးမှန်းမသိ ခါးသီး၍ နေလေသဲည်။

မိဟေးသည် စဉ်းစားမနေတော့ပဲ မေမေ့ထံသို့ ...က်ချင်း ဖုန်းခေါ်လိုက်လေသည်။

နေလင်းရုံသည် ရေချိုးခန်းထဲမှာ ဖုန်းလိုင်းခွဲတစ်ခု ...ားသောကြောင့် ဖုန်းကို အသာအယာမ,၍ နားစွင့်ထားလေသည်။

“ဟဲလို”ဟူသော မေမေ၏ ထူးသံကလေးကို ကြားရ ...ိန်တွင် မိဟေးသည် ရုတ်တရက် ရှိုက်ကြီးတငင် ငိုချပစ်လိုက်၏။

“အို ... ကြည့်စမ်း ... မိဟေး ... သမီး။ မိဟေး မှတ်လား ဟင်။ သမီး ဘယ်ကနေ ဆက်နေတာလဲ။ သမီးရယ် မေမေ စိတ်ပူလိုက်တာ။ သမီး ဘယ်ရောက်နေတာလဲ။ မေမေ့ဆီ အမြန်ဆုံး ပြန်လာပါတော့ သမီးရယ်။ သမီး စိတ်တိုင်းကျ အားလုံးဖြစ်စေရပါ့မယ်”

မေမေက အငမ်းမရ အသက်မရှူစတမ်း ပြောသော အခါ မိဟေးသည် ပို၍ဝမ်းနည်းနာကျင်လာပြီးလျှင် ရှိုက်ကြီးတငင် ငိုရှိုက်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိဟေး စိတ်တိုင်းကျ ဘယ်မှာဖြစ်လို့လဲ။ မေမေ ဦးနေလင်းရုံနဲ့ စေ့စပ်တော့မယ် မဟုတ်လား"

ဟု ငိုရှိုက်သံများစွက်လျက် မိဟေးက မေမေ့ကို ရန်တွေ့ လိုက်လေသည်။

"မေမေ စေ့စပ်မယ်လို့ သမီးကို ဘယ်သူပြောသလဲ။ သမီး ပြန်မလာမချင်း မေမေ ဘယ်တော့မှ မစေ့စပ်ဘူးဆိုတာ ယုံစမ်းပါ သမီးရယ်။ သမီး စိတ်ချမ်းသာစေရမယ်။ သမီး စိတ်ထိခိုက်နာကျင်အောင် မေမေ ဘယ်တော့မှမလုပ်ဘူး ...

အဲဒါကို ယုံတယ်ဆိုရင် မေမေ့ဆီ အမြန်ဆုံး ပြန်လာခဲ့ပါ သမီးရယ်။ မေမေ တစ်ယောက်တည်း သမီးကို လွမ်းလှပြီ။

ပြီးတော့ သမီး ပြန်လာမယ့်နေ့ကိုလည်း မေမေ အရူးအမူး မျှော်လင့်နေတယ်"

"မေမေ မိဟေးကို ဘယ်မှာလွမ်းလို့လဲ။ မိဟေး ပြန်လာမယ့်နေ့ကို ဘယ်မှာမျှော်နေလို့လဲ။

မေမေ့ချစ်သူနဲ့ မေမေ ပျော်နေတာ မဟုတ်လား"

မိဟေးသည် ကလေးတစ်ယောက်လို ငိုရှိုက်သံတွေ ဗလုံးဗထွေးဖြင့် ပြောလေသည်။

"မေမေ ဘယ်ပျော်နိုင်ပါ့မလဲ သမီးရယ်။ မေမေ့ဘဝမှာ သမီးလေးက အဓိကပဲ။ သမီးမရှိရင် မေမေ ဘယ်လိုမှ မနေတတ်ဘူးဆိုတာ သမီး နားမလည်ဘူးလား ...။



ပြန်လာခဲ့ပါ သမီးရယ်။ သမီး အခု ဘယ်ရောက်နေသလဲ မေမေ သိချင်တယ်"

"မေမေ မသိတာပဲ ကောင်းပါတယ်၊ မေမေ မိဟေးကို ဘယ်မှာငဲ့ညှာလို့လဲ။ မေမေ စိတ်ချမ်းသာဖို့အတွက်ပဲ မေမေ ကြည့်တာလား။ မေမေ့ပါးစပ်ကနေ ကြားလို့ကောင်းအောင်သာ မေမေ လျှောက်ပြောနေတာ ...

တကယ်တမ်းမှာ မေမေ အဲဒီလူကိုပဲ မရ,ရအောင် လက်ထပ်မှာ၊ ဟုတ်တယ်မဟုတ်လား ...

မိဟေး သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ မေမေ သူ့ကိုပဲ ယူမှာ၊ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ပါဘူး သမီးရယ်။ မိဟေး နားလည်အောင် မေမေ ရှင်းပြချင်လိုက်တာ ...

မိဟေးနဲ့မေမေ တွေ့ချင်တယ်။ မေမေ ဘယ်မှာလာတွေ့ရမလဲ မိဟေး"

"တော်ပါ မေမေ။ ဆက်မပြောပါနဲ့။ မေမေ မိဟေးကို ချစ်တယ်ဆိုရင် ဦးနေလင်းရုံကို ဘယ်တော့မှ လက်မထပ်ပါဘူးလို့ မေမေ ကတိပေးလေ ... ကဲ"

မေမေ့ဘက်မှ အကြာကြီး အသံတိတ်သွားခဲ့ပါသည်။ မေမေ ဘယ်လိုမှ အဲဒီကတိကို မပေးနိုင်ဘူးဆိုတာ မိဟေး အလိုလို နားလည်ခံစားမိပါသည်။

တကယ်တော့ ဒါဟာ မဟေး မေမေ့ကို သက်သက် အကျပ်ကိုင်နေတာပဲဆိုတာ မိဟေး သိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီလောက်တောင် ခါးသီးနေရတာလဲ သမီး ရယ်။ သမီး သူနဲ့ တွေ့ကြည့်လိုက်ပါ။ သူ့ကို သမီး သဘောကျမှာပါ"

မေမေ့ရဲ့ တိုးတိတ်ညင်သာလှသော စကားသံ ကြောင့် မိဟေး ရင်ထဲ မလုံမလဲ ဖြစ်သွားလေသည်။

ဟုတ်တယ် မေမေ။ မိဟေး သူ့ကို သဘောကျ တယ်။ ဒါပေမဲ့ ပထွေးတစ်ယောက်လို၊ ဖခင်လို၊ သတ်မှတ်ချစ်ခင် ဖို့ သဘောကျနိုင်တာမျိုး မဟုတ်ဘူး။

ဘဝမှာ တစ်သက်မှာ တစ်ကြိမ်သာ ပေါ်ပေါက်ဖူး တဲ့ အထင်ကြီး လေးစားကိုးကွယ်မိသော ယောကျ်ားတစ်ယောက် ကို ချစ်မြတ်နိုးမိတဲ့ သဘောကျပုံမျိုးနဲ့ သဘောကျမိသွားတာ။

အဲဒီအတွက် မိဟေး ဘာလုပ်ရမလဲ မေမေ။ သူဟာ မေမေရဲ့ ချစ်သူတစ်ယောက်။ ပြီးတော့ မေမေ လက်ထပ် ဖို့ ရည်ရွယ်ထားတဲ့ ယောကျ်ားတစ်ယောက်။

အဲဒီလူကို မိဟေး စိတ်ထဲက ဘယ်လိုမှ မဖြစ်မှား သင့်ဘူးဆိုတာ မိဟေး သိသိကြီးနဲ့ မိုက်မဲနေတာပါ။

ဒါပေမဲ့ အချစ်ဆိုတဲ့ အရာကို ဘယ်လိုတားဆီးလို့ ရမလဲ မေမေ။ ချစ်တဲ့စိတ်ကို မတားဆီးနိုင်ပေမဲ့ မဖြစ်သင့်ဘူး ဆိုတဲ့ အသိစိတ်နဲ့ ဆင်ခြင်ထိန်းချုပ် မျိုသိပ်ဖို့တော့ မိဟေး ကြိုးစားမှာပါ။

မိဟေးရဲ့အချစ်ကို သူလည်း ဘယ်တော့မှ မသိစေ ရသလို၊ မေမေလည်း ဘယ်တော့မှ မသိစေရပါဘူး။



ဒါပေမဲ့ မိဟေးကို ထွက်ပေါက်တစ်ခုတော့ ပေးပါ အမေ။ အဲဒီထွက်ပေါက်ဟာ မိဟေး ချစ်မိတဲ့ ယောကျ်ားတစ် ယောက်ကို ပထွေးတစ်ယောက်အဖြစ် တစ်သက်လုံး အတူတကွ နေထိုင်သွားဖို့ လုံးဝမဖြစ်နိုင်တဲ့အတွက် မေမေ သူ့ကို လက်မထပ် ဖို့ပါ။

"ဟင့်အင်း ... မိဟေး သူနဲ့မတွေ့ချင်ဘူး မေမေ။ ပြီးတော့ မေမေ့ကိုလည်း သူ့လက်ထဲကို ဘယ်တော့မှ ထည့်မပေး လိုက်နိုင်ဘူး ...

အဲဒါ မိဟေးရဲ့ ဘယ်တော့မှ မပြောင်းလဲမယ့် သစ္စာစကားပဲ"

မိဟေးသည် ပြောပြီးပြီးချင်း ဖုန်းခွက်ကို ခွပ်ခနဲ ဆောင့်ချပစ်လိုက်မိလေသည်။

ရေချိုးခန်းထဲမှ နေလင်းရုံသည် မျက်မှောင်ကြုတ် ထားမိကာ သူ့ကို မိဟေး ဘာဖြစ်လို့ လက်မခံ မကြည်ဖြူနိုင် ရသလဲ ဆိုတာကို တွေးလို့မရလောက်အောင် ဖြစ်ရလေသည်။

နေလင်းရုံသည် မေ့ထံသို့ ချက်ချင်းဖုန်းပြန်၍ ခေါ်လိုက်၏။

"ဟလို ... သမီးလား"

မေ၏ မွတ်သိပ်တောင့်တသော မေးသံလေးကြောင့် နေလင်းယုန်သည် စိတ်မကောင်းဖြစ်သွားကာ ...

"ကိုယ်ပါ ... မေ။ ခုန မိဟေးနဲ့ မေနဲ့ ပြောကြတာတွေ အားလုံး ကိုယ် နားထောင်ပြီးပြီ။ ကိုယ် အခု ဘယ်ကနေ ဆက်နေတာလဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဆက်နေတာလဲ မောင်။ သမီးကို ဘာတွေများ လျှောက်ပြောလိုက်တာလဲ မောင်ရယ်။ မေတို့ စေ့စပ်တော့ မယ်လို့များ သမီးကို ပြောလိုက်မိသလား"

"ကိုယ်ပြောသားပဲ။ မိဟေးကို ကိုယ် လှည့်ကွက်လေးတစ်ခု ပြန်လုပ်တော့မယ် ဆိုတာလေ ...

"အဲဒါ အသာထားပါဦး၊ ခုနတုန်းက မေနဲ့ကိုယ် စေ့စပ်တော့မယ်ဆိုပြီး မေ့အတွက် ဝယ်လာတဲ့ စိန်လက်စွပ် ကို မိဟေးကို ပြတယ်လေ။ အဲဒါ အခုညတွင်းချင်းပဲ မန္တလေးကို အရောက်သွားပြီး မေ့ကို ပေးမယ်လို့ ပြောလိုက် မိလို့ ကိုယ့်ကို မိဟေးက အခု ဘာလုပ်ထားသလဲ ... သိလား မေ"

"ဘာလုပ်ထားသလဲ မောင်"

"အခု ကိုယ်ရေချိုးခန်းဝင်ပြီး ရေချိုးနေတုန်း ရေချိုးခန်း တံခါးကို အပြင်ကနေ ချက်ထိုးပိတ်ထားတယ်လေ ...

ကိုယ် အခု အပြင်ထွက်လို့ မရဘူး။ ရေချိုးခန်း ထဲကနေ ဆက်နေရတာ"

"ဖြစ်မှဖြစ်ရလေ မောင်ရယ်"

မေသည် ဖွဖွကလေး ရယ်မောပါလေသည်။ နေလင်း ရုံလည်း အသာအယာ လိုက်၍ရယ်မောကာ ...

"ကိုယ့်ကို သူ ဘာဖြစ်လို့ ဒီလောက်တောင် ခါးခါးသီးသီး သဘောမတူနိုင်ရသလဲဆုတာ ကိုယ် တွေးလို့ကို မရဘူး မေ ...



အခုလောက်ဆို ကိုယ့်ကို သူ တော်တော်ကလေး လေ့လာလောက်ပြီးပြီလို့ ထင်တာပဲ ...

ကိုယ့်မှာ သူ သဘောမကျစရာ အချက်အလက်တွေ ဘာများရှိလို့ပါလိမ့်"

"မိဟေးရဲ့ စိတ်ကို မေ သိတယ် မောင်။ သမီးက သူ့ အဖေလိုပဲ။ သူ လိုချင်တာရှိရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင် ယူတတ်တဲ့ တစ်ဇွတ်ထိုးစိတ်မျိုး ...

တကယ်တော့ သူ မေ့ကို အရမ်းသဝန်တိုနေတာပါ။ သူ့ဖေဖေကလွဲပြီး ဘယ်ယောကျ်ားကိုမှ မေ့ကိုမပိုင်စေချင် တာ။ အဲဒါ သူ့ရဲ့အဓိကဖြစ်နေတဲ့ မနာလိုစိတ်ပဲ ...

အဲဒီစိတ်ကလေး ပျောက်သွားအောင် မောင် ကြိုးစား ရလိမ့်မယ်"

"ကြိုးစားပါတယ် မေ။ ကိုယ်ကြိုးစားပါတယ်။ မေ့သမီး ကိုက ခေါင်းတော်တော်မာတာ။ သူ့ကြည့်ရတာ ဒါဆို ဒါပဲ။ တစ်ယူသန်ကြီး။ အခု ကိုယ့်ကို ရေချိုးခန်းတံခါး ဖွင့်မပေးဘူး။ အဲဒါ ဘယ်လိုလုပ်ရမလဲ"

မေက တသိမ့်သိမ့် ရယ်မောပါသည်။

"အဲတော့လည်း ရေချိုးခန်းထဲမှာပဲနေပေါ့ မောင်ရယ်။ မောင် ဘာဖြစ်လို့ သူ့ကို ရန်စသေးလဲ"

"မေ့ဆီ သူ ဖုန်းဆက်ဖြစ်သွားအောင် ကိုယ် လှည့်စား လိုက်ရတာပါကွာ ...

ကောင်းပြီလေ မေ။ သောကြာနေ့ကျမှ ကိုယ်တို့ တွေ့ကြတာပေါ့။ အခု ဖုန်းချလိုက်တော့မယ်နော် ...

www.burmeseclassic.com

www.burmeseclassic.com



မေ့ကို သိပ်ချစ်တယ်"

နေလင်းရုံက ပြောကာ ဖုန်းကိုချလိုက်လေသည်။

ထို့နောက် ရေချိုးခန်းတံခါးကို တဒုန်းဒုန်းထုပြန်သည်။

"မြတ်သောခင် ... ကိုယ့်ကို အမြန်တံခါးဖွင့်စမ်းကွာ။ ဒီမှာ ကိုယ်ချမ်းလှပြီ"

အခန်းအပြင်ဘက်မှ မိပေါးသည် ဦးနေလင်းရုံ၏ အော်နေသံကို ကြားနေရသော်လည်း မကြားချင်ဟန် ဆောင်နေလေသည်။ အဓိက,ကတော့ သူ့ကို မန္တလေးသို့ မသွားစေချင်ခြင်း ဖြစ်သည်။ ဒုတိယကတော့ သူ့မေမေကို စေ့စပ်လက်စွပ်ပေးခွင့် မရစေချင်သောကြောင့် ဖြစ်သည်။ တတိယကတော့ မေမေနှင့်သူ မစေ့စပ်ဖြစ်ဖို့ပဲ ဖြစ်လေသည်။

✤ ♦ ✤



အဲဒီနေ့က ပြာလွင်မိုးဆီမှ ဖုန်းလာပါသည်။ အကြောင်းထူးရှိရင် ပြာလွင်မိုးက ဖုန်းဆက်လေ့ရှိသောကြောင့် ဘာများထူးသလဲဟု မိပေါး ဖုန်းကိုကိုင်လေသည်။

ပြာလွင်မိုး၏ အသံက နူးညံ့ချိုမြနေပါသည်။

"မိပေါး ... ဒီသောကြာမှာ ဦးနေလင်းရုံနဲ့ မိပေါးရဲ့မေမေတို့ မဆုံဖြစ်အောင် ကိုယ် အစီအစဉ်တစ်ခု လုပ်ထားတယ်"

"ဟုတ်လား ... ဘာအစီအစဉ်လဲ၊ ပြောပါဦး"

မိပေါးသည် မျက်ခုံးကလေးပင့်ကာ ဝမ်းသာအားရ မေးလိုက်လေသည်။

မနက်ဖြန်ဆို သောကြာနေ့ ရောက်တော့မည်။ ဦးနေလင်းရုံသည် လေကလေးတချွန်ချွန်ဖြင့် ပြုံးပျော်ကြည်နူးလျက် ရှိပါသည်။

မိပေါး ဘယ်လိုမှ ကြည့်လို့မရချေ။ မောင်တိုးကလည်း ပြန်မလာသေးသောကြောင့် မိပေါး တစ်ယောက်တည်း ကျန်ခဲ့ရမှာ ဖြစ်သည်။

"သောကြာနေ့ မနက်စောစောကတည်းက ကိုယ်နဲ့မမ အလုပ်ကိစ္စနဲ့ ပြင်ဦးလွင်ကို တက်စရာရှိတယ် မိပေါး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာ မဏ္ဍလေးကို ပြန်မဆင်းနိုင်အောင် ကိုယ် တစ်ခုခုတော့ ပရိယာယ်သုံးရလိမ့်မယ်

ကိုယ့်စိတ်ကူးကို ပြောပြရမလား မိဟေး”

“အင်း ... ပြောရမှာပေါ့။ ပြောပါဦး ... ရှင်က ဘယ်လို စိတ်ကူးထားလို့လဲ”

ပြာလွင်မိုးဘက်မှ အသံခဏ တိတ်သွားပါသည်။ ပြီးတော့ ...

“ကိုယ် မမကို ခိုးပြေးသွားပြီလို့ သတင်းလွှင့်မလို့”

ဟု တစ်ခွန်းချင်း တိုးတိတ်ညင်သာစွာ ပြောလိုက်သောအခါ ... မိဟေး ရင်ထဲတွင် ဗုံးတစ်လုံး ပေါက်ကွဲသွားသလို မြည်ဟီးသွားလေသည်။

“ဘာ ... ဘာဖြစ်တယ်။ ရှင် ဘယ်လိုပြောလိုက်တယ် ပြာလွင်မိုး။ အဲဒါမျိုး လုံးဝမလုပ်ရဘူး။ ကျွန်မတို့ရဲ့ အိမ် အစဉ်ထဲမှာ အဲဒီလောက်ကြမ်းတမ်းတဲ့ အစီအစဉ်မျိုး မပါဘူး ...

ရှင် မေမေ့ကို နည်းနည်းကလေးမှ မထိခိုက်စေဘူးလို့ ကျွန်မ ကတိတောင်းထားတယ်လေ၊ အဲဒီအစီအစဉ်ကို ရှင်-လုံးဝအကောင်အထည် မဖော်နဲ့နော်။ အမြန်ဆုံး ဖျက်သိမ်းပစ်လိုက်ပါ ...

မေမေ့ကို ရှင့်လို မလောက်လေး မလောက်စား လူတစ်ယောက်က ခိုးပြေးသွားတယ်ဆိုရင် မဏ္ဍလေးတစ်မြို့လုံးမှာ မေမေ့ရဲ့ဂုဏ်သိက္ခာ ဘယ်လိုလုပ်ပြီး ရစရာရှိတော့မှာလဲ”



မိဟေးက စိတ်လှုပ်ရှားလွန်းသောကြောင့် ကတုန်ကယင် ဒရောသောပါး ပြောလေသည်။

“ကိုယ် အဲဒီလို သတင်းလွှင့်လိုက်မှ ဦးနေလင်းရှိန်နဲ့ မင်းမေမေတို့ရဲ့ ဇာတ်လမ်း အပြီးသတ်သွားမှာပေါ့ကွ။ ကိုယ့်လို လက်ရဲဇက်ရဲ လူငယ်လေးတစ်ယောက်ရဲ့ ခိုးပြေးခြင်းကို ခံရပြီးမှတော့ အဲဒီမိန်းမကို သူ့ချစ်သူက ဘယ်လိုလုပ်ပြီး လက်ထပ်ယူရဲတော့မှာလဲ ...

အဲဒါဆိုရင် ဇာတ်လမ်းက ပြီးသွားပြီလေ။ မဟုတ်ဘူးလား”

“ဟင့်အင်း ... ဟင့်အင်း ... လုံးဝမဟုတ်ဘူး။ ရှင် မေမေ့ကို အဲဒီလို လုံးဝမလုပ်ရဘူး ...

ဘယ်လိုဖြစ်လို့ ရှင့်မှာ အဲဒီလောက် ရက်စက်ယုတ်မာတဲ့ အကြံအစည်ကြီး ပေါ်လာရတာလဲ ...

ကျွန်မ ဖြစ်စေချင်တာက ပါးပါးကလေးပဲ ဖြစ်စေချင်တာ။ ရှင် ... အဲဒီလောက်ကြီး မရိုင်းနဲ့နော်”

“မိဟေး ... ကိုယ် အမှန်အတိုင်း ဝန်ခံရမလားဟင်”

“ဘာကိုလဲ”

မိဟေးသည် စိတ်ထဲမှာ ထင့်ခနဲတော့ ဖြစ်သွားသည်။

“ကိုယ် ... မိဟေးရဲ့ မေမေကို တကယ်သိပ်ချစ်သွားမိတယ်။ အဲဒီအချစ်ဟာ တမင်လုပ်ယူခဲ့တာ မဟုတ်ဘူး။ ရင်ထဲမှာ သူ့အလိုလို ဖြစ်သွားခဲ့တာ။ အဲဒါ မှားလည်း မဟုတ်ဘူး၊ ပရိယာယ်လည်း မဟုတ်ဘူး။ ကိုယ် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



တွေအများကြီးနဲ့ တွေ့ခဲ့ဖူးတယ်။ သူတို့ကို ချစ်ချင်ယောင်လည်း ဆောင်ခဲ့ဖူးတယ် ...

သူတို့ဆီက တစ်ခုခု ရယူဖို့လည်း မျှော်လင့်ခဲ့ဖူးတယ်။ ဒါပေမဲ့ မမနဲ့ကျတော့ ကိုယ့်ဆီမှာ အဲဒီစိတ်မျိုးတွေ လုံးဝပေါ်မလာခဲ့ဘူး။ မမအပေါ်မှာ ဘာမျှော်လင့်ချက်မှလဲ မထားဘူး။ မမနဲ့အတူတူ နေရတဲ့အချိန်တွေဟာ ကိုယ့်အတွက်တော့ သုခဘုံကို အလည်တစ်ခေါက် ရောက်နေရသလိုပဲ ...

ကိုယ် အရမ်းစိတ်ချမ်းသာတယ်။ ပြီးတော့ ... မမကို ကိုယ် လေးလည်းလေးစားတယ်၊ အထင်လည်းကြီးတယ်၊ မမရဲ့ ချစ်တတ်တဲ့ စိတ်နှလုံးကိုလည်း ကိုယ်မြတ်နိုး ကိုးကွယ်ချင်တယ် ...

ပြီးတော့ ... မမရဲ့ စိတ်နှလုံးကို ကိုယ် အပိုင်ရချင်တယ် ...

အဲဒါပဲ မိဟေးရယ် .. ကိုယ် မမကို တကယ်ချစ်သွားခဲ့တာပါ”

“ဟင့်အင်း ... ဟင့်အင်း ... ရှင် လူယုတ်မာ။ ရှင် မေမေ့ကို လုံးဝမချစ်ရဘူး ...

ချစ်စရာ မလိုဘူး၊ နားလည်လား။ ရှင့်လို ဘာတန်ဖိုးမှ မရှိတဲ့ လူယုတ်မာတစ်ယောက်ကို မပြောနဲ့ ဦးနေလင်းရဲ့လို အဘက်ဘက်က ပြည့်စုံတဲ့ လူ့အဖိုးတန် ယောကျ်ားတစ်ယောက်နဲ့တောင် ကျွန်မက သဘောတူခဲ့တာ မဟုတ်ဘူး ...



မေမေ့ကို ဘယ်ယောကျ်ားနဲ့မှ ကျွန်မ မကြည်ဖြူနိုင်ဘူး ... သိရဲ့လား ...

အခုအချိန်ကစပြီး ရှင့်ကို ကျွန်မ အလိုမရှိတော့ဘူး၊ ရှင်နဲ့ကျွန်မ သဘောတူထားတဲ့ အလုပ်ကိုလည်း ရုပ်သိမ်းပစ်လိုက်ပြီ။ အဲဒီတော့ ရှင် အမြန်ဆုံး မေမေ့အနားကနေ ခွာပေးပါ။

ရှင် ရန်ကုန်ကို ပြန်လာခဲ့တော့။ မေမေ့အနားမှာ ရှင် ရှိစရာ လုံးဝမလိုတော့ဘူး။ ရှင့်ဆီက အကူအညီကိုလည်း ကျွန်မ မလိုချင်တော့ဘူး။

ရှင်နဲ့ ကျွန်မတို့ကြားက နားလည်ယုံကြည်မှုဆိုတာ လုံးဝမရှိတော့ဘူး။ ရှင့်ကို ကျွန်မ လုံးဝအယုံအကြည် မရှိတော့ဘူး။ ရှင်ဟာ ကျွန်မအတွက် ရန်သူတစ်ယောက်ဖြစ်သွားပြီ။ အဲဒီတော့ ရှင် မေမေ့အနားကနေ အမြန်ဆုံးထွက်ပေးပါ”

မိဟေး၏ ကိုယ်ခန္ဓာတစ်ခုလုံးသည် ဒေါသဖြင့် တဆတ်ဆတ် တုန်ယင်နေလေသည်။

မေမေ့ကိုများ သူလို ဘာမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကများ ချစ်စရာလားဟု ဆတ်ဆတ်ခါ နာကျင်လာသော အတွေးဖြင့် မိဟေးသည် သူ့ကို သတ်ပစ်ချင်စိတ်ပင် ပေါက်လာမိသည်။

တကယ်တော့ ... ဒါတွေအားလုံးဟာ မိဟေးရဲ့ အပြစ်ကြောင့်ပဲ။ မေမေ့ရဲ့အနားကို သူ့ကို စေလွှတ်ခဲ့မိတာကိုက မိဟေးရဲ့ မဟာအမှား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ နာမည်ကောင်းမရှိသော "ဇ"ရှိသော လူ
လူပွေတစ်ယောက်မှန်း သိရက်နှင့် မိဟေး မိုက်မဲစွာ သူ့
မေမေ့အနားသို့ရောက်အောင် ပို့ပေးခဲ့မိသည်။

ဒါတွေအားလုံးဟာ မိဟေးရဲ့ အပြစ်ကြီးပဲ။

"ကိုယ့်ကို အဲဒီလောက် ခါးခါးသီးသီးကြီး မတုံ့ပြန်
ပါနဲ့ မိဟေး။ ကိုယ် ယောကျ်ားတစ်ယောက်ပါ ...

ယောကျ်ားတစ်ယောက်ဟာ ဘယ်မိန်းမကိုမဆို ချစ်
ခွင့်ရှိတယ်။ ကိုယ့်ထက် ဘယ်လောက်တော်တဲ့မိန်းမ
ဖြစ်ပါစေ။ ဘယ်လောက် တန်ဖိုးရှိတဲ့ မိန်းမပဲ ဖြစ်ပါ
သူ့ရင်ထဲမှာ အလိုလို ဖြစ်ပေါ်လာတဲ့ အချစ်စိတ်ကိုတော့
မင်း ဘာနဲ့မှ တားဆီးလို့မရဘူးဆိုတာ မင်း နားလည်
စမ်းပါ ...

ကိုယ့်ဘဝမှာ တစ်ခါမှ အခုလောက် နက်နက်ရှိုင်း
ရှိုင်းကြီး ခံစားပြီး မချစ်ခဲ့ဖူးဘူးဆိုတာ ကိုယ် ကျိန်ပြော
ရဲတယ်၊ မမကို ကိုယ့်နှလုံးသား တစ်ခုလုံးနဲ့ ပုံပြီးတော့ကို
ချစ်မိတာ။ မမဟာ ကိုယ့်ရဲ့ဘဝပဲ"

"ဘာဘဝလဲ ... ဟင် ... ဘာဘဝလဲ။ ရှင့်ရဲ့အကြံကို
ကျွန်မ မသိဘူးများ မှတ်နေသလား။

အေးလေ ... မေမေက ရှင့်ရဲ့ဘဝ ဖြစ်မှာပေါ့။
မေမေ့ကို ရှင် သိုက်တူးဖို့ကြံတာ။ မေမေ့ကို ရှင် အပိုင်
ရမှ ရှင့်ဘဝတစ်ခုလုံး မျက်လှည့်ပြလိုက်သလို ပြောင်းလဲ
သွားမှာ၊ ရှင် တော်တော် အကြံအစည် သေးသိမ်ညံ့ဖျင်း
ပါလား ပြာလွင်မိုး ...



ရှင့်မှာ ဒီထက် ယုတ်မာပက်စက်တဲ့ အကြံအစည်
မရှိတော့ဘူးလား ...

ကျွန်မတို့ လူရွေးမှားသွားတယ်။ ရှင့်လို ရုပ်ကလေး
ချောပြီး အကျင့်လုံးဝမကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို
ယုံယုံကြည်ကြည်နဲ့ အကူအညီတောင်းခံဖို့ မကောင်းဘူး"

မိဟေးသည် ဒေါသဖြင့် စိတ်လိုက်မာန်ပါ အော်
ဟစ်လေသည်။

"ကိုယ် ယုတ်မာကောက်ကျစ်တာ မဟုတ်ဘူး မိဟေး။
မမကို ချစ်မိသွားတာ၊ မင်း ပြောသလို သိုက်တူးဖို့ဆိုတဲ့
အကြံအစည် လုံးဝမပါဘူးဆိုတာ ကိုယ် ကျိန်ပြောရဲတယ် ...

ကိုယ် မမကို ချစ်မိသွားတာ။ မိန်းမတစ်ယောက်
ကို လေးလေးစားစားနဲ့ မြတ်နိုးမိသွားတာ။ အဲဒါထက်ပိုပြီး
ကိုယ့်မှာ ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ မင်း ယုံထား
လိုက်စမ်းပါ ...

မင်း ကိုယ့်ကို စွပ်စွဲပြောသလို ကိုယ် လုံးဝမဟုတ်
ဘူး...

အေး ... အရင်ကတော့ ဟုတ်ခဲ့တယ်။ မိန်းမတွေ
ကို အသုံးချပြီး ကိုယ် လိုချင်တာတွေကို ရအောင်ယူခဲ့ဖူး
တယ်။ ဒါပေမဲ့ မမဆီက အခုချိန်ထိ ကိုယ် ဘာကိုမှ
မမျှော်လင့် မတောင်းဆိုခဲ့ဘူး ...

ကိုယ် မမကို ချစ်နေရရုံကလေးနဲ့ပဲ ကျေနပ်တယ်"

"တော်စမ်းပါ၊ ရှင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်းပါ။ ဘယ်နှစ
ရှင်နဲ့ ကျွန်မမေမေနဲ့ တူသလား တန်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြောပြီးပြီလေ၊ ယောကျာ်းတစ်ယောက်ဟာ ဘ... လိုမိန်းမမျိုးကိုမဆို ချစ်ပိုင်ခွင့်ရှိတယ်။ သူ့မှာ အခွင့်အ... ရှိတယ် ...

တူသလား တန်သလားဆိုတဲ့ မေးခွန်းမျိုး မေး... မလိုအပ်ဘူးလို့ ကိုယ် ထင်တယ် မိဟေး ...

အခုအချိန်မှာ မမဟာ အိမ်ထောင်မရှိတဲ့ လွတ်... တဲ့ မိန်းမတစ်ယောက်ပဲ။ သူ့ကို ဦးနေလင်းရှုံနဲ့ အ... ကိုယ့်မှာ ပိုးပန်းခွင့် ရှိတယ် ...။

ကိုယ်ကတော့ ဆုံးဖြတ်လိုက်ပြီ မိဟေး။ မေ... ဦးနေလင်းရှုံရဲ့ လက်ထဲကနေ ကိုယ်လုယူဖို့ ကြိုးစား... မယ်"

"ရှင် သေလိုက်ဖို့ ကောင်းတယ် သိလား ပြာလွင်မိုး။ ... သတ္တိရှိရင် စမ်းကြည့်လေ။ မေမေ့ကိုတော့ ရှင် ဘယ်... မှ မရစေဘူး။ ကျွန်မနဲ့ အသက်ချင်း လဲပစ်လိုက်မ... မှတ်ထား။ လူယုတ်မာ"

မိဟေးသည် စကားဆက်၍ မပြောနိုင်လောက်အော... စိတ်လှုပ်ရှား ထုံကျင်လွန်းသဖြင့် ဖုန်းကို ဆောင့်ချပစ်မိလေသည်...

အခြေအနေ အားလုံးသည် မိဟေး မျှော်လင့်ထ... သလို တည့်တည့်မတ်မတ် ဖြစ်မလာခဲ့ပေ။

မိဟေး ရင်ထဲမှာ မေမေ့အတွက် စိုးရိမ်ပူပန်မှု... ဖြင့် ဗလောင်ဆူလာခဲ့သည်။

ဒါဟာ မိဟေးရဲ့ အပြစ်ပဲ။ တကယ်ဆို ပြာလွင်... နှင့် မေမေသည် ဘယ်လိုမှ ဆက်စပ်၍ မရအောင် အဝေးကြီး... ဖြစ်သည်။



အဲဒါကို မိဟေးက နီးစပ်အောင် တမင်ပို့ပေးခဲ့သလို ဖြစ်သွားခဲ့သည်။

အခုတော့ မဖြစ်သင့်တာတွေ ဖြစ်လာတော့မည်။ အဲဒါကို မိဟေး လုံးဝ အဖြစ်မခံနိုင်ပါ။

ပြာလွင်မိုးလို ယောကျာ်းတစ်ယောက်၏ လက်ထဲသို့ မေမေ့ကို ဘယ်လိုနည်းနဲ့မှ အပါမခံနိုင်ပါ။

မိဟေးသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ စိတ်တွေ လှုပ်ရှား ချောက်ချား တုန်ယင်နေကာ သူငယ်ချင်းတွေဆီသို့သာ အားကိုးတကြီး ကမန်းကတန်း ဖုန်းဆက်ရလေသည်။

"အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်။ ကျုပ်တို့ ထင်မှတ်မထားတာတွေတော့ ဖြစ်လာကုန်ပြီ။

ပြာလွင်မိုးက မေမေ့ကို သူ ချစ်မိသွားတယ်တဲ့။ ကျုပ် သူ့ကို လုံးဝစိတ်မချတော့ဘူး။ မေမေ့အနားမှာ သူ့ကို မရှိစေချင်တော့ဘူး ...

မမဝနီ သူ့ကို အမြန်ဆုံး ပြန်လာဖို့ ခေါ်ပေးပါ"

"ဟုတ်ရဲ့လား မိဟေးရယ်။ ဒီကောင် နောက်နေတာများလား။ ပြာလွင်မိုးကို သိပ်ပြီးတော့ ယုံမနေနဲ့ဦး။ အဲဒီအကောင်က တစ်ခါတလေ အဲဒီလိုကြီးပဲ။ အတည်ပေါက်ကြီးနဲ့ နောက်တတ်တာ။

မိဟေးရဲ့စိတ်ကို သူ စမ်းတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ..."

"ဟင့်အင်း ... မဟုတ်ဘူး မမဝနီ။ သူ အတည်ပေါက်ကြီး ပြောနေတာ။ သူ ပြောတာကို မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို ဖြစ်နိုင်တယ် မမဝနီ။ လူတွေရဲ့စိတ်ကို အမြဲတမ်း တစ်သမတ်ကြီး တွေးထားလို့ မရဘူး ...

သူ မေမေ့အပေါ် စိတ်ပြောင်းလဲသွားတာလည်း ဖြစ်နိုင်တယ်"

"ကဲ ... စိတ်အေးအေးထား မိဟေး။ မမ အခုချက်ချင်း ပြာလွှင်မိုးဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးလိုက်မယ်၊ ပြီးတော့ သူ့ကို ဒီပြန်လာဖို့ ခေါ်လိုက်မယ်"

မမဝနီ ဖုန်းချသွားချိန်တွင် မိဟေးသည် ဘာလုပ်ရမလဲ ဆိုတာကို ဆူပွက်ပူလောင်နေသော ဦးနှောက်ဖြင့် စဉ်းစားကြည့်သည်။

မေမေ့ကို ကြိုတင်ပြီး သတိပေးလိုက်ရင် ကောင်းမလား။ အဲဒါဆိုရင် မိဟေး ရှုပ်ထားသမျှတွေ အားလုံးပေါ်ကုန်လိမ့်မည်။

ဦးနေလင်းယုန်ကို ဖွင့်ပြောပြလိုက်ရင်ကော ဘယ်လိုဖြစ်နိုင်မလဲ။

ဟင့်အင်း ... အဲဒါလည်း မဖြစ်နိုင်သေးပါ။

အကောင်းဆုံးကတော့ ပြာလွှင်မိုးကို အမြန်ဆုံး ပြန်ခေါ်နိုင်ဖို့ပဲ။ မေမေ့အနားမှာ ပြာလွှင်မိုး မရှိတော့ဘူးဆိုလျှင် ဒီပြဿနာ အလိုလို ပြီးဆုံးသွားလိမ့်မည်။

သို့သော် ထိုပြဿနာသည် မိဟေး ထင်ထားသလောက် မလွယ်ကူကြောင်း ခဏအကြာတွင် မမဝနီ ထံမှလာသော ဖုန်းက သက်သေပြခဲ့လေသည်။ မမဝနီက ...

"ဒုက္ခပဲ မိဟေးရေ ... မမတို့ မျှော်လင့်မထားတာတွေတော့ ဖြစ်ကုန်ပြီ ...



ပြာလွှင်မိုးက နောက်နေတာ မဟုတ်ဘူးတဲ့၊ သူ တကယ် အတည် အလေးအနက် ပြောနေတာတဲ့ ...

သူ့ဘဝမှာ အချစ်အတွက် တစ်ခါမှ အားမထုတ်ခဲ့ရဖူးတဲ့။ အခု အချစ်အတွက် သူ့ဘဝမှာ ပထမဦးဆုံး အကြိမ် ရိုးသားစွာ လှုပ်ရှားမှာပါတဲ့ ...

သူ့ကို လှုပ်ရှားခွင့် ပေးပါတဲ့ မိဟေး ...

မမလည်း သူ့ကို စိတ်ဆိုးဆိုးနဲ့ တော်တော်လေး ပက်ပက်စက်စက် ပြောပစ်လိုက်တယ် ...

ဒါပေမဲ့ ပြာလွှင်ဆိုတဲ့အကောင်က ဘယ်သူ့ကိုမှ မှုတာမဟုတ်ဘူး မိဟေး၊ မန္တလေးကနေ သူ ပြန်မလာနိုင်သေးဘူးတဲ့"

"အဲဒါဆို မိဟေးတို့ ဘာလုပ်ကြမလဲ မမဝနီ"

"တစ်ခုပဲ ရှိတယ် မိဟေး။ အခြေအနေ အဖြစ်မှန်အားလုံးကို မိဟေးမေမေ သိအောင် အားလုံး ဖွင့်ပြောပြပြီး ပြာလွှင် ရှေ့ဆက်ပြီး လှုပ်ရှားခွင့်မရအောင် သူ့ရဲ့လမ်းကြောင်းတွေ အားလုံးကို ပိတ်ပစ်လိုက်ရမှ ဖြစ်မယ် ...

ပြာလွှင့်အကြောင်း မမ သိတယ် မိဟေး။ သူက သူဖြစ်ချင်တာကို အပျော်ဆွဲကလေးနဲ့ဖြစ်အောင် လုပ်ယူတတ်တဲ့သူ၊ ပြီးတော့ သူ့မှာအတွေ့အကြုံလည်း အများကြီးရှိတယ် ...

မိဟေးရဲ့မေမေက ဘာသားနဲ့ ထုထားတာမို့လို့လဲ ပြာလွှင်ရဲ့ အညှုအစရာ ပရိယာယ် မာယာတွေကြားမှာ မိဟေးရဲ့မေမေ နစ်မြောမသွားပါဘူးလို့ တစ်အိပ်ကြီး မပြောနိုင်ဘူး မိဟေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မေမေ ချစ်တာ ဦးနေလင်းရဲ့ပါ"

"ချစ်တာက ချစ်တာတစ်ပိုင်းပဲလေ၊ အခုလောလော
အနီးကပ်ဆုံး ထိတွေ့ဆက်ဆံနေရတာက ပြာလွင်လေ
ပြာလွင်က မိဟေးမေမေနဲ့ တစ်အိမ်ထဲမှာ အတူတူနေ
တာဆို။ သူတို့ အချိန်မရွေး နီးစပ်သွားနိုင်တယ်လေ

ပြီးတော့ မမရဲ့ အတွေ့အကြုံအရ ပြောရ
အချစ်ဆိုတဲ့ အရာဟာ နူးညံ့သိမ်မွေ့သလောက်၊ အ
အတွေ့ရဲ့ ဆွဲဆောင်မှုကတော့ လူကို တိမ်းမူးယစ်မူး
တယ်"

မိဟေးသည် မမဝနီ၏ အပြောနှင့်ပင် မေမေ
စိတ်ပူသွားမိသည်။

မမဝနီနှင့် ဖုန်းချပြီး မေမေ့ဆီသို့ ချက်ချင်း
ခေါ်သောအခါ မေမေ ဖုန်းမကိုင်ပါ။

မေမေ့၏ Hand Phone ကလည်း ပိတ်ထားသည်

မိဟေး ပို၍ စိတ်ပူသွားသည်။ ဒီလိုဆိုရင် မေမေ
ပြာလွင်မိုး ပြင်ဦးလွင်သို့ တကယ်တက်သွားခဲ့ပြီလား။

မိဟေး စိတ်တွေ ယောက်ယက်ခတ်လာသော
ဦးနေလင်းရဲ့ ဆီသို့ ဖုန်းလှမ်းဆက်လိုက်လေသည်။

"ဟလို"

"ဦးနေ ... ကျွန်မ ဦးနေနဲ့ လာတွေ့ချင်တယ်၊ သိပ်အ
ကြီးတဲ့ အကြောင်းတစ်ခု ပြောစရာရှိလို့"

"ကောင်းပြီ ... ဆယ်မိနစ်အတွင်း ကိုယ်ပြန်လာခဲ့မ

✤ ♦ ✤



မိဟေးသည် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လောက်အောင် စိတ်လှုပ်ရှားလျက် ရှိသည်။ ဘဝတွင် တစ်ခါမှ အခုအချိန်လောက် စိတ်လှုပ်ရှားခြင်းမျိုး မကြုံဖူးခဲ့ချေ။ ဆယ်မိနစ်အတွင်းမှာ ဦးနေလင်းရဲ့ ရောက်လာခဲ့သည်။

အဲဒီအချိန်ဟာ မိဟေး ရင်မဆိုင်ချင်ဆုံး အချိန်ပါပဲ။ ဒါပေမဲ့ အခု မိဟေး ရင်မဆိုင်လို့ မရတော့ချေ။

"ကဲ ... ဆိုစမ်းပါဦး၊ အလောတကြီးနဲ့ ဘာတွေများ အရေးကြီးပြန်ပြီလဲ"

သူက အေးအေးဆေးဆေးပဲ မေးကာ ဆိုဖာတစ်ခုပေါ်မှာ အသာအယာ ဝင်ထိုင်လိုက်သည်။

မိဟေးသည် သူ့ဆီသို့ မမှိတ်မသုန်သော မျက်ဝန်းများဖြင့် ဆိုက်ကြည့်လျက် ရှိကာ၊ ထိုခဏတွင် မိဟေး၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လာခဲ့လေသည်။

"ဟေး ... ဘာဖြစ်လို့ မျက်ရည်တွေ ကျနေရတာလဲ၊ ခင်း ဘာတွေများ စိတ်ထိခိုက်စရာ ကြုံရလို့လဲ။ ကိုယ့်ကို ပြောလေ၊ ဘာဖြစ်လို့လဲ၊ ကိုယ် ကူညီနိုင်တာရှိရင် ကူညီပေးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကို ဦးနေ အမြန်ဆုံး လိုက်သွားရလိမ့်မယ် ဦးနေ"

"ဟင် ... ဘာဖြစ်လို့တုံး"

သူက မျက်ခုံးတွေ ပင့်သွားကာ ပြန်မေးလေသည်။

မိဟေးသည် ရင်ထဲတွင် နင့်လာကာ ရုတ်တရက် ရှိုက်ငင်ချင်လာမိသည်။ ဘာစကားမှ ပြောမထွက်နိုင်သေးဘဲ လက်ကလေးနှစ်ဖက်သာ လေထဲမှာ ဝှေ့ယမ်းလျက်ရှိသည်။

နေလင်းရုံသည် သူမ၏ ထူးဆန်းသော အမူအရာလေးကို တအံ့တဩ ဖြစ်လျက်ရှိသည်။

တစ်ခုခုတော့ ထူးခြားပြီ ဆိုတာကို သူ အလိုလို သိလိုက်သည်။

"ကဲ ... ပြောပါဦး ကလေးရာ၊ မင်း ဘာတွေ ဒီလောက် တောင် ခံစားနေရတာလဲ ...

မန္တလေးကို ကိုယ်က ဘာဖြစ်လို့ လိုက်သွားရမှာလဲ"

"မေမေ့မှာ အန္တရာယ်ရှိနေပြီ ဦးနေ"

ဟု မိဟေးက ငိုရှိုက်သံ ရောစွက်လျက် ဗလုံးဗထွေး ကြီး ရုတ်တရက် ပြောချလိုက်လေသည်။

သူ့ခန္ဓာကိုယ်သည် တုံ့ခနဲ ဖြစ်သွား၏။

"ဘယ်လို ... မေမေ့မှာ အန္တရာယ်ရှိတယ်၊ ဟုတ်လား ဘယ်သူလဲ၊ ဘာကို ပြောနေတာလဲ"

"ကျွန်မ မြတ်သောခင် မဟုတ်ဘူး ဦးနေ။ မေမေ့ရဲ့သမီး မိဟေးပါ ...

ဒေါ်မေမြမဒီရဲ့ သမီး မိဟေးပါ"



မိဟေးသည် ရုတ်တရက် ဖွင့်ဟဝန်ခံလိုက်ရင်း၊ သူ့မျက်နှာပေါ်တွင် ပြောင်းလဲသွားမည့် အရိပ်တချို့ကို ရှာဖွေမိလေသည်။

နေလင်းရုံသည် မျှော်လင့်မထားသော အချိန်မှာ သူမထံမှ ရုတ်တရက်ကြီး ဖွင့်ဟဝန်ခံလာသောအခါ ကိုယ်သိထားပြီးသား ဆိုတာကို သူမ မသိရလေအောင် အံ့ဩတကြီး ဖြစ်ဟန်ဆောင်လိုက်ရလေသည်။

"ဟင် ... ဟုတ်လား၊ မင်း မိဟေးလား၊ ကြည့်စမ်း ... မေကတော့ မင်းပျောက်သွားလို့ စိတ်တွေ ပူလိုက်ရတာ၊ ကိုယ့်မှာလည်း နေ့တိုင်း မင်းရဲ့သတင်းကို စုံစမ်းလိုက်ရတာ အမောပဲ၊ မင်းက ဘယ်လိုစိတ်ကူးနဲ့ ကိုယ့်အိမ်ကို ရောက်နေတာလဲ မိဟေး"

"အဲဒါတွေ ခုအချိန်မှာ မမေးနဲ့ ဦးနေ၊ ဒါတွေအားလုံးရဲ့ တရားခံဟာ မိဟေးပဲ ...

မိဟေး မေမေ့ကို ဦးနေနဲ့ လုံးဝသဘောမတူနိုင်ဘူး၊ ဦးနေမှ မဟုတ်ဘူး၊ တခြား ဘယ်ယောကျ်ားနဲ့မှ မေမေ့ကို သဘောမတူနိုင်ဘူး ...

အဲဒါကြောင့် ဦးနေနဲ့ မေမေ့ကို ခွဲဖို့ မိဟေး ဒီအိမ်ကို ရောက်လာခဲ့တာ ...

အဲဒီလိုပဲ မေမေ့အနားကိုလည်း ပြာလွင်မိုး ဆိုတဲ့ မိန်းမအထာကို ကောင်းကောင်းနပ်တဲ့ မော်ဒယ်ဘွိုင်တစ်ယောက်ကို ရှာဖွေပြီး လွှတ်ထားခဲ့မိတာ။ အဲဒါကလည်း မေမေနဲ့ ပြာလွင်မိုးကို ဦးနေ အထင်လွဲ သံသယတွေဝင်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



ဦးနေနဲ့ မေမေတို့ ပြဿနာတွေဖြစ်အောင် နောက်ဆုံးမှာ တစ်ယောက်နဲ့ တစ်ယောက် လမ်းခွဲဖြစ်သွားအောင် မိယော ကြံစည်မိတာ ...

ဒါပေမဲ့ အားလုံးဟာ မိယော ထင်ထားသလို ဖြစ် မလာခဲ့ဘူး။ မိယော လူရွေးမှားသွားခဲ့တယ် ဦးနေ ...

ဘာဖြစ်လို့လဲဆိုတော့ မိယောတို့က အဆိပ်မရှိဘူး လို့ ထင်ထားတဲ့ ပြာလွင်မိုးဟာ ရုတ်တရက် ပြောင်းလဲ သွားတယ် ...

သူ့မေမေ့အပေါ် ကျွန်မတို့နဲ့ သဘောတူထားတဲ့ အတိုင်း အလုပ်သဘောအရ မဟုတ်ဘဲ အလုပ်သဘောအ မဆက်ဆံဘဲ ဖောက်လွဲဖောက်ပြန်တွေ လုပ်လာတယ် ...

သူလိုလူကများ မေမေ့ကို ချစ်သွားခဲ့တယ်တဲ့လေ အဲဒါကို ဦးနေနဲ့ ကျွန်မ အမြန်ဆုံး တားမှဖြစ်မယ်"

"ကိုယ် ထင်တော့ ထင်ခဲ့သားပဲ။ ဒီကောင့်မျက်လုံးတွေ လုံးဝမရိုးသားဖူးဆိုတာ ...

နေစမ်းပါဦး မိယော၊ မင်းရဲ့ စိတ်ကူးတွေဟာ ဘယ်လောက်တောင် အဓိပ္ပာယ်မရှိလိုက်သလဲ၊ ကြည့်စမ်း ဒီလောက်အန္တရာယ်များတဲ့ အလုပ်ကို မင်း ဘယ်လိုစိတ် ကူးမျိုးနဲ့ လုပ်ခဲ့တာလဲကွာ"

"ဟုတ်ပါတယ်၊ မိယော မှားပါတယ်၊ မိယော စိတ်ရှူးပေါက် ခဲ့မိတာပါ၊ မိယော စိတ်ထဲမှာ အားလုံးကို လွယ်လွယ်ပေ ပေါ့ကလေးပဲ ထင်ခဲ့တာ၊ လူတိုင်းမှာ အဆိပ်ရှိတယ်ဆို တာကို မိယော မေ့သွားခဲ့တယ် ...



အခုတော့ အားလုံး မထင်မှတ်တာတွေ ဖြစ်ကုန်ပြီ၊ မိယော ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိတော့ဘူး ...

အဲဒါကြောင့် ဦးနေကို အားလုံး ဖွင့်ပြောပြလိုက် တာ ...

မိယောရော ဦးနေပါ မေမေ့ဆီ လိုက်သွားမှဖြစ်မယ်၊ မေမေ့အားကာနေ ပြာလွင်မိုးကို အမြန်ဆုံး နှင်ထုတ်ပစ်နိုင် မှ ဖြစ်မယ်"

"ခုခေတ်လူငယ်တွေက ဘာမှ အဓိပ္ပာယ်မရှိတဲ့ မိုက်ရူးရဲ စာတ်လမ်းမျိုးတွေ သိပ်လုပ်ချင်တာပဲကို ...

ပြောပါဦး မိယော၊ မိယောက မိယောမေမေနဲ့ ကိုယ့်ကို ဘာလို့ သဘောမတူနိုင်ရတာလဲ"

သူ့မေးခွန်းကြောင့် မိယော ရင်ထဲတွင် နင့်သွားလေ သည်။

"ဟင့်အင်း ... မေမေ့ကို ဘယ်ယောကျ်ားရဲ့ လက်ထဲကိုမှ ထည့်မပေးလိုက်နိုင်ဘူး ...

ပြီးတော့ ... ဖေဖေကလွဲပြီး ဘယ်ယောကျ်ားရဲ့ ရင်ခွင်ထဲမှာမှ မေမေ့ကို မမြင်ချင်ဖူး"

"အော် ... ခေါင်းမာလိုက်တဲ့ ကလေးမပဲ၊ ကဲ ... အဲဒီ ကိစ္စ နောက်မှဆက်ဆွေးနွေးကြတာပေါ့၊ အခုလောလော ဆယ် မိယောလည်း မိယောမေမေနဲ့ ပြန်တွေ့ချင်မှာပဲ၊ ကိုယ်တို့ မန္တလေးကို သွားရအောင် ...

ကိုယ် အလုပ်ကိစ္စတွေ နည်းနည်းစီစဉ်လိုက်ဦးမယ်၊ နောက်တစ်နာရီကြာရင် ကိုယ်ပြန်လာမယ်၊ အားလုံးအဆင် သင့်လုပ်ထား၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးနေလင်းရုံက မိပေး၏ ခေါင်းကလေးကို တ
ချက်ပွတ်သပ်သွားကာ ပြန်ထွက်သွားလေသည်။

မိပေးသည် ရင်ထဲမှာ ဘာကိုကြေကွဲမှန်းမသိ
ဝမ်းနည်းကြေကွဲကာ အားငယ်သလိုလို ခံစားရသည်။

မိပေး ဖြစ်ချင်တာတွေလည်း ဘာတစ်ခုမှ ဖြစ်မလာ
ခဲ့။ ပြီးတော့ ... မိပေး မဖြစ်ချင်တာတွေသာ ဖြစ်လာခဲ့သည်

ဘယ်လောက်ရက်စက်တဲ့ ကံကြမ္မာပါလဲ။ အံ့ဩ
စရာကောင်းတာ တစ်ခုက သူသည် မိပေးကို မိပေးမှ
သိချိန်မှာလည်း ထူးထူးခြားခြားကြီး တုန်လှုပ်အံ့ဩဟန် မပြ
ချေ။

ပြီးတော့ ... မိပေးလို ထူးခြားပြောင်းလဲစွာလည်
မဆက်ဆံခဲ့။ မြတ်သောခင် ဆိုသော မိန်းကလေးကို ဆက်ဆံသည်
ပုံစံအတိုင်းသာ တပြေးညီ ဆက်ဆံလေသည်။ အဲဒါကို မိပေး
သိပ်မကျေနပ်လှပေ။

✤ ♦ ✤



## အခန်း(၈)

ပေးသည် စိတ်လှုပ်ရှား ပျော်ရွှင်မှုကို တိတ်တိတ်ကလေး ဖုံး
ယ်ထားမိလေသည်။

သူနှင့် အခုလို တစ်ခရီးတည်း အတူတူ သွားရလိမ့်
ည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဘူးချေ။

သူမောင်းသော ကား၏ ရှေ့ခန်းမှာ ငြိမ်ငြိမ်ကလေး
ိုင်ကာ စိတ်ကူးတွေ ယဉ်မိလေသည်။

သူက မိပေးကို အလွန်ဂရုစိုက်ပါသည်။ မိပေးတို့
လယ်စာကို စားသောက်ဆိုင် တစ်ဆိုင်တွင် အတူတူစားလိုက်
၏။

မိပေးသည် ဖြစ်နိုင်လျှင် ဒီခရီးလေးကို ရှည်နိုင်
ျှရှည်အောင် ဆွဲဆန့်ထားလိုက်ချင်သည်။

တတ်နိုင်သရွေ့ မန္တလေးသို့ မရောက်ချင်သေးပေ။
့်ဘေးနားမှာ ရှိနေရခြင်း၏ အဓိပ္ပာယ်ဟာ မိပေး အတွက်
ယ်လောက်တောင် ပြည့်စုံ ကုန်လုံလိုက်သလဲ။

မိပေးသည် သူ့ဖုန်းနှင့်ပင် သူငယ်ချင်းတွေဆီသို့
်းလှမ်းဆက်ကာ အကြောင်းကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့အားလုံး မဖြစ်,ဖြစ်တဲ့နည်းနဲ့ မန္တလေးကိုရောက်အောင်သာ လိုက်ခဲ့ပေတော့။ ကျုပ်ကတော့ ဦးနေကားနဲ့ မန္တလေးကို သွားနှင့်ပြီ"

မိဟေးက ပြောသောအခါ သူငယ်ချင်းတွေ၏ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းကျိန်ဆဲသံတွေ ထွက်ပေါ်လာလေသည်။

"ကြည့်စမ်း ... မိဟေး အစုတ်ပလုပ် ကောင်မစုတ်၊ ပြောတော့ဖြင့် ဦးနေလင်းရုံနဲ့ ညည်းမေမေကို သဘောမတူဘူးဆို ...

အခုတော့ မန္တလေးကိုတောင် အတူတူသွားနေပြီပေါ့ ဟုတ်လား၊ အရေးဟာယ် အကြောင်းဟယ် ဆိုတော့ ကျုပ်တို့ကို ချန်ထားခဲ့တယ်ပေါ့လေ"

ဟု ဆွေ့ဆွေ့ခုန်သော အသံဖြင့် အော်ဟစ်နေကြလေသည်။

မိဟေးသည် နှုတ်ခမ်းကိုက်ထားသော အသံဖြင့် ကြိုးစား၍ ရယ်မောလေသည်။

"ပြာလွင်မိုးကိစ္စ ပေါ်လာတော့ သူ့ကို ကျုပ် အမှန်အတိုင်း ဖွင့်မပြောလို့ မဖြစ်တော့ဘူးလေ ...

ပြီးတော့ မေမေ့မှာလည်း အန္တရာယ်ရှိနေတယ်၊ ဒါကြောင့် ကျုပ်တို့ မန္တလေးကို အမြန်လိုက်ဖို့ ဖြစ်လာတာ ...

ပြာလွင်မိုး အကြောင်း ရှင်တို့ သိတယ်မဟုတ်လား၊ သူက မေမေ့ကို ခိုးပြေးမလို့တဲ့ ...



အဲဒါတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး၊ မေမေ့ဘဝကြီးတစ်ခုလုံး ပျက်စီးသွားမှာ"

"အေး ... ဟုတ်တယ်၊ မမဝနီကလည်း အခုမှ သူ့လူသူမနိုင်တော့ဘူး ဖြစ်နေတယ်၊ မိဟေး အစစအရာရာ သတိတော့ထားနော်၊ ကျုပ်တို့အားလုံး ဒီနေ့ချက်ချင်းပဲ ကားနဲ့လိုက်ခဲ့မယ်"

"အိုကေ ... ဘိုင့်ဘိုင်"

"မိဟေး ... ကိုယ့်ကို ဘယ်လိုမြင်သလဲဟင်"

သူက ကားမောင်းနေရင်း မိဟေးကို လှမ်းမေးပါ

မိဟေးသည် သူ့ထံသို့ မျက်လုံးတစ်ချက် ဝေ့စောင်း၍ လိုက်ကာ ...

"ဟင့်အင်း ... ဘာမှ လာစည်းရုံးဖို့ မကြိုးစားနဲ့နော်၊ မိဟေး စကားအကုန် ပြောထားပြီးပြီ ...

မေမေနဲ့ ဦးနေကို ဘယ်တော့မှ သဘောတူမှာမဟုတ်ဘူး၊ အခု အကူအညီတောင်းရတဲ့ ကိစ္စက ပြာလွင်မိုးမဟုတ်က ဟုတ်ကတွေ ကြံစည်ရင် မေမေ့ကို အကာအကွယ်ပေးလို့ရအောင်သာ အကူအညီ တောင်းတာမျိုးပဲ ...

မေမေနဲ့ သဘောတူတယ်လို့ မိဟေး ဘယ်တုန်းကမှ မပြောဘူးနော်"

သူက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောသည်။

"ဘာဖြစ်လို့ သဘောမတူနိုင်ရတာလဲ မိဟေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းလေးပဲ၊ ပထွေး မလိုချင်လို့ပေါ့၊ မိဟော ဘဝမှာ ဖေဖေကလွဲပြီး ဘယ်ယောကျ်ားကိုမှ အဖေမခေါ်ချင်ဘူး အဖေတစ်ယောက်လိုလည်း မချစ်နိုင်ဘူး ...

ကိုယ်မချစ်မနှစ်သက်နိုင်တဲ့ လူတစ်ယောက်ကို ကိုယ့် မေမေကိုလည်း ပိုင်ဆိုင်ခွင့် မပေးနိုင်ဘူး ...

မိဟော မေမေ့ကို သိပ်ချစ်တယ် ဦးနေ။ ဒီလောက မှာ မေမေနဲ့ တူတဲ့တန်တဲ့သူ ဘယ်မှာမှ မရှိနိုင်တော့ဘူး လို့ မိဟော ထင်တယ်"

သူက အသံထွက်အောင်ပင် ရယ်မောပါသည်။

"ဒါဆိုရင် ကိုယ်က မိဟော မေမေနဲ့ မတူဘူး မတန်ဘူး ပေါ့၊ ဟုတ်လား" ဟု ...

ရယ်မောလျက် သူက မေးသောအခါ မိဟော၏ နှုတ်ခမ်းကလေးများ ဟန်မဆောင်နိုင်စွာ ပြုံးသွားလေသည်။

"ဦးနေက သိပ်တော်တဲ့ ယောကျ်ားတစ်ယောက်ပါ။ ပြီးတော့ စိတ်သဘောထားလည်း ယောကျ်ားပီသတယ်၊ မိဟော အထင်ကြီးလို့ရတဲ့ ယောကျ်ားတစ်ယောက်ပါ ...

မေမေနဲ့ မတန်ဘူးလို့တော့ မိဟော မပြောချင်ပါ ဘူး၊ ဒါပေမဲ့ မိဟော စိတ်ထဲမှာ ဦးနေ့ကို ပထွေးတစ် ယောက်အဖြစ် ဘယ်လိုမှ လက်မခံနိုင်တာပဲ" ဟု ...

မိဟောက ပြောလိုက်သောအခါ သူက ရုတ်တရက် ငြိမ်သက်စွာဖြင့် မိဟောကို ငေးစိုက်ကြည့်နေလေသည်။

ထိုမျက်ဝန်းအကြည့်ဒဏ်ကို မိဟော မခံနိုင်သော ကြောင့် တစ်ဖက်သို့ မျက်နှာလွှဲလိုက်ရ၏။



မိဟော ရင်ထဲတွင် တိုးတိမ်သိမ်မွေ့ နက်ရှိုင်းသော ခံစားချက်တစ်ခု ခုန်သံသည် မြည်ဟည်းလျက် ရှိ၏။

"ဦးနေကို ဆိုရင် မိန်းကလေးတိုင်းက သိပ်ကြိုက်ကြမှာပါ။ အသေရရ အရှင်ရရ လိုချင်တဲ့ မိန်းကလေးတွေလည်း ရှိ မှာပေါ့၊ အဲဒီမိန်းကလေးတွေထဲက တစ်ယောက်ယောက်ကို ပြောင်းကြိုက်လိုက်စမ်းပါ၊ မေမေ့ကိုတော့ ဘယ်တော့မှ ယူဖို့မစဉ်းစားပါနဲ့ ဦးနေ ...

မိဟောရဲ့ ခံစားချက်တွေကို ဦးနေ စာနာ နားလည် ပေးတယ်ဆိုရင် မိဟော တစ်သက်လုံး သိပ်ကိုကျေးဇူးတင် နေမိမှာ ...

မိဟောကို စာနာထောက်ထားသောအားဖြင့် မေမေ့ ကို ဘယ်တော့မှ လက်မထပ်ပါနဲ့နော်"

မိဟော၏ စိတ်နှလုံးသည် ရုတ်တရက် ပြောင်းလဲ သွားတော့ သွတ်လာပြီးလျှင် မိဟောသည် သူ့ကို တောင်းပန်တိုးလျှိုးသလို သား ပြောမိလေသည်။

သူက သက်ပြင်းတစ်ချက်ကို အသာအယာ ညှို့ငင် ချလိုက်လေသည်။

"တကယ်တော့ အဲဒါဟာ မိဟော တစ်ဖက်သတ်ကြီး အယူသီးရာ ကျမနေဘူးလားကွာ ...

လောကမှာ ချစ်သူနှစ်ယောက် လက်ထပ်ကြတယ် ဆိုတာ အတူတကွ နေထိုင်ပေါင်းသင်းဖို့ထက် ပိုပြီးအရေး ကြီးတဲ့ အဓိပ္ပာယ်တွေ ရှိပါသေးတယ်၊ ဒါကို မိဟော အခု အရွယ်မှာ သိဦးမှာ မဟုတ်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန် မိပေး ချစ်သူတွေ့လာတဲ့အခါ အဲဒီချစ်… ဘဝရဲ့ကျန်ရှိနေတဲ့ သက်တမ်းကို အတူတကွ ရင်ဆိုင်… သန်းကြဖို့ စိတ်ခွန်အားတွေ အလိုလို ပေါ်လာလိမ့်မ…

အဲဒီအချိန်မှာ လက်ထပ်ချင်း ဆိုတာဟာ လူ… ယောက် ပေါင်းစည်းရုံသက်သက် မဟုတ်တော့ဘဲ ဘ… အဓိပ္ပာယ်ကို အတူတကွ မျှဝေခံစားကြဖို့ ဆိုတဲ့ အ… မိပေး သိလာလိမ့်မယ်”

အခုအချိန်မှာ မိပေး မသိသေးဘူးလို့ ဘယ်သူ… သလဲ ဦးနေ၊ အချစ်ဆိုတာကို မိပေး ခံစားတတ်ပြီ။

မိပေး အရွယ်ရောက်ပြီဆိုတာ မသိဘူးလား ဦး… မိပေးဟာ ပေါက်စန ပိစိကွေး ကလေးလေးတစ်ယော… မဟုတ်ဘူးနော်။

မိပေးရဲ့ နှလုံးသားမှာ တစ်သက်မှာ တစ်ကြိမ်… ပေါ်ပေါက်ဖူးတဲ့ အချစ်မျိုးနဲ့ချစ်တတ်တဲ့ ခံစားချက်ထ… နက်ရှိုင်းစွာ ကိန်းဝပ်နေပြီဆိုတာ ဦးနေ မသိပါဘူး။

ဦးနေ ပြောတာကို မိပေး နားလည်ပါတ… ကိုယ်ချစ်တဲ့သူနဲ့ ဘဝရဲ့အဓိပ္ပာယ်ကို လူတိုင်း အတူတကွ ခံ… ချင်ကြမှာပဲ။

ဒါဆိုရင် မိပေးကရော ဘာဖြစ်လို့ ခံစားခွင့်… ရတာလဲ။ ဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ အတူတကွ နေထိုင်ပေါင်း… ခွင့် မရတာဟာ ဝဋ်ကြွေးတစ်ခုပဲဆိုရင် မိပေးဟာလည်း … ဝဋ်ကြွေးကို ခံစားရတာပါပဲ။

✤ ♦ ✤



မိပေးတို့ မန္တလေးသို့ ရောက်သောအခါ အံ့ဩစရာ မြင်ကွင်းတစ်ခုက ကြိုဆိုနေခဲ့သည်။

မေမေနှင့် ပြာလွင်မိုးသည် ဘယ်မှမသွားကြဘဲ အိမ်မှာသာ အတူတူ ရှိနေခဲ့သည်။

မေမေက မိပေးတို့ လာမည်ဆိုတာကို ကြိုတင်သိထားသောပုံစံဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုလေသည်။

မေမေ့ဘေးမှာ ပြာလွင်မိုးက ချိုမြသောအပြုံးဖြင့် နွေးထွေးစွာ ရှိလေသည်။

မိပေးသည် ထိုမြင်ကွင်းကို ရုတ်တရက် နားမလည်နိုင်ချေ။

“မေမေတို့ ဘယ်မှမသွားဖြစ်ကြဘူး ဟုတ်လား၊ မိပေး ဖုန်းဆက်နေတာ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ”

မေမေက မိပေးကို အားပါးတရ ပွေ့ဖက်ထားကာ

“မေမေ့သမီးလေးရယ် … မေမေ လွမ်းလိုက်တာ”

ဟု တဖွဖွ ရေရွတ်မြည်တမ်းလျက် ရှိလေသည်။

“အဲဒါတွေ အားလုံးရဲ့ အကြံအစည်ဟာ ပြာလွင်မိုးပဲ မိပေးရေ …

www.burmeseclassic.com

www.burmeseclassic.com



ပြာလွင်မိုးက မေမေ့ကို အားလုံး ဖွင့်ပြောပြပြီ
သူ ဘာကြောင့် ဒီအိမ်ကို ရောက်နေရသလဲ ဆိုတာ
အသေးစိတ် ပြောပြတယ် ...

ပြီးတော့ ... မိဟေးကို မေမေ့ဆီ အမြန်ဆုံးပြန်
အောင် သူ ကူညီပေးမယ် ဆိုပြီးတော့ အခုလို ဇာတ်လ
ကလေး ဆင့်လိုက်တာပဲ မိဟေး"

"ကြည့်စမ်း ... မိဟေးကို ဝိုင်းပြီးတော့ လှည့်စားကြတ
ပေါ့လေ ...

မိဟေးကတော့ တကယ်တွေထင်ပြီး ဒေါသ
ထွက်လိုက်ရတာ၊ အဲဒါဆိုရင် ပြာလွင်မိုး ပြောတာ
တစ်ခုမှ တကယ်မဟုတ်ဘူးပေါ့"

မိဟေးသည် ပြာလွင်မိုး ထံသို့ လှမ်း၍ကြည့်က
မေးလိုက်သည်။

ပြာလွင်မိုးက ပခုံးတစ်ချက်တွန့်ကာ ခေါင်းခါပြ
သည်။

"အားလုံးကို တွ(စ်)လုပ်တာကြီးပဲ၊ ဒါမှ မိဟေး ကိုယ့်
စိုးရိမ်ပြီး မိဟေးမေမေဆီ အမြန်ဆုံး ပြန်လာမှာပေါ့ ...

မိဟေးမေမေက မိဟေးကို သိပ်လွမ်းလို့ပြီ။ မိဟေး
ကို ပြန်လာစေချင်လို့ပြီ။ အဲဒါကြောင့် ကိုယ် လုပ်ကြံဇာတ်
တီထွင်လိုက်ရတာ"

"ဒါဆို ရှင် မေမေ့ကို တကယ်ချစ်မနေဘူးပေါ့"

ဟု မိဟေးက မေးသောအခါ ပြာလွင်မိုးသည်
ခေါင်းကို မော့လှန်ကာ အားပါးရတ ရယ်မောလေသည်။



"မိဟေးရယ် ... ဦးနေလင်းရဲ့ ရှေ့မှာ ကိုယ့်ကို ပြေးပေါက်
မှားအောင် လုပ်နေပြန်ပါပြီ ...

အဲဒီမေးခွန်းကို ထပ်ပြီးတော့ မမေးပါနဲ့။ ကိုယ်
မဖြေပါရစေနဲ့"

အဲဒါဆိုရင် မေမေ့ကိုပဲ မေးတော့မယ်။
"ဦးနေအိမ်မှာ သမီး ရောက်နေတာကို မေမေ ဘယ်တုန်း
တည်းက သိနေတာလဲ"

မေမေက မိဟေး၏ နဖူးကလေးကို ဖွဖွနမ်းကာ ...
"သိနေတာတော့ နည်းနည်းကြာပြီ သမီးရယ်၊ ဒါပေမဲ့
သမီး ဘာတွေ ဆက်ပြီး လုပ်ရှားမလဲဆိုတာ သိချင်တာနဲ့
မေမေတို့ မသိချင်ဟန် ဆက်ပြီးတော့ ဆောင်နေခဲ့တာ"
"ကြည့်စမ်း ... မေမေတို့ မိဟေးကို လှည့်စားကြတယ်၊
ဒါဆို ဦးနေကရော မိဟေးဟာ မြတ်သောခင် မဟုတ်ဘဲ
မိဟေးပဲ ဆိုတာကို ကြိုပြီးတော့ သိနေတယ်ပေါ့လေ"

ဦးနေလင်းရုံက ခပ်ပြုံးပြုံး မျက်နှာလေးဖြင့် ခေါင်း
ညိတ်ပြပါသည်။

"သြော် ... ဒါကြောင့် ဦးနေ မိဟေးကို ဖားပြီးတော့
ဆက်ဆံရနေတာပေါ့လေ ...

မိဟေးကို ဆက်ဆံခဲ့တာတွေဟာ တကယ်မဟုတ်ဘဲ
မေမေ့သမီးမှန်းသိလို့ ပိုပြီး ဂရုတစိုက် အရေးပေး ဆက်ဆံ
ခဲ့တာပေါ့လေ"

မိဟေးသည် ကလေးတစ်ယောက်လို မကျေမနပ်
ဖြစ်ကာ ရန်တွေ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မိဟေးရာ၊ အဲဒါတော့ လုံးဝမဟု
မိဟေးကို ကိုယ် တကယ်ပဲ သမီးလေးတစ်ယော
နှစ်နှစ်ကာကာ ချစ်ခဲ့တာပါ"

"မိဟေးကတော့ ရှင်းရှင်းပဲ၊ ကိုယ့်အဖေ မယ
ယောကျ်ားတစ်ယောက်ကို အဖေထစ်ယောက်လို မ
ဘူး၊ ပြီးတော့ ... မိဟေး ပထွေးမလိုချင်ဘူး

ဟု မိဟေးက ပြတ်ပြတ်သားသား ပြောလိုက်
သည်။

မေမေသည် မိဟေး၏ ပခုံးလေးကို ဖွဖွဆုပ်
မိဟေး၏ ဦးခေါင်းပေါ်မှာ သူမ၏ မျက်နှာလေးကို မှေး
ထားရင်း ...

"ကဲပါ မိဟေးရယ်၊ အခုအချိန်မှာ သမီး အဲဒါတွေ
မတွေးနဲ့ဦး၊ သမီးရဲ့စိတ်တိုင်းကျ အားလုံးဖြစ်စေရ
သမီး သဘောမတူဘဲ မေမေ ဘာမှအတင်းအကျပ်
ဘူးဆိုတာ သမီးကို မေမေ ကတိပေးတယ်၊ ဟုတ်ပြီလား"

ဟု နှစ်သိမ့်ဖျောင်းဖျသောအခါ မေမေ့ အပေါ်
မိဟေး တရားမှ တရားပါရဲ့လား ဟူသော အတွေးကလေး
ခနဲ ဝင်လာလေသည်။

မေမေကတော့ ဘယ်တော့မဆို မိဟေး အတွေ
အမြဲတမ်း စာနာတွေးပေးတတ်တဲ့ မိခင်တစ်ယောက်ပါ။

မိဟေး မြင်ဖူးသော ရုပ်ရှင်တွေ ဝတ္ထုတွေထဲက
ပထွေးအတွက် ကိုယ့်သမီးကို ပါးရိုက်ရက်သော အမေ
မေမေ ဘယ်တော့မှ ဖြစ်လာလိမ့်မည်မဟုတ်ဟု မိဟေး ယုံကြ
သည်။



မိဟေးသည် ကိုယ့်အတွေးနှင့်ကိုယ် ကိုယ့်ကိုယ်ကိုယ် ပြန်၍ မုန်းမျက်သွားမိလေသည်။

"ဒီအကြောင်းကို နောက်မှဆက်ပြီး ဆွေးနွေးကြတာပေါ့ မိဟေးရယ် ...

ဒါပေမဲ့ သောကြာနေ့တိုင်း ကိုယ် မေ့ဆီကို လာနေကျကိုတော့ မိဟေး ခွင့်ပြုပေးစေချင်တယ် ...

ကိုယ့်ကို မိဟေး သဘောတူကြည်ဖြူလာတဲ့ အချိန်အထိ ကိုယ် စောင့်မယ်၊ အဲဒီအချိန်ဟာ တစ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ ဆယ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ ကိုယ် သေသွားတဲ့ အထိလည်း ဖြစ်ချင်ဖြစ်နိုင်တယ် ...

ဒါပေမဲ့ ကိုယ် စိတ်ရှည်လက်ရှည်နဲ့ စောင့်မယ်၊ ဟုတ်ပြီလား။ အားလုံး မိဟေးရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ကိုယ်တို့ ဘာမှမလုပ်ဘူး။ ဒီအချိန်ကာလ အတွင်းမှာတော့ ကိုယ့်ကို မိဟေး ကြိုက်သလို လေ့လာပါ ...

ကိုယ်တို့ မိတ်ဆွေတွေလိုတော့ ခင်ကြရအောင် နော်"

ဦးနေလင်းရဲက သူ၏ မူပိုင်ညင်သာသော အပြုံးကလေးဖြင့် စိတ်ရှည်လက်ရှည် ပြောသောအခါ ဒီပွဲမှာ အားလုံးက တရားမျှတပြီး မိဟေး တစ်ယောက်တည်း တရားမမျှတသလို ခံစားရလေသည်။ နောက်ဆုံးတော့ ဒီလိုပဲ ဖြစ်ရမှာပါလေ။

အားလုံးက မိဟေးကို သိုးကလေးလို အရိပ်တကြည့်ကြည့် ဂရုတစိုက် ရှိနေသော အခြေအနေမျိုးတွင် မိဟေး ဘာကြောင့် မပျော်ပိုက်နိုင်ရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေး၏ ဆန္ဒအတိုင်း ဖြစ်စေရမည်ဟု
အားလုံးက ကတိပေးပြီးပြီ။

မိဟေး သဘောမတူသေးသရွေ့ မေမေသည် ဦး
လင်းရုံကို လက်ထပ်မည် မဟုတ်။

ဦးနေလင်းရုံကလည်း မေမေ့ကို ဖွတ်အတင်းအ
လက်ထပ်လိမ့်မည် မဟုတ်။

အားလုံးသည် မိဟေး၏ သဘောတစ်ခုတည်း
ဖြစ်သည်။

မေမေနှင့် ဦးနေလင်းရုံတို့ တစ်ယောက်မျက်
တစ်ယောက်ကြည့်ကာ တိုးတိတ်သော သက်ပြင်းလေးတွေ ကိုယ်
ရှိုက်လိုက်တာကိုလည်း မိဟေး မြင်ရလေသည်။

မိဟေးသည် ပြာလွင်မိုးကို မျက်ရိပ်ပြကာ အပြင်
ခေါ်ထုတ်လာခဲ့၏။

"ပြာလွင်မိုး ... မိဟေးကို အမှန်အတိုင်း ဖြေစမ်းပါ၊ ရှင်
မေမေ့အပေါ် တကယ်ချစ်သွားတယ်ဆိုတာ လိမ်နေတာ
လား၊ တမင်လုပ်ကြံပြီး ပြောနေတာလား"

"အဲဒါကို မင်းက ဘာဖြစ်လို့ သိနေရတာလဲ မိဟေး"

"အို ... ကျွန်မ သိချင်လို့ပေါ့၊ ရှင် ဖြေကိုဖြေရမယ်"

ပြာလွင်က ခေါင်းကိုမော့၍လှန်ကာ ဟက်ခနဲ
တစ်ချက်ရယ်မောပါသည်။

"အမှန်အတိုင်း ဝန်ခံရရင် ကိုယ် တကယ်ပြောတာ ...

ကိုယ် မိဟေးရဲ့မေမေကို တကယ်ပဲ ချစ်မြတ်နိုး
သွားမိတယ်၊ အဲဒီအချစ်ဟာ လေးစားအထင်ကြီးမှုကနေ
မြစ်ဖျားခံတယ်၊ ကိုယ်ပြောခဲ့သမျှ အားလုံးဟာ ကိုယ့်စိတ်



ထဲက တကယ်ခံစားရတာတွေကို မိဟေးကို ပြောပြခဲ့
တာ ...

ဒါပေမဲ့ မိဟေး စဉ်းစားကြည့်၊ ကိုယ်က မိဟေးရဲ့
မေမေကို ချစ်မိသွားတယ်၊ ဒါနဲ့ မိဟေးရဲ့မေမေမှာ ချစ်သူ
ရှိတယ်၊ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်
မယုံနိုင်လောက်အောင် တန်ဖိုးထားပြီး ချစ်ကြတဲ့ ချစ်သူ
တွေ ...

အဲဒီတော့ သူတို့ကြားထဲကို ကိုယ် ဘယ်လိုလုပ်ပြီး
တိုးဝင်နိုင်မလဲ။ လူတစ်ယောက်ကို ကိုယ်က ချစ်တယ်ဆို
တာ အဲဒီလူရဲ့ စိတ်နှလုံး သာယာချမ်းမြေ့မှုကို ဦးစားပေး
ရမယ် ...

ကိုယ့်ရဲ့ စိတ်ခံစားမှု တစ်ခုတည်း ကိုယ်ဖြစ်ချင်တာ
တစ်ခုတည်းကို ကြည့်ပြီး သူ့ကို မရ,ရအောင် ဖွတ်အတင်း
လုယူတယ်ဆိုတာ အဲဒါ အချစ်မဟုတ်တော့ဘူး ...

ပြီးတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကို ကိုယ်
သိနေတော့ ကိုယ့်ရဲ့အချစ်တွေကို ဒီလိုပဲ မျိုသိပ် ထိန်းချုပ်
လိုက်ရတယ် ...

ဒါပေမဲ့ မိဟေး။ လူတိုင်း လူတိုင်းဟာ ဘဝမှာ
တစ်ကြိမ်တော့ ချစ်တတ်ကြစမြဲပဲ ...

ကိုယ် အချစ်ဆိုတာကို မိဟေးရဲ့မေမေနဲ့တွေ့မှ
တကယ် နားလည်သွားခဲ့တာ ...

ဒါပေမဲ့ ဘယ်လိုမှ အကောင်အထည်ဖော်ခွင့် မရ
တဲ့အတွက် ကိုယ် ကြည်ကြည်ဖြူဖြူပဲ နောက်ဆုတ်လိုက်
ရတယ် ...

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ချစ်လာပြီဆိုရင် အဲဒီလူ စိတ်ချမ်းသာဖို့ သူ့ဘ၀ကလေး သာယာအောင် ကိုယ် ဘယ်လိုလုပ်ပေးနိုင်မလဲ၊ သူ ရယ်အောင် ကိုယ်ဘာတွေလုပ်ပေးနိုင်မလဲ ဆိုတာတွေပဲ တွေးလာတော့တယ်၊ သူ့ဆီက ကိုယ်ဘာမှပြန်မလိုချင်တော့ဘူး၊ ကိုယ်ကပဲ သူ့ကိုပေးချင်နေတော့တာ ...

ကိုယ် မိဟေးရဲ့မေမေကို စိတ်ချမ်းသာစေချင်တယ် မိဟေးရဲ့မေမေ ပြုံးရယ်နေတာကို ကိုယ် မြင်ချင်တယ် ...

ဒါကြောင့် မိဟေးကို မရ,ရအောင် ကိုယ်ပြန်ခေါ်ခဲ့တာ၊ မိဟေးရဲ့မေမေကို စိတ်ချမ်းသာအောင် ကိုယ်လုပ်ပေးနိုင်တာ ဒါပဲရှိတယ်၊ အဲဒါ ကိုယ့်ရဲ့အချစ်ပဲ"

မိဟေးသည် ပြာလွှင်မိုးကို စိတ်ဆိုးနာကျင်ဖို့တောင် သတိမရနိုင်ချေ။ မိန်းမောတွေဝေစွာပင် မိဟေး ငေးကြည့်နေလေမိသည်။

ဘာဖြစ်လို့ မိဟေးနဲ့ ပြာလွှင်မိုးရဲ့ အဖြစ်ဟာ လာပြီး တူနေရတာပါလိမ့်။ မိဟေးရဲ့ အချစ်ဟာလည်း အထင်ကြီးလေးစားမှုပေါ်မှာ မြစ်ဖျားခံပြီးတော့ ဖြစ်ခဲ့တာ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာလည်း မိဟေး ကြိုတင်သိထားပါရက်နဲ့ သူ့အလိုလို အချစ်က ဖြစ်တည်ပေါ် ပေါက်သွားခဲ့တာ။

မိဟေး ဘယ်လိုမှ ဘားဆီး၍မရ၊ ထိန်းချုပ်၍ မရပါ။ ပြာလွှင်မိုး ပြောသလိုပင် ကိုယ်ချစ်သော သူတစ်ယောက်ရဲ့ စိတ်ချမ်းသာ ပျော်ရွှင်မှုကိုတော့ မိဟေး ပေးချင်တာပေါ့လေ။



ဒါပေမဲ့ အဲဒီပျော်ရွှင်မှုဟာ မိဟေးရဲ့ တစ်ဘ၀လုံး [illegible]အောင်ပြီး ပေးလိုက်ရမယ်ဆိုရင် မိလေး အဲဒီလောက်တော့ [illegible]ရောနိုင်သေးပါ။

မိဟေးသည် အတ္တကြီးသည်ပဲဆိုဆို မိဟေး၏ [illegible]မ်းသာမှုကိုသာ ဦးစားပေးချင်ပါသည်။

ထို့ကြောင့် မေမေနှင့် သူ၏ စိတ်ချမ်းသာ ပျော်ရွှင် [illegible] လျစ်လျူရှုလိုက်လေသည်။

တစ်အိမ်တည်းမှာ အတူနေပြီး စိတ်ထဲကနေ နေ့[illegible]င့်အမျှ တိတ်တခိုး ပြစ်မှားငြိတွယ်နေမိတာထက် စာရင် [illegible]လို ဘာမျှ မပတ်သက်ပဲ ဝေးဝေးကနေ လှမ်းပြီးတော့ [illegible]ယ်နေရတာက မိဟေးအတွက် အများကြီး သက်သာရာရစေ[illegible]ည်။

ပြီးတော့ မိဟေးရဲ့ ရင်ထဲက ရက်စက်ပြင်းထန်လှ[illegible]ာ ထိုအချစ်စိတ်ကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ သိစရာ[illegible]ိုပါ။

"မိဟေး ... မင်း ကိုယ့်ကိုသာ မေးနေတယ်၊ မင်းရော
ဦးနေလင်းရဲ့ အပေါ်မှာ ဘယ်လို သဘောထားလဲ ...
သူ့အပေါ်မှာ မင်း ရိုးရိုးသားသားပဲလား"

ဟု ပြာလွှင်မိုးက အမှတ်မထင် မေးလိုက်သောအခါ [illegible]ဟေးသည် ကိုယ်ခန္ဓာတစ်ခုလုံး မြောက်တက်လွင့်စဉ်သွားသလို [illegible]ားလိုက်ရလေသည်။

ရုတ်တရက် မလှုပ်မလဲ ဖြစ်သွားသောစိတ်ဖြင့် ပြာလွှင်[illegible]ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီမေးခွန်းကို မေးရတာလဲ။ မမေး
လုံးဝမေးစရာ မလိုဘူး"

ဟု ခပ်ဆတ်ဆတ် လေသံဖြင့် အော်လိုက်မိ
သည်။

မိဟေး ဆတ်ဆတ်ထိမခံ ဖြစ်သွားပုံကို ပြာလွင်မိ
က တအံ့တသြ မျက်ခုံးပင့်ကာ ကြည့်လေသည်။

"ကိုယ့်မေးခွန်းကို မင်း အဲဒီလောက်ထိ ဆတ်ဆတ်
နာစရာလိုသလား မိဟေး ...

ကိုယ့်မေးခွန်းထဲမှာ မင်းကို ထိခိုက်နာကျင်စေ
ဘာများပါလို့လဲ"

✤ ♦ ✤



မမေက ဆူပူတာမျိုးတော့ မဟုတ်ပါဘူး။ မိဟေး အနေအထိုင် ကလက်ချင်တာကို မမေ မျက်စိထဲမှာ သိပ်ပြီးတော့ ကြည့်မရဘူးနဲ့ တူပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မိဟေးက ဦးနေကို သိပ်ပြီး ရင်းရင်းနှီးနှီး ဆက်ဆံဖြစ်တယ်လေ။

ဥပမာ ... ဦးနေနှင့် နီးနီးကပ်ကပ် သွားထိုင်တာမျိုး၊ ဦးနေရဲ့မျက်နှာကို တစ်ခါတစ်ရံမှာ သတိလက်လွတ် အကြာကြီး တမေ့တမော ငေးနေမိတတ်တာမျိုး၊ ဦးနေရဲ့လက်ကို သွားကိုင်ထားတာမျိုး၊ ပြီးတော့ ... ဦးနေကို ချစ်စနိုး နောက်ပြောင်ကျီစယ်တာမျိုး စသဖြင့် မိဟေး ရင်ထဲ ဖြစ်ပေါ်လာသမျှ ဆန္ဒတိုင်းကို မထိန်းချုပ်ပဲ တစ်ခါတစ်ရံ သတိလက်လွတ် နေချင်သလို နေပစ်လိုက်တဲ့အခါ မမေက မိဟေးကို ဆုံးမပါလေရော။

"သမီး ... မိဟေးဟာ ကလေး မဟုတ်တော့ဘူးနော်။ သမီး အရွယ်ရောက်နေပြီ။ ဦးနေ အပေါ်မှာ သမီး ခင်မင်တာကလည်း တစ်ပိုင်းပေါ့ ...

ဒါပေမဲ့ ကိုယ်က မိန်းကလေး အပျိုစင်တာလေးဆိုတော့ အနေအထိုင် ဆင်ခြင်ရမယ်လေ၊ ဘယ်လိုပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးနေနဲ့ သမီးဟာ ဘာမှ သွေးသားမတော်စပ်တဲ့ သူငယ် ယောကျ်ား တစ်ယောက်နဲ့ သူစိမ်းမိန်းမ တစ်ယောက် လေ၊ အများရဲ့ အမြင်မှာ မသင့်တော်ဘူးလို့ မေမေ ယူဆ တယ် ...

သမီး သူ့အပေါ်မှာ သိပ်ကို ခင်တွယ်နေမိပြီဆိုပေမယ့် လည်း မေမေ သူ့ကို လက်ထပ်လိုက်တော့မယ် —

သမီး ဘယ်လိုသဘောရသလဲလို့”

မေမေက ပြောလာသောအခါ မိဟေး ခါးခါးသီးသီး ပဲ ငြင်းဆန်ပစ်လိုက်တယ်။

“ဟင့်အင်း မေမေ၊ မိဟေး လုံးဝသဘောမတူဘူးနော် မိဟေးက ဦးနေကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်တာ ပထွေးတစ်ယောက်လို လက်မခံနိုင်ဘူး”

လို့ ခါးခါးသီးသီး ငြင်းပယ်တဲ့အခါ မေမေ့ မျက်နှာပျက်နေပါတယ်။

မေမေ စိတ်ညစ်မယ်ဆိုတာ သိသားပဲ။ ဒါပေမဲ့ မိဟေးလည်း စိတ်ညစ်မခံနိုင်ဘူးလေ။

မေမေနဲ့ ဦးနေသာ လက်ထပ်လိုက်ရင် မိဟေးရဲ့ ပျော်ရွှင်မှုတွေအားလုံး ဆိတ်သုဉ်းပျက်စီးသွားတော့မှာ။ အဲဒီအဖြစ် ကို မိဟေး လက်မခံနိုင်ဘူး။

မိဟေး ဦးနေကို လွတ်လပ်စွာပဲ မြင်ချင်တယ်။

ပြီးတော့ မေမေ့ကိုလည်း လွတ်လပ်စွာပဲ ရှိနေစေချင် တယ်။

မေမေနဲ့ ဦးနေကို မပေါင်းစည်းစေချင်ဘူး။



ဘာဖြစ်လို့လဲဆိုတော့ မေမေနဲ့ ဦးနေရဲ့ ပေါင်းစည်း ခြင်းဟာ မိဟေးနဲ့ ဦးနေ ခွဲခွာစေခြင်း ဖြစ်သလို မေမေနဲ့ မိဟေး ကိုလည်း ခွဲခွာပစ်လိုက်တာနဲ့ အတူတူပဲ။

ဒါကြောင့် မေမေနဲ့ ဦးနေ လက်ထပ်မှာကိုတော့ မိဟေး အသည်းအသန် ကန့်ကွက်ပါတယ်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဆေးရုံတက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ရဲ့သားအိမ်မှာ အလုံးတည်လို့တဲ့။ မေမေ့ကို ခွဲစိတ်ကုသ မယ်တဲ့။ မေမေ ဆေးရုံတက်နေတဲ့ အချိန်မှာ ဦးနေဟာ သူ့ အလုပ်တွေ အားလုံးကိုပစ်ပြီး မေမေ့အနားမှာ အနီးကပ် အရိပ် တကြည့်ကြည့် ပြုစုယုယဖို့ မိဟေးတို့အိမ်မှာ လာနေခဲ့တယ်လေ။

အဲဒီအချိန်မှာ အနီးကပ် အရိပ်တကြည့်ကြည့် ပြုစု ယုယဖို့ မိဟေးတို့အိမ်မှာ လာနေခဲ့တယ်လေ။

အဲဒီအချိန်မှာ မေမေ့အပေါ် ဦးနေ ဘယ်လောက် ထိတောင် ချစ်မြတ်နိုး တန်ဖိုးထားသလဲ ဆိုတာကို မိဟေး ပိုပြီး တော့ သိခွင့်ရလိုက်တယ်။

ဦးနေဟာ မေမေ့ကို အချိန်နှင့်အမျှ နီးနီးကပ်ကပ် ယုယပိုက်ထွေးလို့ မဆုံးဘူး။

မေမေ့ရဲ့လက်ကလေးကို ဖွဖွကိုင်ပြီး မေမေ့ကို ကြည့်နေပုံအရ အဲဒီမျက်လုံးတွေဟာ ဘယ်လောက်တောင် နူးည့ံ သိမ်မွေ့နက်ရှိုင်းသလဲဆိုရင် မိဟေးတောင် မကြည့်ရဲလောက် အောင်ပင်။



မေမေက ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှာ တက်နေ တာဆိုတော့ မိဟေးရော ဦးနေပါ မေမေနှင့်အတူတူ တစ်ခန်းတည်း မှာ နေလို့ရတယ်လေ။

ဦးနေဟာ မေမေ့အနားကနေ တစ်ဖဝါးမှ မခွာဘူး။ ညဆိုလည်း မအိပ်ဘဲ မေမေ့ကိုသာ အရိပ်တကြည့်ကြည့် စောင့်ကြည့်နေခဲ့တယ်။

မေမေရဲ့ ခွဲစိတ်ကုသမှု အောင်မြင်ပါတယ်။ မေမေ့ မှာ ဘာမှ ထူးထူးခြားခြား ပြဿနာ မရှိခဲ့ဘူး။

ဦးနေက မေမေနဲ့ မိဟေးရဲ့ရှေ့မှာ မေမေ့ကို တရားဝင် လက်ထပ်ခွင့် တောင်းခဲ့တယ်။

အဲဒီအချိန်မှာ မိဟေး ရင်ထဲမှာ ဘာဖြစ်သွားမှန်း မသိလောက်အောင် မှောင်မိုက်သွားခဲ့တယ်။

ဦးနေက မေမေရဲ့လက်ကလေးကို ဖွဖွဆုပ်ကိုင်ပြီး ...

"မေရယ် ... ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်။ အခုလို မေ မကျန်းမမာ ဖြစ်တဲ့အခါ မေ့အနားမှာ မေ့ကို ဂရုတစိုက် ဘယ်သူက ပြုစုစောင့်ရှောက်မှာလဲ ...

မေ့ကို ကိုယ် စိတ်မချဘူး၊ မေနှင့်အတူ ကိုယ်အမြဲ တမ်း နေ့နေ့ညည ရှိမှဖြစ်မယ်"

ဦးနေက မေမေ့ကို အဲဒီလိုပြောရင်း မိဟေးဆီ တစ်ချက် လှမ်းကြည့်လိုက်သေးတယ်။

ပြီးတော့ "ဟုတ်တယ် မဟုတ်လား မိဟေး" လို့ မိဟေးကို သဘောတူညီမှု တောင်းခံတယ်။

www.burmeseclassic.com

www.burmeseclassic.com

မိပေါးက မေမေ နေမကောင်းသေးတဲ့အ
ခါးခါးသီးသီးတော့ မငြင်းလိုက်ပါဘူး။

ဒါပေမဲ့ မိပေါး ရင်ထဲမှာ ဘယ်လောက်
ခါးခါးသီးသီး ငြင်းဆန်နေသလဲဆိုတာ မေမေရော ဦး
သိမှာမဟုတ်ပါဘူး။

မိပေါး မေမေ့ကို သိပ်ချစ်တယ်။ အဲဒီလိုပဲ ဦး
ကိုလည်း ချစ်တယ်။ မေမေနဲ့ ဦးနေ ဘယ်တော့မှ လက်
ရဘူး။

မိပေါးသည် ဒိုင်ယာရီကို ထိုနေရာတွင် အဆုံးသ
လိုက်လေသည်။

✣ ♦ ✣



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်ဟု နေလင်းရဲ့က ဘယ်နကြိမ်မြောက်မှန်း မသိ။ ပြောလိုက်ချိန်တွင် မေသည် ထုံးစံအတိုင်း ပြုံးမြဲပြုံး၍ နေလေသည်။

"သမီးကမှ မောင့်ကို သဘောမတူသေးတာ"ဟု မေက ကျီစယ်သလိုလေး ပြောသောအခါ နေလင်းရဲ့သည် တိတ်တခိုး သက်ပြင်းရှိုက်လိုက်မိသည်။

တကယ်တော့ သူသည် ယောက်ျားတစ်ယောက် ဖြစ်သည်။ အဲဒါကြောင့် မိန်းကလေးတစ်ယောက်၏ ဟိုးအရင်ထဲက ခံစားချက်ကို ထွင်းဖောက်မြင်နိုင်စွမ်းလည်း ရှိလေသည်။

အစကတော့ သူ သိပ်ပြီးတော့ သတိမထားမိခဲ့ချေ။ ဒါပေမဲ့ တဖြည်းဖြည်း သူ သံသယရှိလာခဲ့သည်မှာ မိဟေးကလေး၏ သူ့အပေါ် ထားရှိသော စိတ်ကစား တွယ်ငြိမှုပင် ဖြစ်သည်။

အဲဒါကို ဘယ်အချိန်မှာ ရိပ်မိလိုက်သလဲ ဆိုရင် မိဟေး သူ့ကိုကြည့်သော အကြည့်တွေ၊ သူ့ကိုဆက်ဆံသော တရင်းတနှီး ဆက်ဆံမှုတွေ၊ သူနှင့် မေ့ကို ဘယ်တော့မှ သဘော



ရနိုင်ပါဘူးဆိုတဲ့ ဘယ်လိုမှ အဓိပ္ပာယ်မရှိသော အကြောင်းပြချက်၊ အဲဒါတွေကနေ တစ်ဆင့် တဖြည်းဖြည်း ရိပ်မိလာခဲ့ခြင်း ဖြစ်သည်။

ဒါဟာ အတွေ့အကြုံ လုံးဝမရှိသေးတဲ့ နုနယ်သန့်စင်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပထမဆုံး စိတ်ကစား ရင်ခုန်လှုပ်ရှားမှုလည်း ဖြစ်နိုင်တာပဲဟု သူ ဖြေဖျောက်တွေးမိပါသေးသည်။

ဒါပေမဲ့ ဘယ်လိုမှလဲ မဖြစ်သင့်သော အဖြစ်အပျက်တစ်ခုလည်း ဖြစ်လေရာ သူ အဲဒီလို ရိပ်မိနေတာကို မေ့ကိုပင် သူ ဖွင့်မပြောရက်ချေ။

မေကရော မိခင်တစ်ယောက် အနေနဲ့ သူ့သမီးရဲ့ စိတ်လှုပ်ရှား ခံစားမှုကို မရိပ်မိတာလား။ ဒါမှမဟုတ် လုံးဝမဖြစ်နိုင်သော အဖြစ်အပျက်တစ်ခုဟု စိတ်ချလက်ချ ယုံကြည်ထားနေတာလား ဆိုတာ သူ မဝေခွဲတတ်ပါ။

သူကတော့ ယောက်ျားတစ်ယောက် ဖြစ်သောကြောင့် မိန်းကလေးတစ်ယောက် သူ့အပေါ် ဆက်ဆံသော ရင်းနှီးလိုက်လှဲမှုကို အလိုလို ရိပ်မိခံစားနိုင်ပေသည်။

ဒါပေမဲ့ အဲဒါကိုတော့ သူ မေ့ကို ဘယ်တော့မှ ဖွင့်ပြောဖြစ်မှာ မဟုတ်ချေ။

သူ့ဘက်က စောင့်ထိန်းရမည့် စည်းတစ်ခုဟု သူ ယူဆသည်။

"မိဟေးက မေနှင့် မောင့်ကို သဘောမတူဘူးလို့ ကလေးဆိုးတစ်ယောက်လို ဖွတ်အတင်းကြီးသာ ပြောနေတာပါ

www.burmeseclassic.com

www.burmeseclassic.com



မေရာ။ တကယ်တမ်း မေနဲ့ကိုယ် လက်ထပ်လိုက်ပြီ ဆိုရင် သူ အဲဒီလောက်ကြီး ခါးခါးသီးသီး ကန့်ကွက်မှာ မဟုတ်ဘူးလို့ ကိုယ်ထင်တယ် ...

အခုလက်ရှိအခြေအနေကလည်း ကိုယ့်အပေါ် မိဖေးရဲ့ ဆက်ဆံရေးက ခါးခါးသီးသီးမှ မရှိဘဲ ...

အဓိက,ကတော့ ကိုယ်တို့နှစ်ယောက် ပြတ်ပြတ်သားသား ဆုံးဖြတ်ကြဖို့ပဲ"

"ဘာလဲ ... မောင်က မစောင့်နိုင်တော့လို့လားဟင်"

မေ၏မေးဟန်မှာ သံသယ မပါဝင်သော်လည်း ကျိစယ်၍ သွားလျက်ရှိသည်။

"မစောင့်နိုင်တာ မဟုတ်ပါဘူး မေ၊ ကိုယ် စောင့်နိုင်ပါ တယ် ...

ကိုယ် အချိန်တွေလည်း အများကြီးပဲ စောင့်ခဲ့ပြီးပြီ ဒါပေမဲ့ အခုအချိန်မှာ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက် တစ်ခုအတွက် ကိုယ်တို့နှစ်ယောက် ဆက်ပြီးတော့ ဒီအတိုင်း ပဲ နေကြရမှာလား ...

ဘယ်အချိန်ကျမှ မိဖေးက ကိုယ်တို့နှစ်ယောက် လက်ထပ်ပါတော့လို့ သဘောတူ ကြည်ဖြူလာမှာလဲ

အဲဒီအချိန်ကို မေ တကယ်ပဲ စောင့်မလို့လား"

"မေ သမီးကို နားမလည်ဘူး မောင်။ မေနဲ့မောင် လက် ထပ်ဖို့ဆိုရင် သူ ခါးခါးသီးသီး ကန့်ကွက်ပေမယ့် တကယ် တမ်း မောင့်အပေါ်မှာ သူ လက်မခံနိုင်တာမျိုးလည်း မဟုတ်ဘူး ...



မောင့်ကို သူ တရင်းတနှီး ရှိသားပဲ"

မေသည် မိဖေး အပေါ်တွင် ယုံကြည်စိတ်ချလွန်းလှသည်။ ဒါမှမဟုတ် ဘယ်လိုမှ သံသယ မထားရက်တာလား ... သူ မတွေးချင်ပါ။

"အဲဒါကြောင့် ပြောတာပေါ့ မေ။ မိဖေးကို အတိုင်းအတာ တစ်ခုအထိပဲ မေ အလိုလိုက်သင့်တယ် ...

ကိုယ်တို့ နှစ်ယောက် လက်ထပ်ကြစို့ မေ"

မေသည် နေလင်းရုံ၏ လက်ကလေးတစ်ဖက်ကို ... လက်ကလေးဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်လေသည်။

"မောင့်သဘောပဲလေ။ မေကတော့ သမီးကို စိတ်မထိခိုက် စေချင်တာပါ ...

မေ့ကြောင့် သူ့နှလုံးသားလေးမှာ ဒဏ်ရာအနာတရ ဖြစ်သွားမှာကို မေ စိုးရိမ်မိတာပါ"

"တစ်နေ့တော့ မိဖေး လက်ခံသွားနိုင်မှာပါ မေ။ ပထမ ဆုံး ကိုယ်တို့လုပ်ရမှာက စွန့်စားပြီး ခြေလှမ်းတစ်လှမ်း တိုးကြည့်ဖို့ပဲ ...

မေနဲ့ကိုယ် ဒွတ်လက်ထပ်လိုက်ပြီ ဆိုပါစို့။ မိဖေး ဘယ်လောက်ထိ ပေါက်ကွဲနိုင်မလဲ။ သူ ဘယ်လောက်ထိ စိတ်ထိခိုက် ဒဏ်ရာရနိုင်မလဲ။

ကိုယ့်ကို သူ သေသေချာချာ မသိခင် အချိန်တုန်း ကထက်စာရင် အခုအချိန်မှာ ကိုယ့်အပေါ် သူ့သဘောထား လုံးဝမပြောင်းလဲဘူး ဆိုတာတော့ မဖြစ်နိုင်ပါဘူး မေ...

ကိုယ်တို့ သူ့ကို ရင်ဆိုင်ကြစို့"

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲတွင် မေတို့သုံးယောက် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြ၏။

မေသည် မိဟေး၏ မျက်နှာကလေးကို သေသေချာ လှမ်း၍ အကဲခတ်လျက်ရှိကာ စကားပြောဖို့ အတော်ပဲ အား ရလေသည်။

မောင်က မေ့ကို မပြောဖို့ မျက်ရိပ်ပြနေသည်။

"မိဟေး ... သမီးကို မေမေရော ဦးနေပါ ပြောစရာရှိတယ်"

မိဟေးက မေ့ကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်ကာ ချက်ချင်း မောင့်ဆီသို့ လှမ်းကြည့်လေသည်။

"မေမေနဲ့ ဦးနေ လက်ထပ်မယ် ဆိုတဲ့ အကြောင်းကလွဲ ရင် ကျန်တာအားလုံး ပြောလို့ရတယ် မေမေ"

ဟု ဂျစ်ကန်ကန် အပြုံးကလေးဖြင့် မိဟေးက ပြ ပြောလေသည်။

"မဟုတ်ဘူး သမီး၊ မေမေတို့ လက်ထပ်ကြတော့မယ်လို့ သမီးကို ပြောမလို့"

မေက အသံတိုးတိုးကလေးဖြင့် ညင်ညင်သာသာ ပြောလိုက်လေသည်။



မိဟေးက ထိုင်နေရာက ဝုန်းခနဲ ထရပ်ပစ်လိုက် ...

"မိဟေး ... သဘောမတူဘူးလို့ ဘယ်နှခါပြောရမလဲ မေမေ၊ ဘယ်တော့မှ သဘောမတူဘူး၊ မေမေ ဘာဖြစ်လို့ ဦးနေကို အဲဒီလောက်တောင် လက်ထပ်ချင်နေရတာလဲ"

ဟု ဒေါသတကြီး အော်ဟစ်လိုက်လေသည်။

နေလင်းရုံက မိဟေးကို နှစ်သိမ့်ချော့မော့သလို ပြုံး ကြည့်ကာ ...

"မေက လက်ထပ်ချင်တာ မဟုတ်ပါဘူး မိဟေး၊ ကိုယ်က အရမ်းလက်ထပ်ချင်နေတာပါ ...

ကိုယ်နဲ့မေ့မှာ အချိန်သိပ်မကျန်တော့ဘူး မိဟေး၊ ကိုယ်တို့နှစ်ယောက်ရဲ့ ကျန်ရှိနေတဲ့ သက်တမ်းကလေးမှာ အတူတကွ နေသွားချင်တယ် ...

ပြီးတော့ မိဟေးကိုလည်း ကိုယ့်ရဲ့သမီးလေးတစ်ယောက်လို ကိုယ် တစ်သက်လုံး စောင့်ရှောက်သွားချင်တယ်"

မိဟေးက မျက်လုံးစုံမှိတ်၍ ခေါင်းကို တအားခါယမ်း လိုက်လေသည်။

"ဘာသမီးလဲ၊ ဘာသမီးမှ မလိုချင်ဘူး။ မိဟေး ပြောပြီးပြီ၊ မိဟေး ပထွေး လုံးဝမလိုချင်ဘူး။ မေမေ့ရဲ့ ကျန်တဲ့သက်တမ်းကို ဦးနေ မပါဘဲနဲ့လည်း ဖြတ်သန်းလို့ ရပါတယ် ...

မေမေ့ဘေးမှာ မိဟေး တစ်ယောက်လုံး ရှိတယ်။ အဲဒီအတွက် မပူနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မိဟေး၏ အသံမှာ မလိုတမာမှုဖြင့် ခါးသီးလျ
ရှိလေသည်။

မေသည် သမီး၏ ကြမ်းတမ်းစူးရှသော တုံ့ပြ
ကြောင့် မှင်သက်စွာ ငေးနေမိလေသည်။

နေလင်းရုံသည် မိဟေး၏ မျက်လုံးများကို တည
တည့်ထွင်းဖောက် စိုက်ကြည့်လိုက်ရင်း ...

"ဘာဖြစ်လို့ ကိုယ် မလိုအပ်ရမှာလဲ မိဟေး။ ကိုယ့်
အတွက်တော့ မေ့ကို သိပ်လိုအပ်တယ်၊ ကိုယ့်ဘဝမှာ
မရှိရင် မဖြစ်တော့ဘူး၊ ကိုယ်နဲ့မေဟာ ဟိုးငယ်ငယ်
ကတည်းက သံယောဇဉ် တွယ်လာခဲ့တဲ့ ချစ်သူ
အချစ်ဦးတွေလည်း ဖြစ်တယ် ...

မေ့နေရာမှာ ကိုယ် ဘယ်မိန်းမကိုမှ အစားမထိ
ဘူး၊ နောင်လည်း ဘယ်တော့မှ အစားထိုးစရာ ရှိလာ
မဟုတ်ဘူး ...

ကိုယ့်ဘဝတစ်လျှောက်လုံးမှာ မေ့ တစ်ယော
တည်းကိုပဲ ချစ်ခဲ့တယ်၊ အခုလည်း မေ့ကိုပဲ ချစ်နေစဲ

နေစမ်းပါဦး မိဟေး၊ မင်းမေမေနဲ့ ကိုယ်
သဘောမတူရခြင်းရဲ့ အဓိက အကြောင်းပြချက်က ဘာ

မင်း ပထွေး မလိုချင်ဘူး ဆိုတဲ့ အကြောင်းပြ
ကတော့ သိပ်အဓိပ္ပာယ်မရှိလှဘူးလို့ ကိုယ် ထင်တယ်

ကိုယ်ဟာ မင်း ထင်သလိုတဲ့ သာမန်သမားရိုး
ပထွေး တစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ မင်း အသိ
ပဲ ...



ကိုယ်ဟာ ဘယ်လိုယောကျ်ားတစ်ယောက်လဲဆိုတာ
မင်း ကောင်းကောင်းသိပါတယ် မိဟေး ...

ဘာဖြစ်လို့ မျက်စိစုံမှိတ်ပြီး ဆန့်ကျင်ချင်ရတာလဲ၊
မင်းရဲ့မျက်လုံးတွေကို ဖွင့်လိုက်ပါ၊ ပြီးတော့ မင်းမေမေရဲ့
စိတ်ချမ်းသာမှုကို ဦးစားပေးလိုက်ပါ မိဟေး"

"ဟင့်အင်း ... ဦးနေ မှတရားဘူး၊ ဦးနေ လုံးဝမတရား
ဘူး၊ မေမေလည်း မတရားဘူး ...

မိဟေးအတွက် မေမေတို့ ဘာမှ ထည့်မတွေးကြ
ဘူး၊ မေမေတို့ စိတ်ချမ်းသာဖို့ပဲ မေမေတို့ ကြည့်ကြတယ် ...

လက်ထပ်ရဲရင် လက်ထပ်ကြည့်လိုက်လေ၊ မိဟေး
အကြောင်း ကောင်းကောင်း သိစေရမယ်"

မိဟေးသည် ကမူးရှူးထိုးပြောကာ ဧည့်ခန်းထဲမှ
ဟုန်ထိုး ပြေးထွက်သွားလေသည်။

"မိဟေး ... သမီး ပြန်လာခဲ့စမ်း"

မေက စိုးရိမ်တကြီး အော်ဟစ်သော်လည်း မိဟေး
နောက်သို့ တစ်ချက်လေးမှ ပြန်လှည့်၍ မကြည့်ချေ။

"ကဲ ... မေ မပြောဘူးလား မောင်၊ သမီးက မေတို့ လက်
ထပ်မယ်ဆိုရင် လုံးဝ လက်မခံပါဘူးဆိုတာ ...

အခု သမီး ထွက်ပြေးပြန်ပြီ။ သမီးနောက်ကို
လိုက်မှဖြစ်မယ်"

"အခုချက်ချင်း မလိုက်နဲ့ဦး မေ၊ သူ ဘယ်သွားနိုင်တယ်
ဆိုတာ ကိုယ်တို့ သိသားပဲ ...

သူ့သူငယ်ချင်းတွေဆီပဲ သူပြေးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သမီး စိတ်မချမ်းသာအောင် မေ မလုပ်ချင်တော့ဘူး မောင်ရယ်၊ သမီး စိတ်ဆင်းရဲပြီးမှ မေတို့နှစ်ယောက်ပေါင်း ကြရမယ်ဆိုရင် မေ့နှလုံးသားကိုပဲ စတေးပစ်လိုက်တော့ မယ်"

မေက အသည်းခိုက်စွာ နာကျင်သံဖြင့် ပြောသေး သည်။

"မေ ကိုယ့်ကို စွန့်လွှတ်နိုင်လို့လား၊ မိဘေးရဲ့ အဓိပ္ပာယ် မရှိတဲ့ အယူသီးမှု တစ်ခုအတွက်ကြောင့် ကိုယ်တို့ဘဝ ဒုတိယအကြိမ် ပြန်ပြီးတော့ ဝေးကြတော့မလို့လား"

မေသည် မျက်ရည်စိုသော မျက်ဝန်းလေးဖြင့် မော ရင်ခွင်ထဲသို့ တိုးဝင်ကာ သဲ့သဲ့ကလေး ငိုကြွေးရှိုက်ငင်လေသည်။

"သမီးကို မေ နားမလည်တော့ဘူး၊ သမီး ဘာကြေ ခါးခါးသီးသီး ဖြစ်နေရသလဲ ဆိုတာကို မေ တက လုံးဝ နားမလည်နိုင်တော့ဘူး မောင် ...

မေ့ကို အချိန်နည်းနည်း ထပ်ပေးပါ မောင်ရ မေ စွန့်စားဖို့ အချိန်ယူပါရစေဦး"

မေက တောင်းပန်တိုးလျှိုးသံကလေးဖြင့် ပြောလိ လေသည်။

မေ့ဘဝတွင် မေ [illegible]ပ်ချစ်သော ထိုယောကျ်ာ ဘယ်နှကြိမ် လက်လွှတ်အဆုံးရှုံး ခံရမှာပါလဲ။

ဒီတစ်ကြိမ်မှ မေ မစွန့်စားလျှင် ဘဝမှာ နော ထပ်တစ်ကြိမ် စွန့်စားခွင့်ရဖို့ အချိန်ရှိတော့မည် မဟုတ်ချေ



ထို့ကြောင့် ဒီတစ်ကြိမ်မှာတော့ မေ မျက်စိမှိတ်ပြီး စားဖို့ ဆုံးဖြတ်လိုက်ပါသည်။

သမီးအပေါ်မှာ မေ မတရားမှန်း ခံစားမိသော်လည်း င့်ကို မေ လက်ထပ်မှ ဖြစ်တော့မည်။

မေ့ဘဝတစ်လျှောက်လုံးမှာ နောက်ထပ် နောင်တ ချင်တော့ပါ။

✣◆✣

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် ထုံးစံအတိုင်း မေမေနှင့် ပဋိပက္ခ ပြီးလေတိုင်း သူငယ်ချင်းတွေဆီသို့သာ ပြေးခဲ့လေသည်။

မိဟေး ရင်ထဲတွင် ဆို့နင့်မွန်းကျပ်လျက် ရှိသည် အရာရာကို မုန်းတီးခါးသီးနေသည်။ တစ်လောကလုံးရှိ လူ အားလုံးသည် မိဟေး အပေါ်တွင် ဝိုင်း၍ လှောင်ပြောင်ပဟားတို ရယ်မောနေသလို ခံစားရ၏။

ထုံးစံအတိုင်း သူငယ်ချင်းတွေ အားလုံး ဆုံနေသော အချိန်တွင် မိဟေးက မျက်ရည်ပေါက်များ လိမ့်ဆင်းလာကာ

“ဒီတစ်ခါတော့ မေမေနဲ့ ဦးနေ တကယ်လက်ထပ် တော့မယ်တဲ့ ...

ကျုပ် ဘာလုပ်ရမလဲဟင်၊ ဒီတစ်ခါတော့ သူ တကယ် လက်ထပ်ကြတော့မှာ သေချာတယ် ...

သူတို့ကို ဘာနဲ့မှ တားဆီးလို့ မရတော့ဘူးဆို သူတို့မျက်နှာတွေပေါ်မှာ သေချာနေတယ်”

“အဲဒါဆိုလည်း မိဟေးရယ်၊ ညည်းစိတ်တွေကို လျှော့ လိုက်ပါ၊ သူတို့နှစ်ယောက် ဒီလောက်ချစ်ကြတာ၊ လက် ထပ်ချင်ရင်လည်း လက်ထပ်ပစေရောပေါ့၊ ပထွေးနဲ့အတူ



မနေချင်ဘူးဆိုရင်လည်း ညည်း ကျုပ်တို့အိမ်မှာ လာနေ လေ”

သူငယ်ချင်းတွေက မိဟေး၏ ခံစားမှုအစစ်အမှန်ကို အကယ်မသိတာလား။ မသိချင်ဟန် ဆောင်နေတာလား မပြော တတ်ပါ။

မိဟေးသည် ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းပန်း တနည်း ရှိုက်ကြီးတငင်သာ ငိုကြွေးမိလျက် ရှိလေသည်။

မိဟေး ငိုကြွေးပုံက တစ်ခုခု ဆုံးရှုံးသွားမှာကို အကြီးအကျယ် ကြောက်ရွံ့နေသော ငိုကြွေးပုံမျိုး ဖြစ်လေသည်။

“မိဟေးရယ် ... ဦးနေလင်းရဲ့ ဆိုတာကလည်း လူကောင်း တစ်ယောက်ပဲ၊ ပြီးတော့ သူ့အကြောင်းလည်း ညည်း တော်တော်များများ သိထားပြီးပြီပဲဥစ္စာ ...

ညည်းမေမေနဲ့ ဘာဖြစ်လို့ သဘောမတူနိုင်စရာ ရှိသလဲ”

“ဟင့်အင်း ... ကျုပ် ဘာမှမသိချင်ဘူး၊ မေမေနဲ့ ဦးနေ လင်းရဲ့ တကယ်လက်ထပ်မယ်ဆိုရင် သူတို့လက်ထပ်ပွဲကို ကျုပ် ရအောင် ဖျက်ဆီးပစ်မယ် ...

မေမေ့ဆီလည်း ကျုပ် မပြန်တော့ဘူး”

မိဟေးက စိတ်လိုက်မာန်ပါ အံကြိတ်၍ ပြောလေ သည်။ သူငယ်ချင်းတွေက မိဟေးကို နားမလည်နိုင်သော အထူး ဆန်း သတ္တဝါတစ်ကောင်လို ဝိုင်း၍ ကြည့်နေကြရင်း ...

သူတို့လည်း ဘာမှမတတ်နိုင်သောကြောင့် သက်ပြင်း သာ ကိုယ်စီရှိုက်လျက် ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး မိပေါး၊ ညည်းက ညည်းမေမေနဲ့ ဦးနေလင်း လက်ထပ်မှာကို ဒီလောက်ခါးသီးနေတာဟာ ဦးနေလင်း ကို ညည်း တော်တော်ပဲ မုန်းသလားဟင်"

မိဆု၏ မေးခွန်းက မိပေါး၏ အရှိုက်တည့်တည့် ကို ထိမှန်သွားလေသည်။

ထိုမေးခွန်းကို မိပေါး ရင်ထဲကပဲ ဖြေလိုက်ပါသည်။

ဟင့်အင်း ... ငါ သူ့ကို လုံးဝမမုန်းဘူး။ မမုန်းတဲ့ အပြင် ချစ်တောင် ချစ်နေမိသေးတာ။ အခု ငါ့ရင်ထဲမှာ ရင်ဆိုင် နေရတဲ့ ပဋိပက္ခဟာ ငါ ချစ်မိတဲ့ ယောကျ်ားတစ်ယောက်ကို ငါ့ရဲ့ ပထွေးတစ်ယောက်အဖြစ် ဘယ်လိုမှ လက်မခံနိုင်တဲ့ ပဋိပက္ခပဲ။

ကျုပ် သူ့ကို မမုန်းပါဘူး၊ ပထွေးတစ်ယောက် အဖြစ် လက်မခံနိုင်တာပဲ ရှိတယ်။

"လက်မခံနိုင်လည်း လျစ်လျူရှုထားလိုက်ပေါ့ဟာ၊ ညည်း မေမေနဲ့ သူ့ရဲ့ချစ်ခြင်းကိုတော့ ညည်း မခွဲပါနဲ့တော့ ကျုပ်တို့လည်း အမျိုးမျိုး ကြံစည်ခဲ့ပြီးပြီပဲ ... ဘယ်လိုမှမှ မအောင်မြင်ခဲ့တာ"

သူငယ်ချင်းတွေပင် မိပေါးဘက်မှ မရှိတော့ချေ။ မိပေါး၏ စိတ်ရှုံးစိတ်နှမ်းကိုသာ သိကြလျှင် သူတို့ပိုပြီးတော့ တောင် အပြစ်တင် ရှုတ်ချကြလိမ့်ဦးမည်။

"ကျုပ် အိမ်မပြန်တော့ဘူး မိဆု၊ မေမေ လာမေးရင် ညည်းတို့ဆီ မလာဘူးလို့ပဲ ဖြေလိုက်ပါ"



ခါတိုင်းလည်း မိပေါး စိတ်ဆိုးလျှင် သူငယ်ချင်း တွေဆီသာ ပြေးလာနေကြမို့ မေမေသည် မိပေါး၏ သူငယ်ချင်း တွေအိမ်ဆီ တစ်အိမ်တက်ဆင်း လိုက်ရှာမှာ မလွဲပေ။

သို့သော် အခုချိန်မှာ ဘာကြောင့်မှန်းမသိ မိပေါး သည် မေမေ့ကို ရင်မဆိုင်ချင်လောက်အောင် အမုန်းကြီး မုန်းနေ မိလေသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိပေါး အိမ်ပြန်မလာခဲ့ပါ။ ထိုနေ့တွင်သာမက နောက်ရက် နောက်ရက်တွေပါ မိပေါးသည် မေမေ့အိမ်သို့ ပြန်မလာခဲ့ပါ။

မေသည် သမီးကို စိုးရိမ်စိတ်ပူစွာ သူငယ်ချင်းတွေရဲ့ အိမ်တွေဆီ တစ်အိမ်ပြီးတစ်အိမ် လိုက်ပြီးမေးရ၏။

မိပေါး သူငယ်ချင်းတွေ အားလုံးက မိပေါး မလာဘူးဟုသာ ခေါင်းခါငြင်းဆန်ကြလေသည်။

သို့သော် သူတို့ကို မေ မယုံပါ။ သူတို့ရှိနေသည်ဆိုလျှင် သူတို့နှင့် အနီးကပ်ဆုံး တစ်နေရာရာမှာ မိပေါး ရှိနေလိမ့်မည်"

"နေပစေ၊ အသာလေး လွှတ်ထားလိုက်ဦး မေ၊ အခုအချိန် သူ သွေးပူနေတုန်းမှာ မေ အတင်းလိုက်ခေါ်လည်း သူ ပြန်လာမှာ မဟုတ်ဘူး၊ သူ့အရှိန်နဲ့သူ လွှတ်ပေးထားလိုက် ကလေးဆိုတာ တစ်ခါတလေ သိပ်ပြီးတော့ အလိုလိုက် လွန်းအားကြီးရင် ပိုဆိုးတတ်ကြတယ်မေ ...

မိပေါးဟာ မေက အထိအခိုက် မခံလောက်အောင် သိပ်ဂရုစိုက်လွန်းတော့ သူက ပိုပြီးတော့ ထိလွယ် ရှလွယ် ခံစားလွယ်နေတာ ...



ပြီးတော့ ... သူ သိပ်ပြီးတော့ ကလေးဆန်လွန်းတယ်၊ သူ့ကို ရင့်ကျက်လာအောင် အခြေအနေ တစ်ခုခုမှာ အသာလေး လွှတ်ထားလိုက်ပါ မေ"

ဟု နေလင်းရုံက မေ့ကို ဖျောင်းဖျမိသည်။

မေကတော့ မေ့ဆုံးဖြတ်ချက် မှားသွားမှာကို သိပ်စိုးရိမ်နေသည်။ မေ့ရဲ့ ပျော်ရွှင်ပြည့်စုံမှုအတွက် သမီးရဲ့နှလုံးသားကို စတေးပစ်ရာများ ကျခဲ့ပြီလားဟု အပြန်ပြန်အလှန်လှန် တွေးကြည့်မိသည်။

တစ်ဖက်မှာလည်း မောင်နှင့် နောက်တစ်ကြိမ်ဝေးချင်တော့ပေ။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် မေ့မေ့ကို လုံးဝအတွေ့မခံခဲ့သော်လည်း မိဆု အိမ်သို့ ဦးနေ ရောက်လာသောအခါ ထွက်မတွေ့ပဲ မနေ နိုင်ချေ။

ထို့ကြောင့် ဦးနေကိုတော့ မိဟေး ထွက်တွေ့လိုက် လေသည်။ ဦးနေရဲ့ မျက်နှာကို မြင်ရချိန်မှာ မိဟေး ရင်ထဲတွင် ပြင်းပြသော ရှက်ရွံ့ခြင်းတစ်မျိုးကို ခံစားရလေသည်။

သူ့မျက်ဝန်းတွေထဲမှာ မိဟေးကို တစ်ခုခု သိစေ သလိုပဲ။

ပြီးတော့ ဦးနေလင်းယုန်၏ မျက်ဝန်းတွေသည် ခါတိုင်းမြင်တွေ့နေရသော မျက်ဝန်းတွေထက် ပို၍ တည်ငြိမ်နေ ရှိုင်းလှိုန်းနေသည်။

"မိဟေး ... ကိုယ်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောကြရအောင်"

မိဟေးသည် ဦးနေလင်းရှဲ့ ခေါ်သွားရာဆီသို့ မငြင်း မဆန် အသာတကြည်ပင် လိုက်လာခဲ့ပါသည်။

ဦးနေက မိဟေးကို Restaurant တစ်ခုဆီသို့ ခေါ် လာခဲ့သည်။ လမ်းတွင် မိဟေးသည် စကားတစ်ခွန်းမှ မပြော ငြိမ်သက်စွာ လိုက်လာခဲ့သည်။



Restaurant ၏ သီးသန့်ခန်းထဲမှာ နေရာယူပြီး ဦးနေကပင် အစားအသောက်တွေကို ဦးဆောင်မှာလိုက်ပြီးနောက် ...

"ကဲ ... မိဟေး၊ ကိုယ်တို့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေး ကြရအောင် ...

သမီးရင်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေခံစား နေရသလဲဆိုတာ ဦးကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြစမ်း ...

ပြီးတော့ ... ဦးရင်ထဲမှာ ခံစားသမျှကိုလည်း သမီး သိအောင် ကိုယ် အားလုံး ဖွင့်ပြောပြမယ် ...

သမီးမေမေနဲ့ ကိုယ့်ရဲ့ကိစ္စကို မိဟေး ခဏမေ့ထား လိုက်။ အခု ကိုယ်တို့ စကားပြောကြမှာက မိဟေးနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းရဲ့ အကြောင်းပဲ ...

ကဲ ... မိဟေး အရင်စပြော"

တကယ်တော့ နေလင်းရှဲသည် မိဟေး၏ နှလုံးသား တံခါးကို အသာအယာ ခေါက်လိုက်ခြင်း ဖြစ်ပါသည်။ အခုအချိန် မှာ သူသည် စိတ်ရောဂါကုဆရာဝန်တစ်ယောက်နှင့် တူနေသည်။ မိဟေးကတော့ ဝေဒနာခံစားနေရသော စိတ်ရောဂါသည်လေး ဖြစ်လေသည်။

မိဟေးသည် ဦးနေ၏ မျက်ဝန်းတွေထဲသို့ ယုံကြည် အားကိုးသော စွဲလမ်းမြတ်နိုးသော စိတ်အစဉ်ဖြင့် စိုက်ကြည့် လိုက်မိလေသည်။

ဦးနေကလည်း မိဟေးကို တိုးညင်းညင်သာသော အကြည့်ဖြင့် ပြန်လည်၍ စိုက်ကြည့်လျက် ရှိသည်။ ထိုအကြည့် များအောက်တွင် မိဟေး၏ နှလုံးသားသည် ရိုင်းပျပြင်းထန်စွာ၊ လှုပ်ရှားနေရာကနေ တခဲနက် သိမ်မွေ့ညင်သာ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေး ရင်ထဲမှာ မွှန်းကျပ် ဆို့ပိတ်လျက်ရှိသော အနာဂတ်တစ်ခုကို မိဟေး ဆွဲထုတ်ဖောက်ပစ်လိုက်ချင်သည်။

မိဟေးသည် သူ့ကို အားကိုးတကြီး တွယ်တာခြင်းများဖြင့် စိုက်ကြည့်မိကာ ...

"မိဟေးရဲ့ဘဝမှာ လူတစ်ယောက်ကို မယုံနိုင်လောက်အောင် သိပ်ချစ်သွားမိတယ် ဦးနေ၊ အဲဒီလူကို မိဟေး အဆုံးအရှုံး မခံချင်ဘူး၊ အဲဒီလူဟာ ဘယ်သူလဲလို့တော့ ဦးနေ မိဟေးကို မမေးပါနဲ့"

မိဟေး၏ မျက်ဝန်းတွေမှာ မျက်ရည်များဖြင့် ဝေသီလာလေသည်။

နေလင်းရုံသည် ကလေးမလေး၏ စိတ်ခံစားမှု အခြေအနေကိုကောင်းစွာ နားလည်သဘောပေါက်လေသည်။

"မိဟေး အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်"

"အင်း ... အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ယောက်ဟာ အချစ်ကို စပြီးတော့ တွေ့ရှိခံစားဖို့ လုံလောက်ပါတယ် ...

ဒါကို ကိုယ် အပြစ်မတင်ဘူး မိဟေး၊ မိဟေးမှာ လူတစ်ယောက်ကို လွတ်လပ်စွာ ချစ်ပိုင်ခွင့်ရှိတယ် ...

ဘယ်သူ့ကိုမဆို မိဟေး ချစ်နိုင်တယ်၊ အဲဒီလို ချစ်မိတဲ့အတွက် မိဟေးမှာ အပြစ်မရှိဘူး၊ မိဟေးကိုယ် မိဟေးလည်း အပြစ်တင်ဖို့ မကြိုးစားနဲ့၊ ဘယ်တော့မှယ် နောင်တမရနဲ့ ...



ဒါပေမဲ့ မိဟေးကို ကိုယ် တစ်ခုပြောပြမယ်၊ လူတစ်ယောက်ကို ချစ်ရတာဟာ တောင်တစ်တောင်ကို တက်ရသလိုပဲ၊ တစ်ခါတစ်ခါမှာ ရင်ခုန်ပျော်ရွှင်ဖို့ ကောင်းသလို တစ်ခါတစ်ခါမှာလည်း စိတ်လှုပ်ရှား ထိတ်လန့်ဖို့ကောင်းတယ် ...

တချို့က တောင်ထိပ်ကိုရောက်အောင် စွန့်စွန့်စားစား တက်နိုင်တဲ့သူတွေ ရှိသလို တချို့ကလည်း ဟိုးတောင်ထိပ်ထိ မရောက်ဘဲ တစ်ဝက်တစ်ပြက်မှာတင် လှည့်ပြန်ရတာတွေလည်း ရှိတယ်၊ တချို့ကတော့ တောင်ကြီးကို ဟိုးအဝေးကနေပဲ လှမ်းကြည့်ပြီး စိတ်ကူးနဲ့ပဲ တက်ကြည့်တဲ့သူတွေလည်း ရှိတယ် ...

တကယ်လက်တွေ့မှာ သူတို့ မတက်ဖြစ်ကြဘူး၊ အကြောင်းအမျိုးမျိုးပဲပေါ့ မိဟေးရယ် ...

ကိုယ်ပြောတာ နားလည်ရဲ့လား၊ အခု မိဟေး လူတစ်ယောက်ကို ချစ်မိတယ်၊ အဲဒါဟာ မိဟေး စိတ်ထဲကနေ စိတ်ကူးနဲ့ တောင်တစ်တောင်ကို လှမ်းတက်ဖို့ ကြိုးစားနေတာလည်း ဖြစ်နိုင်သလို၊ အဲဒီတောင်ရဲ့ တစ်ဝက်တစ်ပြက်လောက် ခရီးကို မိဟေး ရောက်နေတာလည်း ဖြစ်နိုင်တယ် ...

သေချာတာက အဲဒီတောင်ထိပ်ကို ဘယ်လိုမှ မိဟေး ရောက်နိုင်မှာ မဟုတ်ဘူး"

"ဦးနေက ဘယ်လိုလုပ် သိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် ခန့်မှန်းကြည့်တာပါ၊ မိဟေးကိုကြည့်ရတာ မငြီးဘူးလေ၊ လူတစ်ယောက်ကို ချစ်ရတဲ့အတွက် မိဟေးစိတ်ထဲမှာ သိပ်ကို ပင်ပန်းနာကျင်နေပုံရတယ်၊ အဲဒါကို ကြည့်ခြင်းအားဖြင့် မိဟေးဟာ အဲဒီတောင်ကို အောင်မြင်စွာ တက်နိုင်ဖို့ မသေချာဘူးလို့ ကိုယ်က ယူဆတယ်”

“အဲဒီတော့ မိဟေး ဘာလုပ်ရမလဲ ဦးနေ”

“အဲဒီအဖြစ်အပျက်ကို မိဟေး မေ့လိုက်ပါ”

သူ့အသံက ကြီးစား၍ သတိထား ပြောလိုက်သော အသံမျိုး ဖြစ်သည်။

ဘုရားရေ ... သူ မိဟေးကိုများ ရိပ်မိနေသလား သို့သော် သူ့မျက်နှာက မိဟေး အကဲခတ်လို့ မရလောက်အောင် ပင် သိမ်မွေ့နက်ရှိုင်းနေခဲ့ပါသည်။

“မေ့ဖြစ်ဖို့ဆိုတာ လွယ်မှမလွယ်ပဲ ဦးနေ”

“ကြိုးစားပြီး မေ့ပစ်ရမှာပေါ့ မိဟေးရယ်၊ မိဟေး အသက် အခုမှ ငယ်ငယ်လေးပဲ ရှိသေးတယ်၊ မိဟေး ဘဝမှာ ရှေ့လျှောက် ရင်ဆိုင်ရဦးမယ့် အဖြစ်အပျက်တွေ အများကြီးပဲ ကျန်သေးတယ် ...

အခု မိဟေး ရင်ဆိုင်နေရတဲ့ အဖြစ်အပျက်ဟာ မိဟေး ထင်ထားသလောက် သိပ်မဆိုးဝါးပါဘူး ...

ဒါပေမဲ့ အဲဒီအဖြစ်အပျက်ကို ရင်ဆိုင်ဖြတ်သန်းဖို့ မိဟေးမှာ သတိရှိဖို့တော့ လိုတယ် ...

ထွက်ပြေးတာဟာ သူရဲဘောကြောင်တာပဲ မိဟေး”



“ဦးနေက မိဟေးကို သူရဲဘောကြောင်တယ်လို့ ဆိုချင်တာ လား”

“ဟုတ်တယ်လေ၊ အခု မိဟေး ထွက်ပြေးနေတယ်၊ ဘာ ဖြစ်လို့ ထွက်ပြေးနေရတာလဲ ...

ဒီအဖြစ်အပျက်ကြီးကို မိဟေး ရင်ဆိုင်ပစ်လိုက်စမ်း ပါ၊ ကိုယ်နဲ့ မိဟေးရဲ့မေမေ လက်ထပ်ကြမဲ့ ကိစ္စဟာ မိဟေး လုံးဝလက်မခံနိုင်တဲ့၊ မိဟေး မကြိုက်တဲ့ အဖြစ် အပျက်တစ်ခုဆိုတာ ကိုယ် နားလည်ပါတယ် ...

ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဆီကနေ မိဟေး ထွက် ပြေး ရှောင်တိမ်းနေလို့ ပြီးသွားမယ်တဲ့လား၊ မိဟေး ရင် ဆိုင်ရမှာပေါ့၊ အဲဒီလို ရင်ဆိုင်ဖို့သတ္တိ မိဟေးမှာ အပြည့် ရှိရမယ်”

“ဦးနေတို့က တကယ် လက်ထပ်တော့မယ့်ပေါ့”

“ဟုတ်တယ် မိဟေး၊ ကိုယ်တို့ ဆုံးဖြတ်ပြီးပြီ၊ ဒီတစ်ခါ ဘယ်လိုနည်းနဲ့မှ ကိုယ်တို့ နောက်ဆုတ်ဖြစ်တော့မှာ မဟုတ် ဘူး ...

မိဟေးရဲ့ မေမေကိုလည်း ကိုယ် နောက်ဆုတ်ခွင့် မပေးတော့ဘူး၊ ကိုယ် သူ့ကို မဖြစ်ဖြစ်အောင် လက်ထပ် ဖို့ ဆုံးဖြတ်ပြီးသွားပြီ မိဟေး၊ အဲဒါကို မိဟေး လက်ခံရ မယ် ...

မိဟေး ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိဟေး ရင်ဆိုင်နိုင်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



သူက လေးနက်တည်ငြိမ်စွာ ပြောလေသည်။ မိ... သည် ရုတ်တရက် ပေါက်ကွဲမတတ် ဖြစ်သွား၏။

"ဦးနေ မတရားဘူး၊ ဦးနေရော မေမေပါ မိဟေး အ... လုံးဝ မတရားဘူး"

မိဟေးသည် ကမူးရှူးထိုး အော်လိုက်မိလေသည်။

"မိဟေးကရော မိဟေးရဲ့မေမေအပေါ်မှာ တရားလို့လား...

မိဟေး ကိုယ့်ရဲ့မျက်လုံးတွေထဲ သေသေချာချာ စိုက်ကြည့်စမ်း။ သေသေချာချာ ကြည့်ပြီး ပြောရဲသလား...

မိဟေးရဲ့ မေမေမှာ သူ သိပ်ချစ်တဲ့ သူ့ချစ်သူ... လက်ထပ်ခွင့် မရှိရတော့ဘူးတဲ့လား ...

ဘာအကြောင်းပြချက်မှ မရှိဘဲ မိဟေး သဘော... တာ တစ်ခုတည်းနဲ့ ကိုယ်တို့ လက်မထပ်ရတော့ဘူး... လား ...

ဒီလိုနဲ့ပဲ ကိုယ်တို့ချစ်သူနှစ်ယောက် ဝေးသွားကြ... လား၊ မိဟေး သေသေချာချာ စဉ်းစားကြည့်စမ်း၊ မိဟေး... ရဲ့ ရင်ထဲကို မိဟေးမေမေရဲ့ နှလုံးသား ခဏထည့်ကြည့် စမ်း၊ ပြီးတော့ မိဟေး ခံစားကြည့်စမ်း ...

မိဟေးမေမေရဲ့ နေရာမှာ မိဟေး ရောက်နေရင် ဘယ်လိုဆုံးဖြတ်မလဲ"

မိဟေးသည် နှုတ်ခမ်းကလေးကို ခပ်တင်းတင်း... တိုက်ကာ မျက်လုံးများကို မှိတ်ထားလိုက်လေသည်။

ဦးနေ၏ စကားလုံးက မိဟေး၏ နှလုံးသားထဲသို့ တည့်တည့် စိုက်ဝင်သွားလေသည်။



မိဟေးရဲ့ ရင်ထဲကို မေမေ့ရဲ့နှလုံးသား ခဏထည့် ကြည့်စမ်းတဲ့။ မေမေ့နေရာမှာ မိဟေးသာဆိုလျှင် ဘယ်လိုဆုံး ဖြတ်မလဲတဲ့။ လောကမှာ ဘယ်သူကများ ချစ်သူကို အဆုံးအရှုံး ခံချင်မှာတဲ့လဲ။

ဦးနေလင်းရုံက ဆက်၍ ပြောပါသည်။

"အခုအချိန်မှာ မိဟေး မေမေနဲ့ ကိုယ်ရဲ့ အခြေအနေဟာ တောင်ထိပ်နားကို ရောက်လုရောက်ခင် အခြေအနေမျိုးမှာ ဖြစ်နေပြီ ...

ကိုယ်တို့နှစ်ယောက် တစ်ယောက်လက်ကို တစ် ယောက် မြဲမြဲမြံမြံ ဆုပ်ကိုင်ထားကြတယ်၊ ဒီအခြေအနေမျိုး မှာ ကိုယ်တို့ ဘယ်လိုမှ နောက်ပြန်မလှည့်နိုင်တော့ဘူး၊ အရှုံးလည်း မပေးချင်တော့ဘူး ...

မိဟေးရဲ့မေမေကို နားလည်ပေးလိုက်ပါ၊ ပြီးတော့ ကိုယ့်ကိုလည်း အခွင့်အရေး တစ်ခုပေးပါ၊ မိဟေးရဲ့မေမေ ကို ကိုယ့်ရဲ့ နောက်ဆုံးထွက်သက် ထွက်တဲ့အချိန်ထိ ကိုယ့်အချစ်တွေကို သက်သေပြသွားနိုင်ဖို့ အခွင့်အရေး ကိုယ့်ကိုပေးပါ မိဟေး၊ ကိုယ် မိဟေးကို တောင်းပန်ပါ တယ်၊ ကိုယ်နဲ့ မိဟေးရဲ့မေမေကို သဘောတူပေးပါ"

ဦးနေလင်းရုံက သူ မတူအောင် နူးညံ့ပျော့ပျောင်း သော မျက်နှာပေးဖြင့် တောင်းဆိုနေသောအခါ မိဟေးသည် ဘယ်လိုမှ တင်းမာဟန်မဆောင်ထားနိုင်တော့ချေ။

ပူနွေးသော မျက်ရည်စီးကြောင်းနှစ်ခုသည် မိဟေး ၏ ပါးပြင်ပေါ်မှာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် တိုးတိတ်စွာ ရှိုက်ငင်လျက် ရှိလေသည်။

ကြည့်စမ်း ... ဦးနေဟာ ဘယ်လောက်ပါးနပ်လိမ္မာတဲ့ ယောက်ျားတစ်ယောက်လဲ။ သူ မိဟေးရဲ့ ရင်တွင်းခံစားချက်ကို ဖတ်မိကောင်း ဖတ်မိပါလိမ့်မယ်။

ဒါပေမဲ့ သူ သိနေတယ်ဆိုတဲ့ အကြောင်းကို တစ်ခွန်းမှ အရိပ်အမြွက်ကလေးတောင် ထုတ်ဖော်ပြောသွားခြင်းမရှိချေ။

သို့သော် ... သူ့စကားအဆုံးမှာ သူ အလုံးစုံကို သိနေခဲ့သလို မိဟေး ခံစားရလေသည်။

♣ ♦ ♣



## အခန်း(၁၁)

လုံးဝ မမျှော်လင့်ထားသော အချိန်တွင် သမီးက အိမ်သို့ပြန်ရောက်လာခဲ့ပါသည်။

သမီးနှင့်အတူ သမီးရဲ့ဘေးမှာ အတူတကွ ပါလာခဲ့တာက မောင်ပဲ ဖြစ်သည်။ မောင့်ရဲ့မျက်နှာပေါ်မှာ ချိုမြသောအပြုံးကို တွေ့ရသည်။ တစ်ခုခုကို သူ အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ပြီဆိုလျှင် မောင့်ရဲ့ မျက်နှာပေါ်မှာ အဲဒီအပြုံးကို တွေ့ရမြဲဖြစ်ကြောင်း မေ အလွတ်ရခဲ့ပြီဖြစ်သည်။

သမီး၏ မျက်နှာကလေးကတော့ အုံ့ဩဖွယ် သနားဖွယ် ကောင်းလောက်အောင်ပင် ငြိမ်သက်နေခဲ့လေသည်။

မေသည် သမီးကို ဆွဲယူပွေ့ဖက်လိုက်ကာ ရင်ခွင်ထဲမှာ ထွေးပွေ့ထားမိလေသည်။

သမီးက မယုံနိုင်လောက်အောင် ပြောင်းလဲသွားခဲ့သည်။ သမီးရဲ့မျက်နှာက အလွန်ရင့်ကြက်တည်ငြိမ်နေသော ရာမမိန်းမကြီးတစ်ယောက်၏ မျက်နှာထားမျိုး အဖြစ်သို့ ပြောင်းလဲသွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ဦးနေ လက်ထပ်ကြပါ၊ မိပျော အရှုံးပေးပါတ
အားလုံးကို မိပျော အရှုံးပေးလိုက်ပြီ၊ မိပျောရဲ့ စိတ်
ကိုလည်း ပြောင်းလဲဖို့ ကြိုးစားတော့မယ်"

ဟု မိပျောက ပြောလိုက်လေသည်။

တကယ်တမ်းမှာ မိပျောသည် ကိုယ့်အသံကို ကိုယ်ပြန်၍ မမှတ်မိချေ။ မိပျော ပြောလိုက်တာမှ ဟုတ်ရဲ့လား ဟု ကိုယ့်ကိုယ်ကိုယ် သံသယ ဝင်မိသေးသည်။

သို့သော် ... မိပျော တကယ်ပြောနေခြင်း ဖြစ်သည် မိပျောသည် ဦးနေ၏ ညို့စက်ကွင်းထဲကနေ ရုန်းမထွက်နိုင်သေး သလို ခံစားရသည်။

ဦးနေ ဖြစ်စေချင်သည့်အတိုင်း မိပျော ပြော ခြင်းဖြစ်သည်။ မိပျော၏ ကိုယ်ခန္ဓာ၊ ဟိုးအတွင်းပိုင်း တစ်နေရာ မှာတော့ မိပျောရဲ့ ဝိညာဉ် အစစ်အမှန်က ကိန်းဝပ်နစ်မြုပ်လျက် ရှိ၏။

"သမီးရယ် ... အံ့သြဖို့ကောင်းလိုက်တာ၊ ဘယ်လိုများ
ပြောင်းလဲသွားတာလဲ ...

မောင် သမီးကို ဘယ်လိုများ သိမ်းသွင်းဆွဲဆော
လိုက်သလဲဟင်"

မေက မျက်နှာကလေး ဝင်းပကာ တအံ့တသြ ပြောလေသည်။

နေလင်းရှုံက မေ့ကို ပခုံးကလေး မသိမသာ တွန်း ပြလိုက်လေသည်။



"မေမေ စိတ်ချမ်းသာမယ်ဆိုရင် မေမေ ကြိုက်သလို လုပ်
နိုင်ပါတယ် မေမေ။ မိပျော ရိုင်းစိုင်းခဲ့တာ အတွက်
တောင်းပန်ပါတယ်"

မိပျောက ပြောပြီး ဦးနေဆီသို့ တစ်ချက်လှမ်း၍ ကြည့်မိသည်။ ဦးနေက မိပျောကို မသိမသာ လက်မကလေး ထောင်ပြလေသည်။

မိပျောသည် မချိတရိ အပြုံးကလေးဟာ ပြုံးမိသည်။ အနေနဲ့ မေမေက အတူတကွ လက်တွဲမဖြုတ်စတမ်း တွဲထား ဆောင်ရဲ့ထိပ်နားဆီသို့ ရောက်နေပြီပေါ့။

မိပျောကတော့ မိပျောရဲ့ စိတ်ကူးထဲမှာ မှန်းဆပြီး ဖို့ ကြိုးစားနေခဲ့တဲ့ အဲဒီတောင်ဆီ ဟိုး အဝေးကြီးကနေပဲ ပြီးတော့ စိတ်ကူးနဲ့ တက်ပါတော့မယ်။

ဒါမှမဟုတ်ရင်လည်း လုံးဝ မတက်ဖြစ်တော့အောင် ရဲ့စိတ်ကို မိပျော ဆုံးမ ထိန်းချုပ်ပါ့မယ်။

"သမီးရယ် ... မေမေ့ကို သမီး အဲဒီလို နားလည်ပေးနိုင်
တာကို မေမေ သိပ်ပြီးတော့ ကျေးဇူးတင်ပါတယ်"

"မိပျောက ကျေးဇူးမတင်ထိုက်ပါဘူး မေမေ၊ မိပျောက
အရမ်းဆိုးတဲ့ သမီးဆိုးကလေးပါ"

"ဟင့်အင်း ... မဟုတ်ပါဘူး မိပျောရယ်၊ မိပျောဟာ
မေမေ့ရဲ့ သမီးအလိမ္မာကလေးပါ"

မေမေက အဲဒီလိုပြောလေ မိပျောရဲ့စိတ်ထဲမှာ လုံခြုံသော ရက်စွဲ့သောစိတ်က ပို၍ အားကောင်းလာလေပဲ သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ မိဟေးရဲ့ နှလုံးသားကို မဖတ်ကြည့်မိ
လို့ပါ။ မတော်တဆများ မေမေ မိဟေးရဲ့ ဟိုးရင်ထဲကို
ကြည့်လိုက်မိရင် မိဟေးဟာ သိပ်ကို စက်ဆုပ်ရွံရှာဖွယ်ကောင်း
မိန်းမဆိုးကလေး တစ်ယောက်ဆိုတာ မေမေ သိသွားပါလိမ့်မယ်

"မိဟေး နားဦးမယ် မေမေ"

ဟု ဆိုကာ မိဟေးသည် ကိုယ့်အခန်းထဲသို့ အပြေး
ဆုံး ဝင်လာခဲ့မိလေသည်။

အခန်းထဲသို့ ရောက်သောအခါ အခန်းတံခါး
အသေပိတ်ပစ်လိုက်သည်။ မိဟေးသည် ခုတင်ပေါ်သို့ အား
တရ ခုန်ဝင်လဲအိပ်လိုက်မိလေသည်။

အဲဒီနောက်တော့ မိဟေးသည် အသံမထွက်အော
မျက်နှာကို ခေါင်းအုံးမှာအပ်ပြီး အားပါးတရ အူလှိုက်သည်းလှိ
ငိုကြွေးပါသည်။

ခေါင်းအုံးအောက်မှာ မိဟေး၏ ဒိုင်ယာရီကလေး
စမ်းမိသောအခါ မိဟေးသည် ဒိုင်ယာရီရေးချင်စိတ် ရုတ်တရ
ပေါ်လာခဲ့၏။ မိဟေးသည် ဒိုင်ယာရီ စာမျက်နှာထဲမှာ ခဝ်သွ
သွက်ပင် ချရေးလိုက်မိလေသည်။

လူတစ်ယောက်ကို ချစ်မိခြင်းဟာ သုခဘုံဆီသို့ အလည်တစ်ခေါ
ရောက်ရှိခြင်းပင်ဆိုရင်၊ မိဟေးဟာ သုခဘုံဆီ ရောက်မှုခဲ့ပါပြီ။

မိဟေးအတွက်တော့ ချစ်ခြင်းဆိုတာ ရင်ထဲမှာ တိတ်တဆိ
လုံခြုံသိုဝှက်စွာ ခံစားရတဲ့ လျှို့ဝှက်တဲ့ ခံစားချက်တစ်ခုပါ။

အဲဒီခံစားချက်ကို မိဟေး တစ်သက်လုံး သော့ခတ်သိမ်းဆည်း
လိုက်ပါမယ်။



မိဟေး ချစ်တဲ့ နှလုံးသားနှစ်ခုအတွက် မိဟေးရဲ့ နှလုံးသားကို
စတေးပစ်လိုက်တော့မယ်။

တကယ်တော့ မိဟေးရဲ့ နှလုံးသားဟာ စိတ်ရူးပေါက်နေတဲ့ နှလုံး
သား အရိုင်းအစိုင်း တစ်ခုလည်း ဖြစ်ချင်ဖြစ်မှာပါ။ တစ်ချိန်ချိန်မှာ မိဟေး
ရဲ့ အရူးထနေတဲ့ အဲဒီနှလုံးသားဟာ အားလုံး ပကတိ ပုံမှန်အတိုင်း ပြန်ဖြစ်
သွားမှာပါ။

မိဟေး လိမ္မာဖို့ ကြိုးစားတော့မယ်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com

မေမေနှင့် ဦးနေ၏ လက်ထပ်ပွဲကို မန္တ...
တစ်ခါ၊ ရန်ကုန်မှာ တစ်ခါ အကျဉ်းရုံးပြီးတော့ ကျင်းပ...
လေသည်။

မိပေါးသည် ကိုယ့်နှလုံးသားကို မယုံနိုင်လော...
အောင်ပင် အေးခဲငြိမ်သက်လျက် ရှိတာကို ခံစားရ၏။

ဟိုးအရင်ကတော့ မေမေနှင့် ဦးနေ လက်ထ...
လျှင် မိပေါး ဘယ်လိုမျှ နေနိုင်လိမ့်မည် မဟုတ်ဟု ထင်...
သည်။

အခုတော့ နေနိုင်သားပဲ။ မိပေါး ရူးလည်းရူး...
ပါဘူး။ နှလုံးသားတွေလည်း တစ်စစီ ကွဲကြေမသွားပါဘူး...

အခုအချိန်မှာ မိပေါးသည် မေမေ့အပေါ် မျက်...
အားနာနေမိတာ တစ်ခုနှင့် ဦးနေလင်းရဲ့ အပေါ် ရှက်ရွံ့နေမိ...
ကလွဲလို့ သိပ်ပြင်းပြင်းပြပြ ထိထိခိုက်ခိုက်ကြီး မခံစားရတော့...

နောက်ဆို ဒီထက်ပိုပြီး မိပေါး နေတတ်သွားမှာ...
အချိန်ဆိုတဲ့အရာက မိပေါးကို ဆုံးမသွန်သင်သွားပါလိမ့်မယ်...

ဘဝမှာ နေတတ်အောင် မိပေါးကို သင်ပြသွား...
လိမ့်မယ်။ သူငယ်ချင်းတွေ အားလုံးက မိပေါး အခုလို ဆုံးဖြ...
လိုက်တာသည် အဖြစ်သင့်ဆုံးနှင့် အမှန်ဆုံးပဲဟု ဆိုကြ၏။



သတို့သမီးကလေး ဖြန့်ဖြစ်နေသော မေမေ၏
...နှာကလေးမှာ အစွမ်းကုန် လှပလျက်ရှိသော ပန်းကလေးတစ်
...င့်လို တင့်တယ်ပြေပြစ်ကာ နုပျိုလက် ရှိလေသည်။

ဦးနေကရော ဘာထူးသေးလို့လဲ။ သူ့မျက်နှာပေါ်မှာ
...ငြိမ်လိုက်လှဲသော အပြုံးတွေ အချိန်မရွေး ရှိနေသည်။

"မိပေါး တွေ့လား။ ညည်းမေမေ ဘယ်လောက်ပျော်နေ
သလဲဆိုတာ ...

ဦးနေကိုလည်း ကြည့်စမ်း။ သူတို့ဟန်မဆောင်နိုင်
ကြဘူး။ သူတို့မျက်နှာပေါ်က အပြုံးတွေဟာ ဟိုးရင်ထဲ
အသည်းထဲကနေ အူလိုက်သည်းလိုက် ထွက်ပေါ်လာတဲ့
အပြုံးမျိုးပဲ"

"မေမေ့ အတွက် ဝတ်စုံကို ဦးနေ ကိုယ်တိုင် ဒီဇိုင်းထုတ်
ပေးပြီး ချုပ်ခိုင်းတာတဲ့" »

မိပေါးက ပြောလိုက်သည်။

ဦးနေသည် မေမေ့အတွက် ဆံဖျားကနေ ခြေဖျား
အထိ အသေးစိတ် အနုစိတ်စွာ စီစဉ်ပေးခဲ့တာ ဖြစ်သည်။

မေမေ ဘာတစ်ခုမှ မပူပင်ရ။ အားလုံး သူ့ဘာသာ
သူ စနစ်တကျ သပ်သပ်ရပ်ရပ် စီစဉ်သွားခဲ့ခြင်း ဖြစ်သည်။

"မိပေါးရယ် ... ရှင့်မေမေ တကယ်ကံကောင်းပါတယ်၊
ဦးနေလို ယောကျ်ားမျိုး ခုခေတ်မှာ သိပ်ပြီးတော့ ရှာမတွေ့
နိုင်တော့ဘူး ...

ကိုယ့်ချစ်သူတစ်ယောက်ကို အဲဒီလောက် အစ
အရာရာ အသေးစိတ်ကစပြီး ဂရုတစိုက် ချစ်နိုင်မှုဆိုတာ
တော်ရုံတန်ရုံ ဘယ်ယောကျ်ားမျိုးကမှ မချစ်နိုင်ကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက မိဟေး ဘေးမှာ တစ်ယောက်တစ်ပေါက် ထွက်ထိုးလျက် ဝေဖန်သုံးသပ်နေကြလေသည်။

မိဟေးသည် ဦးနေနှင့် မေမေ့ကိုသာ မျက်တောင်မခတ် ငေးကြည့်လျက် ရှိလေသည်။

မိဟေး၏ ရင်ထဲမှာတော့ ဘာမှမရှိသလို ဟာလာဟင်းလင်း ဖြစ်နေသည်။

"တစ်ချိန်မှာတော့ အားလုံး ပြီးဆုံးသွားမှာပါ"

မိဟေးသည် ထိုစကားကလေးကိုသာ ထပ်တလဲလဲ ရေရွတ်လျက် ရှိလေသည်။

အသက်လေးဆယ်ကျော်မှ လက်ထပ်ဖြစ်ကြသော သတို့သားနှင့် သတို့သမီးကို လူတိုင်းက အံ့သြတကြီး ရှိကြလေသည်။

သို့သော် မေမေနှင့် ဦးနေကတော့ ဘာကိုမျှ ဂရုမစိုက်နိုင်လောက်အောင် အပျော်ကြီးပျော်လျက် ရှိကြသည်။

မိဟေး ကြိုတင်မျှော်လင့်ထားခဲ့သည့်အတိုင်း မိဟေးသည် ဘေးသို့ အလိုလို ရောက်ရှိသွားလေသည်။

မိဟေးကို သူတို့ မေ့နေကြပုံ ရသည်။ သူတို့၏ အာရုံတွေထဲမှာ မိဟေး မရှိချေ။

ထိုသို့ တွေးလိုက်မိတိုင်း မိဟေး ရင်ထဲတွင် ဝမ်းနည်းအားငယ်လာလေသည်။

အဲဒါကို မိဟေး မခံစားနိုင်ခြင်း ဖြစ်သည်။ မိဟေး ဘယ်လိုနေရမလဲ။



မိဟေးသည် စွန့်ပစ်ခံရသော ဝေဒနာကို စတင်၍ ခံစားရလေသည်။ ပြီးတော့ ... တစ်ယောက်တည်း အထီးကျန်ဆန်သလို ခံစားရသည်။ မိဟေးသည် မေမေ့ကို နာမြော်လာသည်။

ပြီးတော့ ... ဦးနေလင်းရုံနှင့် အဝေးဆုံး ဝေးသွားသလို ခံစားရသည်။ လက်ထပ်ခြင်း ဆိုသော စည်းတစ်ခုက မိဟေးနှင့် ဦးနေလင်းရုံကို သူစိမ်းတွေအဖြစ်ဆီသို့ ခွဲခွာပို့ဆောင်ပစ်လိုက်လေသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် လက်ထပ်ခြင်းဆိုသော အရသာကို မေသည် အသက်လေးဆယ်ကျော်သော အရွယ်တွင်မှ စတင်၍ ခံစားဖူးလေသည်။ ထိုပျော်ရွှင်ခြင်းကို ဘယ်လိုအပျော်မျိုးနှင့်မှ နှိုင်းယှဉ်၍ မရနိုင်ချေ။

မေသည် ကိုယ့်ကိုယ်ကိုယ် အသက်နှစ်ဆယ်အရွယ် အပျိုဖြန်းကလေး ပြန်ဖြစ်သွားသလို ခံစားရ၏။ တစ်လောကလုံးကို မေ့နေလေသည်။ မောင့် မျက်နှာဆီမှ တောက်ပလင်းလက်သော အပြုံးများ ဖြာလျက်ရှိသည်ကို တွေ့ရ၏။ ထိုအပြုံးသည် မေ့ဘဝအတွက် ဘာနဲ့မှ မလဲနိုင်သော၊ ပြီးတော့ ... ဘယ်တော့မှ မေ့ပျောက်နိုင်လိမ့်မည် မဟုတ်သော အပြုံးများ ဖြစ်တော့သည်။

မောင်သည် မေ့၏လက်ကို မလွှတ်တမ်း မြဲမြံစွာ ဆုပ်ကိုင်ထားလေသည်။

"မပျော်ဘူးလား မေ၊ ဒီလိုနေ့မျိုးကိုရောက်ဖို့ ကိုယ်စောင့်ခဲ့ရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ၊ ကိုယ်တို့အသက်တွေ ကြီးပြီဆိုပေမဲ့ နောက်မကျသေးပါဘူးနော်"

ဟု မောင်က ဖွဖွပြောလေသည်။

"ဟန်းနီးမွန်းကို မေ ဘယ်သွားချင်လဲ၊ စဉ်းစားထားနော်"



"မေတို့ ငပလီဘက် သွားရအောင် မောင်၊ ပြီးတော့ သမီးကိုလည်း ခေါ်မယ်"

"ခေါ်ရမှာပေါ့၊ ကိုယ်တို့ရဲ့ခရီးမှာ သမီးမပါလို့ ဘယ်ဖြစ်မှာလဲ"

မေသည် သမီးကို သတိရသောအခါ သမီးရှိရာဆီသို့ ခကြာခဏ လှမ်း၍ကြည့်မိလေသည်။

သမီး၏ မျက်နှာပေါ်မှာ ထူးဆန်းသော အရိပ်တစ်မျိုး လက်ဖြာလျက် ရှိတာကို အမှတ်မထင် မေတွေ့ရ၏။

ထိုအရိပ်မှာ ဘယ်လိုအဓိပ္ပာယ်လည်းဆိုတာ မေ သေချာမသိပါ။

သမီးသည် မေ တွေ့နေကြ မိဟေး မဟုတ်တော့သလိုလို ရင့်ကြက်တည်ငြိမ်မှု အပြည့်နှင့် မေ့အပေါ်တွင် သူစိမ်းဆန်လျက်ရှိသော မိဟေးကို မေ ဖျတ်ခနဲ မြင်တွေ့ရ၏။

"မောင် ... သမီး မေတို့ကို ကြည့်နေတဲ့ မျက်လုံးတွေကို မသိမသာ လှမ်းကြည့်စမ်း၊ အဲဒီမျက်လုံးတွေထဲမှာ တစ်ခုခု ရှိနေသလိုပဲ၊ မေ ခံစားရတယ်၊ မောင် ဘယ်လိုထင်သလဲ"

နေလင်းရုံက မိဟေး ရှိရာဆီသို့ လှမ်းကြည့်မိလေသည်။ ထိုအခါ မိဟေး၏ နူးညံ့ရွှန်းဖြာသော မျက်ဝန်းများကို တွေ့ရလေသည်။

သူဟာ မိဟေးကို အားပေးနှစ်သိမ့်သော အပြုံးကလေး ပြန်လည်၍ ပြုံးပြလိုက်ကာ မိဟေးထံမှ အကြည့်ကို ပြန်လွှဲရုပ်သိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ အပြောင်းအလဲ တစ်ခုကို ရင်ဆိုင်နေရတဲ့ အတွက် သူ နည်းနည်းပါးပါးတော့ ခံစားနေရမှာပေါ့ မေ။ ဒါပေမဲ့ သိပ်မကြာခင်မှာတော့ သူ မေ့မေ့ပျောက် ပျောက် ဖြစ်သွားမှာပါ ...

မိပေါးကို မေ သိပ်ပြီးတော့ အရိပ်တကြည့်ကြည့် ကြီး လုပ်မနေနဲ့လေ၊ သူ့ဘာသာသူ နေပါစေ၊ လွတ်ထား ပေးလိုက်ပါ"

သို့သော် မေသည် သမီးကို ကြည့်လိုက်မိတိုင်း မေ့မှာ အပြစ်မကင်းသလို ခံစားရသည်မှာ ဘာကြောင့်မှန်းမသိချေ။ သမီး၏ မျက်လုံးတွေဆီမှ မေ့အပေါ် နာကျင်သော၊ စွပ်စွဲလို သော အကြည့်များ ပါဝင်နေလိမ့်မည်။

မေသည် တစ်ကိုယ်ကောင်းဆန်ရာ အတ္တကြီးရာများ ရောက်နေပြီလား မသိချေ။ တစ်နေ့နေ့တော့ သမီးနှင့် စကားတွေ အများကြီး ပြောချင်သေးသည်။

မင်္ဂလာပွဲကို ခြံထဲမှာ Dinner ပေးခြင်းသာ ဖြစ်သော ကြောင့် ညဥ့်နက်လာလျှင် လူတွေ တဖြည်းဖြည်း ပါးသွားကာ တစ်ခြံလုံး တိတ်ဆိတ်သွားချိန်တွင် မင်္ဂလာပွဲ ပြီးဆုံးသွားပြီ။

မေသည် သမီး ရှိရာဆီသို့ လျှောက်သွားကာ သမီး၏ ပခုံးကလေးကို အသာအယာ ပွေ့ဖက်ရင်း သမီး၏ခေါင်း ကလေးကို မေ့ရင်ခွင်ထဲသို့ ဆွဲသွင်းပွေ့ဖက်ထားလိုက်လေသည်။

"သမီး မိပေါး။ စိတ်မကောင်း ဖြစ်နေသလားဟင်"

မိပေါးသည် သူငယ်ချင်းများလည်း ပြန်သွားပြီဖြစ် သောကြောင့် ခြံထောင့်ရှိ ထိုင်ခုံတစ်ခုံတွင် အေးဆေးငြိမ်သက်စွာ ထိုင်နေမိခြင်း ဖြစ်သည်။



မေမေ၏ အသံကို ရုတ်တရက် ကြားလိုက်ရသော အခါ မိပေါး၏ မျက်ဝန်းများ ပူနွေးလာလေသည်။

"အင်း... စိတ်မကောင်းလည်း ဖြစ်တယ်၊ ပြီးတော့ မေမေ့ ကိုလည်း နှမြောနေတယ် မေမေ"

ဟု မိပေါးက တိုးတိုးကလေး ပြန်ဖြေလိုက်ကာ မေမေ၏ လက်ကလေးများကို ပြန်လည်ဆုပ်ကိုင်ထားလိုက်မိသည်။

"နောက်ဆို သမီး ပျော်သွားမှာပါ မိပေါးရယ်၊ မေမေတို့ မိသားစုကလေးတစ်ခု ဖြစ်လာမှာပါ"

"တကယ့်မိသားစု တစ်ခုမှ မဟုတ်တာ မေမေ၊ ဒါ မိပေါး လိုချင်တဲ့ မိသားစုဘဝမှ မဟုတ်တာ"

"မိပေါးရယ်... မေမေ့ကို စိတ်မကောင်းဖြစ်အောင် မပြော ပါနဲ့။ အပြောင်းအလဲ တစ်ခုကို မိပေါး ရင်ဆိုင်နေရတဲ့ အတွက် မိပေါး ရင်ထဲမှာ ဘယ်လိုခံစားနေရမလဲ ဆိုတာ မေမေ နားလည်ပါတယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့ မေမေ၊ မိပေါး နေတတ်အောင် ကြိုးစားပါ့မယ် ...

မိပေါးတို့ဘဝမှာ ဒါဟာ ပထမဆုံး အချိုးအကွေ့ တစ်ခုပဲ၊ ပြီးတော့ ... ဒါဟာ မိပေါး အတွက် ပထမဆုံး လောကဓံ ဆိုတာကို စပြီးခံစားရတာပဲ၊ တဖြည်းဖြည်းတော့ မိပေါး နေသားကျလာမှာပါ"

မိပေါးသည် မေမေ့ကို ကြိုးစား၍ နှစ်သိမ့်မိလေ သည်။ မေမေ့ကို မျက်စိအောက်မှ အပျောက်ပင် မခံနိုင်သော ဦးနေလင်းရုံသည် ခဏအကြာတွင် မေမေနှင့် မိပေါးရှိရာဆီသို့ ရောက်လာလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် ဦးနေ၏ မျက်နှာဆီသို့ ဖျတ်ခနဲ တစ်ချက် ခိုးကြည့်မိကာ နောက်ထပ် မကြည့်မိတော့ချေ။

မိဟေးအတွက် ဦးနေကို ဘယ်တော့မှ မကြည့်မိတော့ရင် အကောင်းဆုံး ဖြစ်မှာပဲ။

မိဟေးသည် ဦးနေနှင့် အဝေးဆုံးမှာ နေချင်သည်။ ဦးနေကို ဘယ်တော့မှ ပြန်ပြီးတော့ မတွေ့ချင်တော့ပေ။

"မိဟေး ... ဘယ်သွားချင်လဲ၊ မေမေတို့ ဟန်းနီးမွန်းထွက်မလို့၊ မိဟေး သွားချင်တဲ့နေရာကို ရွေးမယ်လေ၊ မေမေကတော့ ပေလီကို ရွေးထားတယ်၊ မိဟေး ဘယ်လို သဘောရသလဲဟင်"

"မေမေတို့ သွားကြပါ၊ မိဟေး အိမ်မှာပဲ နေခဲ့မယ်"

"အဓိပ္ပာယ်မရှိတာ မိဟေးရယ်၊ မေမေတို့သုံးယောက် အတူတူ သွားကြတာပေါ့"

"မိဟေးက မေမေတို့ လင်မယားနှစ်ယောက်ကြားမှာ ဘာလိုက်လုပ်ရမှာလဲ၊ မေမေတို့ဘာသာ ပျော်ပျော်ပါးပါး သွားကြပါ၊ မိဟေး တစ်ယောက်တည်း နေတတ်ပါတယ်"

"မေမေက သမီးကို လိုက်ခဲ့စေချင်တာ၊ သမီးပါမှ မေမေ ပျော်မှာပေါ့ မိဟေး"

"ဟင့်အင်း မေမေ၊ မိဟေး မလိုက်ချင်ဘူး"

မိဟေးက ပြတ်ပြတ်သားသား ငြင်းဆန်နေသည်။ ပေလီဆိုသော နေရာမျိုးမှာ မေမေနှင့် ဦးနေ တစ်ယောက်ကို တစ်ယောက် ယုယကြင်နာစွာ ပိုက်ထွေးပျော်ရွှင်နေကြချိန်မှာ မိဟေးက ဘာလုပ်နေရမှာလဲ။



မေသည် မိဟေး၏ ပြတ်သားစွာ ငြင်းဆန်မှုကြောင့် စိတ်မကောင်း ဖြစ်သွားကာ မောင့်ဘက်သို့ အကူအညီတောင်းသလို လှမ်းကြည့်လိုက်၏။

နေလင်းရုံက မေ၏အကြည့်ကို နားလည်သဘော ပေါက်လေသည်။

ထို့ကြောင့် သူက မိဟေးရဲ့ ဦးခေါင်းကလေးကို သူ့လက်ဖဝါးဖြင့် ဖိအုပ် လှုပ်ယမ်းလိုက်ကာ ...

"မိဟေး ... မိဟေး လိုက်ခဲ့မှ ဖြစ်မှာပေါ့၊ မိဟေး မပါလို့ ဘယ်ဖြစ်မလဲ၊ ဒီနေ့ကစပြီး ကိုယ်တို့သုံးယောက်ဟာ မိသားစုကလေးတစ်ခု ဖြစ်သွားပြီ၊ ကိုယ်တို့ ဘယ်သွားသွား မိဟေး ပါကိုပါရမယ် ...

အခု ကိုယ်ပြောတာ နားလည်ရဲ့လား"

ဟု သူက နူးညံ့ချိုမြိန်သော်လည်း အမိန့်သြဇာတစ်မျိုး ပျော်ဝင်လျက်ရှိသော အသံဖြင့် ပြောလေသည်။

မိဟေးသည် ဦးနေကို ဆတ်ခနဲ မော့ကြည့်လိုက်၏။ သူက ဘာကြောင့် မိဟေးကို ဒီလို အမိန့်ပေးနိုင်ရတာလဲ။ သူသည် အခုအချိန်မှာ မိဟေး အတွက် ပထွေးတစ်ယောက်သာ ဖြစ်လေသည်။

မိဟေးသည် သူ့ကို မုန်းနေဖို့ ခိုင်းသည်။ သို့သော် မိဟေး ရင်ထဲမှာ သူ့ကို ဘယ်လိုမှ မုန်း၍မရပါ။

ပထွေး တစ်ယောက် ဟူသော အသိဖြင့်လည်း ခေါင်းထဲမှာ ခါးသီးမနေချေ။ မိဟေးသည် သက်ပြင်းကလေး ရှိုက်လိုက်ကာ စိတ်လျှော့လိုက်သလို ဦးခေါင်းကလေးကို တဆတ်ဆတ် ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... မေမေရော ဦးနေပါ မိယေားကို လိုက်စေချင်တယ်ဆိုရင် လိုက်ခဲ့ရမှာပေါ့"

ဟု ပြောလိုက်ရင်း မေမေ့ ရင်ခွင်ထဲမှ အသာရုန်းထွက်ခဲ့ကာ ကိုယ့်အခန်းရှိရာဆီသို့ ခပ်သွက်သွက် ပြေးတက်သွားခဲ့မိလေသည်။

မိယေားသည် ဘယ်အချိန်ထိ သူ့အမိန့်တွေကို နာခံနေရဦးမှာလဲ။ အဲဒါဟာ ဘာကြောင့်များလဲ။

သူသည် မိယေားရဲ့ ရင်ထဲက လျှို့ဝှက်ချက်ကြီးကို သိမြင်နှင့်ခဲ့သူ။ မိယေား၏ ချို့ယွင်းချက်ကို ကောင်းစွာနားလည်ထားခဲ့သူ။ အဲဒီလို ဘာကြောင့် ဖြစ်ခဲ့ရတာလဲ။ မိယေား မသိပါ။

မေသည် သမီးဆီမှ ထူးဆန်းသော ပြောင်းလဲမှုတစ်ခုကို စတင်၍ တွေ့မြင်မိလေသည်။

သမီးသည် မေ့အပေါ်တွင် ခါးသီးပြတ်သားစွာ ဆက်ဆံတတ်သလောက်၊ မောင်နှင့် ပတ်သက်လာလျှင် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲနူးညံ့သွားတတ်လေသည်။

ပထမဆုံး ပြောင်းလဲခဲ့သည်မှာ မေနှင့် မောင် လက်ထပ်ဖို့ သဘောတူခဲ့ခြင်း ဖြစ်သည်။

အခုလည်း ဟန်နီးမွန်းခရီးကို လုံးဝမလိုက်နိုင်ပါ ခါးသီးပြတ်သားစွာ ငြင်းဆန်ပြီးမှ မောင့်ရဲ့စကားတစ်ခွန်းတည်းနှင့် သမီးသည် အလွယ်တကူ ခေါင်းညိတ်လိုက်လေ့လေသည်။

မောင်၏ ဩဇာအရှိန်အဝါသည် သမီးအပေါ်တွင် အဲဒီလောက်တောင် သက်ရောက်နေသတဲ့လား။



မေ့အတွက်ကတော့ အံ့ဩစရာပဲ ဖြစ်သည်။

"သမီးက မေ့စကားဆို သိပ်ဂရုမစိုက်ချင်ပေမဲ့ မောင့်ရဲ့ စကားကြတော့ ဘာဖြစ်လို့ လွယ်လင့်တကူ နားထောင်သလဲ မသိဘူးနော် မောင်"

မေက နားမလည်နိုင်စွာ မေးမိသောအခါ မောင်က ပြုံးနေလေသည်။ မောင့်အပြုံးဟာ ဘာသဘောလဲ။ မေကတော့ မသိပါ။

✣ ♦ ✣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

မေတို့၏ ဟန်းနီးမွန်းခရီးသည် အလွန်ပျော်စရာ ကောင်းလိမ့်မ
ဟု မေက မျှော်လင့်ခဲ့သည်။ မေ့ဆောမှာ မေချစ်သောမောင်န
မေ့၏သမီးကလေး ပါသောကြောင့် ဖြစ်သည်။

မေသည် ဒီမိသားစုဘဝလေးကို တောင့်တခဲ့ရ
ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ ပြီးတော့ ... မေ အစိုးရိမ်ကြ
ခဲ့သလို သမီး၏ မျက်နှာပေါ်တွင် ဒဏ်ရာနှင့် သောကများ
မတွေ့ရချေ။ သမီး၏ မျက်နှာကလေးက အနည်းငယ် တည်ငြ
အေးစက်နေတာကလွဲလို့ သမီးသည် မေ့အပေါ် နာကြည်းနေခြ
ရှိပုံမရပါ။

ပြီးတော့ မောင်နှင့်သမီးသည် အံ့သြစရာကော
လောက်အောင် နွေးထွေးသင့်မြတ်နေခဲ့သည်။

သမီးအတွက် မေ အတော်ကလေး စိတ်ချမ်းသာ
ပါသည်။ မေသည် မေ့ချစ်သူနှင့် သမီး၏ ဆက်ဆံရေးတွင် သ
သည် မောင့်အပေါ်တွင် ပထွေးတစ်ယောက်အဖြစ် မမြင်စေချင
အဖေအရင်းတစ်ယောက်ပမာ အားကိုးခင်တွယ်တာကို ပိုပြီးတေ



တောင့်တမိသည်။ အဲဒါဆိုရင် မေ့ဘဝတွင် ပိုပြီးတော့ ဘာမှ သိပ်မလိုအပ်တော့ချေ။

မေတို့ ပေလီသို့ ရောက်သောအခါ မောင်က တွဲရက်သား အခန်းနှစ်ခန်းကို ယူလေသည်။ တစ်ခန်းမှာ မေနှင့်မောင့်အတွက်ဖြစ်ပြီး နောက်တစ်ခန်းကတော့ သမီးအတွက် ဖြစ်သည်။

"မိဟေး တစ်ယောက်တည်း အိပ်ရဲပါတယ်နော်"

"ဘာဖြစ်လို့ မအိပ်ရဲရမှာလဲ ဦးနေ၊ လူဆိုတာ မွေးလာကတည်းက တစ်ယောက်တည်းပဲ၊ သေတော့လည်း တစ်ယောက်တည်းပဲ သေရမှာ သိလား"

သမီးက အပြုံးကလေးဖြင့် ပြောကြည့်လေသည်။

"ဩော် ... ဩော် ... မိဟေးတောင် တော်တော်ကလေး တရားရနေပြီကို။ ကောင်းတယ် ... ကောင်းတယ်။ အခန်းချင်း ကပ်နေတာပဲကွာ၊ တစ်ခုခု လိုအပ်ရင် အချိန်မရွေး ခေါ်လိုက်၊ ဟုတ်ပြီလား"

မေသည် သမီးနှင့်မောင့်ကို ချစ်မြတ်နိုး ကြည်နူးသော မျက်ဝန်းများဖြင့် စိုက်ငေးကြည့်နေမိလေသည်။

မောင်က သမီးကိုကြည့်သော မျက်ဝန်းများတွင် သမီးကလေးတစ်ယောက်အပေါ် ချစ်ခင်ကြင်နာ မြတ်နိုးတွယ်တာလျက်ရှိသော ဖခင်တစ်ယောက်၏ အရိပ်အငွေ့များဖြင့် နွေးထွေးလက်ဖြာလျက် ရှိသည်။

သမီးကရော ...။ မေသည် မိဟေး၏ မျက်နှာကလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း အကဲခတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့မျက်နှာကလေးပေါ်မှာတော့ တစ်ခုခုအ မှာ မှိုသိပ်ချုပ်တည်းထားရသော၊ ဟန်ဆောင်ထိန်းချုပ်လျ သော၊ အလိုမကျရိပ် စွက်နေသော၊ သို့သော် အဖြစ်အပျက်တ ပေါ်တွင် ဟန်ဆောင်သိုသိပ်လျက်ရှိသော အရိပ်များ ဖုံးလွှမ်းလျ ရှိလေသည်။

သမီးရင်ထဲမှာ ဘာတွေများ ရှိနေနိုင်မလဲ။ သမီး သည် မေနှင့် မောင့်အပေါ်မှာ ကျေနပ်ကြည်ဖြူမှု ရှိပါရဲ့လား

“ကဲ ... မိပျော သွားနားတော့မယ်”

မိပျောက မေမေနှင့် ဦးနေကို နှုတ်ဆက်ပြီး ကို အခန်းလေးထဲဆီသို့ ဝင်လာခဲ့လေသည်။

မေသည် သမီးရဲ့ပုံစံကလေးကို စိတ်ထဲမှာ သိ တော့ ဘဝင်မကျချေ။

“မောင် ... သမီးကို ကြည့်ရတာ တစ်ခုခု ထူးခြားနေသ ပဲ၊ ဟိုးအရင်က မိပျော မဟုတ်တော့သလိုပဲ၊ မောင်ကတေ သတိထားမိမှာ မဟုတ်ဘူး၊ မေကတော့ သမီးကို အမြဲတ အရိပ်ကြည့်နေခဲ့တာဆိုတော့ သမီး ပြောင်းလဲသွားတာ သတိထားမိတယ် ...

သမီးရင်ထဲမှာ တစ်ခုခု ဖြစ်နေတယ်ဆိုတာ ခံစားလို့ ရနေတယ်”

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့ မေ။ ဒီအရွယ် မိန်းကလေ တွေဟာ များသောအားဖြင့် သူတို့ရဲ့စိတ်တွေဟာ တိမ်တို တွေလို တလွင့်လွင့် ပြောင်းလဲနေတတ်တာ၊ မိပျောရဲ့စိ တွေ အားလုံး ပုံမှန်ပြန်ဖြစ်သွားမှာပါ”



မောင်က နှစ်သိမ့်ပေမဲ့ မေ့စိတ်ထဲမှာ တစ်ခုခုကို းရိမ်ကြောင့်ကြလျက် ရှိလေသည်။ ဘာကို စိုးရိမ်နေမိမှန်းလည်း ခ မသိချေ။ မေ၏ စိုးရိမ်သောကမှာ ပထမတော့ မှုန်ပြပြ၊ သာသာညင်ညင်ကလေးသာ ဖြစ်သည်။

ဘယ်အချိန်မှာ ပီပြင်အသက်ဝင်လာခဲ့သလဲ ဆိုတော့ အဲဒီနေ့ ညနေခင်းမှာ မေတို့နှင့်အတူ သမီးပါ ပင်လယ်ထဲသို့ ဆင်းကူးကြချိန်မှာ ဖြစ်သည်။

မိပျောသည် တဖြည်းဖြည်း ရေကူးသွားခဲ့သည်မှာ တော်တော်ဝေးဝေးဆီသို့ပင် ရောက်သွားခဲ့လေသည်။

ပထမတော့ အဲဒါကို မေရော မောင်ပါ သတိမထား မိခဲ့ကြပါ။ မေတို့ကတော့ ကမ်းစပ်နား တစ်ဝိုက်တွင်သာ ကူးလျက် ရှိသည်။ တော်တော်လေးကြာမှ မောင်က သတိတရနှင့် “မိပျော ရော ... မိပျော ဘယ်ရောက်သွားသလဲ”ဟု မေးလေသည်။ အဲဒီ အချိန်ကျမှ မေသည် မိပျောကို စိုးရိမ်တကြီးဖြင့် ...

“သမီးရေ ... မိပျော၊ မိပျော ... ဘယ်ရောက်သွားလဲ”

ဟု အော်ဟစ်ရှာဖွေရလေသည်။

မိပျောကို အနီးအနား တစ်ဝိုက်တွင် လုံးဝမတွေ့ ရချေ။

“မောင်ရေ ... လုပ်ပါဦး၊ မိပျောရော ... ဘယ်အထိတောင် ကူးသွားနေပြီလဲ မသိဘူး”

“အရမ်းစိတ်မပူနဲ့ မေ၊ မောင် လိုက်ရှာလိုက်မယ်”

ဟု ဆိုကာ မောင်က ပင်လယ်ဘက်ဆီသို့ ကူးခတ် သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် မောင့်လောက် ရေကူးမကျွမ်းကျင်ပါ။ သမီးသည်လည်း ရေကူးကျွမ်းကျင်လှသည် မဟုတ်။

မေသည် ကမ်းစပ်တွင် ရင်တမမဖြင့် သည်းထိတ်ရင်ဖိုဖြင့် မိပျောနှင့် မောင့်ကို မျှော်ရလေသည်။

မောင် ကူးခတ်သွားသည်ကို သဲ့သဲ့ကလေးသာ မြင်ရတော့၏။ မေ့တစ်ကိုယ်လုံး စိုးရိမ်ပူပန်မှုဖြင့် ပျာယာခတ်လာခဲ့လေသည်။ သမီးသာ တစ်ခုခုဖြစ်သွားခဲ့လျှင် မေ တစ်သက်လုံး ဖြည့်ဆည်း၍ ရတော့မည် မဟုတ်။ မေ့အာရုံထဲတွင် သမီး၏ ပြောင်းလဲငြိမ်သက်သွားပုံကို ပြန်မြင်ယောင်လာလေသည်။

သမီးရယ် ... မေမေ့ဆီ ပြန်လာခဲ့ပါ။ သမီးကို ဒီလိုပုံစံနဲ့ မေမေ အဆုံးအရှုံး မခံနိုင်ဘူး။

မိပျောသည် စိတ်လိုလက်ရှနှင့် ကူး၍ကောင်းကောင်းနှင့် ကူးခတ်လာခဲ့သည်မှာ ကမ်းစပ်နှင့် တော်တော်ကလေး ဝေးကွာခဲ့ပြီ ဆိုတာကို သိမြင်လိုက်ချိန်တွင် ထိတ်ခနဲတော့ စိုးရိမ်ကြောက်လန့်သွားမိသည်။ မိပျောသည် ရေနက်ပိုင်းသို့ ရောက်နေခဲ့ပြီ။ ဒီနေရာမှာ မိပျောသာ တစ်ခုခု ဖြစ်သွားခဲ့လျှင် မိပျောကို ဘယ်သူမှ ကယ်တင်မည့်သူ ရှိမှာမဟုတ်။

မိပျောသည် ဒီလိုနှင့်သာ လူမသိ သူမသိ တိတ်တဆိတ် သေဆုံးသွားရလိမ့်မည်။ မိပျော ပျောက်နေတာကို မေမေနှင့် ဦးနေကရော သိကြပါရဲ့လား။

မိပျောသည် ကမ်းစပ်ဆီသို့ ပြန်လှည့်ကူးဖို့ ကြိုးစားရလေသည်။ အဲဒီအချိန်မှာ မိပျော၏ ခြေသလုံးဆီမှ ကြွက်တက်လာခဲ့သည်ကို ခံစားရ၏။ ရုတ်တရက် ခြေကုန်လက်ပန်းကျမှ၊ ခြေထောက်ဆီမှ စူးစူးဝါးဝါး နာကျင်လျက် ရှိသည်ကို မိပျော တုန်လှုပ်ချောက်ချားစွာ သိလိုက်ရ၏။

ဘုရားရေ ... ဒီပုံအတိုင်းဆို ငါ မကြာခင်မှာ ရေနစ်တော့မှာပဲ။ ကမ်းစပ်ဘက်ဆီသို့ မျှော်ကြည့်မိရာ ကမ်းစပ်ရှိလူတွေကို မှုန်ပျပျ ဝါးဝါးကလေးသာ တွေ့မြင်ရလေသည်။

မိပျောသည် ကမ်းစပ်နှင့် တော်တော်ဝေးကွဲခဲ့ပြီမို့ မိပျော တစ်ယောက်တည်း အခုလို ဖြစ်နေတာကို ဘယ်သူမှ ကူညီနိုင်မည် မဟုတ်ချေ။

အို ... အခုအချိန်မှာ ငါ သေသွားရင် ကောင်းမလား။ ဟင့်အင်း ... အဲဒီလိုတော့လည်း မိပျော မသေချင်သေးပါ။ ဖြစ်သေးဘူး၊ ငါ ကြိုးစားပြီး ရုန်းကန်ကူးမှ ဖြစ်မယ်။

မိပျောသည် အံတင်းတင်းကြိတ်ကာ အားတင်းပြီး ကမ်းစပ်ရှိရာဘက်သို့ ကြိုးစားပြီး ပြန်၍ကူးလာခဲ့လေသည်။ သို့သော် မိပျော ခြေကုန်လက်ပန်းကျလျက် ရှိသည်။ ရင်ထဲမှာလည်း မောဟိုက် စို့နင့်နေလေသည်။ ပိုဆိုးသည်က ကြွက်တက်နေသော ဝေဒနာကို ဆိုးဆိုးရွားရွား ခံစားနေရခြင်း ဖြစ်လေသည်။

အဲဒီအချိန် မိပျော ရင်ထဲမှာ ပြင်းပြလိုက်လှဲစွာ တောင့်တမိသည်က ဦးနေပင် ဖြစ်သည်။

အခုအချိန်မျာ ဦးနေသာ မိပျောကို လာကယ်လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ ပင်လယ်ထဲမှာ ကိုယ့်အသက်ကို မဆုံးရှုံးရလေအောင် ကြိုးစားရုန်းကန်လျက် ရှိနေသည့်အချိန်မှာပင် မိပျောသည် ဦးနေကို သတိရ တမ်းတနိုင်သေးသည်မှာ ဘယ်လောက်တောင် ဆန်းကြယ်လိုက်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အားကိုးတကြီး ငြိတွယ်မှုဟာ ဘယ်တော့များ ပျောက်ပြယ်သွားမှာပါလိမ့်။

မိပေါးသည် မကြာခဏ ရေနစ်တော့မလိုလို ဖြစ်သွားသေးသည်။ သို့သော် ကံကောင်းထောက်မစွာ မိပေါး ရေနစ်သေးပါ။

သို့သော် မိပေါးသည် ကမ်းစပ်ဆီသို့ ရောက်အောင်မှ ပြန်နိုင်ပါမလားဟု ကိုယ့်ကိုယ်ကိုယ် သံသယဖြင့် စိတ်အားငယ်လာလေသည်။

ထိုအချိန်မှာ မိပေါးသည် မိပေါးဘက်ဆီသို့ တစ်စုံတစ်ရာ ကူးခတ်လာသည်ကို ဖျတ်ခနဲ တွေ့လိုက်ရလေသည်။

မိပေါးသည် အနည်းငယ် အားတက်သွားပြီး လက်တစ်ဖက်ကို ကြိုးစား၍ မြှောက်ပြလိုက်လေသည်။

ကြည့်စမ်း ... မိပေါးကို လူတစ်ယောက် လာရောက်ကယ်တင်ဖို့ ကြိုးစားလျက် ရှိပြီဆိုသော အသိစိတ်ဖြင့် မိပေါး နည်းနည်းတော့ အားတက်လာလေသည်။

အခုအချိန်မှာ ငါ စိတ်လျှော့လိုက်လို့ မဖြစ်သေးဘူး။ မိပေါးသည် အားတင်းပြီး ကူးနိုင်သရွေ့ စွမ်းအင်ရှိသမျှ ထုတ်သုံးပြီး ဆက်၍ ကူးနေလျက် ရှိလေသည်။

မိပေါး ကြိုးစား၍ အားတင်းထားဆဲမှာပင် ခဏအကြာမှာ ထိုလူသည် မိပေါး နားသို့ ရောက်လာခဲ့လေသည်။ အနီးသို့ ရောက်လာချိန်ကြမှ အဲဒီလူဟာ မိပေါး တောင့်တမိသော ဦးနေပဲ ဆိုတာကို ဖျတ်ခနဲ သိလိုက်ရသည်။ အဲဒီနောက်တော့ မိပေါး ဘာကိုမှ သတိမရတော့ချေ။

✤ ♦ ✤



မေသည် မိပေါးကို လက်တစ်ဖက်ဖြင့် ပွေ့ပိုက်ထိန်းချုပ်လျက် ကမ်းစပ်ဆီသို့ ရောက်လာခဲ့သော မောင့်ကို မြင်ရချိန်ကျမှ သက်ပြင်းမောကို ချမိလေသည်။

မေ စိုးရိမ်ထားတဲ့အတိုင်း မိပေါးသည် ရေနစ်တော့မည့်ဆဲဆဲမှာ မောင်က ကယ်တင်နိုင်လိုက်ခြင်း ဖြစ်လေသည်။

"ကံကောင်းလို့ မေ၊ ကိုယ်သာ အချိန်မီရောက်မသွားရင် မိပေါး ရေနစ်တော့မှာ"

မောင်က သတိလစ်လျက်ရှိသော မိပေါးကို ပခုံးပေါ်တွင် ဖော်ထိုးထမ်းကာ ဟိုဘက်သည်ဘက်သို့ ပြေးလျက်ရှိလေသည်။

အဲဒီနောက် မိပေါးကို သဲသောင်ပြင်ပေါ်တွင် ပက်လက်အိပ်စေကာ မိပေါး သတိရစေရန် Mouth to mouth respiration လုပ်ပေးလျက် ရှိလေသည်။ ပြီးတော့ ... သမီးကို ဟိုဘက်သည်ဘက် ထမ်းပြေးပြန်သည်။

မေသည် မောင် လုပ်ကိုင်နေသမျှကို စိုးရိမ်ကြောင့်ကြလွန်းနေသောစိတ်ဖြင့် ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိတော့ပဲ ထူပူတုန်လှုပ်လျက်သာ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာတော့ မိပျောသည် ရေမျှားအန်ထွက်ကာ ပြန်၍ သတိရလာခဲ့လေသည်။

မောင်က မိပျောကို ပွေ့ချီကာ ဘန်ဂလိုဆီသို့ ပြေးလေသည်။ မေသည် မောင့်နောက်မှ စိုးရိမ်တကြီး အပြေးကလေး လိုက်လာခဲ့မိသည်။

မေ့ရင်ထဲတွင် စိုးရိမ်ပူပန်မှုမှလွဲ၍ ဘာမှ မလုပ်တတ်တော့ချေ။ မောင်ကသာ အစစအရာရာ ဦးဆောင်ပြီး လုပ်သွားနိုင်သဖြင့် တော်သေးသည်။

မိပျော၏ အခန်းထဲသို့ ရောက်သောအခါ မောင်က မိပျောကို ခုတင်ပေါ်သို့ ချပေးလိုက်ကာ ...

"မေ ... မိပျောကို အင်္ကျီအဝတ်အစားတွေ လဲပေးလိုက်၊ ပြီးတော့ ... နွေးနွေးထွေးထွေးကလေးဖြစ်အောင် လုပ်ပေးထား။ ဆံပင်တွေကို ဒရိုင်ရာနဲ့ ခြောက်အောင် မြန်မြန်လုပ်ပေးထားလိုက်၊ ကိုယ် ကော်ဖီပူပူကလေး ယူလာခဲ့မယ်"

မောင် ထွက်သွားချိန်ကျမှ မေသည် သမီးကို အင်္ကျီအဝတ်အစား လဲပေးပါသည်။ တစ်ကိုယ်လုံး စိုရွှဲနေသော မိပျော၏ ဆံပင်များကို ခြောက်သွေ့အောင် ဒရိုင်ရာဖြင့် မှုတ်ပေးပါလေသည်။

မိပျောသည် တုန်လှုပ်ချောက်ချားလျက် ရှိသော ခံစားရချက်ဖြင့် ရှိုက်ငင်ငိုကြွေးနေလေသည်။

"ကံကောင်းလို့ သမီးရယ်၊ ဘာဖြစ်လို့ ဟိုးအဝေးကြီးရောက်အောင် ကူးသွားရတာလဲ၊ ဦးနေသာ ရောက်မလာရင် သမီးတော့ ရေနစ်သေဆုံးပြီ"



"မိပျော ကြောက်တယ် မေမေ၊ မိပျော သိပ်ကြောက်တယ်၊ ကံကောင်းလို့ မိပျော သေတော့မလို့"

မိပျောသည် ကယောင်ချောက်ချားဖြင့် တဟွတ်ဟွတ် ရှေရှုတ်ညည်းတွားလျက်ရှိကာ မေ့ကို အားကိုးတကြီး ဖက်တွယ်ထားလေသည်။

မေသည် သမီးကလေးကို သနားကြင်နာစွာဖြင့် မေ့ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားရ၏။

မကြာခင်မှာ မောင်က ကော်ဖီပူပူလေးတစ်ခွက်ဖြင့် အခန်းထဲသို့ ပြန်ရောက်လာသည်။

"ဆရာဝန်ခေါ်ဖို့ လိုသလား မေ၊ မိပျော ကြည့်ရတာ သိပ်လန့်သွားပုံပဲ၊ မိပျော ဘယ်လိုနေလဲ၊ သက်သာရဲ့လား"

မိပျောသည် မျက်လုံးကလေးဖွင့်ကာ ဦးနေ့ကို ကြိုးစား၍ ပြုံးပြလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် ဦးနေ"

ဟု နှုတ်ခမ်းကလေး လှုပ်ယမ်း သဲ့သဲ့ကလေးသာ ပြောနိုင်လေသည်။

အဲဒီနောက်တော့ မိပျော အကြောက်လွန်ပြီး စတင်၍ ဖျားပါလေသည်။ ကိုယ်အပူချိန်တွေ တက်လာကာ ကယောင်ကတမ်း ရှေရှုတ်ညည်းတွားလျက်ရှိသော မိပျောကို မေသည် အခန်းထဲတွင် တစ်ယောက်တည်း ဘယ်လိုမှ စိတ်မချနိုင်ပါ။

"မောင် ဒီညတော့ မေ သမီးနဲ့အတူတူ အိပ်လိုက်တော့မယ်၊ သမီးကို တစ်ယောက်တည်း မေ စိတ်မချဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မေ၊ ကိစ္စမရှိဘူး၊ မေ မိဟေးကို ဂရုစိုက်လိုက် ပါ၊ မေ တော်တော်ကလေး လန့်သွားပုံရတယ်၊ ကိုယ် ဟိုဘက်ခန်းမှာ ရှိမယ်လေ၊ မေ လိုရင် အချိန်မရွေး ကိုယ့် ကို လှမ်းခေါ်လိုက်၊ ဟုတ်ပြီလား"

"ကောင်းပြီ မောင်"

မိဟေးသည် အိပ်ပျော်သွားလိုက် အိပ်မက်တွေမက် လိုက်နှင့် ကယောင်ကတမ်းတွေ ဖြစ်နေလေသည်။

မေသည် သမီးနှင့်အတူ ခုတင်ပေါ်မှာ ပူးပူးကပ်ကပ် ကပ်၍အိပ်ရင်း သမီးလေးကို သနားမိသည်။

မိဟေးသည် အိပ်ပျော်သွားလိုက်၊ လန့်နိုး၍ အလန့် တကြား အော်ဟစ်လိုက်နှင့် ကယောင်ချောက်ချား ဖြစ်လျက်ရှိ သည်။

မေသည် သမီး၏ ပါးပြင်ကလေးနှင့် သူ့ပါးပြင်ကို ပူးကပ်ဖက်တွယ်ထားကာ သမီးကို ကလေးလေးတစ်ယောက်လို ပွတ်သပ်ချော့မြူလျက်ရှိစဉ် သမီးနှုတ်ဖျားမှ ဆန်းကြယ်သော စကားတချို့ ထွက်ပေါ်လာသည်ကို အမှတ်မထင် ကြားလိုက်ရ သောအခါ မေ့ခန္ဓာကိုယ်တစ်ခုလုံး ရေခဲတုံးများဖြင့် ပစ်ပေါက် လိုက်သလို အေးစက်ထုံကျင်၍သွားကာ ရုတ်တရက် နှလုံးအခုန် ရပ်သွားလေသည်။

"ဦးနေ ... မိဟေး သိပ်ကြောက်တယ်၊ မိဟေးကို ဖက် ထားပေးပါ ဦးနေ၊ ဦးနေကို မိဟေး ချစ်နေတာ ဦးနေ မသိဘူးလား၊ ဦးနေ သိပ်ရက်စက်တယ်"



မေသည် သမီး၏နှုတ်မှ ပြောလိုက်တာမှ ဟုတ်ရဲ့ လားဟု သံသယကြီးစွာဖြင့် အသက်ရှူဖို့ပင် မေ့လျော့မိလေသည်။ မေ့ ဦးခေါင်းတည့်တည့်ဆီသို့ မိုးကြိုးပစ်ချလိုက်သလို ခံစားရ၏။

ဘုရားရေ ... ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဒီအဖြစ်အပျက် သည် မေ လုံးဝကြိုတွေးမထားသော အဖြစ်ဆိုးတစ်ခုပင်။ မေ့ ရင်ထဲတွင် တုန်လှုပ်ချောက်ချားလွန်းစွာဖြင့် တစ်ကိုယ်လုံး တောင့် တင်းအေးစက်လျက် ရှိလေသည်။

သမီး၏ မျက်နှာကလေးကို တစ်ခါမှ မမြင်ဖူးသူ လို အလန့်တကြား ထိတ်လန့်ချောက်ချားစွာ စိုက်ကြည့်နေမိလေ သည်။

"ဘုရား ... ဘုရား ... ငါ့ရဲ့သမီးဟာ ဘယ်လိုစိတ်မျိုးတွေ ဝင်နေခဲ့တာပါလဲ"

မေ့နှလုံးသွေးသည် တဒိန်းဒိန်း တိုးလာကာ၊ မေ့ နှလုံးသားသည် လည်ချောင်းဝမှတစ်ဆင့် အပြင်သို့ ခုန်ထွက်လာ တော့မတတ် လှုပ်ယမ်းကာ ခုန်ပေါက်လှုပ်ရှားလျက် ရှိလေသည်။

မေ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံလာခဲ့ကာ ပါးပြင်ပေါ်သို့ တစ်လုံး တစ်လုံး လိမ့်ဆင်းကျလာခဲ့လေသည်။

ဖြစ်မှဖြစ်ရလေ ... ဘယ်လောက်ဆိုးဝါးတဲ့ အဖြစ် ဆိုးကြီးပါလဲ။

မေသည် ရှက်တာရော၊ နာကျင်တာရော၊ ထိတ်လန့် တာရော၊ အားလုံးပေါင်းကာ ဦးခေါင်းထဲမှာ ချာလည်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ ဘာလုပ်ရမလဲ။ မိဟေးသည် ယောက်ျား လေးနှင့် ပတ်သက်လာလျှင် လုံးဝအတွေ့အကြုံမရှိသော အခ် အရိုင်း အပျိုစင်ကလေး ဖြစ်လေသည်။

မောင့်အပေါ် မိဟေး အဲဒီလို မှားယွင်းစွာ စိတ်ကစေ သွားမိခဲ့လိမ့်မယ်လို့ မေ လုံးဝ ထင်မှတ်မထားခဲ့ချေ။ အခုတော့ ဘာတွေ ဖြစ်ကုန်ပြီလဲ။ မေ့ ဦးခေါင်းတစ်ခုလုံး ချာချာလည်လျ ရှိကာ မေ့နှလုံးသွေးတွေ စိတ်သုဉ်းလျက် ရှိလေသည်။

မေသည် သမီးကို ခုတင်ပေါ်တွင် အသာအယာ ပြီး မိဟေး၏ ခရီးဆောင်သေတ္တာထဲမှ နောက်ထပ် သဲလွန် တစ်ခုခု ရလိုရငြား ကမန်းကတန်း ရှာဖွေမိလေသည်။

ဟော ... တွေ့ပြီ။ သေတ္တာ၏ ပိုးအောက်ခံ အတွင်းမှာ ထိုးထည့်ထားသော သမီး၏ ဒိုင်ယာရီစာအုပ်ကလေး

မေသည် သမီး၏ ဒိုင်ယာရီစာအုပ်ကို ခပ်သွက်သွက် လှမ်းယူကာ စာမျက်နှာများကို အပြေးအလွှား ဖတ်မိလေသည်။

မေ့တစ်ကိုယ်လုံးသည် တဆတ်ဆတ် တုန်ယင်ယိမ်း ထိုးလျက် ရှိသည်။ မျက်ရည်စများသည် မေ့ပါးပြင်ထက်ဆီသို့ အဆက်မပြတ် လိမ့်ဆင်းလျက် ရှိလေသည်။

သမီး၏ ဒိုင်ယာရီ စာမျက်နှာများမှ စကားလုံးများ သည် မေ့၏ နှလုံးသားကို အဆက်မပြတ် နာကျင်စွာ ဆုပ်ချေ ယူညှစ်လိုက်သလို ခံစားရလေသည်။

ဖြစ်မှ ဖြစ်ရလေ ... ဒီအဖြစ်မျိုး မေ လုံးဝမမျှော် လင့်ထားခဲ့မိဘူး။ သမီး စိတ်ကစားမိသော ယောက်ျားဟာ မောင် ဖြစ်နေလိမ့်မယ်လို့ လုံးဝကြိုမတွေးမိခဲ့ဘူး။



မောင်သည် မိန်ကလေးတိုင်း၏ နှလုံးသားကို ဆွဲဆောင်သိမ်းယူနိုင်သော၊ မိန်းကလေးတို့၏ အိပ်မက်တိုင်းမှာ ခင်းမူစိုးမိုးနိုင်စွမ်းသော အစွမ်းအစ အပြည့်ရှိသည့် ယောက်ျား တစ်ယောက် ဖြစ်သည်ဆိုသော အချက်ကို မေ မငြင်းနိုင်သော် လည်း အဲဒီမိန်းကလေးတွေထဲမှာ မေ့ရဲ့ ချစ်လှစွာသော သမီး ကလေး ပါဝင်နေလိမ့်မည်ဟူ၍တော့ သံသယကလေးများပင် မရှိခဲ့ချေ။

သမီး၏ ဒိုင်ယာရီစာမျက်နှာတိုင်းသည် မေ့နှလုံး သားကို ခပ်ပါးပါး လှီးလျက်ရှိလေသည်။

နောက်ဆုံးတော့ မေသည် ဘယ်သူ့ကို အပြစ်တင် ရမည် မသိ။ သမီးကိုလည်း သနားလွန်းလှသည်။ မေ့ကိုယ်မေ လည်း ခွင့်မလွှတ်နိုင်။ ခွင့်မလွှတ်ချင်ပေ။ မောင့်ကိုရော အပြစ် ဆိုရမည်လား။

သမီးသည် မောင်နှင့်အတူ တစ်အိမ်ထဲမှာ သွား၍ နေခဲ့ဖူးသည်။ အဲဒီအချိန်တွေမှာ မောင်သည် သမီးကို ဘယ်လောက် စိတ်ရှည်ကြင်နာစွာ တယုတယ ဆက်ဆံခဲ့သည် မသိချေ။

သမီးရဲ့အသက်ကလေးဟာ အခုမှ နှစ်ဆယ်စွန်းစွန်း ကလေးပဲ ရှိသေးသော၊ စိတ်လှုပ်ရှား ကစားတတ်သော အပျိုရိုင်း ကလေး ဖြစ်သည်။

မေသည် အဲဒီအချက်ကို ဘာဖြစ်လို့များ ထည့်မတွက် ခဲ့မိတာပါလိမ့်။ အခုတော့ မေသည် ဘာကို ဆုံးရှုံးလိုက်ရမှန်း မသိ။ တစ်ခုခုကို အကြီးအကျယ် ဆုံးရှုံးလိုက်ရသလို ခံစားရလေ သည်။ မောင့်ကိုလား ...။ ဒါမှမဟုတ် သမီးကိုလား ...။ ဒါမှ မဟုတ် မေ့ရဲ့နှလုံးသားကိုလား ...။

www.burmeseclassic.com

www.burmeseclassic.com



သမီးရယ် ... မေမေ့ကို ခွင့်လွှတ်ပါ။ သမီးရဲ့ ထဲမှာ အဲဒီလောက် ဆိုးရွားပြင်းထန်တဲ့ ဒဏ်ရာအနာတ တစ်ခု ဖြစ်စေခဲ့တဲ့ မေမေ့ကို သမီး ခွင့်လွှတ်ပါ မိဟေးရယ်

မေသည် ဒိုင်ယာရီကို ဆုံးအောင်ဖတ်ပြီးသွား အခါ ရင်ထဲမှာ နှလုံးသား မရှိတော့သလို ဟာလာဟင်း ပွင့်လျက်ရှိလေသည်။

သမီးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိ မေသည် အသံမထွက်အောင် ကျိတ်၍ ရှိုက်ငိုမိလေသည်။

မေ့နှလုံးသားတွေ တစ်စစီ ကွဲကြေကုန်ပါပြီ။ အဖြစ်အပျက်ကြီးသည် ဘယ်လိုမှ ဖြစ်မလာသင့်သော အ အပျက်ကြီး ဖြစ်သည်။

အခုလို ဖြစ်လာခဲ့သည့်အတွက် မေသည် ဘယ် ကို အပြစ်တင်ရမှာပါလိမ့်။ မေတို့မှာ ဘယ်ဘဝက ဝဋ်ကြွေး တင်ရှိနေခဲ့ပါလိမ့်။ မေသည် ရှက်လည်း ရှက်လွန်းလှသည် မောင့်ရဲ့မျက်နှာကိုပင် မကြည့်ဝံ့တော့လောက်အောင် ရှက်ရွံ့သွား ခြင်း ဖြစ်သည်။

သမီးရဲ့ ခံစားချက်တွေကို မောင်များ ရိပ်မိ မလား။ မောင်သည် သိခဲ့ရက်နှင့် မသိချင်ဟန်များ ဆောင် မလား။

မောင်သည် မောင့်ဘဝတစ်လျှောက်လုံးမှာ မေ လွဲ၍ တခြားဘယ်မိန်းကလေးကိုမှ စိတ်ကူးနှင့်ပင် မပြစ်မှားခဲ့ ဖြစ်သည်။ မောင့်ကို တစ်ဖက်သတ် ကြိုက်ခဲ့ကြသော မိန်းကလေး များစွာ ရှိခဲ့ဖူးသည်ကိုလည်း မောင်သည် လိမ္မာပါးနပ်စွာ ရှောင်ရှားခဲ့ဖူးကြောင်း မေ့ကို ပြောပြခဲ့ဖူးသည်။



သမီးနှင့် ပတ်သက်၍တော့ မောင်သည် မေ့ကို ရိပ်အမြွက်ကလေးပင် မပြောပြခဲ့ချေ။

မေကရော ဘာဖြစ်လို့များ အဲဒီလောက်တောင် ညံ့ဖျင်းရတာပါလိမ့်။ မေ့ရဲ့သမီး မိဟေးရဲ့စိတ်ထဲမှာ ဘယ်လိုခံစား ချက်တွေ ရှိနေမလဲ ဆိုတာကို မေ မရိပ်မိနိုင်လောက်အောင်ပင် ညံ့ဖျင်းခဲ့သည်။

မေ့ ရင်ထဲတွင် ပြင်းပြင်းပြပြ နာကျင်လာခဲ့ကာ သည် ထိုပြဿနာကို ဘယ်လိုဖြေရှင်းရမည်မှန်း မသိစွာ မီးရဲ့အခန်းထဲမှ ခြေသံဖွဖွ နင်းဖြတ်လျက် တိတ်တဆိတ် ခန်းပြင်သို့ ထွက်လာခဲ့မိလေသည်။

မောင်ရှိရာ အခန်းဆီသို့လည်း မေ မသွားချေ။ မောင့်ရဲ့မျက်နှာကိုပင် စေ့စေ့မကြည့်ဝံ့ပါ။ သမီးရဲ့ နှလုံးသားထဲက တိတ်တခိုး စွဲလမ်းငြိတွယ်မှုကို မတော်တဆများ မောင်သာ ရိပ်မိသွားခဲ့လျှင် ... မေသည် ထိုအတွေးဖြင့်ပင် ရူးသွားချင်လောက် အောင် ရှက်ရွံ့ချောက်ချားမိလေသည်။

နောက်ဆုံးတော့ မေသည် ကြံရာမရဖြစ်ကာ မောင့် ရဲ့အခန်းတံခါးကို အသာကလေး တွန်းဖွင့်ကြည့်လိုက်သည်။

တံခါးသည် ချက်ချမထားသောကြောင့် အသာအယာ ပင် ဖွင့်ဟသွားလေသည်။

မေသည် တထိတ်ထိတ်ခုန်သော ရင်ဖြင့် အခန်း တွင်းသို့ ချောင်းကြည့်လိုက်သောအခါ မောင်သည် အိပ်ရာပေါ် တွင် နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို မြင်ရသောအခါတွင်မှ မေရဲ့နှလုံးသားများ
သည် ပူနွေးလှုပ်ရှားလာခဲ့ကာ ရက်စွဲ့မိသောစိတ်တွေ ပြင်းပြင်း
ပြပြ ဖြစ်ပေါ်လာလေသည်။

မောင် နိုးလာတဲ့အခါ မောင့်ကို ဘယ်လိုမျက်နှာနှင့်
ရင်ဆိုင်ရမှာပါလိမ့်။

မေသည် သမီးကိုလည်း အလွန်အမင်း သနား
ကြင်နာမိလျက် ရှိလေသည်။ သမီးအရွယ် မိန်းကလေးတစ်ယောက်
အနေဖြင့် အတွေ့အကြုံလည်း မရှိခဲ့သော အပျိုစင်ကလေးအဖို့
ဘဝမှာ ပထမဆုံးအချိန် နီးနီးကပ်ကပ် အတူတူ နေခဲ့မိသော
ယောကျ်ားတစ်ယောက်အပေါ် စိတ်ကစား ငြိတွယ်သွားသော
အဖြစ်အပျက်မှာ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိချေ။

အထူးသဖြင့် သမီးလေးကို မေ ပို၍အပြစ်မတင်
ရက်ပါ။

မေသည် မောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ
ရာ ခုတင်ရှိရာဆီသို့ တရွေ့ရွေ့ ညင်သာစွာ ချဉ်းကပ်လျှောက်
လှမ်းသွားခဲ့သည်။ မောင့်ခုတင်ဘေးမှာ အသာအယာ ထိုင်လိုက်
မိလေသည်။

ထို့နောက် မောင့်မျက်နှာကို တစိမ့်စိမ့် စူးစိုက်၍
ကြည့်မိသည်။ မောင်သည် လူချောတစ်ယောက် ဖြစ်ပါသည်။
မောင့်၏ ဆံပင်များက နက်မှောင်ဖြောင့်စင်းကာ ဆီဖြင့်သေသပ်
စွာ ဖြီးတင်ထားလျှင် အသွန်ကြည့်၍ ကောင်းသည်။

ပြီးတော့ ... မောင့်မှာ ထူးခြားသော မဟာနဖူးကို
ပိုင်ဆိုင်ထားပြီး မောင်၏ မျက်ခုံးများက မည်းနက်စွာ ဖြောင့်တန်း



လျက်ရှိပြီး၊ မျက်လုံးအိမ်မှာ ကျယ်ဝန်းလျက်၊ မျက်ဆန်ကတော့
မည်းနက်တောက်ပလေသည်။ မောင့်ရဲ့မျက်ဝန်းများသည် ထူးခြား
စွာ အင်အားတစ်မျိုး ပျော်ဝင်လျက်ရှိပြီး ထိုမျက်ဝန်းများဖြင့်
စူးစူးစိုက်စိုက် အကြည့်ခံရသော သူတိုင်း မည်သူမျှ ခံနိုင်ရည်ရှိ
လိမ့်မည် မဟုတ်ချေ။

အထူးသဖြင့် မိန်းကလေးများစွာတို့ ကျဆုံးရစ်ခွေ
သွားနိုင်လောက်အောင် မောင်၏ မျက်လုံးများ အစွမ်းထက်လှပါ
သည်။ ပြီးတော့ ... မောင့်မှာ ဖြောင့်စင်းသွယ်တန်းသော နှာတံ
ကလေး ရှိသည်။ ထို့နောက် ထူးခြားသေသပ်စွာ လှပစိုပြည်သော
မောင့်၏နှုတ်ခမ်းများက လေးကိုင်းသဖွယ် နူးညံ့စွာ နီရဲလျက်
သွေးရောင် လျှမ်းဆိုနေတတ်သည်။

မောင်၏ မေးရိုးများက ယောကျ်ားပီသစွာ ခိုင်မာ
အားကောင်းလျက်ရှိသည်။ မောင့်တွင် အနည်းငယ် ချွန်မြလုံးဝင်း
သော မေးစေ့ကလေး ရှိလေသည်။ အားလုံးခြုံကြည့်လိုက်လျှင်
မောင့်မျက်နှာသည် မိန်းကလေးတစ်ယောက်၏ နှလုံးသားကို
ကောင်းစွာ ပြုစားညှို့ယူနိုင်စွမ်းသော မျက်နှာဖြစ်သည်။

ပြီးတော့ ... မောင့်မှာ တခြားယောကျ်ားတွေထက်
ပို၍ထူးကဲသော ဉာဏ်ပညာရှိသည်။ မောင်သည် အလုပ်လုပ်ရာ
မှာ အလွန်စေ့စပ်သေချာသော၊ ဖြတ်ထိုးဉာဏ်ကောင်းသော၊
အလွန်တော်သော ယောကျ်ားတစ်ယောက်လည်း ဖြစ်သေးသည်။

ပြီးတော့ ... မိန်းကလေးတွေ သဘောကျလောက်
စရာ တည်ကြည်လေးနက်သော စိတ်ဓာတ်နှင့် စိတ်သဘောထား
ဖြူစင်ဖြောင့်မတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချက်အလက်တွေ အားလုံးကို စုစည်းလို့ လျှင် ထိုအချက်များအပေါ် သမီးသည် သာယာညွတ်ပျောင်းနေ ငြိတွယ်သွားနိုင်လောက်ပါသည်။

တကယ်တော့ မောင်သည် မေကလွဲ၍ ဘယ်မိန်းကလေးကိုမှ မဖြားယောင်းခဲ့ဘူးဆိုတာ မေ အကြွင်းမဲ့ ယုံကြည် စိတ်ချပြီးသား ဖြစ်သည်။ အထူးသဖြင့် သမီးကို မောင်သည် သမီးကလေးတစ်ယောက်ပမာ ချစ်မြတ်နိုးကြင်နာစွာ ဆက်ဆံခဲ့ လိမ့်မည်။

သို့သော် ... ထိုယုယသိမ်မွေ့သော အကြင်နာတို့ သည် ဘာမှ သွေးသားမတော်စပ်သော သူစိမ်း မိန်းကလေးတစ် ယောက်အဖို့တော့ စိတ်နှလုံး နူးညွတ်တိမ်းမူးစရာပင် ဖြစ်နိုင်ပါ သည်။

ထိုအဖြစ်အပျက်ကို မေသည် တရားမျှတစွာ သဘော ညာစွာ မှန်ကန်စွာ တွေးဆနိုင်ပါသော်လည်း ထိုအဖြစ်အပျက်ကြီး ကို ရင်ဆိုင်လက်ခံဖို့ကယတော့ မေသည် တွန့်ဆုတ်နေမိလေသည်။

အခုဆိုရင် မေတို့သုံးယောက်သည် မိသားစုကလေး ဖြစ်သွားခဲ့ပြီ။ မေတို့သည် ကျန်ရှိနေသော ဘဝရဲ့သက်တမ်းကို အတူတကွ ဖြတ်သန်းကြရလိမ့်ဦးမည်။

ထိုလမ်းကို မေတို့ ဘယ်လိုဆက်လျှောက်ရမည် နည်း။

မေသည် သမီးရဲ့စိတ်ထဲမှာ အမြစ်တွယ်လျက်ရှိ သော ထိုမြတ်နိုးငြိတွယ်မှုကို အမြစ်ကနေ ဆွဲနုတ်ဖျောက်ဖျက် ပေးချင်ပါသည်။



မေ ဘယ်လိုများ လုပ်ရပါ့မလဲ။

မေသည် ဟောက်သံမှန်မှန်ပေးလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော မောင့်ကို အနှောင့်အယှက် မပေးလိုသောကြောင့် မောင့်အခန်းထဲမှ တိတ်တဆိတ် ပြန်၍ထွက်လာခဲ့သည်။

မေ ဘယ်ကိုသွားရမည်နည်း။ မေ့မှာ ရွေးချယ်စရာ လမ်းတစ်ခုခုတော့ ရှိရမည်။ ပြီးတော့ မေ့မှာ ထွက်ပေါက် တစ်ခုခုလည်း ရှိရမည်။

အခုချိန်မှာ သမီးသည် မှားယွင်းစွာ စွဲလမ်းငြိတွယ် ခြင်းဆိုသော ချောက်တစ်ခုထဲမှာ သက်ဆင်းပိတ်မိနေပြီ ဆိုပါစို့။ မေသည် သမီး၏ လွတ်မြောက်ရာလမ်းကို ရှာဖွေရမည်။ သမီးကို ဘယ်တင်ရပါလိမ့်မည်။

မေသည် အတွေးများ ဖြာဝေလျက် တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့ရာ ဘန်ဂလိုဆီမှ တဖြည်းဖြည်း ဝေးလာခဲ့ သည်။ သဲသောင်ပြင် ရှိရာဆီသို့ ရောက်လာခဲ့လေသည်။

ပြာလွှင်လျက်ရှိသော ကောင်းကင်ပြင်တွင် ကြယ် ပွင့်ကလေးများ ပြိုးပျက်စွာ လင်းလျက်ရှိသည်။ ထိုကောင်းကင် ပြင်ကြီးရဲ့အောက်မှာ ပင်လယ်သည် တလိမ့်လိမ့် တက်လာသော လှိုင်းများဖြင့် ဩဘာကြီးစွာ လှုပနေလေသည်။

ဒီညအဖို့ မေ ဘယ်လိုမှ အိပ်စက်၍ ရမည်မဟုတ် ပါ။ နောက်ညတွေမှာလည်း မေ အိပ်နိုင်လိမ့်မည်မဟုတ်။ မေ့ ရင်ထဲတွင် မီးလျှံတစ်ခုသည် အရှိန်တညီးညီး တောက်ပလောင် မြိုက်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် သမီးကို သတိရလိုက်တိုင်း မေ့ရင်သည် လှပ်ခနဲဟသွားကာ မျက်ရည်ပူများ ချက်ချင်း ပြည့်လျှံလာတတ်လေသည်။ သမီးအကြောင်းကို တွေးလိုက်တိုင်း မေ့ရင်ထဲမှာ နင့်ခနဲ နာကြင်သွားတတ်သည်။

မောင့်ကိုလည်း အပြစ်မဆိုရက်ပါ။ ဒီအဖြစ်အပျက်မှာ ဘယ်သူကမှ တမင်တကာ ကြံရွယ်လျက် ဖြစ်ခဲ့ကြသည် မဟုတ်။ အားလုံးသည် သူ့အလိုအလျောက် မှားယွင်းစွာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။

မေ့ပါးပြင်မှာ မျက်ရည်တို့ စိုစွတ်ပူနွေးလျက် ရှိသည်။ မေသည် ဘယ်လောက်ထိကြာအောင် သဲသောင်ပြင်ပေါ်မှာ လမ်းလျှောက်နေခဲ့မိသည် မသိ။ မေ့တစ်ကိုယ်လုံး အေးစက်တုန်ယင်စွာ ချမ်းစိမ့်လာခဲ့တော့မှ မေသည် ဘန်ဂလိုဆီသို့ ပြန်ဖို့သတိရသည်။

မေ ဘန်ဂလိုဆီသို့ ပြန်ရောက်ချိန်တွင် မောင်က တစ်ရေးနိုးလာခဲ့ပုံရကာ မေ့ကို စိုးရိမ်တကြီး ရှာဖွေနေခဲ့လေသည်။

"မေ ဘယ်တွေများ လျှောက်သွားနေခဲ့တာလဲကွာ၊ မောင့်မှာ စိတ်ပူလိုက်ရတာ၊ တစ်ရေးနိုးလာတော့ မိပေး အခန်းထဲကို ဝင်ကြည့်တော့ မေ့ကို မတွေ့ရဘူး၊ မိပေး တစ်ယောက်တည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတော့ မေ ဘယ်များသွားသလဲလို့ မောင် လိုက်ရှာနေတာ"

မေသည် မောင့်မျက်နှာကို ကြည့်ရမှာ ရှက်ရွံ့ချောင်ချားလျက် ရှိလေသည်။



"ဒီနားတစ်ဝိုက် လမ်းဆင်းလျှောက်တာပါ မောင်ရယ်၊ သမီးကို စိတ်ပူတာနဲ့ မေ အိပ်လို့လည်း မပျော်ဘူး"

"ကြည့်စမ်း ... မေ့ တစ်ကိုယ်လုံး အေးစက်နေတာပဲ၊ ဖျားတော့မှာပဲကွာ"

မောင်က စိုးရိမ်တကြီးပြောကာ မေ့ကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းပွေ့ဖက်ယူလိုက်လေသည်။

မောင့်ရင်ထဲမှာ မေသည် အလိုလို နွေးမြလုံခြုံသွားကာ လှိုက်လှဲစွာ ငိုချင်လာခဲ့မိသည်။

"လာ လာ ... မေ၊ နွေးနွေးထွေးထွေး နေရအောင်၊ မိပေး ဖျားပြီးတော့ မေ ဖျားတော့မှာပဲ"

မေသည် စကားတစ်ခွန်းမှ မဆိုနိုင်၊ ရင်ထဲတွင် ဆို့အထုံးကျင်လျက် ရှိသည်။ ဤမျှ ကြင်နာယုယတတ်သော မောင့်ကို ဘယ်လိုမိန်းကလေးမျိုးက မစွဲလမ်းဘဲ နေပါမည်နည်း

မေသည် ဟိုးငယ်ငယ်ကလေးတည်းက ချစ်ခင်စွဲလမ်းခဲ့ရသော သံယောဇဉ်သည် အခု အသက်လေးဆယ်ကျော်ရောက်သည့်တိုင်အောင် မလျော့ပါ၊ မလွင့်ပြယ်နိုင်ပဲ တိုးသထက်တိုး၍သာ စွဲလမ်းချစ်ခင်ခဲ့သေးတာပဲ။

တကယ်တော့ သမီးရဲ့ဘဝမှာ ဒီအဖြစ်အပျက်ဟာ မတော်တဆ ခလုတ်တိုက်မိခဲ့တဲ့ အဖြစ်အပျက်ကလေးပဲ ဖြစ်စေချင်သည်။

သမီး၏ ဘဝတစ်လျှောက်လုံးတွင် ထိုစွဲလမ်းမှုသည် သေရာပါ ဒဏ်ရာတစ်ခုအဖြစ် ပါမသွားစေချင်ပါ။ အဲဒီအတွက် မေ ဘာလုပ်ပေးရမှာပါလဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် မေ့ကို အခန်းထဲသို့ ခေါ်လာ အနွေးထည် ဝတ်ပေးလေသည်။ ထို့နောက် ခုတင်ပေါ်သို့ အ အယာ လှဲချအိပ်စေလိုက်ပြီး စောင်ထူထူ ခြုံလွှမ်းပေး၏။

"မေ ခဏနားလိုက်ဦး၊ မေ အရမ်းပင်ပန်းနေပြီ၊ မိ အတွက် စိတ်ပူတာလည်း စိတ်ပူတာပေါ့ကွာ၊ ဒါပေမဲ့ မကြာခင် သက်သာသွားမှာပါ၊ မေ့ကြည့်ရတာ အရမ်း ပူနေပုံပဲ၊ မျက်နှာလည်း မကောင်းဘူး၊ မေ သမီးကို ချစ်တာပဲလား။ ဟုတ်လား"

"ဘယ်လို ပြောလိုက်တာလဲ မောင့်ရယ်၊ သမီးကို မေ နဲ့အမျှ ချစ်တယ်၊ သမီးဟာ မေ့ရဲ့ဘဝပဲ၊ သမီးတစ် ဖြစ်သွားမှာ မေ သိပ်စိုးရိမ်တယ်၊ အထူးသဖြင့် မေ့ကြေ သမီးမှာ တစ်ခုခု ဖြစ်သွားမှာကိုပဲ မေ ကြောက်တယ်"

"ဘာမှ မဖြစ်စေရပါဘူး မေရယ်၊ မောင် တစ်ယောက် လည်း ရှိနေတာပဲ၊ သူ လန့်ပြီးတော့ ဖျားသွားတာ နက်ဖြန်ဆို ကြည့်၊ သူ နေကောင်းနေလောက်ပြီ၊ မေ ကောင်းဖို့ပဲ လိုတယ်၊ ဘယ်လောက်ကြာအောင်များ က ခြေမှာ လမ်းလျှောက်နေခဲ့သလဲကွာ။ မေ အိပ်မပျော်လ မောင့်ကို နှိုးလိုက်ရောပေါ့၊ မေနဲ့မောင် အတူတူလမ်းလျှော ကြတာပေါ့"

မောင်က မေ့နဖူးမှ ဆံစကလေးများကို တို့သပ် ကစားရင်း ညင်သာ နူးညံ့လှသော လေသံကလေးဖြင့် ပြော သည်။



မေသည် ထိန်းချုပ်နေသည့်ကြားမှ မေ့မျက်ဝန်းတွေ မှာ မျက်ရည်တွေ ပြည့်သီးလာခဲ့လေသည်။ အခုအချိန်ဟာ မေ့ အတွက် သိပ်နောက်မကျသေးဘူး။ မောင်နှင့် လမ်းခွဲလိုက်လျှင် ... ကြည့်စမ်း ... ထိုအတွေးက ဘယ်ကနေ ဘယ်လို ဝင်ရောက်လာ တာပါလိမ့်။

မောင်နှင့် လမ်းခွဲဖို့ဆိုတာ မေ့အတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။ မေ မောင့်ကို အဆုံးအရှုံး မခံနိုင်ပါ။

အဲဒါဆိုရင် မေတို့ အတူတူနေကြတဲ့ အချိန်တစ် လျှောက်မှာ သမီးသည် ဘယ်လိုနှလုံးသားဖြင့် မေတို့နှင့်အတူတူ နေရရှာမှာပါလိမ့်။

မေသည် သမီးအတွက် တစ်ခုခုတော့ စီစဉ်ဆုံးဖြတ် ပေးရမည်။ မေသည် သမီးအတွက် မိခင်ကောင်းတစ်ယောက် ဖြစ်ချင်လေသည်။ အဲဒီလိုပဲ တစ်ဖက်မှာလည်း မောင့်အတွက် ချစ်သူကောင်းတစ်ယောက်၊ ဇနီးကောင်းတစ်ယောက် ဖြစ်ချင်ပြန် လေသည်။

"မေ ဘာဖြစ်နေတာလဲဟင်၊ မေ တစ်ခုခု ဖြစ်နေတယ် ဆိုတာ ကိုယ်သိတယ်၊ ကိုယ့်ကို ပြောပြစမ်းပါ။ မေ့ရင်ထဲ မှာ ဘာတွေ ခံစားနေသလဲ။ မေနှင့်အတူတူ ကိုယ် မျှပြီး တော့ ခံစားမယ်လေ။ မေ့မျက်နှာကို ကြည့်လိုက်ရုံနဲ့ မေ့ ရင်ထဲမှာ သောကတစ်ခုခု ရှိနေပြီဆိုတာ မောင် သိတယ်။ မောင့်ကို ပြောပြစမ်းပါ မေရယ်"

မေသည် မောင်၏လည်တိုင်ကို တင်းတင်းကျပ်ကျပ် လှမ်း၍ ပွေ့ဖက်ထားမိကာ ပထမတော့ ထိန်းချုပ်လျက် ... ...။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်တော့ မထိန်းချုပ်နိုင်စွာ ရှိုက်ကြီးတငင် သည်းသည်းထန်ထန် ငိုကြွေးမိလေသည်။

"ဟာ ... ဘာဖြစ်လို့ ငိုရတာလဲ မေရယ်။ မေ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ထိခိုက်ရတာလဲ။ မငိုပါနဲ့ မေရယ်။ မေ ဒီလောက်ထိ တစ်ခါမှ လှိုက်လှိုက်လှဲလှဲ မငိုခဲ့ဖူးဘူး။ မေ ငိုတာကို မောင် မကြည့်ရက်ဖူးကွာ။ မေ့ရဲ့ မျက်ရည်တွေကို မောင် မခံစားနိုင်ဘူး။ မောင့်ကို ပြောပြစမ်းပါကွာ။ မောင် ဘာလုပ်ပေးရမလဲ။ မေ့ရင်ထဲက ဝေဒနာတွေ သက်သာသွားအောင် မောင် အတတ်နိုင်ဆုံး လုပ်ပေးမယ်ကွာ"

မောင်သည် မေ့၏ကျောပြင်ကလေးကို တဖွဖွ ပွတ်သပ်ရေးလျက်ရှိကာ စိတ်မကောင်းဖြစ်လျက်ရှိသော အသံဖြင့် ညည်းညူလျက်ရှိသည်။

မေ့၏ကျောပြင်သည် တသိမ့်သိမ့် ခါလျက်ရှိ၏။ မေသည် ကလေးငယ်တစ်ယောက်လို ကူကယ်ရာမဲ့စွာပင် အဆက်မပြတ် ငိုကြွေးနေမိလေသည်။

"မေ ... သမီးကို သိပ်သနားတာပဲ"

ဟု ငိုရှိုက်သံဖြင့် ရောထွေးကာ ဗလုံးဗထွေး ပြောလေသည်။

"သူ နေကောင်းသွားမှာပါ မေရယ်။ အဲဒီလောက်ကြီး မစိုးရိမ်ပါနဲ့။ သူ ဘာမှဖြစ်တာမှ မဟုတ်တာ။ မေ့သမီးကို မေ သိပ်ချစ်တယ်ဆိုတာ မောင် နားလည်ပါတယ်။ အဲဒီလောက်ကြီး စိုးရိမ်စရာ မရှိပါဘူး မေရယ်"



မေ့ ရင်ထဲမှာ မောင့်ကို ဖွင့်မေးလိုက်ချင်သော စိတ်တွေ လှိုင်းထန်လျက် ရှိသည်။ မောင် နည်းနည်းကလေးမှ မရိပ်မိခဲ့ဘူးလားဟင်လို့ မောင့်ကို မေးချင်လှသည်။

သို့သော် ဘယ်လိုမှ ဖွင့်မမေးသင့်သော မေးခွန်းဖြစ်သည်။ မောင့်ရဲ့အဖြေကိုလည်း မကြားချင်။ သမီးကလေးကိုသာ ရင်ထဲမှာ နှင့်နေအောင် သနားကရုဏာ သက်မိလေသည်။

သမီးရဲ့ဘဝမှာ ပထမဆုံး ချစ်ခင်စွဲလမ်းမိသော ယောကျာ်းဟာ မောင် မဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ။

မေသည် ထိုအတွေးကိုသာ ထပ်တလဲလဲ တွေးမိလေသည်။

"မေ ... မငိုနဲ့တော့ မေ။ မေ ငိုတော့ မောင် ဘယ်လိုလုပ်စိတ်ကောင်းနိုင်မှာလဲ။ နက်ဖြန် မိဟေး နေကောင်းလာအောင် မောင် ကြိုးစားပေးမယ်၊ ဟုတ်ပြီလား။ မောင် ဆရာဝန် ခေါ်ပေးမယ် ...

မိဟေး နေကောင်းလာပြီး ကျန်းကျန်းမာမာပြန်ဖြစ်လာအောင် မောင် တာဝန်ယူတယ်၊ မေ မငိုနဲ့တော့၊ ဟုတ်ပြီလား"

မောင်ကတော့ ဘာမှမသိရှာပါ။ မေသည် မေ့ရင်ထဲကအပူတွေကို မောင့်ထံသို့ မကူးစက်စေချင်။

"မေ တစ်မှေးလောက် အိပ်လိုက်ရင် ကောင်းမယ်။ မောင့်ရင်ခွင်ထဲမှာ အိပ်ပျော်အောင် အိပ်ကြည့်လေ၊ မေ့ကို မောင် ချော့သိပ်မယ်၊ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်က မေ့ကို သူ့ရင်ခွင်ထဲတွင် ထွေးပွေ့ထားကာ ကလေးတစ်ယောက်လို ချော့သိပ်လျက် ရှိလေသည်။

မောင့်၏ နွေးထွေးယုယလှသော ရင်ခွင်သည် မေ့၏ လက်ရှိအသက်ကိုပင် မေ့လျော့သွားစေကာ မေသည် ဆယ်ကျော်သက်အရွယ် အပျိုဖြန်းကလေးလို ပြန်လည်နုပျိုသွားလေသည်။ သို့သော် ... မေ၏ ရင်ခုန်ပျော်ရွှင်မှုသည် မနေ့တစ်နေ့ကလို လွတ်လပ်ပေါ့ပါးခြင်း မရှိတော့ချေ။

မေ့ကို တစ်စုံတစ်ခုက နောက်နားဆီမှ ဆောင့်ဆွဲထားလျက်ရှိသည်။ အဲဒီအရာဟာ မိဟေးပဲ ဖြစ်သည်။

ထိုအတွေးဖြင့် မေ့ရင်ထဲတွင် လွင့်မျောသွားကာ ပင့်သက်ဖြာမိလေသည်။

"မောင်ရယ် ... အချစ်ဆိုတာ ဘာကိုခေါ်သလဲဟင်"

မေသည် မောင့်ကို ဖွင့်မေးမိတော့မတတ် ဖြစ်သွားလေသည်။

"မေ ... ဘာမှမတွေးနဲ့တော့လေ၊ မေ့ ခေါင်းထဲမှာ ရှိနေသမျှ အရာအားလုံးကို ခဏ မေ့ထားလိုက်။ အခု မောင့်ရင်ခွင်ထဲမှာ မေ အိပ်ပျော်အောင် ကြိုးစားပြီးတော့ အိပ်လိုက်နော်"

မောင်က မေ့ခေါင်းကလေးကို ယုယစွာ ချော့မော့ပွတ်သပ်လျက် တိုးတိတ်စွာ ပြောလေသည်။

မောင့်ကို အားနာသောကြောင့် မေသည် မောင့်ရင်ခွင်ထဲမှာ အိပ်စက်ဖို့ ကြိုးစားရင်း တကယ် အိပ်ပျော်သွားလေသည်။



သို့သော် ... အိပ်မက်ထဲတွင် မေသည် ခုနကအဖြစ်အပျက်ကိုပင် ပြန်၍ ရင်ဆိုင်ရပြန်သည်။

မေသည် ထိုအဖြစ်ကြီးကို ရင်မဆိုင်ဝံ့လောက်အောင် ရက်စွဲ့နာကြည်းစွာ ပင်လယ်ဘက်ဆီသို့ တစ်ဟုန်ထိုး ထွက်ပြေးလျက် ရှိလေသည်။

မေ့အနားမှာ သမီးနှင့်မောင်က အပြေးအလွှား လိုက်လာကြလျက် ရှိသည်။ မေသည် သူတို့ကို ရင်မဆိုင်ဝံ့သောကြောင့် ပို၍အားသွန်ခွန်စိုက် ပြေးလေသည်။ ပြေးရင်း မေ့ရင်ထဲတွင် ဆို့နစ်ကာ မောပန်းနွမ်းနယ်လျက် ရှိသည်။ ပြေးရင်း ပြေးရင်းနှင့် မေသည် ပင်လယ်ဘက်ဆီသို့ ရောက်လာ၏။

လှိုင်းလုံးတွေကို ရင်ဆိုင်ဖြတ်သန်းရင်း မေသည် ပင်လယ်ဆီသို့ ကူးသွား၏။ ပင်လယ်ထဲမှာ မေ့ရဲ့ခန္ဓာကိုယ်သည် နစ်မြုပ်သွားရင် သိပ်ကောင်းမှာပဲ။ အဲဒါဆိုရင် မေသည် ဘာကိုမျှ ရင်ဆိုင်စရာ မလိုတော့ပေ။

အင်မတန် ရက်စွဲ့ဖွယ်ကောင်းသော ထိုအဖြစ်ကြီးမှလည်း မေ လွတ်မြောက်သွားမည်။ မေသည် အဲဒီအချိန်မှာ အပြင်းအထန် သေဆုံးပစ်လိုက်ချင်သော ဇောတွေ ကပ်နေခဲ့သည်။

တဖြည်းဖြည်းနှင့် မေသည် ရေနက်ပိုင်းဆီသို့ ရောက်လာခဲ့ပြီ။ မကြာခင်မှာ မေ့တစ်ကိုယ်လုံး နစ်မြုပ်သွားတော့မည်။

မေသည် ကိုယ့်ကိုယ်ကိုယ် သေအံ့ဆဲဆဲ ဖြစ်နေချိန်မှာ သေခြင်းတရားကို လုံးဝကြောက်မနေခဲ့ပါ။

အခုအချိန်မှာ မေ့အတွက် အကောင်းဆုံးသော ထွက်ပေါက်ဟာ သေခြင်းတရားပဲ။ မေသည် သေဆုံးခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့် သမီးကို ကျေနပ်စွာ ထားပစ်ခဲ့မည်။ မေ တစ်ယောက်တည်း လွတ်ရာလွတ်ကြောင်းဆီသို့ ထွက်သွားပါရစေ။ အလွန်အင်အားကြီးမားသော လှိုင်းလုံးကြီးတစ်လုံးက မေ့ကို ဝုန်းခနဲရိုက်ပုတ်လိုက်သောအခါ မေသည် လှိုင်းနှင့်အတူ လိမ့်ဝင်လျက်ပါသွားလေသည်။

အို ... ခဏအကြာမှာ မေ သေဆုံးတော့မည်။ မေသည် သေရမှာကို စိုးစဉ်းမျှ ကြောက်မနေပဲ မောင့်ကိုတော့ နည်းနည်းလွမ်းသလိုလို ရှိသည်။ ပြီးတော့ ... သမီးကိုလည်း သိပ်သနားနေခဲ့သည်။ မေမရှိရင် သမီးတော့ နေရထိုင်ရတာ နည်းနည်းသက်သာမှာပဲ။ မောင့်ကိုတော့ ယုံကြည်လှသည်။

မောင်သည် သမီးကို တစ်သက်လုံး သမီးအရင်းအခြာလေး တစ်ယောက်ပမာ စောင့်ရှောက်ပြုစုသွားပါလိမ့်မည်။ မောင့်ကို ယုံကြည်တစ်ချစ်စွာဖြင့် မောင့်လက်ထဲမှာ သမီးကို ထားရစ်ခဲ့ပါရစေ။

သို့သော် မေသည် လွတ်လပ်စွာ သေဆုံး၍ မရခဲ့။ မေ့ကို မောင်က ကယ်တင်ဖို့ နီးကပ်စွာ ရောက်ရှိလာခဲ့သည်။

မေ ... မေ ... ဟူသော မောင့်ရဲ့ စိုးရိမ်တကြီးအော်ဟစ်သံကို ဗလုံးဗထွေး မေ ကြားနေရသည်။ အံ့သြစရာကောင်းသည်မှာ မေသည် ပင်လယ်အောက်သို့ နစ်မြုပ်နေသည်တိုင် သတိမလစ်သေးချေ။

ခဏအကြာတွင် မောင်သည် မေ့ရှေ့မှာ ဘွားခနဲပေါ်လာသည်။ မေ့ကို မောင်က သူ၏သန်မာမြဲမြံသော လက်တစ်ဖက်ဖြင့် ဆွဲယူပွေ့ဖက်လိုက်လျက် ကယ်တင်ခဲ့ပါသည်။



အို ... မေသည် သေခြင်းတရားထံမှာ လွတ်မြောက်လာခဲ့ရပြန်သည်။

"မေ ... မေ"

ထိုခဏတွင် မေသည် ဖျတ်ခနဲ လန့်နိုးလာသည်။ မေ၏ မျက်လုံးတည့်တည့်ရှေ့တွင် မောင်၏ စိုးရိမ်တကြီးမျက်နှာကို တွေ့လိုက်ရလေသည်။

"မေ အိပ်မက်ဆိုးတွေ မက်နေတယ်။ ဟုတ်လား ... မေ"

မောင်က ယုယကြင်နာသော လေသံကလေးဖြင့် မေးလေသည်။

"ဟုတ်တယ် မောင်။ အိပ်မက်ထဲမှာ မေ ရေနစ်နေတယ်။ မေ ရေနစ်တုန်း မောင်က လာကယ်တယ်လေ"

မေ့စကားကြောင့် မောင်က နှစ်ခြိုက်စွာ ပြုံးပါသည်။

"ဒီလိုပဲ ဖြစ်ရမှာပေါ့။ မေ့အနားမှာ မောင်က အရိပ်လို အမြဲတမ်း ရှိနေမှာ"

"မေ ယုံသားပဲ မောင်ရယ်"

မေသည် မောင်၏ပါးပြင်ကို ဖွဖွနမ်းရှိုက်မိ၏။

"မေ့စိတ်တွေ သိပ်လှုပ်ရှားနေတယ် မေ။ Diazepan လေး သောက်ပြီး မေ အိပ်လိုက်နော်။ မေ့နားမှာ မောင်ရှိနေမယ်၊ ဟုတ်ပြီလား"

မောင်က မေ့ကို ဆေးတိုက်ကာ အိပ်စေပါသည်။ မေသည် ဒုတိယအကြိမ် အိပ်စက်ဖို့ ပြန်လည်၍ ကြိုးစားရပြန်ပါသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

နောက်တစ်နေ့မနက်တွင် မိဟေးသည် အကောင်းပကတိ ပြန်၍ နေကောင်းလာခဲ့သည်။ မနေ့က ဘာတွေဖြစ်ခဲ့သည်ကိုပင် မိဟေးသည် ကောင်းစွာ မမှတ်မိချင်တော့။ နောက်တော့ တဖြည်းဖြည်း ပြန်၍ မှတ်မိလာသည်မှာ မိဟေး ရေနစ်တော့မလို ဖြစ်နေဆဲမှာ ဦးနေ လာကယ်ခဲ့တာကို မှတ်မိသည်။ အဲ့နောက်ပိုင်း မိဟေး ဘာကိုမျှ မမှတ်မိတော့ပါ။

မိဟေး ပြန်၍ နိုးလာချိန်တွင် မိဟေး ဘေးမှာ မေမေက ရှိနေခဲ့သည်။ မေမေ့မျက်နှာသည် ခါတိုင်းလို ကြည်လင် ဝင်းပမနေပါ။ သောကရိပ်ဖြင့် မှိုင်းမှုန်ရီဝေလျက် ရှိသည်။

မေမေ မိဟေးကို အတော်လေး စိတ်ပူခဲ့ပုံရသည်။

"သမီးရယ် နောက်ဆိုရင် ဟိုးအဝေးကြီးထိ မကူးပါနဲ့ မနေ့က မေမေ့မှာ စိုးရိမ်လိုက်ရတာ ရူးမတတ်ပဲ။ တစ်ည လုံးလည်း သမီး လန့်ပြီး အဖျားတွေ တက်နေတာ။ အ မနက်မိုးလင်းမှ ဆရာဝန်လည်း လာကြည့်သွားပြီး



သမီးလည်း အဖျားကျသွားပြီ။ သမီး နေလို့ကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ် မေမေ။ မိဟေး ဘာမှမဖြစ်တော့ဘူး။ မနေ့ကတော့ အရမ်းလန့်သွားတာပဲ။ ကူးလို့ကောင်းကောင်းနဲ့ ကူးသွားခဲ့ပြီးမှ တော်တော်ဝေးဝေးကြီးရောက်တာ မိဟေး သိတော့ သိပ်နောက်ကျနေပြီ။ အဲ့အချိန်မှာ ကြွက်ကလည်း တက်လာလိုက်သေးတယ်။ မိဟေး ရေနစ်တော့ မလို ဖြစ်နေတုန်း ဦးနေ ရောက်လာလို့ တော်သေးတာ ပေါ့ ...

ဦးနေ ... ဦးနေကို ကျေးဇူးအများကြီး တင်ပါတယ်၊ ဦးနေ မိဟေးရဲ့အသက်ကို ကယ်လိုက်တာပဲ"

"ကိစ္စမရှိပါဘူး သမီးရာ။ သမီးက ကိုယ့်ရဲ့သမီး ဖြစ်နေပြီပဲ။ ကိုယ့်သမီးကို ကိုယ့်အဖေက ကယ်ရမှာပေါ့၊ မဟုတ်ဘူးလား"

ဦးနေက ပြုံး၍ ပြောလေသည်။

မေသည် သမီးနှင့် မောင်၏ ဆက်ဆံရေးကို မသိသာကလေး အကဲခတ်နေမိသည်။

မောင်၏ မျက်နှာမှာတော့ မရိုးသားသော အရိပ်ဟူ၍ တစ်မှုန်စာမျှပင် မတွေ့ရချေ။ သမီး၏ မျက်နှာကလေးမှာတော့ မောင့်ကို ကြည့်လိုက်သည့် အခါတိုင်း မျက်လုံးကလေးများ တောက်ပအရောင်ဖြာလျက် ရှိသည်။ နှုတ်ခမ်းကလေးများက လိုအလျောက်ပြုံးလျက် ရှိသည်ကို မေ သတိထားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သမီးက မောင့်ကိုကြည့်သော အကြည့်မှာ အလွန်အမင်း အထင်ကြီးလေးစားသော လူတစ်ယောက်ကို ကြည့်ပုံမျိုး။ ပြီးတော့ ... အလွန်အမင်း မက်မောလိုချင်သော ရတနာတစ်ခုကို ကြည့်ပုံမျိုး။ စုံစုံမက်မက် ရှိလှလေသည်။

မေသည် သမီးကို ဘယ်လိမှ အပြစ်မတင်ရက်ပါ။ ပြီးတော့ သမီး၏ရင်ထဲကို မေ ထွင်းဖောက်သိမြင်နေပြီ ဖြစ်ကြောင်းကိုလည်း သမီးကို မသိစေချင်ပါ။ သမီး သိပ်ရှက်သွားလိမ့်မည်။ ပြီးတော့ မေ ခံစားနေရသော နာကျင်အောင့်မြက်သည့် ဝေဒနာမျိုး သမီးကို မခံစားစေချင်ပါ။

သမီး၏ ရင်ထဲမှာ ဘယ်လိုဒဏ်ရာမျိုးမှ မရှိစေလိုသည်မှာ မေရဲ့မိခင်စိတ်ပင် ဖြစ်လေသည်။

မေ တစ်ချိန်လုံး စဉ်းစားနေခဲ့သည်မှာ ထိုပြဿနာကို ဘယ်လို ညင်သာ ပါးနပ်စွာ ဘယ်သူ့ကိုမှ မထိခိုက် မနှင့်နာစေရပဲ ဖြေရှင်းရမလဲဆိုသော မေးခွန်းပင် ဖြစ်သည်။

မေသည် တစ်ခုခုကို အလေးအနက် အပြင်းအထန် စဉ်းစားတွက်ဆလျက် ရှိလေသည်။ ဒီပြဿနာကို ဒီပုံအတိုင်းတော့ လွှတ်ထား၍ မဖြစ်ပါ။ မေသည် တစ်ခုခုတော့ ကိုင်တွယ်ဖြေရှင်းရလိမ့်မည်။ မေ့ရဲ့ ဖြေရှင်းပုံမှာ လိမ္မာပါးနပ်ရမည်။ ညင်သာသိမ်မွေ့ရမည်။ ပြီးတော့ ... ဘယ်သူမှ မသိလိုက်ရအောင် ညင်သာတိုးတိတ်စွာ ပြီးဆုံးသွားရမည်။

သမီးရင်ထဲမှာ ထိုအမှားအယွင်းကြီးကို မေ နှုတ်ယူလိုက်ကြောင်း သမီးပင် မသိစေရလောက်အောင် နက်နဲသိမ်မွေ့ရမည် ဖြစ်သည်။ ဒီနေရာမှာ ဖြတ်ထိုးဉာဏ်လေး လိုသည်။



ပြီးတော့ ... အလွန်ပရိသေသပ်လှသော လှည့်ကွက်လေးတစ်ခုလည်း လိုအပ်ပါသည်။

မေသည် ထိုနေ့တစ်နေ့လုံး အတွေးတွေဖြာဝေလျက်ရှိကာ ထိုအတွေးများကြားမှာပင် လုံးထွေးရစ်ပတ်လျက် ရှိလေသည်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



မေသည် ထိုနေ့တစ်နေ့လုံး မိဟေးကိုသာ တစိမ့်စိမ့် အကဲခတ်ကြည့်လျက် ရှိလေသည်။

မိဟေးကတော့ နေကောင်းသွားပြီမို့ ပင်လယ်ထဲ ဆင်းဖို့ ပြင်ဆင်နေသည်။

"မိဟေး ... ဒီနေ့ အဝေးကြီးကို မကူးရဘူးနော်။ ဦးနေက ကတိပေးစမ်း"

မောင်က မိဟေး၏ ဦးခေါင်းကလေးကို ခပ်ဖွဖွ ပုတ်လျက် လှုပ်ယမ်းလိုက်ကာ ပြောသောအခါ မိဟေးသည် နှုတ်ခမ်းကလေးစုကာ ပြုံးလျက် မောင့်ကို သဘောကျစွာ ရယ်မောပြလျက် ခေါင်းညိတ်ပြလေသည်။

"စိတ်ချပါ ဦးနေ၊ မနေ့က အတွေ့အကြုံကို မိဟေး တော်တော်လေး ကြောက်သွားပါပြီ။ ဒီနေ့တော့ မိဟေး ကမ်းခြေနားမှာပဲ ကစားမှာပါ"

"တကယ်ဆို ဒီနေ့ မိဟေး ရေထဲဆင်းဖို့တောင် မကောင်းဘူး။ အဖျားက သိပ်ကျချင်သေးတာ မဟုတ်ဘူး"

မောင်က မိဟေး၏ နဖူးကို ခပ်ဖွဖွစမ်းကာ ပြောလေသည်။ မောင့်ရဲ့မျက်နှာမှာတော့ မိဟေး အပေါ် တကယ့် သမီးကလေးတစ်ယောက်လို ဖြူစင်စွာ ဂရုစိုက်ကြင်နာသော



ဖခင်တစ်ယောက်၏ အရိပ်ကလွဲ၍ တခြား ဘာကိုမျှ မတွေ့ရချေ။

မေသည် သမီး၏ စိတ်အတွင်းကိုသာ လှမ်းမြင်နေလျက်ရှိကာ ရင်နင့်နာကျင်လျက် ရှိလေသည်။

မေတို့သုံးယောက် ကမ်းခြေဘက်ဆီသို့ အပြေးကလေး လျှောက်လာခဲ့ကြသည်။ ကမ်းခြေမှာ သမီးနှင့်ရွယ်တူ ကောင်လေး အတော်များများ၏ မျက်ဝန်းများက သမီးထံမှာသာ တရိပ်ဝဲဝဲ ကျရောက်လျက် ရှိတာကို မေက သတိထားမိလေသည်။

သမီးဟာ မြင်သူတကာ စွဲမက်လောက်တဲ့ မိန်းမချောလေးတစ်ယောက်ပဲ။ သမီးမှာ သူ့နှင့်ရွယ်တူတန်းတူ ချစ်သူတစ်ယောက်ရှိဖို့ လိုအပ်နေပြီလား။

မေ့တုန်းကတော့ သမီးရဲ့အရွယ်မှာ မေသည် မောင်နှင့် ချစ်သူတွေ ဖြစ်လျက်ရှိသည်။ ကောင်လေးတွေက သမီး၏ နောက်နား မလှမ်းမကမ်းဆီမှ တစ်ကောက်ကောက် လိုက်လာခဲ့ကြသည်ကို သမီးသည် သိလျက်နှင့် မသိကျိုးကျွံပြုလျက် ခေါင်းကလေးကိုမော့ကာ ခပ်ကြော့ကြော့ လျှောက်လျက်ရှိလေသည်။

အံ့ဩစရာကောင်းလောက်အောင်ပင် သမီးသည် ရွယ်တူကောင်လေးတွေ အပေါ်မှာ စိတ်ဝင်စားဟန် လုံးဝမပြချေ။

မောင်က မေ့ရဲ့လက်ကို ဆုပ်တွဲထားပြီး ...

"ကြည့်စမ်း မေ၊ မိဟေး တော်တော်စွဲတယ် တွေ့လား၊ သူ့နောက်က ကောင်လေးတစ်သိုက် ပါလာပြီ။ ကိုယ်သာ အဖေ ဆိုတော့ မျက်နှာတော့ ပူသားကွ၊ ဒီကောင်တွေကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ မေ"

www.burmeseclassic.com

www.burmeseclassic.com



မောင်က မေ့ကို တိုးတိုးကပ်၍ ပြောလေသည်။ မေက နှုတ်ခမ်းကလေးစေ့၍ အသာအယာ ပြုံးလိုက်ကာ ...

"ထားလိုက်ပါ မောင်ရယ်၊ သူတို့ လူငယ်သဘာဝ ဒီလိုနေရာမျိုးမှာ လွတ်လွတ်လပ်လပ် ပျော်ချင်ကြမှာပေါ့"

"အေးလေ ... အခြေအနေကို ကိုယ် စောင့်ကြည့်လိုက်မယ်၊ ဒီထက်နည်းနည်း ပိုအတင့်ရဲလာရင်တော့ မောင်နဲ့တွေ့မယ်"

မေသည် မောင့်ကို မသိမသာ ခိုး၍ကြည့်မိတော့ မောင်၏ မျက်နှာမှာ ဖခင်တစ်ယောက်၏ ကိုယ့်သမီးအပေါ် သဝန်တို ကာကွယ်လိုသော ရန်လိုမှုမျိုးကိုသာ တွေ့ရလေသည်။

မေတို့သုံးယောက်စလုံး လှိုင်းစီးလျက်ရှိစဉ် ထိုကောင်ကလေးတစ်သိုက်သည် သမီးဆီသို့ စတင်၍ ချဉ်းကပ်စ ပြုလေသည်။

သူတို့အချင်းချင်း ဆော့ကစားရင်း နောက်ပြောင်ကျီစယ်၍ သမီးအနားသို့ မရောက်ရောက်အောင် တိုးကပ်သွားကြလေသည်။

မေသည် သမီးကို လွှတ်မထားပဲ အသာအယာသာ အကဲခတ်လျက်ရှိသည်။

မောင်ကလည်း မေ့လိုပင် မသိမသာ လှမ်းအဲခတ်လျက် ရှိသည်။

"ဒီကောင်တွေကွာ အဖေနဲ့အမေ ပါလာတာတောင် တော်တော်ကဲတဲ့ ကောင်လေးတွေ"

ဟု မောင်က မချင့်မရဲ ရေရွတ်လိုက်သေးသည်။



မိဟေးသည် မိဟေးအနားမှာ ဝိုင်းရံလျက်ရှိသော ရွယ်တူကောင်လေးတွေကို နည်းနည်းကလေးမှ စိတ်မဝင်စားချေ။ သူတို့လာပြီး ချဉ်းကပ်နေတာကိုလည်း အဖက်မလုပ်ချေ။

သူတို့ဆီမှ သိပ်လှတာပဲကွာ၊ နတ်သမီးလေးကျနေတာပဲ၊ ခင်ချင်တယ်ကွာ၊ ခင်လို့ရမလားဟင် ... စသဖြင့် တစ်ယောက်တစ်ပေါက် တီးတိုးသံတွေ ထွက်ပေါ်လျက် ရှိသည်ကို မိဟေးသည် လုံးဝ ဥပေက္ခာပြုထားလေသည်။

သို့သော် ... ခဏအကြာမှာတော့ သူတို့ထဲမှ ခပ်သွက်သွက် ကောင်လေးတစ်ယောက်က မိဟေးနားသို့ ချဉ်းကပ်လာသည်။

"ဒီမှာကွာ ... တဆိတ်လောက်၊ ကျေးဇူးပြုပြီး နာမည်လေးပြောပြပါလားဟင်။ ကိုယ်တို့သူငယ်ချင်းတွေ အားလုံးက မင်းကို မိတ်ဆက်ချင်လို့တဲ့"

မိဟေးက ...

"မိတ်ဆက်ရအောင် ကျွန်မက မင်းသမီးမှ မဟုတ်တာ။ မိတ်လည်း မဆက်ချင်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဟိုဘက်မှာ ကျွန်မ အဖေနဲ့အမေ ရှိတယ်၊ တွေ့လား။ ရှင်တို့ဆက်ပြီး နှောင့်ယှက်နေရင် ကျွန်မအဖေရဲ့ လက်သီးနဲ့ပဲ မိတ်ဆက်ခွင့် ရလိမ့်မယ်"

မေရော မောင်ပါ သမီးပြောလိုက်သော အသံကို အတိုင်းသား ကြားရလေသည်။

မေ့ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားသည်မှာ သမီးဆီမှ ကျွန်မရဲ့အဖေ ဆိုသော အသုံးအနှုန်းကို ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသုံးအနှုန်းကြောင့် မောင်လည်း မေ့ကို လှမ်းကြည့်ကာ အားပါးတရ ပြုံးပြပါသည်။

အဲဒီအချိန်မှာ မေ့ရင်ထဲမှာ အတွေးတစ်ခု မထင်မှတ်ဘဲ ဖျတ်ခနဲ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ထိုအတွေးကြောင့် သမီးရဲ့ဖေဖေကိုတော့ မေ သိပ်ကို အားနာသွားပါသည်။ မေ့အတွေးသည် သေဆုံးသွားပြီဖြစ်သော သမီးရဲ့ ဖေဖေ အပေါ် တရားမျှတာရာမှ ကျပါရဲ့လား။

သို့သော် ... အခုလက်ရှိ အချိန်မှာတော့ သမီး၏ နှလုံးသားကို ကယ်တင်နိုင်ဖို့ မေ့မှာ ထိုအတွေးတစ်ခုသာ ထွက်ပေါက်ရှိလေသည်။

"မောင်"

မေက တိုးတိုးကလေး ခေါ်လိုက်မိသည်။

မောင်က မေ့ပခုံးကို ဖွဖွကလေး ပွေ့ဖက်ထားရင်း ...

"ပြောလေ မေ၊ မေ ဘာပြောချင်လဲ"

"သမီးသာ မောင့်အပေါ်မှာ တကယ့်အဖေရင်းတစ်ယောက်လို ချစ်သွားရင် ဘယ်လိုနေမလဲဟင်"

"သိပ်ကောင်းတာပေါ့ မေ။ ကိုယ်က မိဟေး အတွက် ပထွေးတစ်ယောက် မဖြစ်ချင်ဘူး၊ မိဟေးရဲ့ အဖေအရင်း တစ်ယောက်လိုပဲ တစ်သက်လုံး နေသွားချင်တာ ...

မိဟေးရဲ့ အမြင်မှာ ကိုယ်ဟာ သူနဲ့ဘာမှ သွေးသား မတော်စပ်တဲ့ သူစိမ်းယောကျ်ားတစ်ယောက်လို သတ်မှတ်ထားတာထက် ကိုယ့်ကို သူ့ရဲ့အဖေအရင်းတစ်ယောက်လို ယုံယုံကြည်ကြည်နဲ့ အားကိုးချစ်ခင်တာကိုပဲ ကိုယ်လိုချင်တယ် ...



အဲဒီယုံကြည်မှု ရအောင်လည်း ကိုယ် ကြိုးစားမှာပါ၊ ကိုယ့်ကို အချိန်တော့ နည်းနည်းပေးပါ မေ"

မောင်က ပြုံး၍ ပြောလေသည်။ မေ့ ရင်ထဲမှာ အေးမြငြိမ်းချမ်းသွားပါသည်။ မေ လိုချင်သည်မှာ မိသားစုကလေး တစ်ခု ဖြစ်သည်။

မေ သိပ်ချစ်ခဲ့ရသော၊ အခုအချိန်ထိလည်း ချစ်မြတ်နိုးဆဲဖြစ်သော ယောကျ်ားတစ်ယောက်နှင့် မေ့ရဲ့ ရင်ထဲ အသွေးအသားထဲကနေ ထွက်လာခဲ့သော မေ့ရဲ့သမီးကလေးနှင့် မေတို့ သုံးယောက်၏ သာယာလှပသော မိသားစုဘဝကလေးတစ်ခုကို မေ အလွန်ပဲ လိုချင်တောင့်တမိပါသည်။

မေ့ကို ခွင့်လွှတ်ပါ သမီးရဲ့ဖေဖေရယ်၊ ရှင့်အပေါ် ကျွန်မတရားချင်မှ တရားမယ်၊ ဒါပေမဲ့ သမီးရဲ့ မှားယွင်းနေတဲ့ စိတ်နှလုံးကို ကယ်တင်ပြင်ဆင်ဖို့အတွက် မေ့မှာ အဲဒီလက်နက်ပဲ ရှိတော့တယ်။

✤ ♦ ✤

www.burmeseclassic.com

www.burmeseclassic.com



သမီးသည် မောင့်အပေါ် လိုအပ်တာထက် ပို၍ တရင်းတနှီး လွန်ကဲစွာ ဆက်ဆံတတ်သည်ကို မေ သတိထားမိပါသည်။

"ဦးနေ့ ... မိပေါးတို့ အပြေးပြိုင်တမ်း ကစားရအောင်"

ဟုဆိုပြီး မောင်နှင့် အပြေးပြိုင်တမ်း ကစားကြသည်။

မောင်က အရှေ့မှ ပြေးနေသောအခါ သမီးသည် နောက်မှအမီလိုက်ကာ မောင် ဆက်မပြေးနိုင်အောင် မောင်၏ ဆွယ်တာအင်္ကျီကို အတင်းပင် ဆွဲထားလေသည်။

သမီး၏ ဒိုင်ယာရီကို မေက ဖတ်မထားမိဘူးဆိုလျှင်တော့ ထိုမြင်ကွင်းသည် မေ့အတွက် ကြည်နူးဖွယ် ကောင်းမှာအသေအချာပဲ ဖြစ်သည်။ အခုတော့ မေသည် သမီး၏ ခိုးကြောင်ခိုးဝှက် ပြစ်မှားလျက်ရှိသော စိတ်ကလေးကို သိမြင်နေသောကြောင့် သမီးအတွက် ရင်လေးပူပန်နေမိလေသည်။

တစ်ခါတစ်ရံမှာ သမီးသည် မောင့်၏ ပခုံးတစ်ဖက်တွင် ရိုးလေးခိုစီးလျက် ကလေးတစ်ယောက်သဖွယ် အားပါးတရ ရယ်မောတတ်ပြန်သည်။

ကမ်းခြေသဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်ထွက်သောအချိန်တွင် သမီးသည် မေနှင့် မောင့်အကြား အလယ်



မှနေ၍ မောင်နှင့်မေ့၏ လက်တစ်ဖက်စီကို ခပ်တင်းတင်း ဆုပ်တွဲထားပါလေသည်။

အဲဒီအချိန်မှာ သမီး၏ စိတ်ထဲမှာ ဘယ်လိုခံစားမှုမျိုးများ ရှိနေမှာပါလိမ့်။ တကယ့်မိသားစုလေးတစ်ခုလို သမီးခံစားနေမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

သို့သော် သမီး၏ မောင့်ကို တစ်ချက်တစ်ချက် ခိုး၍ ကြည့်တတ်သော မျက်ဝန်းတွေထဲမှာ မရိုးသားသော အရိပ်ကလေးများ စွက်ဖက်လျက် ရှိသောအခါတွင် မေ့ရင်မှာ နာကျင်ရလေသည်။

အဲဒီလို မဖြစ်သင့်ဘူး သမီးရယ်။ သမီးရဲ့စိတ်ကစားမှုဟာ အစွန်းရောက်နေပြီ။

မေသည် သမီးအပေါ် အပြစ်မမြင်နိုင်ပဲ သနားကြင်နာလျက်သာ ရှိလေသည်။

တစ်ခုသော ညတစ်ညတွင် မေသည် သမီးကိုခေါ်ကာ ...

"မောင် ... သမီးနဲ့မေ နှစ်ယောက်တည်း ခဏတဖြုတ် လမ်းလျှောက်ရင်း စကားပြောချင်တယ်"

ဟု မောင့်ကို ဖွင့်ပြောကာ မောင့်ကို သိသိသာသာပင် ချန်ရစ်ထားခဲ့လေသည်။

မောင်က နားလည်အလိုက်သိစွာ ချန်ရစ်ခဲ့သည်။

"သိပ်အဝေးကြီးတော့ မသွားနဲ့မေ၊ မောင် ဒီကနေ လှမ်းကြည့်နေမယ်"

ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် သမီး၏ ပခုံးကလေးကို ခပ်ကျစ်ကျစ် ဖက်ထားရင်း သဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်ထွက်ခဲ့လေသည်။

သမီး[redacted]မေ့၏ခါးကလေးကို ပြန်၍ ပွေ့ဖက်ထားသည်။

"သမီး ပျော်ရဲ့လားဟင်"

"သိပ်အပျော်ကြီးတော့ မဟုတ်ဘူး မေမေ၊ ဒါပေမဲ့ မိဟေး ပျော်အောင်ကြိုးစားနေပါတယ်"

"မိဟေး ဦးနေအပေါ် ဘယ်လိုသဘောထားသလဲဆိုတာ မေမေ သိချင်တယ်"

"ဘာကိုလဲ မေမေ၊ ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

မိဟေးသည် မေမေ့၏ မေးခွန်းကြောင့် ရုတ်တရက် စိတ်ထဲတွင် မလုံမခြုံဖြစ်ကာ ထိတ်ခနဲ ဖြစ်သွားလေသည်။

မေမေ့မျက်နှာဆီ ကပျာကယာ လှည့်ကြည့်မိ၏။ မေမေကတော့ ညင်သာစွာ ပြုံးလျက်ပဲ ရှိလေသည်။

"ဘာမှ ဖြစ်လို့တော့ မဟုတ်ပါဘူး မိဟေးရယ်၊ မေမေ သိချင်လို့ပါ၊ ဦးနေကို မိဟေး ဘယ်လိုမြင်လဲ၊ သူဟာ ဘယ်လိုယောကျ်ားတစ်ယောက်လဲ ဆိုတာ မေမေ သိချင်လို့ပါ"

"မိဟေး အမှန်အတိုင်း ပြောမယ်နော်။ ဟိုးအရင် သူ့ကို မတွေ့ရခင်တုန်းက မေမေ့ကို သူ့လက်ထဲ ပါသွားမှာ စိုးရိမ်တဲ့စိတ်နဲ့ သူ့ကို မုန်းတောင်မုန်းနေခဲ့သေးတယ် ...



ဒါပေမဲ့ မေမေနဲ့ သူ့ကို ခွဲမယ်ဆိုတဲ့ အကြံအစည်နဲ့ မိဟေး သူ့အိမ်ရောက်အောင် သွားခဲ့ပြီးတဲ့နောက်မှာတော့ မိဟေး သူနဲ့အတူတူ နေခဲ့ရတဲ့ အချိန်တွေမှာ သူ့အကြောင်း တော်တော်များများကို သိလာခဲ့တယ် မေမေ ...

ဦးနေဟာ အထင်ကြီး လေးစားစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ။ သူ့မှာ ယောကျ်ားတော်တော်များများမှာ မရှိနိုင်တဲ့ အရည်အချင်းတွေ အစွမ်းအစတွေ ရှိတယ် ...

မိဟေး အကြောင်းလည်း မေမေ သိသားပဲ။ တော်ရုံတန်ရုံ ယောကျ်ားတစ်ယောက်ကို မိဟေး အထင်ကြီးတတ်တာ မဟုတ်ဘူး။ မိဟေး ဘဝမှာ မိဟေး အထင်အကြီးဆုံး ယောကျ်ားဟာ ဖေဖေပဲ ...

ဒါပေမဲ့ ဦးနေနဲ့ တွေ့တဲ့အခါကျတော့ ဦးနေက မိဟေး ထင်ထားတာထက် အများကြီး ပိုတော်နေခဲ့တယ် ...

မိဟေး ရိုးရိုးသားသား ဝန်ခံရရင် ဦးနေဟာ ဖေဖေ့ထက်တောင် အများကြီး ပိုတော်နေသေးတယ် ...

ပြီးတော့ ... သူ့မှာ ရင့်ကျက်ပြည့်ဝတဲ့ ယောကျ်ားပီသတဲ့ စိတ်ဓာတ်လည်း ရှိတယ်၊ လူတိုင်းအပေါ်မှာ ဂရုတစိုက် ကြင်ကြင်နာနာနဲ့ ဆက်ဆံတတ်တယ်၊ အို ... သူ့ဆီမှာ မိဟေး လေးစားအထင်ကြီးစရာ အချက်တွေ အများကြီးပါပဲ မေမေ ...

ဒါကြောင့်လည်း နောက်ဆုံးမှာ မေမေ့ကို သူနဲ့ မိဟေး သဘောတူခဲ့မိတာပေါ့။ မိဟေး ထင်ခဲ့တာက ဒီ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမှာ မေမေနဲ့ တူတဲ့တန်တဲ့ ယောကျ်ား မရှိတော့ဘူး လို့ ထင်ထားခဲ့တာ … ဒါပေမဲ့ ဦးနေကတော့ မေမေနဲ့ အထိုက်တန်ဆုံး ယောကျ်ားတစ်ယောက်ပါ မေမေ။ ဦးနေရဲ့အချစ်ခို ရတာ မေမေ့လောက် ကံကောင်းတဲ့မိန်းမ ဒီလောကမှာ မရှိတော့ပါဘူး …

ပြီးတော့ … မိဟေး သိရသလောက် ဦးနေဟာ မေမေ့ကို သိပ်ကိုချစ်တာ။ ဒီလောကမှာ ယောကျ်ားတစ်ယောက်ဆီက စစ်မှန်ပြီး လေးနက်ခိုင်မြဲတဲ့အချစ်ကို ရဖို့ဆိုတာ သိပ်ကို မလွယ်လှတဲ့ ကိစ္စတစ်ခုပဲ မေမေ …

မေမေဟာ ကံအကောင်းဆုံး မိန်းမတစ်ယောက်ပါ”

မိဟေးသည် ထိုစကားများကို လေးလေးနက်နက် ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ စိတ်ပါလက်ပါ ပြောနေခြင်းဖြစ်လေသည်။

မေသည် မိဟေး၏ စကားများဆီမှနေ၍ မိဟေး၏ စိတ်အတွင်းကို လှမ်း၍ဖတ်မိလေသည်။

မေ ထင်ထားတဲ့ အတိုင်းပါပဲ။ မိဟေးသည် မောင့်အပေါ်မှာ အထင်ကြီး လေးစားစိတ်ဖြင့် မြတ်နိုးငြိတွယ်သွားခဲ့ခြင်း ဖြစ်သည်။ မိဟေး၏ ဘဝတွင် အထင်ကြီးလေးစားစရာ ယောကျ်ား မတွေ့ဖူးခဲ့ချေ။

မောင်သည် မိဟေး အတွက် သူရဲကောင်းတစ်ယောက် ဖြစ်သွားခဲ့သည်။ အဲဒီ အထင်ကြီးလေးစားစိတ်ပေါ်မှာ မြစ်ဖျားခံပြီး မိဟေးသည် မောင့်အပေါ်မှာ စိတ်ကစား ငြိတွယ်သွားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။



ထို့ကြောင့် မေသည် သမီးအပေါ်မှာ ပိုပြီးတော့ အပြစ်မမြင်ရက်တော့ပေ။ တကယ်တော့ ဒီအဖြစ်အပျက်မှာ ဘယ်သူ့ရဲ့ အပြစ်မှ မပါဝင်ပါ။ အားလုံးသည် ကံကြမ္မာအတိုင်း အလိုအလျောက် ဖြစ်ပျက်သွားခဲ့ခြင်းသာ ဖြစ်သည်။

“ဒါနဲ့ စကားမစပ် သမီးကို မေမေ မေးရဦးမယ်၊ သမီးမှာ ချစ်သူတွေ ဘာတွေရော ရှိနေပြီလား”

မေသည် အသံကို တမင်ဖော့လျက် ခပ်ဖော့ဖော့ကလေး မေးလိုက်လေသည်။

မိဟေးက ရှက်သွေးဖြာသွားသော အပြုံးကလေးဖြင့် …

“အို … မေမေကလည်း ချစ်သူရယ်လို့တော့ မရှိသေးပါဘူး မေမေ။ မေမေ သိတယ်မှလား။ အခုခေတ် ယောကျ်ားလေးတွေက အထင်ကြီးစရာမှ မကောင်းတာ။ လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ မိဟေး အတွက်တော့ ကိုယ်လေးစားအထင်ကြီးလောက်တဲ့ အရည်အချင်းတွေ စုံတွေ့နဲ့ပြည့်နေမှသာ အဲဒီလူကို ချစ်လို့ရမှာ မေမေရဲ့ …

ပြီးတော့ … မိန်းမတစ်ယောက် ကံကောင်းဖို့ဆိုတာ ကိုယ်ချစ်မိသွားတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကို ချစ်ဖို့လည်း လိုသေးတယ်လေ။ ကိုယ့်ကို ဘယ်လိုမှ ပြန်မချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို တိတ်တခိုး ချစ်မိနေရင်လည်း အဲဒီမိန်းမဟာ ကံဆိုးတာပဲ”

မေသည် မိဟေး၏ စကားများကြောင့် ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာကာ ကြက်သီးမွေးညင်းများပင် စိမ့်ဖြာလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဟေးသည် ဘာကိုရည်ရွယ်ပြီး ပြောနေသလဲဆိုတာကို မေ ကောင်းစွာ နားလည်ရိပ်မိပါသည်။ မေ့ ရင်ထဲတွင် သမီးကို သနားသောစိတ်ဖြင့် ပြင်းပြင်းပြပြ ငိုချင်လာခဲ့မိသည်။

"ပြောပါဦး မိဟေးရယ်၊ မိဟေးက ကံဆိုးတဲ့မိန်းမတစ်ယောက် ဖြစ်နေလို့လား။ မိဟေး ဘဝမှာ တိတ်တခိုးချစ်မိတဲ့ ယောက်ျားတစ်ယောက်များ ရှိနေလို့လား"

မေသည် ထိုစကားကို ပြောချိန်မှာ အသံမတုန်မအက်အောင် အတော်ကြိုးစားပြီး ပြောရလေသည်။

မိဟေးသည် ဦးခေါင်းကလေး ငိုက်စိုက်ကျသွားကာ သက်ပြင်းမှေးမှေး ချလေသည်။

"မေမေရယ် ... ဖြစ်နိုင်ရင် မေမေ့ကို မညာချင်ပါဘူး။ မိဟေး မကွယ်မဝှက်ပဲ ဝန်ခံချင်ပါတယ်။ မိန်းကလေးပဲ မေမေရယ်။ ဒီအရွယ်ရောက်မှတော့ မိဟေးရဲ့ နှလုံးသားထဲမှာ တစ်ယောက်ယောက်တော့ ရှိနေပြီပေါ့ ...

ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မေမေ။ အဲဒါကို မိဟေး လွဲမှားစွာ စိတ်ကစားမိတာလို့ပဲ သတ်မှတ်ပါတယ်။ တစ်ချိန်ချိန်ကျတော့ အားလုံးပြီးသွားမှာပါ မေမေ။ အခုအချိန်မှာတော့ မိဟေး ရင်ထဲမှာ ခံစားနေရတုန်းပေါ့"

"သမီးရယ် ... မေမေ စိတ်မကောင်းလိုက်တာ"

မေသည် မိဟေး၏ ပခုံးစွန်းကလေးကို အသာအယာ ဖျစ်ညှစ်နှစ်သိမ့်လိုက်မိလေသည်။

"အဲဒီလူကကော သမီးချစ်နေတာကို မရိပ်မိဘူးလား"



"သူ ရိပ်မိချင်ရင်လည်း ရိပ်မိမှာပေါ့ မေမေ။ ယောက်ျားတစ်ယောက်ပဲ။ ဒါပေမဲ့ သူ ရိပ်မိနေတယ် ဆိုတာကို မိဟေး သိအောင် မပြခဲ့ပါဘူး ...

ပြီးတော့ ... သူ့မှာ သိပ်ချစ်ရတဲ့ လက်ထပ်ရမဲ့ မိန်းမတစ်ယောက် ရှိနေတယ် မေမေ၊ တကယ်တော့ အဲဒီအဖြစ်အပျက်ကြီးဟာ သိပ်ပြီးရှက်ဖို့လည်း ကောင်းပါတယ်။ မိဟေးကိုယ် မိဟေး အပြစ်သိပ်ကြီးသလို ခံစားရတယ်။ မဖြစ်သင့်တဲ့ အဖြစ်ကြီးတစ်ခုလို မိဟေး ရင်ထဲမှာ မွေးထားခဲ့မိတဲ့အတွက် မိဟေး ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်လို့ မဆုံးဘူး ...

တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်ပြီးတော့ သတ်ပစ်ချင်လောက်အောင် မုန်းတီးမိတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်လည်းသေးတယ်၊ စက်လည်းစက်ဆုပ်တယ်"

မိဟေးသည် ပြောရင်း အသံကလေးတုန်အက်သိမ့်င်သွားကာ မျက်ဝန်းထဲမှ မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းာခဲ့လေသည်။

မိဟေး ရင်ထဲတွင် ဘယ်လောက် နစ်နေအောင် ခံစားရမလဲ ဆိုတာ မေ ကိုယ်ချင်းစာပါသည်။

"မိဟေး အတွက်တော့ အချစ်ဆိုတာကြီးဟာ ပထမဆုံး အကြိမ်နဲ့တင် သိပ်ကို ဆိုးရွားလွန်းပါတယ် မေမေ ...

မေမေကတော့ ကံကောင်းပါတယ်။ မေမေ သိပ်ချစ်တဲ့၊ မေမေ့ကိုလည်း သိပ်ချစ်တဲ့ ယောက်ျားတစ်ယောက်နဲ့ ပေါင်းခွင့်ရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး သမီး။ မိဟေး မှားနေပြီ။ မိန်းမငယ် ဟာ ဘဝမှာ တစ်ချိန်တော့ အချစ်ရေးမှာ ကံဆိုးတတ် တာပဲ ...

မေမေလည်း သမီးအရွယ်တုန်းက ရင်နဲ့မဆံ့အော တနင့်တပိုး ခံစားခဲ့ရဖူးပါတယ်၊ အဲဒါ အချစ်ကြောင့်ပေ အချစ်ဆိုတာ အချစ်ရဲ့ဖမ်းစားခြင်းကို ခံရသူတိုင်း ဘယ်သူ ကံမကောင်းနိုင်ကြပါဘူး သမီးရယ် ...

လူတိုင်း လူတိုင်းမှာ လျှို့ဝှက်ချက်ကိုယ်စီ ရှိတ ကြပါတယ်။ မေမေ့မှာလည်း အဲဒီအချစ်နဲ့ ပတ်သက် လျှို့ဝှက်ချက်ကြီးတစ်ခု ရှိခဲ့ဖူးပါတယ်။ အဲဒီအကြောင်း မိဟေးကို မေမေ ရင်ဖွင့်ပြောပြချင်ပါတယ်။ မိဟေး နား ထောင်ပေးမလားဟင်"

"နားထောင်ပေးမှာပေါ့ မေမေ"

"အဲဒီတော့ မိဟေးကို မေမေ တစ်ခုတောင်းပန်ချင်သေ တယ်၊ မေမေ့ရဲ့ လျှို့ဝှက်ချက်ကြီးကို မိဟေး သိသွားပြ တဲ့အခါ မေမေ့အပေါ်မှာ နားလည်ခွင့်လွှတ်ပေးစေချ တယ် မိဟေးရယ်"

"မေမေ့အပေါ် မိဟေး ဘယ်တော့မှ အပြစ်မမြင်ပါဘူ မေမေ"

မေသည် ဘဝတွင် ဘယ်တုန်းကမှ မလိမ်ခဲ့ဖူးသော မုသားတစ်ခုကို သမီးအား ပြောရတော့မည် ဆိုသောအခါ မေ ရင်ထဲတွင် လှုပ်ခနဲ နင့်လာလေသည်။



မေသည် သမီးကိုမလိမ်ချင်ပါ။ သို့သော် မေမလိမ် ၍ မဖြစ်တော့ချေ။ မေသည် သမီး၏ခေါင်းကလေးကို မေ့ရင်ခွင် ထဲသို့ ဆွဲသွင်းထားလိုက်ကာ ရင်တဒိတ်ဒိတ် ခုန်လာလေသည်။

"မိဟေး ... သမီးရဲ့ဖေဖေကို သိပ်ချစ်တာပဲလားဟင်"

ဟု တိုးတိုးညင်ညင်ကလေး မေးလိုက်မိလေသည်။

သမီးက မေ့ကို အံ့ဩနားမလည်နိုင်သော မျက်ဝန်းများဖြင့် မော့ကြည့်ကာ ...

"ဘယ်လို မေးလိုက်တာလဲ မေမေ။ မိဟေး ဘဝမှာ မိဟေး အချစ်ရဆုံး လူသားနှစ်ယောက်ပဲ ရှိတယ်၊ အဲဒါ ဖေဖေနဲ့ မေမေပဲ"

"မိဟေး အပေါ်မှာ မေမေ တစ်သက်လုံး ညာထားခဲ့မိတယ် ဆိုရင် မိဟေး မေမေ့ကို မုန်းသွားမလားဟင်"

မိဟေးသည် ရင့်ကျက်သော အပြုံးကလေးဖြင့် မေ့ ကို ပြုံးပြလိုက်ကာ ...

"မေမေရယ် ... လောကမှာ လိမ်တယ်ဆိုတာ နှစ်မျိုးပဲ ရှိပါတယ်။ တစ်မျိုးက အမှန်တရားဟာ သိပ်ခါးသီးနေတဲ့ အတွက် အဲဒီအခါးဒဏ်ကို မခံစားစေချင်တဲ့ စေတနာနဲ့ လိမ်တဲ့ စေတနာအလိမ်မျိုး ရှိသလို၊ သူတစ်ပါးပျက်စီးနစ် နာအောင် နာကျင်ထိခိုက်အောင် မလိုမုန်းထားစိတ်နဲ့ စိတ်ပုပ်ပြီးလိမ်တဲ့ လိမ်ခြင်းမျိုး နှစ်မျိုးထဲပဲ ရှိတာပါ ...

မေမေက သမီးကို လိမ်ခဲ့တယ်ဆိုရင် ဘယ်တော့ဆို ပထမအမျိုးအစား လိမ်ခြင်းမျိုးနဲ့ပဲ လိမ်မှာပေါ့၊ မဟုတ်ဘူး လား"

www.burmeseclassic.com

www.burmeseclassic.com



သမီးသည် မေ ထင်မှတ်မထားလောက်အောင် သည်ရက်ပိုင်းအတွင်းမှာ မယုံနိုင်လောက်အောင် ရင့်ကျက်လူကြီး ဆန်သွားခဲ့လေသည်။

"အဲဒီအတွေးကို မိဟေး ဘယ်ကရသလဲဟင်"

မိဟေးသည် နှုတ်ခမ်းကလေး စေ့ယှက်ပြုံးလိုက်ကာ ပခုံးကလေးကို ကြွတ်လိုက်သည်။

"အဲဒါ ဦးနေဆီက ရခဲ့တဲ့ သင်ခန်းစာတွေပေါ့ မေမေ ဦးနေဟာ မိဟေး ဘဝအတွက် အပြောင်းအလဲ တစ်ခု မိဟေးကို ရင့်ကျက်သွားအောင်၊ ဘဝမှာ နေတတ်အောင် ဦးနေက မသိမသာလေး သင်ပေးသွားခဲ့တာ။ သူ့ဆီက မိဟေး အတုယူခဲ့ရတာတွေ အများကြီးပဲ မေမေ"

မေသည် သက်ပြင်းကလေးကို ခိုး၍ရှိုက်မိလေသည်။ သမီး၏ စကားတွေတိုင်းမှာ မောင့်အပေါ် အထင်ကြီး ကိုးစားမှု တွေ အစဉ်အမြဲ ပေါ်လျက်ရှိသည်။

"ဟုတ်တယ် မိဟေး။ မေမေ့ဘဝမှာ လူနှစ်ယောက်ကို မေမေ လိမ်ခဲ့ရတယ်။ အဲဒီလိမ်ခြင်းဟာ မိဟေး ပြောတဲ့ ပထမအမျိုးအစား လိမ်ခြင်းမျိုးပါ ...

ဟုတ်တယ် မိဟေး ... မေမေ ရင်ဆိုင်ခဲ့ရတဲ့ အမှန် တရားဟာ သိပ်ပြီးတော့ ခါးသီးလွန်းတယ်။ အဲဒီအခါး ကြီးကို ရင်မဆိုင်စေချင်လို့ မေမေ အဲဒီလူနှစ်ယောက်ကို လိမ်ခဲ့မိတာ"

မိဟေး၏ မျက်ဝန်းကလေးများသည် စိတ်ဝင်စားမှု ဖြင့် တောက်ပလက်ဖြာလာလေသည်။



"အဲဒီလူနှစ်ယောက်ဟာ ဘယ်သူလဲ မေမေ"

ဟု စိတ်လှုပ်ရှားသံကလေးဖြင့် မေးလေသည်။

"ပထမဆုံးတစ်ယောက်က မိဟေးရဲ့ ဖေဖေ"

မေသည် ထိုစကားကို ပြောလိုက်ရစဉ် ခဏတွင် မေ့ကိုယ်မေ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီး အထင်သေးမိ သွားလေသည်။

မိဟေးက မျက်လုံးအဝိုင်းသားကလေးဖြင့် မေ့ကို စေ့စေ့ကြည့်ကာ ...

"ဒုတိယတစ်ယောက်ကရော မေမေ"

ဟု ဆက်၍ မေးပြန်သည်။

မေ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ချက်ချင်း ပြည့် သီလာခဲ့လေသည်။ မေ တော်တော်နှင့် ပြောမထွက်ရက်ပါ။

မေ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်လျက် ရှိသည်ကို သမီးက ကရုဏာမျက်ဝန်းများဖြင့် ငေးကြည့်နေလေ သည်။

ခဏအကြာတွင် မေ့မျက်ဝန်း ထောင့်စွန်းဆီမှ မျက်ရည်စီးကြောင်းနှစ်ခုသည် လိမ့်ဆင်းသွားလေသည်။

မိဟေးက မေ၏ ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်း ကလေးကို အသာအယာ ကြင်နာယုယစွာ သုတ်ပေးလေသည်။

"မေမေ မပြောတာနဲ့ မေမေ့ရဲ့ အဖြေကို မိဟေး ခံစားမိတယ်၊ မေမေ လိမ်ခဲ့တဲ့ ဒုတိယလူဟာ မိဟေးပေါ့ ဟုတ်လား"

မိဟေး၏ အသံမှာ အက်ကွဲခြောက်သွေ့လျက်ရှိ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ့ထံမှ ရှိုက်သံသည် ကျယ်လောင်စွာ ထွက်သွားလေသည်။

မိဟေးက မေ့ကို တင်းကျပ်စွာ ပြန်လည်၍ ပွေ့ဖက်ထားသည်။

"မေမေ ... ဘာကို လိမ်ခဲ့သလဲဆိုတာ မိဟေး သိချင်တယ် မေမေ။ ဘယ်လောက်ခါးသီးတဲ့ အမှန်တရားပဲဖြစ်ပါစေ အဲဒီအခါးကို အဲဒီခါးတဲ့အဏ်ကို မိဟေး အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ခံနိုင်စွမ်းရှိအောင် ရင်ဆိုင်ပါ့မယ် မေမေ။ အဲဒီအမှန်တရားဟာ ဘာလဲ။ မေမေ ဖေဖေနဲ့ မိဟေးကို ဘယ်လိုများ လိမ်ခဲ့မိလို့လဲ"

မေသည် စိတ်မကောင်းလွန်းစွာ တသိမ့်သိမ့် ငိုရှိုက်မိလေသည်။ မိဟေးသည် မေမေ ဤမျှ စိတ်လှုပ်ရှား ထိခိုက်စွာ ငိုကြွေးနေသည်ကို တစ်ခါမျှ မတွေ့ခဲ့ဘူးချေ။

မေမေ့ကို ကြည့်ရင်း မိဟေး သနားလာလေသည်။ ဘယ်လောက်ပဲ ဆိုးရွားတဲ့ လိမ်လည်မှုတစ်ခုကို ကျူးလွန်ခဲ့သည်ဖြစ်ပါစေ မိဟေးသည် မေမေ့ကို ခွင့်လွှတ်ဖို့ အဆင်သင့် ပြင်ဆင် ထားခဲ့လေသည်။

"မေမေ့ကို ခွင့်လွှတ်ပါ မိဟေးရယ်"

မေက ရှိုက်သံများဖြင့် ဗလုံးဗထွေး ပြောလေသည်။

"ခွင့်လွှတ်ပါတယ် မေမေ။ မေမေ့ကို မိဟေး အမြဲတမ်း ခွင့်လွှတ်ပါတယ်"

မေသည် ထိုစကားကို ပြောရကောင်းနိုး၊ မပြောရကောင်းနိုး ချီတုံချတုံ ဖြစ်လျက်ရှိသည်။



တကယ်တော့ မေသည် အစုမှ စတင်ပြီး သမီးကို လိမ်ရမှာပါ။ မိဟေးရဲ့ မိဟေး ဖေဖေအပေါ်တွင် လုံးဝ တရားမျှတမှု မရှိသော ထိုမုသားစကားသည် မေ့လည်ချောင်းဝအထိ တလိမ့်လိမ့် တက်လာခဲ့လေသည်။

မေ့ နှုတ်ခမ်းကလေး ဖွင့်ဟလိုက်ရုံဖြင့် ထိုမုသားစကားသည် မိဟေး၏ နှလုံးသားဆီသို့ တိုက်ရိုက် စီးဝင်သွားလိမ့်မည်။

ထိုမုသားကို မိဟေးသည် အမှန်တရားအဖြစ် တစ်သက်လုံး မှားယွင်းစွာ စွဲမြဲလက်ခံသွားတော့မည် ဖြစ်လေသည်။

အဲဒီအတွက် မေ့ တရားပါရဲ့လား။ မေ၏ ပြဿနာဖြေရှင်းပုံသည် တစ်ဖက်စွန်း ရောက်လှမှန်း မေ ကိုယ်တိုင်လည်း သိဟသည်။

သို့သော် မေသည် သမီး၏ ရင်ထဲမှာ နက်ရှိုင်းစွာ စိုက်ဝင်လျက်ရှိသော ထိုဆူးကို နုတ်ယူဖို့ အဲဒီလက်နက်ကိုသာ ရှာတွေ့ပါသည်။

"သမီးကို မေမေ ပြောပြချင်တယ်၊ မေမေနဲ့ ဦးနေဟာ ဟိုးငယ်ငယ်ကလေးတည်းက ချစ်ခဲ့ကြတဲ့ ငယ်ချစ်တွေဆိုတာ သမီး သိတယ်နော် ...

မေမေတို့နှစ်ယောက်ဟာ ကလေးဘဝတည်းက သံရောဇဉ် ငြိတွယ် ခိုင်းမာလာခဲ့ကြတာ အရွယ်ရောက်လာတဲ့အချိန်မှာ မေမေတို့ နှစ်ယောက် ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မိဟေးသည် မေမေ ပြောပြသမျှကို ဦးနေ၏ ဒိုင်ယာရီများထဲမှ သိရှိပြီး ဖြစ်လေသည်။

သို့သော် မိဟေးသည် မသိချင်ဟန်ဆောင်လျက် မေမေ ပြောသမျှကို စိတ်ဝင်တစား နားထောင်လျက် ရှိလေသည်။

"မိဟေးဟာ မေမေ့သမီးမို့ မေမေ မရှက်တမ်း ဝန်ခံရရင် မေမေတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးတော့ ချစ်ခဲ့ကြတယ် ...

ဘယ်လောက်ထိအောင် ချစ်ခဲ့ကြသလဲ ဆိုရင် တစ်ယောက်မရှိရင် တစ်ယောက် မနေတတ်တော့သလိုပဲ။ နှစ်ကိုယ့်တစ်စိတ် ချစ်ခဲ့ကြတာ ...

ဒါပေမဲ့ ဦးနေက တစ်ကောင်ကြွက်လေ။ သူ့မှာ မိဘတွေ မရှိတော့ဘူး။ သူ့ကို မွေးစားထားတဲ့ မိဘတွေနဲ့ အတူနေရတာဆိုတော့ သူ့ခမျာ ချို့တဲ့ရှာတယ် ...

မေမေတို့ကတော့ အဲဒီခေတ်အခါအလျောက်မှာတော့ လူချမ်းသာစာရင်းဝင်တွေပေါ့ သမီးရယ်။ မေမေတို့ ချစ်နေကြတာကို မေမေ့ရဲ့ ဖေဖေ သမီးရဲ့ ဘိုးဘိုး သိသွားခဲ့တယ်"

မိဟေးသည် မေမေ ပြောမည့် စကားတွေ အားလုံးကို အစအဆုံး ကြိုပြီး သိနေခဲ့သောကြောင့် မေမေ ဘာကို ရည်ရွယ်ပြီးတည်နေသလဲဆိုတာကို နားမလည်နိုင်ဖြစ်လျက် ရှိလေသည်။

"ဘိုးဘိုးက သိသွားတော့ သဘောမတူဘူးလို့တော့ တိုက်ရိုက်ကြီး မပြောခဲ့ပါဘူး သမီးရယ်။ ဒါပေမဲ့ မေမေ့ကို ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ် ထားနိုင်လောက်တဲ့



စီးပွားဥစ္စာ ရှိတဲ့အထိ ရှာဖို့ အခွင့်အရေးတစ်ခု ပေးခဲ့တယ် ... ဦးနေအတွက် ဘိုးဘိုး ကိုယ်တိုင်ပဲ အရင်းအနှီး စိုက်ထုတ်ပေးခဲ့တယ်။ ဒါပေမဲ့ အဲဒီအရင်းအနှီးဟာ ဘိုးဘိုးရဲ့ ကိုယ်ပိုင် ပိုက်ဆံတော့ မဟုတ်ဘူး။ သမီးရဲ့ ဖေဖေရဲ့ အရင်းအနှီး ငွေတွေပဲပေါ့ ...

ပြီးတော့ ဦးနေကို အလုပ်လုပ်ခိုင်းတဲ့ နေရာကလည်း သမီး ဖေဖေရဲ့ လက်အောက်မှာပဲ။ သမီး ဖေဖေက မေမေ့ကို ဟိုးအရင်ကတည်းက သဘောကျနေခဲ့တာ။ အဲဒါကို မေမေက မရိပ်မိခဲ့ဘူး။ ဖေဖေကတော့ ရိပ်မိပုံရတယ် ...

တကယ်တော့ အဲဒီလှည့်ကွက်ဟာ ဖေဖေနဲ့ သမီးရဲ့ မေမေတို့ ပေါင်းပြီး စီစဉ်ခဲ့ကြတာလည်း ဖြစ်ချင်ဖြစ်လိမ့်မယ် ...

သမီးရဲ့ ဖေဖေက ဦးနေရဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်သွားခဲ့တာပေါ့ ...

နှစ်နှစ်လောက်အကြာမှာ ဦးနေဘက်မှာ မေမေ့ကို တင့်တင့်တယ်တယ် ထားဖို့ အခြေအနေတစ်ခု မရောက်သေးခင်မှာပဲ သမီးရဲ့ ဘိုးဘိုးက မေမေ့ကို သမီးဖေဖေနဲ့ လက်ထပ်ဖို့ စီစဉ်တော့မှာပဲ ...

အဲဒီအချိန်မှာ ဦးနေကို မေမေ လှမ်းခေါ်လိုက်တယ်။ ဦးနေ ရောက်လာတော့ သမီးရဲ့ ဘိုးဘိုးက သူ့မှာ ဘာမှ ပေါက်မရှိတော့လို့ မေမေ့ကို သမီး ဖေဖေနဲ့ ပေးစားရတော့မယ်လို့ ပြောခဲ့တယ် သမီး ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဦးနေရဲ့ စိတ်ထားကိုလည်း သိသင့်သလောက် သိပြီးပြီပဲ။ ဦးနေဟာ ကျေးဇူးသိတတ်တဲ့၊ ကိုယ့်ကြောင့် သူတစ်ပါးမှာ အနှောင့်အယှက် ဖြစ်မှာကို မလိုလားဘူး။ သူကသာ အနစ်နာခံပြီး ငဲ့ညှာပေးလိုက်ချင်တာ ...

နောက်ဆုံးတော့ မေမေတို့နှစ်ယောက် နှစ်ဦးသဘောတူ ထွက်ပြေးဖို့ ရပါလျက်နှင့် သမီးဖေဖေနဲ့ သမီးရဲ့ဘိုးဘိုး စိတ်ချမ်းသာအောင် မေမေတို့ ချစ်သူနှစ်ယောက် နားလည်စွာ လမ်းခွဲလိုက်ကြတယ် ...

ဒါပေမဲ့ သမီး။ မေမေတို့နှစ်ယောက် ဘယ်လောက်ထိ တစ်ယောက်ကိုတစ်ယောက် စွဲစွဲလမ်းလမ်း ချစ်ခဲ့ကြသလဲ ဆိုတာ မေမေတို့နှစ်ယောက်ကလွဲလို့ ဘယ်သူမှ နားမလည်နိုင်ပါဘူး ...

အဲဒီလောက် ချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ယောက်ဟာ တစ်သက်လုံး ဘယ်တော့မှ ပေါင်းခွင့်မရတော့ဘဲ ဝေးကြရတော့မယ်ဆိုတဲ့ အသိနဲ့ နှစ်ယောက်စလုံး ဘယ်လိုမှ မမြို့သိပ် မထိန်းချုပ်နိုင်ကြဘဲ မေမေတို့ မှားခဲ့ကြတယ်"

ထိုခဏတွင် မေသည် စကားဆက်မပြောနိုင်ဘဲ နှုတ်ခမ်းကို လက်တစ်ဖက်ဖြင့် ခပ်တင်းတင်း ဖိပိတ်ထားလိုက်မိဟာသည်။

မိပေါးသည် မျက်လုံးကလေး ဝိုင်းစက်သွားပြီး မေမေ့ကို တအံ့တသြ ကြည့်လိုက်မိသည်။



"ဘုရားရေ ... မေမေတို့ ဖေဖေနဲ့ လက်မထပ်ခင် မှားခဲ့ကြတယ် ဟုတ်လား"

မိပေါး၏အသံမှာ စိတ်လှုပ်ရှား တုန်လှုပ်မှုဖြင့် ခြောက်သွေ့အက်ကွဲလျက်ရှိသည်။

မေသည် စကားလုံးဖြင့် အဖြေမပေးနိုင်ဘဲ ခေါင်းကိုသာ တဆတ်ဆတ် ညိတ်ပြလိုက်လေသည်။

မေ့ရင်ထဲတွင် ထိုသို့ ပြောလိုက်ရသည့်အတွက် နှလုံးသားကို ချိုးလိမ်နှစ်ချေပစ်လိုက်သလို နာကျင်ခံစားရပါသည်။

မေ၏ ဂုဏ်သိက္ခာ၊ မောင့်၏ ကိုယ်ကျင့်သိက္ခာ၊ အဲဒါတွေအားလုံးကို မေ နစ်မြှုပ်စတေးဖြစ်လိုက်ရခြင်းဖြစ်သည်။

ဒါတွေအားလုံးဟာ သမီးကို ကယ်တင်ဖို့ဆိုတဲ့ စေတနာရည်ရွယ်ချက် တစ်ခုတည်းကြောင့်ပါ။

မိပေါးသည် မယုံနိုင်လောက်အောင် အံ့သြမှုဖြင့် ရင်ဘတ်ကလေးကို ဖိထားမိသည်။

"ဒါဆို မေမေ ဖေဖေ့အပေါ် သစ္စာဖောက်ခဲ့တာပေါ့ ဟုတ်လား၊ ဖေဖေ့ကို လိမ်ခဲ့တာပေါ့"

"သမီးရဲ့ ဖေဖေ့ကို မေမေ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူး မိပေါးရယ်။ ဘာဖြစ်လို့လဲဆိုတော့ မေမေ သူ့ဆီမှာ ဘယ်တုန်းကမှ သစ္စာမဆိုခဲ့ပါဘူး ...

ဒါပေမဲ့ မေမေ လိမ်ခဲ့တာတော့ မှန်တယ်"

မိပေါးသည် ထိုခဏတွင် မေမေ့ မျက်နှာကို ရင်မဆိုင်ဝံ့လောက်အောင် ဘာကို ရှက်ရွံ့နာကျင်သွားမိမှန်း မသိ နာကြည်းသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာတွေဆက်ဖြစ်သလဲ မေမေ။ မေမေ ပထမဆုံး လိမ်ခဲ့တာ ဖေဖေဆိုတော့ ဒုတိယအလိမ်ခံရတဲ့ မိဟေးဟာ ဘာအတွက် အလိမ်ခံခဲ့ရတာလဲ မေမေ"

မေသည် မိဟေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်မိလေသည်။ သို့သော် မိဟေးက မေ့ရင်ခွင်ထဲမှ ရုန်းထွက်သွား၏။

"မိဟေးကို ပြောပြပါ မေမေ။ အမှန်အတိုင်း ပြောပြပါ။ မိဟေးဟာ ဘယ်သူလဲ။ မိဟေးဟာ ဘယ်သူ့သမီးလဲ။ ဖေဖေ့သမီးမှ ဟုတ်ရဲ့လား မေမေ"

မိဟေးသည် စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်ယိမ်းထိုးလျက်ရှိကာ ဒူးများ ညွှတ်ခွေ ယိုင်ကျမတတ် ဖြစ်နေသည်။ မိဟေး မျက်နှာတစ်ခုလုံး သွေးတစ်စက်မှ မရှိတော့သလို ဖြူရော်လျက်ရှိသည်။ ရင်ထဲမှနှလုံးသားသည် ခုန်ပေါက်လျက်ရှိကာ မိဟေး၏ လည်ချောင်းတွင် တစ်ဆို့လျက် ရှိလေသည်။

မေသည် တော်တော်နှင့် အဖြေမပေးပါ။

မိဟေးသည် မေ့အဖြေကို စိတ်မရှည်နိုင်လောက်အောင် ဖြစ်လာလေသည်။

မိဟေး တွေးသော မကြားဝံ့သော အဖြေတစ်ခု မေမေ့နှုတ်ဖျားမှ ထွက်လာမှာကို စိုးရိမ်ကြောက်ရွံ့လျက် ရှိသည်။

သို့သော် မိဟေးသည် အဖြေမှန်ကို ကြားလည်းကြားချင်ပါသည်။

"မေမေ ဖြေပါ မေမေ။ မိဟေးဟာ ဘယ်သူ့လဲ။ မိဟေးရဲ့ ဖေဖေဟာ ဘယ်သူလဲ"



မိဟေးသည် မေမေ၏ ပခုံးနှစ်ဖက်ကို ကိုင်၍ လှုပ်ယမ်းလိုက်ကာ စိတ်လှုပ်ရှားစွာ မေးလေသည်။

မေသည် လည်ပင်းကို ဖျစ်ညှစ်ခံထားရသလို စကားသံ မထွက်နိုင်ဘဲ ဆွံ့အနေလျက် ရှိလေသည်။

မိဟေးက စိတ်လှုပ်ရှားစွာပင် ဘုရား ... ဘုရား မိဟေးသည် ဘယ်လောက်တောင် ကြောက်မက်ဖွယ်ကောင်းသော အမှားအယွင်းတစ်ခုကို ကျူးလွန်ပြစ်မှားမိခဲ့ပြီလဲ။

"မေမေ့ကို ခွင့်လွှတ်ပါ မိဟေး။ မဟေးရဲ့ ဖေဖေဟာ ဦးနေပါ"

မေသည် မျက်လုံးကို စုံမှိတ်လျက် တိုးတိုးကလေး အဖြေပေးလိုက်မိလေသည်။

မေ့အဖြေ တိုးတိုးကလေးသည် မိဟေး၏ နားထဲတွင် ဗုံးပေါက်ကွဲသလို ကျယ်လောင်စွာ မြည်ဟည်းပေါက်ကွဲသွားလေသည်။

ထိုခဏတွင် မိဟေး၏ နှလုံးသားဆီသို့ ခပ်တုံးတုံး လက်နက်တစ်ခုဖြင့် တစ်ဆုံး ထိုးဆိုက်ခံလိုက်ရသလို နှလုံးသားဆီမှ ပြင်းပြင်းပြပြ နာကျင်သွားလေသည်။

မိဟေးသည် လုံးဝ အသက်မရှူနိုင်။ နှလုံးသားပေါ်မှာ အလွန်လေးလံသော အရာတစ်ခု ကြိတ်ချေခံနေရသလို တနင့်နင့် ဖြစ်လျက် ရှိလေသည်။

မိဟေး၏ မျက်ဝန်းထဲမှ မျက်ရည်ပေါက်များ တစ်ပေါက်ပေါက် လိမ့်ဆင်းလာခဲ့ကာ မိဟေး၏ နှုတ်ခမ်းကလေးများသည် တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မေမေရယ်။ ဖြစ်မှဖြစ်ရလေ"

မိဟေးသည် ရင်နှင့်နှာကျင်စွာ ငိုကြွေးမိကာ ဒူးများ ညွတ်ခွေလျက် လဲပြိုကျသွားလေသည်။

"မိဟေး သမီး"

မေသည် မိဟေးကို စိုးရိမ်တကြီး ပွေ့ထူလိုက်ရင်း မေ့ ရင်ခွင်ထဲတွင် ပွေ့ဖက်ထားမိသည်။

မိဟေးသည် သတိလစ်မသွားပါ။ သို့သော် မိဟေး မျက်နှာတစ်ခုလုံးတွင် သွေးရောင်ဟူ၍ လုံးဝမတွေ့ရချေ။ စက္ကူဖြူတစ်ချပ်လို ဖြူဖွေးလျက်ရှိကာ ဆွံ့အငြိမ်သက်လျက် ရှိလေသည်။

"မေမေ မိဟေးကို အဲဒီလောက်ကြာအောင် လိမ်ထားခဲ့တယ်။ အံ့ဩဖို့ကောင်းလိုက်တာ။ မေမေ မိဟေးအပေါ်မှာ မတရားဘူး။ မရိုးသားဘူး။ မေမေ လုံးဝ ရက်စက်တယ် ...

မှားကုန်ပြီ၊ အားလုံးမှားကုန်ပြီး ဦးနေအပေါ်မှာ မိဟေး အများကြီးပဲ ပြစ်မှားမိခဲ့တယ်။ မိဟေး ပြစ်မှားခဲ့တာတွေကို ဘယ်လိုလုပ်ပြီး ခြေဖျက်လို့ ရတော့မှာလဲ ...

မိဟေး တစ်သက်လုံး ... မိဟေး ဘဝတစ်ခုလုံး"

မိဟေးသည် ငိုရင်း ရှိုက်ရင်း ပြောသောကြောင့် စကားလုံးတွေ သိမ်ဝင်၍ သွားလေသည်။

မေသည် သမီး၏ စိတ်ထိခိုက် နာကျင်လျက်ရှိသော မျက်နှာလေးကို မကြည့်ရက်လောက်အောင် နာကျင်ခံစားရပါသည်။



မေ မတရားပါ။ သမီးအပေါ်မှာရော၊ သမီးရဲ့ ဖေဖေ အပေါ်မှာရော မေ လုံးဝ မတရားပါ။ အဲဒါကို မေ သိသည်။ မေ့ကိုမေလည်း ခွင့်မလွှတ်ချင်ပါ။

"မေမေရယ် ဦးနေဟာ သမီးရဲ့ ဖေဖေဆိုတာ တကယ်ပဲ လား၊ မိဟေးကို နောက်တစ်ခေါက် သေချာအောင် ထပ်ပြီးတော့ ပြောပြပေးပါ ...

မိဟေးလ ဘယ်လိုမှ လက်ခံလို့ မရဘူး"

မေသည် ပြင်းပြစွာ ငိုချင်လာမိလေသည်။ မေ မှားသွားခဲ့ပြီလား။ မေသည် အဆိုးရွားဆုံးသော ပြစ်မှုတစ်ခုကို ကျူးလွန်မိလျက် ရှိလေသည်။

မေ သိပ်ချစ်သော သမီးလေး၏ နှလုံးသားတွင် တစ်သက်လုံး သေရာပါသွားတော့မည့် အမှားအယွင်းတစ်ခုကို တံဆိပ်ခတ် မှတ်သားပေးလိုက်မိပြီ။

အခုအချိန်မှာ မေ ပြန်ပြင်ဆင်၍ မရတော့ပေ။ ထိုမှသားကို မေသည် နောက်တစ်ကြိမ် အရဲစွန့်၍ ထပ်မပြောချင်တော့ပါ။

"ပြောလေ မေမေ။ ဦးနေဟာ မိဟေးရဲ့ အဖေရင်းဆိုတာ တကယ်ပဲလား"

မေသည် နှုတ်ခမ်းကို တင်းတင်းစေ့ထားကာ မျက်လုံးများကို တင်းတင်းကျပ်ကျပ် စုံမှိတ်၍ ခေါင်းသာညိတ်ပြလိုက်မိလေသည်။

မိဟေးသည် မေမေ့ကို တစ်ချက်ကြည့်ပြီး အခေါင်ခြစ်၍ စူးစူးဝါးဝါး အော်ဟစ်လိုက်မိကာ ပင်လယ်ဘက်ဆီသို့ တစ်ဖွတ်ထိုး ပြေးထွက်ခဲ့မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိဟေးရဲ့ ရင်ထဲတွင် နာကျင်လွန်းလှသည်။ ဦးနေရဲ့ အပေါ်မှာ မိဟေးသည် ထူးဆန်းသော ငြိတွယ်မှုတစ်မျိုးဖြင့် ချစ်ခင်မြတ်နိုးမိခဲ့သည်။ အဲဒါဟာ သွေးက စကားပြောခြင်းမျိုးလား။

မိဟေးသည် ဦးနေအပေါ်မှာ လေးစားကိုးကွယ်လိုသော စိတ်တွေ ပြင့်ပြစွာ ပေါ်ပေါက်ခဲ့သည်မှာ ဖခင်တစ်ယောက်ကို ဖခင်မှန်း မသိဘဲ သူ့အလိုအလျောက် ဖြစ်ပေါ်လာသော နှလုံးသား၏ စေခိုင်းချက်ဖြင့် စွဲလမ်းငြိတွယ်မိခဲ့ခြင်းလား။ ဘဲဒါကို မိဟေးက မှားယွင်းစွာ ဘာသာပြန်မိခဲ့ခြင်းဖြစ်သည်။

"ဖေဖေ" မိဟေးရင်ထဲမှာ အကျယ်ကြီး အော်ဟစ်လိုက်မိသည်။

ဖခင်ဆိုသော အသိစိတ်ဖြင့် မိဟေး ရင်တစ်ခုလုံး နွေးထွေးလုံခြုံ၍ သွားလေသည်။

ဒါဆိုရင် မိဟေးဟာ ဦးနေ့အပေါ်မှာ မရိုးမသားစိတ်နှင့် ယောကျ်ားတစ်ယောက်အပေါ် စွဲလမ်းပြစ်မှားခဲ့ခြင်းမျိုး မဟုတ်ဘူးပေါ့။

ဖခင်တစ်ယောက်အပေါ်မှာ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ မွတ်တစိတ်သက်သက်သာ ဖြစ်မှာပါ။

ထိုခဏတွင် မိဟေး၏ စိတ်တွေ လုံးဝ ပြောင်းလဲသွားလေသည်။

ဦးနေကို ပြင်းပြင်းပြပြ တွေ့ချင်လာခဲ့မိသည်။

နေပါဦး ဦးနေကရော မိဟေးကို သူ့ရဲ့ သမီးဆိုတာ သိပါရဲ့လား။

ဦးနေကိုရော မေမေ ဖွင့်ပြောထားပါရဲ့လား။



မိဟေးသည် လှိုင်းလုံးတွေကြားထဲသို့ တဝုန်းဝုန်း ပြေးဆင်းသွားကာ "ဖေဖေ"ဟု အားပါးတရ အကျယ်ကြီး အော်ဟစ်ကြည့်မိလေသည်။

မိဟေး၏ နောက်မှ မေမေက စိုးရိမ်တကြီးဖြင့် အပြေးအလွှား လိုက်ပါလာလေသည်။

မိဟေး၏ မျက်နှာပြင်ပေါ်မှာ မျက်ရည်များ စိုရွှဲလျက် ရှိသည်။

မိဟေးသည် မေမေ့ကို မျက်နှာချင်းဆိုင်လိုက်ကာ...

"မိဟေးဟာ သူ့ရဲ့သမီးဆိုတာ ဦးနေ သိသလား မေမေ"

မေက မိဟေး၏ အမေးကို ခေါင်းကလေးယမ်းလျက် ဖြေလိုက်လေသည်။

"ဘာဖြစ်လို့ ပြောပြမထားလဲ မေမေ။ အဖေနဲ့သမီးဟာ ဒီလောက်အကြာကြီး ကွဲကွာနေခဲ့ကြတာ၊ မေမေ သူ့ကို အမှန်အတိုင်း ပြောပြထားဖို့ ကောင်းတာပေါ့။ သူဟာ မိဟေးရဲ့ ပထွေးတစ်ယောက် မဟုတ်ဘူးလေ။ မိဟေးရဲ့ အဖေအရင်းပဲဥစ္စာ"

"မေမေ သမီးကိုတော့ ပြောပြပါ့မယ် သမီးရယ်။ သူကတော့ သမီးကို သမီးဖေဖေရဲ့ သမီးလို့ပဲ ထင်နေရှာတယ်"

"သမီး ပြောပြလိုက်ရမလား"

"မပြောပါနဲ့ သမီးရယ်။ မေမေ ပြောပါ့မယ်"

"မိဟေး ဖေဖေ့ကို အခုတွေ့ချင်တယ်"

မိဟေးသည် မေမေရဲ့ လက်ကို ဆွဲပြီး ဘင်္ဂလိုဘက်ဆီသို့ တစ်ဟုန်းထိုး ထွက်ပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် မိဟေး ဆွဲခေါ်ရာနောက်သို့ ကပိုကရို ပါသွားရလေသည်။

ကြည့်စမ်း မိဟေး ပြောင်းလဲသွားလိုက်တာ ယုံနိုင်စရာတောင် မရှိချေ။

မိဟေး၏ မျက်နှာပေါ်မှာ အောင့်အည်းမျိုသိပ်ထားသော ဟန်ဆောင်ထားရသော မကျေနပ်ဝန်တိုလျက်ရှိသော အရိပ်များသည် ရေဖြင့် ဆေးချလိုက်သလို လုံးဝ ကင်းစင်ကြည်လင်၍ သွားလေသည်။

မိဟေး၏ မျက်နှာကလေးပေါ်မှာ အံ့ဩရိပ်နှင့် ပျော်ရွှင်ကြည်နူးရိပ်ကို မေ မြင်ရသောအခါ မေရဲ့ လှည့်ကွက်သည် မမှားလောက်ပါဘူးဟု ကိုယ့်ကိုယ်ကိုယ်ပင် ဖြေသိပ်၍ ရလာသည်။

မိဟေးသည် ဘန်ဂလိုရှိရာဆီသို့ ရောက်သောအခါ မေတို့ အခန်းထဲဆီသို့ ဖြုန်းခနဲ ပြေးဝင်သွားလေသည်။

မေသည် မိဟေး၏ နောက်မှ အသာကလေး ရပ်လျက် မိဟေး ဘာလုပ်မလဲ ဆိုတာကို စောင့်ကြည့်အကဲခတ်နေမိသည်။ မောင်သည် ခုတင်ပေါ်မှာ မေတို့ကိုစောင့်ရင်း အိပ်ပျော်သွားခဲ့ပုံရပါသည်။

မိဟေးသည် အိပ်ပျော်နေသော မောင့်ရဲ့ ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ကာ မောင့်ရဲ့ မျက်နှာကို စေ့စေ့ကြည့်လေသည်။

မိဟေး၏ မျက်လုံးတွေထဲတွင် နက်ရှိုင်းသိမ်မွေ့သော ချစ်မြတ်နိုးရိပ်များ ပြည့်သီးလျက် ရှိလေသည်။



ထိုမြင်ကွင်းကို ငေးကြည့်ရင်း မေ့ရင်ထဲတွင် တလျှပ်လျှပ် ခုန်လာကာ ကြက်သီးမွေးညှင်းများ ဖြာလျက်ရှိလေသည်။

မိဟေးသည် ဦးနေ၏ မျက်နှာကို အငမ်းမရ မွတ်သိပ်စွာ မျက်တောင်မခတ် စိုက်ကြည့်နေမိလေသည်။

အဲဒါဟာ မိဟေးရဲ့ ဖေဖေတဲ့။ မိဟေး ဘယ်တုန်းကမှ မြင်ဖူးပြီးတောင် မတွေးခဲ့မိတဲ့ အဖြစ်အပျက်တစ်ခုပဲ။

မိဟေးသည် သူ့အပေါ်မှာ ရန်သူတစ်ယောက်လိုလည်း သဘောထားမိသည်။ အထင်ကြီးလေးစားစရာ သူရဲကောင်းတစ်ယောက်အဖြစ်လည်း သတ်မှတ်ခဲ့သည်။

ပြီးတော့ ဘဝမှာ ပထမဆုံးအကြိမ် စွဲလမ်းငြိတွယ်ဖွယ်ကောင်းသော ယောကျ်ားတစ်ယောက်အဖြစ်လည်း ရင်ခုန်ပြစ်မှားခဲ့ဖူးသည်။

ကြည့်စမ်း လောကကြီးက ဘယ်လောက်တောင် ဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေခဲ့ပါလိမ့်။ အဲဒီသူဟာ မိဟေးရဲ့ ဖေဖေတဲ့။

မိဟေးသည် ဦးနေ၏ မေးရိုးတစ်လျှောက်ဆီ လက်ညှိုးကလေးဖြင့် ထိရုံကလေး အသာတို့သတ်ဆွဲယူလျက် လေသံသဲ့သဲ့ကလေးဖြင့် "ဖေဖေ"ဟု တိုးတိတ်စွာ ခေါ်မိလေသည်။

မိဟေး သိပ်ချစ်နေသော လူတစ်ယောက်သည် မိဟေး၏ အဖေအရင်းပဲဆိုတာ သိလိုက်ရချိန်တွင် မိဟေး၏ အချစ်များသည် လုံးဝ ပြောင်းလဲလေးနက်သွားလေသည်။

အဲဒီအချစ်ဟာ ဖခင်တစ်ယောက်အပေါ်မှာ သမီးတစ်ယောက်ကချစ်တဲ့ ချစ်မျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com

အင်မတန် ကြည်လင်သန့်စင်ပြီး နက်ရှိုင်းလှတဲ့ ငြိတွယ်ချည်နှောင်မှုတစ်မျိုးပဲ။

မိဟေးသည် ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်လာသည်။ မိဟေးသည် သူ့အပေါ်မှာ ပြစ်မှားစိတ်ကစားခဲ့တာ မဟုတ်။

တကယ်တော့ အဖေနှင့်သမီးဆိုတဲ့ သွေးက စကားပြောခဲ့တာပါ။ မိဟေးရဲ့ နှလုံးသားထဲမှာ လှည့်ပတ်စီးဆင်းနေတဲ့ သွေးတွေက အဖေဆိုသော လူတစ်ယောက်အပေါ်မှာ အဖေမှန်း မသိဘဲ လေးစားချစ်ခင်နေခဲ့မိတာပါ။

မိဟေးမှာ အပြစ်မရှိ။ ပြီးတော့ မိဟေးသည် အထင်သေး စက်ဆုတ်ဖွယ်ကောင်းသော ပြစ်မှုကို ကျူးလွန်ခဲ့သူ မဟုတ်။

ဦးနေ လန့်နိုးလာလေသည်။ သူ့မျက်နှာအောက်မှာ ရှိနေသော မိဟေလကို ရုတ်တရက် ဖြူန်းခနဲ တွေ့အလိုက်ရသောအခါ ဦးနေသည် ထိတ်လန့်သွားကာ ...

"မိဟေး ... မင်း ဘာလာလုပ်တာလဲ"ဟု အလန့်တကြား ထအော်လေသည်။

မိဟေးသည် ဘာမပြော ညာမပြောနှင့် ဦးနေကို ရုတ်တရက် သိုင်းဖက်လိုက်ကာ "ဖေဖေ"ဟု တိုးတိတ်စွာ ခေါ်လိုက်မိလေသည်။

မိဟေးထံမှ မျှော်လင့်မထားသော ခေါ်သံလေးကြောင့် နေလင်းရှုံသည် တစ်ကိုယ်လုံး ပူနွေးရှိန်းပြသွားကာ အေးဘီဝိယာသို့ ကမန်းကတန်း လှည့်ပတ်ကြည့်လိုက်မိတော့



အခန်းထောင့် နံရံတစ်ခုမှာ ပြေလျော့စွာ မှီရပ်လျက် သူတို့ဆီသို့ လှမ်းမျှော် ငေးကြည့်လျက်ရှိသော မေ့ကို တွေ့ရလေသည်။

မေ၏ မျက်ဝန်းတွေမှာ ထူးခြားသော ပဟေဠိကို သူ တွေ့ရသည်။ မေ၏နှုတ်ခမ်းများမှာ လှို့ဝှက်သော အစီအပြုံးတစ်မျိုးဖြင့် ပြုံးကော့၍ နေလေသည်။

"အင်းလေ ... မိဟေးရဲ့ ဖေဖေပေါ့။ မိဟေး အကြာကြီး ခွဲထားရတဲ့ မိဟေးရဲ့ ဖေဖေပေါ့"

မိဟေးက တမ်းတမ်းတတ ပြောလေသည်။

"မိဟေး ... ဖေဖေ့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားခဲ့တာတွေ အများကြီးပဲ ရှိခဲ့ပါတယ်။ အဲဒါတွေအတွက် ခွင့်လွှတ်ပေးပါ ဖေဖေ"

မိဟေးက သူ့ကို ကျုံ့ကျုံ့ကလေး တိုင်လျက် ရှိခိုးကန်တော့လေသည်။

မိဟေး၏ သူသည် မယုံနိုင်လောက်အောင် ချက်ချင်းကြီး ပြောင်းလဲသွားပုံကို နားမလည်နိုင်လောက်အောင် ဖြစ်လျက်ရှိကာ မေ့ဆီသို့သာ မကြာခဏ လှမ်း၍ ကြည့်မိလေသည်။

မေက မျက်ရည်စိုလွှမ်းသော မျက်နှာကလေးတွင် အပြုံးရိပ်ကလေး သမ်းကာ သူ့ကို မသိမသာ ခေါင်းညိတ်ပြလေသည်။

မေ့မှာ ထူးခြားတဲ့ လှည့်ကွက်တစ်ခုခုတော့ ရှိလိမ့်မည်ဟု သူ ရိပ်မိသွားပါသည်။

မိဟေးသည် ဦးနေအပေါ်မှာ အဖေဟူသော အသိစိတ်ဖြင့် လှိုက်လှဲစွာ ငေးကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့၏ မျက်နှာကို ကြည့်၍ မဝနိုင်ချေ။ မိဟေး၏ မလုံခြုံသော၊ အပြစ်ရှိသလို ခံစားနေရသော၊ ကိုယ့်ကိုယ်ကိုယ် မုန်းတီးစက်ဆုပ်လျက်ရှိသော ခံစားချက်တွေအားလုံးသည် မြူတစ်မှုန်စာကလေးမျှပင် မရှိတော့လောက်အောင် ကင်းစင်သွားခဲ့လေသည်။

မိဟေး ရင်ထဲမှာ ကြည်လင်အေးမြလျက် ရှိသည်။ မိဟေးသည် ဦးနေ၏ လက်တစ်ဖက်ကို မလွှတ်တမ်း မြဲမြဲဆုပ်ကိုင်ထားလေသည်။

မိဟေးသည် သူ့ကို ချစ်ခဲ့မိတာသည် အဖေတစ်ယောက်မို့ ချစ်ခဲ့မိခြင်းဖြစ်သည်။

အခုအချိန်မှာ အမှန်တရား ရောက်ရှိလာခဲ့ပြီမို့ မိဟေးသည် အပြစ်ဟူသမျှထဲမှ လွတ်မြောက်ကင်းစင်ခဲ့လေပြီ။

မိဟေး၏ စိတ်တွေကို ဘယ်လိုအရာက ပေါ့ပါးလွတ်မြောက်သွားအောင် ကယ်တင်ခဲ့သလဲဆိုတာ မိဟေး သေသေချာချာ မသိချေ။

အခုချိန်မှာ မိဟေး သိပ်ကို ပျော်လျက်ရှိသည်။ အခုလောက်အချိန်တွေ နောက်ကျမှ သိခဲ့သည့်အတွက် မေမေ့ကို နည်းနည်းတော့ စိတ်ဆိုးချင်လေသည်။

"မိဟေး ကိုယ်နဲ့ မေနဲ့ စကားနည်းနည်း ပြောချင်တယ်။ ကိုယ်တို့ကို နှစ်ယောက်တည်း အချိန်နည်းနည်းပေးပါလား"

ဟု သူက သိချင်စိတ်ကို မမျိုသိပ်နိုင်တော့စွာ မိဟေးထမှာ ခွင့်တောင်းလေသည်။



မိဟေးက သူ့လက်များကို လွှတ်ပေးလိုက်သည်။ သူသည် မေ၏ လက်ကို ဆွဲကာ ကမ်းခြေဘက်ဆီသို့ လျှောက်လာခဲ့လေသည်။

"မေ မိဟေးကို တစ်ခုခုများ ပြောလိုက်သလား"

မေသည် ရုတ်တရက် အဖြေမပေးသေးဘဲ တိတ်ဆိတ်စွာ တွေးလျက်ရှိလေသည်။

မေ့ ရင်ထဲမှာ ဝမ်းနည်းကြေကွဲလျက် ရှိသည်။ မေသည် သမီးအပေါ်မှာ ရက်စက်စွာ မှသားသုံးခဲ့မိသည်ဆိုသော အတွေးရဖင့် နှလုံးသားမှာ အက်ဖြာလျက် ရှိလေသည်။

ပြီးတော့ သမီးရဲ့ ဖေဖေကို မျက်နှာပူ အားနာလျက် ရှိသည်။

"မေ မကောင်းဘူး မောင်ရယ်။ မေ တစ်ကိုယ်ကောင်းဆန်ရာတော့ ရောက်နေပြီလား မသိဘူး။ မေ့ရဲ့ ကိုယ့်ကျိုးအတွက် သမီးကို မေ လှည့်စားလိုက်မိသလို ဖြစ်သွားခဲ့ပြီ။ ဒါပေမဲ့ မေ့မှာ ရွေးချယ်စရာလမ်း တကယ်မရှိတော့လို့ပါ။ မေ မောင့်ကို သိပ်ချစ်တယ်။ မေ့ဘဝရဲ့ ကျန်ရှိနေတဲ့ သက်တမ်းတစ်ခုမှာ မေရယ် မောင်ရယ် သမီးရယ် မိသားစုဘဝလေးတစ်ခုကို ပျော်ရွှင်ငြိမ်းချမ်းစွာနဲ့ တည်ဆောက်ချင်တယ် ...

အဲဒီအတွက် အရင်းအနှီးတစ်ခုတော့ လိုတယ်မောင်။ အဲဒီအရင်းအနှီးဟာ သမီးက မောင့်အပေါ်မှာ ပထွေးဆိုတဲ့ အမြင်ထက် သူ့ရဲ့ အဖေအရင်းတစ်ယောက်ဆိုတဲ့ အသိမျိုး စွဲမြဲနေစေချင်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစိတ်ကူးနဲ့ မောင်ဟာ သမီးရဲ့ ဖေဖေအရင်းပဲလို့ မေ သမီးကို ပြောလိုက်မိတယ် ...

မေ့စကားကြောင့် သူ မျက်လုံးများပင့်သွားလေသည်။

"မိဟေးကော ယုံရဲ့လား မေ"

"ယုံတယ် မောင်။ ယုံသွားလို့လည်း သူ မောင့်ဆီကို အပြေးအလွှား ရောက်လာခဲ့တာပေါ့။ မေ့ရင်ထဲမှာတော့ အဲဒီလို ပြောလိုက်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်မကင်းသလို ခံစားရတယ် မောင်။ မေ သမီးနဲ့ သူ့ဖေဖေအပေါ်မှာ တရားမှတရားရဲ့လားလို့ ခံစားမိတယ်"

"ဒါပေမဲ့ မေ လုပ်တာ မှန်ပါတယ်"

မေသည် သမီး၏ ရင်ထဲမှ ခံစားချက်ကို မောင့်ကို ဖွင့်ဟဝန်မခံပါ။

နေလင်းရဲ့ကလည်း မိဟေး၏ သူ့အပေါ်မှာ ငြိတွယ်ခဲ့သော မိဟေး၏ စိတ်ခံစားမှုကို မေ သိအောင် ဖွင့်မပြောပြပါ။ သို့သော် နှစ်ယောက်စလုံးသည် အလိုလို နားလည်နေသလို ခံစားရပါသည်။

"မေ လုပ်တာ သေသွားပြီးသား လူတစ်ယောက်အပေါ်မှာ မတရားရာ တစ်ကိုယ်ကောင်းဆန်ရာ ကျနေမှာပေါ့နော်"

"ဒါပေမဲ့ မေ။ ဘဝမှာ တစ်ခါတစ်ခါ လုပ်သင့်လုပ်တိုက်တာကို လုပ်ရတဲ့အခါမှာ တစ်စုံတစ်ယောက်ကိုတော့ စတေးချင် စတေးရမယ် ...



အဲဒီတစ်စုံတစ်ယောက်ဟာ သက်ရှိထင်ရှား မရှိတော့ရင် သူ့အပေါ် မတရားဘူးလို့ မေ မယူဆပါနဲ့။ မေ့ကိုယ် မေ အပြစ်မကင်းဘူးလို့လည်း မခံစားပါနဲ့ ...

တစ်ချိန်မှာ အားလုံးဟာ သူ့ဟာနဲ့သူ (Rhythm) မျှသွားပါလိမ့်မယ်"

မေသည် သက်ပြင်းကို ဖြည်းညင်းစွာ ရှိုက်မိလေသည်။

"မေ့ရဲ့ ပုံပြင်ကို မိဟေး အလွယ်တကူနဲ့ ယုံကြည်လက်ခံသွားတာ ဘာကြောင့်လဲသိလား ...

သူ ကိုယ့်အိမ်မှာ နေတုန်းက ကိုယ့်ရဲ့ ဒိုင်ယာရီတွေအားလုံးကို သူ ဖတ်ပြီးသွားပြီ။ အဲဒီဒိုင်ယာရီထဲမှာ ကိုယ်တို့ရဲ့ ဇာတ်လမ်းအစအဆုံးကို သူ သိထားပြီးပြီ ...

အဲဒါကြောင့် မေပြောတဲ့ လှည့်ကွက်ကလေးကို သူ အငိုက်မိပြီး လက်ခံသွားတာ ...

မေ မမှားပါဘူး မေ့။ ဘာပဲဖြစ်ဖြစ် မေ့ရဲ့ အဲဒီ စကားလေးတစ်ခွန်းဟာ ကိုယ်တို့ရဲ့ ရှေ့ဆက်ရမဲ့ အနာဂတ်ဘဝအတွက် သိပ်ကို အရေးပါ အရာရောက်ပါတယ် ...

ကိုယ်တို့နှစ်ယောက်ဟာ တကယ်မိသားစုလေးတစ်ခု ဖြစ်သွားခဲ့ပြီပေါ့။ အဲဒီအတွက် မေ့ကို ကိုယ် ကျေးဇူးတင်ပါတယ် မေ"

မေတို့နှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် မြဲမြဲမြံမြံ ဆုပ်ကိုင်ထားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် မိဟေး၏ ဖေဖေကို အာရုံထဲမှာ ပြန်လည်၍ မြင်ယောင်လာသည်။

မေ မချစ်ဘဲ လက်ထပ်ခဲ့ရသော၊ မေ့ရဲ့ ချစ်သူနှင့် မေ့ကို ပရိယာယ်ကြွယ်ဝစွာ လှပသေသပ်စွာ ဝေးကွာစေခဲ့သော၊ အိမ်ထောင်သက်တမ်းတစ်လျှောက်လုံးမှာလည်း မေ လုံးဝ ခံစား၍ မရခဲ့သော၊ မေချစ်သူ၏ လက်ထဲမှ မေ့ကို အပိုင်ပိုင်း၍ လုယူခဲ့သော မိဟေး၏ ဖေဖေကို မေသည် ဒီလောက်တော့ လက်စားချေခွင့် ရှိပါသည်ဟု မေ့ကိုယ်မေ နှစ်သိမ့်ဖျောင်းဖျလိုက်လေသည်။

♣ ♦ ♣



## အခန်း(၁၄)

မနက်ဖြန်ဆို မိဟေးတို့ ရန်ကုန်ပြန်ကြတော့မည်ဖြစ်သောကြောင့် ထိုညမှာ မီးပုံပွဲကလေး ကျင်းပကြပါသည်။

မီးပုံပွဲကလေးမှာ တခြားဘယ်သူမှမပါ။ မဟေးတို့ မိသားစုကလေး သုံးယောက်သာ ရှိလေသည်။

မိဟေးသည် ဦးနေကို "ဖေဖေ"ဟု ရဲဝံ့ပိုင်နိုင်စွာ ခေါ်နိုင်ခဲ့လေပြီ။

ဖေဖေက ခပ်လှမ်းလှမ်းမှာ ကျောက်ပုစွန်နှင့် ငါးတချို့ကို တံစို့ထိုးပြီး လင်လျက်ရှိသည်။

မေမေကတော့ သဲမြေပြင်ပေါ်မှာ ပြေလျော့လျော့လေး တိုင်လျက် ဂီတာကို ထိတို့ဆော့ကစားလျက် ရှိလေသည်။ မေမေ၏ မျက်နှာကလေးမှာ အပြုံးရိပ် သမ်းလျက်ရှိသည်။

မိဟေးသည် ရဲရဲတောက်လျက် ရှိသော မီးတောက် မီးလျှံများကို ငေးကြည့်ရင်း တစ်ခုခုကို ဖျတ်ခနဲ သတိရလာသောကြောင့် မိဟေး၏ ဘန်ဂလို အခန်းစီသို့ ခပ်သွက်သွက် ပြေးခဲ့ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရှိ မိဟေး၏ အဝတ်အစား သေတ္တာ အောက်ဆုံးထပ်မှာ ဖွက်၍ထားသော ဒိုင်ယာရီ စာအုပ်ကလေးကို မိဟေး အသာအယာ ထုတ်ယူလိုက်သည်။

အဲဒီ ဒိုင်ယာရီစာအုပ်ထဲမှ စာမျက်နှာတွေကို မိဟေး ဘယ်တော့မှ ပြန်မဖတ်ချင်တော့ပါ။

မိဟေးသည် ဒိုင်ယာရီစာအုပ်ကလေးကို နောက် ကျောဘက်မှ အသာအယာ ဖွက်လျက် မီးပုံပွဲဆီသို့ ပြန်လာခဲ့ သည်။

မေမေက မိဟေးကို ကြည့်မနေပါ။

ဖေဖေကလည်း သူ့ဘာသာသူ အလုပ်ရှုပ်လျက် ရှိသည်။ မိဟေးသည် ဘယ်သူမှ မသိအောင် ဒိုင်ယာရီစာအုပ် ကလေးကို အသာအယာ ပစ်ထည့်ချလိုက်လေသည်။

တဖျစ်ဖျစ် မြည်ဟည်းလောင်ကျွမ်းနေသော မီး တောက်မီးလျှံများကြားထဲတွင် ဒိုင်ယာရီစာအုပ်ကလေးသည် တွန့် လိမ်တွေ့ကောက်လျက် လောင်ကျွမ်းသွားလေသည်။

ထိုအခါ မိဟေး ရင်ထဲမှာ ရှင်းလင်းပေါ့ပါး၍ သွားလေသည်။

မေသည် ထူးခြားသော သားရေကို လောင်ကျွမ်း သော အနံ့တစ်မျိုးကို ရသောကြောင့် မသိမသာ မျက်လုံးလေး စွေ၍ မီးပုံဆီသို့ လှမ်းကြည့်မိလေသည်။

မိဟေးက မေ့ထံသို့ ကြည့်မနေပါ။ မီးပုံထဲမှာ တဖြည်းဖြည်း လောင်ကျွမ်းလျက်ရှိသော ဒိုင်ယာရီ စာအုပ် ကလေးကို မေ တွေ့ရသောအခါ နှုတ်ခမ်းကလေး တွန့်ကွေး၍ ပြုံးမိလေသည်။



နေလင်းရုံကလည်း ပုစွန်နှင့်ငါးတွေ ကင်နေရာမှ ထူးခြားသော သားရေညှော်နံ့ကြောင့် အနောက်သို့ မသိမသာ လှည့်ကြည့်မိလေသည်။

မီးပုံထဲမှာ ဒိုင်ယာရီစာအုပ်လေး လောင်ကျွမ်းနေ တာကို သူ တွေ့ရသောအခါ ပခုံးကို အသာအယာတွန့်ပြီး တစ် ဖက်သို့ ပြန်လှည့်လိုက်လေသည်။

အရာခပ်သိမ်းသည် အားလုံး ပိရိသေသပ်စွာ ပြီးစီး သွားခဲ့ပြီ။

မိဟေးသည် ဖေဖေ ရှိရာဆီသို့ လျှောက်သွားကာ နောက်ဘက်မှနေ၍ ဖေဖေ၏ ကျောပြင်ကို သိုင်းဖက်ထားလိုက် လေသည်။

ပြီးတော့ ဖေဖေ၏ ကျောပြင်မှာ ပါးကလေးကို အသာအယာ ကပ်ထားလိုက်မိ၏။

"ဖေဖေ့ကို မိဟေး သိပ်ချစ်တာပဲ ဖေဖေ။ လောကမှာ အထင်ကြီးလေးစားစရာကောင်းတဲ့ အဖေတစ်ယောက်ကို ရတဲ့ သမီးဟာ ကံအကောင်းဆုံးပဲ"

ဟု တိုးတိုးကလေး ပြောလိုက်လေသည်။

"ဖေဖေ့အတွက်လည်း သိပ်ချစ်စရာကောင်းတဲ့ သမီးလေး တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတာ ဒီကမ္ဘာပေါ်မှာ ကံ အကောင်းဆုံး အဖေတစ်ယောက်ပဲပေါ့"

ဟု နေလင်းရုံက မိဟေးကို လှည့်မကြည့်ဘဲ ပြုံး၍ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မေသည် ဂီတာကြိုးများကို တို့ဖွဖွ ဆော့ကစားရင်း မိပျောနှင့် မောင့်ကို ငေးကြည့်နေမိလေသည်။

မေ့ရင်ထဲမှာ ချိုမြသော ကြည်နူးပီတိတစ်မျိုးလည်း တစိမ့်စိမ့် အေးမြစွာ စီးဆင်းလျက် ရှိလေသည်။

မေတို့သုံးယောက်သည် မိသားစုလေးတစ်ခု ဖြစ်ခဲ့ပြီ။ ဘယ်တော့မှ မဝေးကြသော၊ ဘယ်တော့မှ နားလည်မှု မလွဲကြသော၊ ပြီးတော့ ဘယ်တော့မှ သူ့စိမ်းတွေ မဟုတ်ကြသော မိသားစုကလေးဖြစ်သည်။

ခဏအကြာမှာ နေလင်းရုံသည် ပုစွန်နှင့်ငါးများ ကင်၍ ပြီးသွားလေသည်။

သူတို့သုံးယောက် မျက်နှာချင်းဆိုင် ထိုင်ကာ နေလင်းရုံက ဂီတာကို စတင်တီးခတ်လိုက်သည်။

ဇော်ဝင်းထွဋ်၏ သံသရာစမ်းရေသီချင်းကို စတင်၍ ဆိုညည်းလေသည်။

"သံသရာစမ်းရေ"

"သမီးလေးရဲ့ စမ်းရေပေါ်၊ ကြင်နာသူလေး မွေးဖွားခဲ့ ...
ရင်မှာလေ တကယ်ပဲအေးသွား။ အပူတွေ မိန်းမောသွား ...
သမီးကလေး ... သမီးကလေး ကိုယ်လေကြည့်လို့မဝအောင်
အချစ်များစွာ ...၊ နူးညံ့အေးမြတဲ့ အချစ်ကွယ် ...

သားတစ်ယောက် ... လူကြီးဖြစ် ... ကမ္ဘာမှာ
သမီးလေးတစ်ယောက် ရလာပြီ။ ရေအလျဉ်များလား
ဒီကမ္ဘာကြီး အတွင်းဝယ် ... ကိုယ့်ရဲ့ မွေးမေ မိဘများ
အတိတ်ကို တွေးမြင်ယောင်။ သမီးကလေးကြီးလို့ အဖေ
အမေအား ရှိခိုးခဲ့ ...



CHO ;အို ဒီသံသရာမှာ ... အို ... သမီးကလေးရဲ့
မေတ္တာရေ လည်ပတ်စေ ... အဖေအမေရဲ့ ဖြူစင်တဲ့မေတ္တာ
အတွေးခံစား ပျော်ရွှင်ပါစေ ...၊ အို ... သမီးလေးရဲ့
အချစ်တွေတိုး ... အို ... ဟိုဟို ... သမီးငယ်လေး ..."

ဂစ်တာသံနှင့် သီးချင်းသံသည် မိပျော၏ နှလုံးသားကို သိမ်းကျုံးဆွဲငင် ညှို့ယူဖမ်းစားလိုက်ကာ မိပျော၏ မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်လျှံလျက် ပါးပြင်ပေါ်သို့ တစိမ့်စိမ့် လိမ့်ဆင်းကျလျက် ရှိလေသည်။

သို့သော် မိပျော၏ နှုတ်ခမ်းကလေးတွေတော့ လှိုက်လှဲ ကြည်နူးလျက်ရှိသော ပီတိအပြုံးလေးသည် လင်းဖြာလျက် ရှိလေသည်။

မေသည် သမီး၏ မျက်နှာကလေးကို တစိမ့်စိမ့် အကဲခတ်ကြည့်ရင်း မောင့်ကို မယုံနိုင်လောက်စွာ လေးစားချစ်မြတ်နိုးစိတ် ပိုတိုးလာလေသည်။

သမီး၏ ကြည်နူးခံစားမှုသည် မေ့ထံသို့ ညင်သာစွာ ကူးစက်စီးဆင်းလာလေသည်။ မေသည် ကြည်နူးအပြုံးကလေးဖြင့် သမီးကို ငေးမောလျက်ရှိသည်။

နေလင်းရုံကတော့ ဂီတာတီးရင်း သံသရာစမ်းရေ သီချင်းလေးထဲတွင် တကယ် စိတ်ပါလက်ပါ ဈာန်ဝင်စားလျက် ရှိသည်။

မိပျောကို ပြုံး၍ ငေးကြည့်မိလေသည်။ သူ့ရင်ထဲတွင် မိပျောကလေးကို သူ့ရဲ့ တကယ့်သမီးအစစ်ကလေးတစ်ယောက်လို နူးညံ့စွာ ခံစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအဖြစ်အပျက်ကို ဖန်ဆင်းပေးခဲ့သော မေ့ကိုလည်း သူ သိပ်ကျေးဇူးတင်မိပါသည်။

သူတို့သုံးယောက်စလုံး၏ ရင်ထဲမှာ ပီတိသုခလှိုင်း ထန်လျက်ရှိကာ သုခဘုံဆီသို့ အလည်တစ်ခေါက် ရောက်လျက် ...

စိတ္တသုခ ကာယသုခဖြင့်
ပြည့်စုံနိုင်ပါစေ ...
မေတ္တာအားဖြင့်



လွန်းထားထား
(ဆေးတက္ကသိုလ်)
၁၉–၃–၂၀၀၄

www.burmeseclassic.com